# ဝိမာနဝတ္ထုဘာသာပြန်

(ဦးဓမာင်ကြီး)

J

# နိဒါန်း

သုနတ်ပြဟ္မာ-သတ္တဝါတို့၏ အစွဲအလမ်း သန္တာန် အတွင်း၌ မိမိပြတ် စွဲကပ်ခိုင်လျှို၍ နေကြသော ကိလေသာ တရားတို့ ည်စွဲကပ်လာသောအချိန်အခါနှင့် ထောက်စာလိုက်လျှင်။ မဘာ များပေါင်း အသင်္ချေအနန္တ-ကြာချင်တိုင်း ကြာလာခဲ့ပြီဖြစ်၍ ဉ်မှုလောက်ပွေလိမ်၍၊ မည်မှုလောက် ခိုင်မာ ထက်သန်နေကြ သ်ကို။ မြတ်စွာဘုရား တပါးထည်းသာ၊ အစွမ်းရှိသမျှသိမြင် တော်မူနိုင်၏၊

စွဲကပ်လာခဲ့သောကိလေသာတို့၏။ အနံ့အရင့် ဖြစ်ဆဲဖြစ်ငြား အသီးအသီးသောသဘောသို့လိုက်ငြားလျှင်၊ ဘယ်သတ္တဝါ-ဘယ် အရာကိုကြိုက်သည်၊ ဘယ်သတ္တဝါ-ဘယ်အရာနှင့်သင့်လျော်သည် ချင့်မြော်ထောက်ဆနိုင်သောအာသယာနုသယ၊ ဣန္ဒြိယပရော ရိယတ္တိဉာဏ်တော်ကြီးများကိုလည်း။ မြတ်စွာဘုရားတပါးထည်း သာပိုင်ဆိုင်တော်မူသည်။ ဒေသနာအလုံးရုံကို အဖုံဖုံစိတ် ၍ဟောကြားတော်မူရသည်မှာလည်း။ ဒေသကဖြစ်တော်မူသော ရားရှင်၏အ မိုးမ မူလသဘောမဟုတ်ချေ။ ဟောတော်မူအပ် သာဒေသနာတော်များကို ကျင့်ကြံသဖြင့်၊ ကိလေသာတို့ကိုထွေး နိုင်သောအခါ၊ ဝိမုတ္တိ တည်းဟူသောနိဗ္ဗာန်အရသာကြီးသည်၊ မဘွဲမပြား-သတ္တဝါများသန္တာန်တွင်။ တသဘောထည်းပေါ်ပေါက် သည်ကိုခပ်နက်နက်စဉ်းစားမိစေရမည်၊

ဆေးဆရာကြီး၏အလိုသန္ဒမှာ၊ ဆေးပုလင်းပေါင်း များစွာကို နဲလေးစွာရှာမှီး၍ အသီးအသီးခွဲဝတ်မသားလို၊ ဆေးမြစ်တရ သ်းနှင့်ပေါ့ပေါ့ပါးပါးသူနာများကိုကုစားလို၏။ သူနာတို့၏ရော ခြာက်ပြန့်သည့်အခါ၊ အမျိုးမျိုးဖြစ်ပေါ်လာသော သ အလိုက်သာ ပင်ပန်းစွာနှင့် ဆေးမြစ်ပေါင်းများကို သျော်ရာ ခဲ့ရာ ဘော်စပ်၍ဆေးပုလင်းပေါင်းများစွာကို ထုထောင်ထား

ရ၏။ ဆေးအမျိုးမျိုးကိုမှီဝဲသဖြင့်၊ စွဲကပ်သောရောဂါဝေဒန
ကင်းရှင်းပြီးသောအခါ ရောဂါမှလွတ်ကင်းချမ်းသာပုံသည်၊ မဂ
မပြား။ သူနာများမှာ မိ-မွေးတိုင်း၊ဘ-မွေးတိုင်း ဖြစ်လာကြသ
ကိုစဉ်းစားမိစေရမည်။ (၉၆-ပါးသော ရောဂါမှကင်းလွတ်လာ
သည့် အဘွက်၊ ရောဂါပျောက် အပေါင်း ၉၆-ပါး ၊နေထိုင်
ကောင်းပုံ-၉၆ ပါးဟူ၍မခွဲမခြားနိုင်ဘဲ၊ ချမ်းသာပုံတမျိုးထည်
တစားထည်းသာရှိသည်ဟုလို။)

သတ္တဝါတို့၏အလိုဆန္ဒ အားလျော်စွာ၊ ဟောကြားတော်မူ
သော(ယထာနုလောမ)သုတ္တန်ဒေသနာတော်များ၏။ အဆုံးအဆုံး
တွင်၊ ''ဒေသနာပရိယော သာနေ သောတာ ပတ္တိဖလံပါပုဏိံသု
အရဟတ္တ ဖလံပါပုဏိံသု'' ဟူ၍၊အသီးအသီး နိဂုံးချုပ်တော်မူ
သည်ကိုထောက်ထားလျှင်၊ သုတ္တန်ဒေသနာတော်တွေ၊ များချင်
တိုင်းများသော်လည်း။ လိုရင်းကိုစစ်၍ အနှစ်ကိုရှာလိုက်လျှင်။ က
လေသာအာသဝကုန်ခမ်း၍။ ဝိမုတ္တိ ဟူသော အထွန်အဝ
ချမ်းသာကြီးသို့ရောက်ကြစေရန်သာဖြစ်ကြောင်း အလွန်ထင်ရှ
ပေသည်။

သတ္တဝါတွေအတွက်၊ မြွစက်တည်းဟူသောတရားတော
ရှည်လျားစွာ ဟောကြားတော်မမူဘဲပေ်တိုတို့နှင့်ရုံးငြီးလျှင်၊ ဖြ
ကန်နိဗ္ဗာန်သို့အရောက်ပို့တော်မူလိုသောဆန္ဒတော်ပြင်း-ရှိတော်
သော်လည်း။ သတ္တဝါတွေမှာ-ကိလေသာငရိုက်နှင့်အကြိုက်ဝေ
အမျိုးမျိုးရှိနေသဖြင့်၊ အရသာခြောက်ပါးနှင့် လူကိုမှုးသကဲ့သ
သုတ္တန်,ဝိနည်း,အဘိဓမ္မာ- ဟူ၍၊ တရားအမျိုးမျိုးကို ခွဲစိတ်
ဟောတော်မူရသည်၊

အသက်—အသက်-ဒေသနာတော်တွေနှင့်စာလျှင်၊ သိလွယ
ထင်လွယ်၊မြင်လွယ်သည်ဟုဆိုရသော သုတ္တန်ဒေသနာတော်ဂ
ဟောကြားတော်မူရာတွင်၊ သတ္တဝါတို့ကို ကိလေသာမှလွတ်က
စေလိုသောကရုဏာတရားဖြင့်လွှမ်းမိုးအုပ်ခြုံပြီးလျှင်၊ ဤသတ္တ
သည်၊မည့်သည့်တရားမျိုးနှင့်သင့်လျော်သည်ဟု မြော်ခေါ် သိ

စွမ်းသော ပညာတော်ကြီးဖြင့်၊ ပွဲကိုင်၍ပိုင်ပိုင်ကြီးဟောတော်မူရသဖြင့်၊ ယထာနုလောမ-အမည်ရသောသုတ္တန်ဒေသနာတော်ကြီးသည်၊ မြတ်စွာဘုရား၏မဟာကရုဏာနှင့် ပညာတော်မှာ၊ အခြေစိုက်သောဒေသနာတော်မြတ်ဖြစ်ပေသည်၊

အဘိဓမ္မာဒေသနာတော်မှတပါး ကြွင်းသမျှသော ဒေသနာတော်များသည်၊ ဘုရားရှင်၏ပညာအစွမ်းထက်မြက်သလောက်၊ စင်ကုန်မလွှတ်ဘဲ၊ ၊ မဟာကရုဏာတော်ဘက်သို့ ခပ်တိမ်းတိမ်းထားပြီးလျှင်၊ ငဲ့တင်း၍ ဟောတော်မူသော—ဒေသနာတော် များဖြစ်ကြ လေသည်၊ ဤသဘောကို ရုတ်တရက် မဆင်ခြင်မိပါလျှင်၊အဘိဓမ္မာနှင့်ထောက်စာပြီးလျှင်၊ သုတ္တန်ဒေသနာ (သုတ္တန်တရား)များကို၊ ဒဏ္ဍာရီစကားသွားကဲ့သို့ ပါတကား ဟူ၍၎င်း၊ ဟုတ်မှဟုတ်ပါမလားဟူ၍၎င်း၊ ၊"ငရဲခန်းကချောက်လွန်းသည်၊ ဘုံခန်းကမြှောက်လွန်းသည်"ဟူ၍၎င်း၊"သုတ္တန်တရားသည်၊ ရုပ်နာမ်နှစ်ပါးသို့ဆိုက်တိုက်သောဒေသနာမျိုးမဟုတ်ဘူး"ဟူ၍၎င်း၊ လွတ်ကနဲ့နှုတ်ထွက်လွယ်တတ်ကြ လသည်၊ ဒေသကဖြစ်တော်မူသောဘုရားရှင်၏အလိုဆန္ဒတော်သို့ဆိုက်အောင်၊ ရှုရှုပိုက်ပိုက်တွေးဆခြင်းသည်၊ဒေသနာတော်အရာတွင်၊ လွန်စွာအံကိုက်သောဉာဏ်မျိုးဖြစ်လေသည်၊

မြတ်စွာဘုရား၏တရား တော်ကို အနှုန်းတည်ပြီးလျှင်၊ ဇာတိဉာဏ်ထက်သန်သည်အားလျော်စွာ၊ သုတ္တာနုလောမအနေအားဖြင့် ဟောကြားတော်မူကြသော၊ သာဝကအရှင်မြတ်တို့၏ နှုတ်ထွက်ဒေသနာတော်များကိုလည်း၊ မြတ်စွာဘုရား၏ဒေသနာတော်ဘက်တိုက်သို့သော၊ သဘောတူ အနေအားဖြင့်၊ သွတ်သွင်းသိမ်းကြရသည်၊ ။ဤသဘောများသည်၊ ယခုဘာသာပြန်ဆိုလတံ့ ဖြစ်သော"ဝိမာနဝတ္ထု"အနည်းကို၊ဆင်ခြင်ကြည့်ရှုခြင်းအားဖြင့်၊ထင်ရှားစွာပေါ်လွင်လာပါလိမ့်မည်၊

သတ္တဝါတို့၏ အဆင့်ဆင့်ချမ်းသာလမ်းကြီးပွင့်လာဘို့အရေးတွင်၊ဘုရားရှင်နှင့်တကွ၊ သာဝကအရှင်မြတ်ကြီးများ၏ ဌာနအ

လိုက်၍ ကြိုးစားအားစိုက်တော်မူပုံများကိုလည်း၊ ဉာဏ်သွားရွှင်ရွှင်နှင့် တွေ့မြင်ကြည့်ရှုကြရပေလိမ့်မည်၊ ။သုတ္တန်ဒေသနာတော်များကိုကြည့်ရှုမှတ်သားရခြင်းသည်။ ဉာဏ်ပညာကို ရွှင်ရွှင်လန်းလန်းနှင့် ထွားကြိုင်းလာစေတတ်သည်။မိမိကိုယ်တိုင်က အလွန်ဝေးကွာသောရူပါရုံအခင်းအခံများကို ကြည့်ရှုမြင်စွမ်းနိုင်သောမျက်စိအမြင် ခတ်မရှိသော်လည်း၊ ပညာရှိကြီးများနေရာတကျစီမံပြီးဖြစ်သော၊ တလုံးထိုး၊ နှစ်လုံးထိုး၊ အမျိုးမျိုးသောမှန်ပြောင်းကြီးများကို၊ ကိုင်ဆောင်ကြည့်ရှုရသောအခါ၊ အထက်ကောင်းကင်ရှိရွှေလမင်းကိုပင်၊ မည်သို့မည်ပုံထင်ရှားအောင်မြင်စွမ်းနိုင်ကြသကဲ့သို့၊ အလွန်ဝေးကွာသောကမ္ဘာအဆက်ဆက်အကြောင်းဝတ္ထုများနှင့်၊ ယူဇနာပေါင်းများစွာမြင့်မားသော အထက်နတ်ပြည်ဘုံခန်း၊ မြေအတွင်းရှိငရဲခန်းများကို။ ဒေသနာတော်မှန်ပြောင်းနှင့်ချိန်၍ကြည့်ပါလျှင်၊ ဉာဏ်မျက်စိတွင်၊ အကွင်းသားအကွက်သားတွေ့မြင်ကြရလေသည်၊

လေးသင်္ချေနှင့်ကမ္ဘာတသိန်းထက်က၊ ဒီပင်္ကရာမြတ်စွာဘုရားခြေတော်ရင်းတွင်၊ အလျားမှောက်ခါတံတားခင်းနေသော၊ သုမေဓာရှင်ရသေ့၏အကြောင်းကို၊ ဝေဝေဆာဆာနှင့်၊ သေသေချာချာဟောပြောနိုင်ခြင်း၊ သိရှိရခြင်းသည်၊ သုတ္တန်မှန်ပြောင်းကြီး၏၊ အပ္ပမေယျအနန္တကျေးဇူးတော်ကြီးပေတည်း။ တာဝတိံသာ နတ်ပြည်မှာ၊ နန္ဒဝန်ဥယျာဉ်ရှိသည်၊ ဘယ်မျှလောက် ပျော်စရာကောင်းသည်-စသည်ဖြင့်၎င်း၊ လူ့ပြည်က အဝီစိငရဲကြီးကို၊ ခရီးမည်မျှကွာသည်၊ ငရဲသူသတ္တဝါတို့၊ မည်ကဲ့သို့ဆင်းရဲဒုက္ခခံစားနေကြရသည်စသည်ဖြင့်၎င်း၊ ကွင်းကွင်းကွက်ကွက်နှင့်၊ "ခရေစေ့တွင်းကျ" သိမြင်ရသောအချက်သည်လည်း၊ သုတ္တန်မှန်ပြောင်းကြီး၏ အဆုံးအဆအဆုံးမရှိသောကျေးဇူးတော်ကြီးပေတည်း။

အဘိဓမ္မာဒေသနာအရ စေတနာဟုဆိုအပ်သော၊ ကမ္မပစ္စည်း၏လက်ညှိုးညွှန်ချက်အတိုင်း၊ ဘုံဗိမာန်ဝသော ဌာနတွေဖြစ်ပေါ်လာကြရသဖြင့်၊ ဟောတော်မူပုံ ပရိယာယ် အမူအရာသို့လိုက်၍

သုတ္တန်ဟုဆိုရသော်လည်း “ဒိုးရောဇယ်ပါ” ဆိုသကဲ့သို့ အဘိဓမ္မာသဘောပါပြီးဖြစ်၍၊ အဘိဓမ္မာသဘောလွတ်ကင်းသည်ဟု၊ ဖွတ်အတင်းမငြင်းဆန်ထိုက်ချေ၊ ။ယခုပြန်ဆိုလတံ့ဖြစ်သော ဘုံခန်းအမျိုးမျိုးကိုပြရာ “ဝိမာနဝတ္ထု” ဒေသနာကိုသေချာစွာရှုစားပြီးလျှင်။ တရားတော်အရာတွင်၊ ပညာတည်းဟူသော ပန်းပွင့်တို့သည်၊ လန်းလန်းစွင့်စွင့်ပွင့်တော်မူကြပါစေသတည်း။

(မှတ်ချက်၊ ။ဘော်ပြလတံ့သော “ဝိနာမဝတ္ထုဘာသာပြန်” ကိုရေးသားရာ၌၊ ဗုဒ္ဓဘာသာ မြန်မာအမျိုးသား အမျိုးသမီးတို့၏၊ အသိဉာဏ်ကို လွယ်ကူစွာပွါးများစေခြင်းငှါ၊ ယခုခေတ်ကာလ၌ အသုံးပြုနေကြသောစကားအသုံးအနှုန်းတို့ဖြင့်ရေးသားပါမည်။)

လယ်တီပဏ္ဍိတ၊
ဆရာ-ဦးမောင်ကြီး၊
၁၂၉၈–ပြည့်၊ ကဆုန်လဆုတ် ၁၂-ရက်နေ့၊

# ဝိမာနဝတ္ထုပါဠိတော်ကြီးအကြောင်း။

ယခုအခါ၊နေ့တဲကာလအားလျော်စွာ နိုင်ငံခြားများ၏ ဖြစ်ပျက်ပုံအကြောင်းများကို၊ ကြေးနန်းဆက်စက်အမျိုးမျိုး ဆက်သွယ်ခြင်းအားဖြင့်၊မိမိတို့နေရာဌာနမှ၊ မရွေ့မပြောင်းမသွားမလာရဘဲ၊ လွယ်လွယ်ကူကူနှင့်ကြားရသိရတာလို့၊ ဘုန်းတော်ခြောက်ပါး သခင်ရှင်တော်ဘုရားသက်တော်ထင်ရှား ရှိတော်မူစဉ်အခါက၊ နိုင်ငံခြားနှင့်အလားတူသော ဘုံးခြား, ဗိမာန်ခြားအသက်နတ်ပြည်၏ အကြောင်းအရာများကို၊ တန်ခိုးအရာတွင်ပထမတန်းတံဆွန်ဆောက်တော်မူတဲ့ရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးက ကြေးနန်းဆက်သွယ်သလို့လွယ်လွယ်ကူကူနှင့်ယူဆောင်ပြီးသတင်းပေးတော်မူတဲ့အတွက်၊ ကွက်ကွက် ကွင်းကွင်းနှင့် အလင်းကို သိမြင်ကြရပေတယ်၊ ဥပမာအားဖြင့်ထင်ရှားစေရန်သာ၊ ကြေးနန်းဆက်သွယ်ပုံနှင့်အရှင်မောဂ္ဂလာန်နတ်ပြည်သို့ဒေသစာရီကြွချီ၍ အထက်နတ်ပြည်၏သတင်းအမျိုးမျိုးဆောင်ကြဉ်းတော်မူလာပုံကို နှိုင်းယှဉ်၍ပြရတယ်၊တကယ်တမ်းဆိုလျှင်၊ ပါရမီတော်အလျောက် ဖြစ်ပေါ်လာတဲ့တန်ခိုးအစွမ်းကို၊ဘယ်ကြေးနန်း၊ ဘယ်ဝိုင်ယာလက်မျိုးမှတူတန်လိမ့်နိုးနှင့်ချိန်စံမထိုးထိုက်ပေဘူး၊

မြေပြင်က၊ တာဝတိံသာနတ်ပြည်သို့ဒေသနာတော်အရ။ တာထိုးပြီးခရီးကိုတိုင်းလိုက်လျှင်၊ ၄—တောင်လျှင်တတာ၊ တာ ၂၀ တဥသဘ၊ဥသဘ—၂၀—လျှင် တဂါဝုတ်၊ လေးဂါဝုတ်တယူဇနာ (တချို့ကလဲ လေးတောင်ကို တတာ-ယူရမယ်လို့ဆိုကြတယ်၊မြင့်မိုရ်တောင်ကို၊တာ-တိုင်းပြထားတဲ့အဋ္ဌကထာကြီးများမှာ—၄-တောင်—တတာ-လို့ ပြထားတဲ့ အချက်ရှိတယ်၊)မြန်မာတိုင်အားဖြင့်၊ ခြောက်တိုင်နှင့် တာလေးရာရှိတဲ့ခရီးကို၊တယူဇနာလို့မှတ်ယူကြတယ်၊အဲတာလောက်အတိုင်း

အထွာရှိတဲ့ယူဇနာပေါင်း၈၄၀၀၀-(ရှစ်သောင်း လေးထောင်)တိတိဝေးကွာသတဲ့၊

ရှင်မောဂ္ဂလာန် မထေရ်မြတ်သည်၊ ယူဇနာပေါင်း ၈၄၀၀၀ (ရှစ်သောင်းလေးထောင်) မျှ ဝေးကွာမြင့်မောက်တဲ့ တာဝတိံသာနတ်ပြည်သို့ကြွတော်မူတဲ့အခါ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ၊ကွေးထားတဲ့ လက်ကို ဆန့်တန်းလိုက်သလောက်၊ ဆန့်တန်း ထားတဲ့ လက်ကိုကွေးလိုက်သလောက်မျှသာ အချိန်ပမာဏ ရှိတော်မူတယ်၊ ၈၄၀၀၀-(ရှစ်သောင်း လေးထောင်) ဝေးကွာတဲ့ခရီးကို ကြေးနန်းရိုက်လျှင်၊ နာရီကိုမဆိုထားနှင့် စက်အပိုင်းအခြားပင်၊ ဘယ်မျှလောက်ကြာလိမ့်မည်ဆိုတာ၊စဉ်းစားမိစေရမယ်၊ တန်ခိုးအစွမ်းနှင့် ရုကာလကြေးနန်းဟာ၊ ကွာချင်တိုင်း-ကွာခြားနေကြတာကလား၊

နတ်ပြည်က သတင်းများကို၊ ရှင်မောဂ္ဂလာန် ဆောင်ကြဉ်းတော်မူခြင်း၏အကြောင်းရင်းမှာ၊

ဧကံ ဒိဝသံ အာယသ္မာ မဟာမောဂ္ဂလာနော ရဟောဂတဿ ပဋိသလ္လီနဿ ဧဝံ စေတသော ပရိဝိတက္ကော ဥဒပါဒိ၊

အဲ-သည်လို၊ဝိမာနဝတ္ထု အဋ္ဌကထာတွင်မိန့်မှာထားတဲ့အတိုင်း တနေ့သ၌ ရှင်မောဂ္ဂလာန် မထေရ်မြတ်သည်၊ ဆိပ်ငြိမ်ရာသို့ချဉ်းကပ်ပြီးတကိုယ်တော်ထည်းသီတင်းသုံးနေတော်မူဘဲ့အခါ စိတ်တရက် အကြံတခုဖြစ်ပေါ်တော်မူလာသတဲ့၊ အကြံတော်ဖြစ်ပေါ်လာပုံကတော့၊ယခုအခါလူအများတို့မှာ၊ဒါန အစရှိတွင်၊လှူဒါန်းဘွယ်ရာ-များစွာလုံလောက်ပြည့်စုံခြင်း ဝတ္ထုသဒ္ဓါနှင့်အမှန်မြတ်ရုံး အလှူခံပုဂ္ဂိုလ်ဖြစ်တဲ့ခေတ္တသမ္ပဒါနှစ်ပါး ခန့်ခန့်ညားညား အားပါးတရပြည့်စုံခြင်းမရှိကြသော်လည်း မိမိတို့၏ စေတနာ ဖြူဖွေးခြင်းဆိုတဲ့စေတနာသမ္ပဒါ, ဝတ္ထုသမ္ပဒါနှစ်ပါးကို အရင်းခံထားပြီးလျှင်၊ တတ်အားသမျှလှူဒါန်းအားထုတ်ကြသဖြင့်၊ အထက်နတ်ပြည်မှာ၊ကြီးကျယ်ခန်းနားတဲ့ချမ်းသာများကို အသီးအသီးခံစားလျက်ဖြစ်ပေါ်ကြရပေတယ် ငါကိုယ်တိုင်၊နတ်ပြည်သို့ကြွပြီးလျှင်၊

(ဒေသနာရှိသည့်လည်ပြီးလျှင်၊)စည်းစိမ်ရှင်ဖြစ်တဲ့နတ်သား–နတ်သမီးများကို၊အကြောင်းသနစ် ခြေခြေမြစ်မြစ်ရှိအောင်စိစစ်မေးမြန်းပုစ်မေး၍၊နတ်သမီး,နတ်သားတို့ကိုယ်တိုင်သက်သေခံသောအားဖြင့်၊ လျှောက်ကြားတဲ့ စကားများကို၊ တပေါင်းတည်း မှတ်သားကာ မြတ်စွာဘုရားအားပြန်ကြားလျှောက်ထားရလျှင်၊ဘုရားစွာသင့်လျော်လိမ့်မယ်၊ထိုအကြောင်းများကို အရင်းခံထားပြီးလျှင် အရှေ့လောကဘက်မှ၊သန်းကြီးထွက်ပေါ်လာသလို၊ ရှင်တော်ဘုရားကိုယ်တိုင်၊ထင်ရှားစွာ ဟောကြား ပြသတော်မူလိမ့်မယ် လူအပေါင်းအား-ကံတရားလက်ချက်ကြောင့်၊ အထက်အထက်တွင် ဖြစ်ပေါ်ကြတဲ့ အစ္ဆရိယ,အဗ္ဘုတ–အံ့သြဘွယ် ကောင်းလှတဲ့။ ဘုံခန်းပြသာဒ်,အချုပ်ချင်ပုံစွာ ဝိမာနဝတ္ထု ဒေသနာကြီးသည်၊ မြတ်စွာဘုရားဟောကြားတော်မူချက်အရ၊ ထင်ရှားစွာ ဖြစ်ပေါ်လာလိမ့်မယ် ထိုဝိမာနဝတ္ထုဒေသနာတော်ကြီး "တောင်ထိပ်မီး" ကဲ့သို့ထင်ရှားစွာဖြစ်ပေါ်လာတဲ့အခါ၊လူများစွာတို့မှာ လူ,နတ်,နိဗ္ဗာန်,သုံးတန်ချမ်းသာ၊ရခြာ-ဓကြောင်း။အကြောင်းရင်းအခြေခံ၊ချမ်းသာလမ်းကြီးတခုအမှန်ပွင့်သာပေလိမ့်မယ်။အဲ-တာလိုကြံစည်တော်မူပြီးလျှင်၊ သိဘင်းသုံးတော်မူရာဌာနမှ ထွက်ကြွတော်မူကာ ရှင်တော်ဘုရား၏ထံပါးသို့ချဉ်းကပ်တော်မူတယ်၊

ရှင်တော်ဘုရား၏မျက်မှောက်တော်သို့ဆိုက်ရောက်လျှင်၊ ခင်ကြံစည်ပြီးဖြစ်တဲ့အချက်များကို လျှောက်ထားခွင့်ပန်တဲ့အခါ၊ သဗ္ဗညုဝါတို့အသိဉာဏ်ဖြင့်ကာ အဆင့်ဆင့်ချမ်းသာစေနိုင်မည့်အရေးဖြစ်၍ ချစ်သားမောဂ္ဂလာန်ကြံစည်တဲ့အချက်များသည်၊တရားသဘောသက်ဝင်၍၊ အလွန်ပင်သင့်လျော် လျောက်ပတ်ကောင်းမြတ်ပေတယ်သို့ ဟောမနာစကားဖြင့်၊ မိန့်ကြားခွင့်ပြုတော်မူလိုက်တယ်

အဘိညာဉ်အစွမ်းဖြင့်၊ ဘုံခန်းဗိမာန်တို့၏ အကြောင်းကို၊ ကောင်းကောင်းကြီး သိမြင်တော်မူပြီးဖြစ်သော်လဲ ယခုတော်ခံနှင့်၊ အသိဉာဏ်အားနဲ့သူတို့က (ဘုံခန်းကားမြှောက်လွန်းတယ်)

စသည်ဖြင့် မယုံကြည်တဲ့ အသံနှင့် ခံဘန်တနဲ့နေကြလျှင် အထက် နတ်ပြည်ဘုံ၏အကြောင်းကိုဟောပြရသည်မှာ ငါတို့ထင်မြင်ချက် အတိုင်းမဟုတ်ကိုယ်ထိလက်ရောက်ဆိုတာလို နတ်ပြည်သို့ကိုယ် တိုင်ကြွပြီးဒိဋ္ဌရုံစမ်းတဲ့အခါ၊ လူပြည်ဌာန၊ ဘယ်ပြည်ဘယ်နိုင်ငံက ဘယ်သူဟာ၊ ဘယ်ကုသိုလ်ကောင်းမှုကြောင့်၊ ဘယ်ဘုံမှာခံစား၊ စံ စားနေသည်ကိုသူ့ကိုယ်တိုင်က အစစ်ခံလိုက်တယ်ဆိုသည်ဖြင့်။ ဒိဋ္ဌ လက်တွေ့ဟောပြလျှင် ဘယ်သူမျှမငြင်းဆန်နိုင်ဘဲ၊ အသိဉာဏ်ခိုင် ခံ့ပြီး၊ "ပညာကြီးသူအလုပ်ခွင်ကြီးကို တွင်တွင်ကြီး အားထုတ်နိုင် ခြင်း၏အခြေခံဖြစ်ပါတော့" ဆိုတဲ့ရည်သန်ချက်ကြီးဖြင့်၊ သိမြင် တော်မူပြီးဖြစ်တဲ့အရာမှာ၊ "မြဲရာတွင်သံပတ်ပတ်၊ ကြည်ရာတွင် သပ်သင်း" ဆိုတာလို၊ သေချာသည်ထက်သေချာစေနိုင်၊ ဘုံခန်းဌာန ရုံစမ်းရေးအတွက်။ အကြံထုတ်တော်မူရခြင်းဖြစ်ပေတယ်။ အရှင်မောဂ္ဂလာန်၏အကြံတော်မြတ်သည် အပောအနန္တရိယံဝတ ဩဘ်-အံ့ဩ၍မဆုံးနိုင်အောင်ပင်ဖြစ်ပါပေသည်တကား။

ဘဂဝတာ အနုညာတော ဥဋ္ဌာယာသနာ ဘဂဝန္တံ အဘိဝါ ဒေတွာ ပဒက္ခိဏံကတွာ အဘိညာပါဒကံ စတုတ္ထဇ္ဈာနံ သမာ ပဇ္ဇိတွာ ဥဋ္ဌာယ ဇုမ္ဘ ဗလေန တံ ခဏညေဝ တာဝတိံသ ဘဝနံ ဂန္တွာ တတ္ထ တာဟိ ဒေဝတာဟိ ယထူပစိတံ ပုညကမ္မံ ပုစ္ဆိတာ တဿ ဘာသိတံ၊

(ဝိမာနဝတ္ထုအဋ္ဌကထာ။)

ဘဂဝတာ၊ မြတ်စွာဘုရားသည်၊ အနုညာတော၊ ဗိမာန်ဘုံခန်းရုံ စမ်းရန်အတွက်၊ နှစ်သက်ကြည်ဖြူ၍ ခွင့်ပေးတော်မူအပ်သည် ဖြစ် သော်၊ (ဝါ)ခွင့်ပေးတော်မူအပ်သော အရှင်မောဂ္ဂလာန်သည်၊ အာသ နာ၊ နေရာမှ၊ ဥဋ္ဌာယ၊ ထတော်မူ၍၊ ဘဂဝန္တံ၊ မြတ်စွာဘုရား ကို၊ အဘိဝါဒေတွာ၊ အလွန်ရိုသေစွာရှိခိုးတော်မူ၍၊ ပဒက္ခိဏံ ကတွာ၊ ရှေးနောက်ဝဲယာ၊ မျက်နှာစာတွင်၊ လက်ျာရစ်လှည့်တော်မူ ၍၊ (ဝါ)အရိုအသေပြုတော်မူ၍၊ အဘိညာပါဒကံ၊ အဘိညာဉ်၏အ

ခြေခံဖြစ်သော၊ စတုတ္ထဈာန်၊ ရူပါဝစရ စတုတ္ထဈာန်ကို၊ သမာပတ္တိဝင်စားတော်မူပြီး၍၊ ဂန္ဓာယ၊ ထိုသမာပတ်မှ ထလတ်တော်မူပြီးသည့်ရှိသော်၊ အာဝဇ္ဇနသေန၊ တန်ခိုးတော်၏အင်္ဂါမ်းဖြင့်၊ တံခဏာသည္ဓ၀၊ မကြာမတင် ထိုခဏ၌သာလျှင်၊ တာဝတိံသာဘဝန်၊ တာဝတိံသာနတ်ပြည်သို့ဂန္တွာ၊ကြွသွားတော်မူ၍၊ တတ္ထ၊ထိုတာဝတိံသာနတ်ပြည်၌ တာဟိဒေဝတာဟိ။စည်းစိမ်ချမ်းသာအမျိုးမျိုးကို။အရင်ရှိ ခံစားရှိနေကြသော၊ ထိုနတ်သမီး အပေါင်းတို့သည်၊ ယသုပဗိတံ၊ လူ့ပြည်လူ့ရွာ၌နေခိုက်အခါတွင်၊ယထာဗလ၊ အစွမ်းမျှသဖြင့်၊လမ်းကျအောင်အားထုတ်ဆည်းပူးခဲ့သော၊ပုညကမ္မ၊မိမိတို့၏ကောင်းမှုကုသိုလ်ကံကို၊ ပုစ္ဆိတာ၊ ရှင်မောဂ္ဂလာန်မထေရ်မြတ်မေးမြန်းစုံစမ်းတော်မူအပ်ကုန်သည်ဖြစ်၍၊(ဝါ)မေးမြန်းစုံစမ်းတော်မူအပ်ကုန်သောနတ်သား,နတ်သမီးတို့သည်၊ တဿ၊ ထိုအရှင်မောဂ္ဂလာန်မထေရ်မြတ်အား၊ကထေသုံ၊အမြစ်အရင်း၊ ပွင့်ပွင့်လင်းအောင်၊ခင်းကျင်းလျှောက်ထားကြလေကုန်ပြီ။ ၊

နတ်ပြည်ကအကြောင်းများကို လျှောက်ထားချက် အတိုင်း၊ မှတ်သားတော် မူပြီးတဲ့အခါ။ လူ့ပြည်သို့တဖန် ကြွတော်မူခဲ့ပြီး လျှင်၊ ထိုအကြောင်းများကို မြတ်စွာဘုရားအား လျှောက်ကြားတော်မူပြန်တယ်၊ ၊နတ်ပြည်ကလျှောက်ထားလိုက်တဲ့အချက်များကို၊ အသုံးအဖွဲ့ပြုတော်မူပြီးလျှင်။ မျက်မှောက်တော်သို့ ဆိုက်ရောက်လာတဲ့ပရိသတ်များအား၊ ပတ္တမြားရတနာကြီးကို၊ လက်ဝါးပေါ်မှာတင်၍ပြသလို၊ ရှင်တော်ဘုရားက တရားအလျဉ်းသင့်ရာ ဟောပြောတော်မူရှာပြန်တယ်၊

ရှင်မောဂ္ဂလာန်ဆောင်ယူလာတဲ့အတိုင်း ဟောပြောတော် မူရတဲ့ ဒေသနာတော်များကို၊နောင်- ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး တဲ့အခါ၊သင်္ဂါယနာတင်—အရှင်မြတ်ကြီးများက၊ဝိမာနဝတ္ထု, ဒေသနာဆိုတဲ့အမည်ဖြင့်၊ တံဆိပ်ခပ်ပြီးသုတ္တန်ပိဋကတ်၊ ခုဒ္ဒကနိကာယ်တွင်းအနေအတွက်သွင်းကာ။ သင်္ဂါယနာတင်ထားတော်မူကြတယ်၊

# ဝိမာနဝတ္ထုပါဠိတော်အကြောင်း

"ဝိမာနဝတ္ထု"ဒေသနာတော်တွင်၊ ဝတ္ထုများကို၊ လျော်ရာ-လျော်ရာ ပေါင်း၍ထားအပ်သော ဝဂ်ပေါင်းခုနစ်ဝဂ်၊ အကျယ်အားဖြင့်၊ (၁၂ ) ဝတ္ထု၊ ဝတ္ထုအားဖြင့် ချုပ်ရွှေ ဟောကြားတော်မူအပ်တဲ့ ဂါထာပေါင်း ၁ ၈၀-တို့ဖြင့် တန်ဆာဆင်အပ်သဖြင့်၊ မှတ်ဘွယ်၊ သားဘွယ်၊ မကျယ်၊ မကျဉ်း၊ ဗိဒ္ဓိဇ္ဇာကမ္မ ဆိုတဲ့ ပညာဉာဏ်ကို၊ လွန်စွာ သန့်ရှင်းစေနိုင်တဲ့ ဒေသနာတော်ကြီးဖြစ်ပေတယ်၊

ဝဂ်ခုနစ်ပါးတွင်၊ ပီဌဝဂ်သည်၊ မူလပဏ္ဏာသ—အစအုံးဖြစ်တယ်၊ ပီဌဝဂ်မှာ၊ ဝတ္ထုပေါင်းတဆဲ့ နှစ်ခုရှိရာ၊ ပီဌဝိမာနဝတ္ထုသည်၊ မူလပဏ္ဏာသ-အစအုံးဖြစ်တယ်၊ ရှင်မောဂ္ဂလာန်၏ ပုစ္ဆာမေးရေးတွင်၊ ရှေးဦးစွာဖြစ်ပေါ်လာတဲ့ ပီဌဝိမာနဝတ္ထုကို၊ ယခုဘာသာပြန်ရာတွင်၊ လက်ဦးစွာဆောင်ပြ၍ နောင်—ဒုတိယ ဝတ္ထု၊ တတိယဝတ္ထု-စသည်ဖြင့်၊ အစဉ် အတိုင်း—ခင်းခင်း—ကျင်းကျင်း-ထုတ်ဆောင်သွားမည်ဖြစ်ရာ၊ ပညာဉာဏ် သတ်ခံရှိကြသော အမျိုးသမီးအမျိုးသား အပေါင်းတို့မှာ၊ မိမိတို့ကိုယ်တွင်၊ ထင်မြင်ယုံရှိရကဲ့ပြင်၊ သတ္တဝါတို့မှာ၊ ယခုဘဝ တွင်သာ၊ အရေးသတ်ကြရမည်၊ နောင်သံသရာဘဝဆိုတဲ့ ပရလောက မရှိဘူး စသည်ဖြင့်၊ အယူယှင်းချွတ်ကြတဲ့ ပုဂ္ဂိုလ်များကိုလဲ၊ တတ်အားသမျှ တရားလမ်းမှန် ပြနိုင်ကြလေအောင်၊ အစဉ်သဖြင့် မှတ်သားကြည့်ရှုကြရန်၊ ဘောင်ကန့် သင့်မြတ်လှပေသတည်း၊

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

---

( ပဏာမဂါထာများ၊ )

(က) အဥ္ဇုပ္ပလဝိမာနမှိ၊
ဝိဟာရံ အတုလံ သုခံ၊
အနုဘောသိ ယထာကာမံ၊
ဘဂဝန္တံ နမာမဟံ၊ ၊

(ခ) လယ်တင်ထေရဥ္စ ◌န္တာဝိ၊
ပညာဝိမာနမာပကံ။
ဥဿိတုဿော◌ဇိနံ၊
သုဒ္ဓသိလက်ရိဋ္ဌကံ၊

(ဂ) တသ္မိံ ပညာဝိမာနမှိ၊
ရမံ သံဂါဝိတော သုခံ။
အဏ္ဍိဋ္ဌော အဗ္ဗကာမေဟိ။
ဝိမာနဝတ္ထုပါဠိယာ၊

(ဃ) အဝိပ္ပါ ◌ ◌ဓသာ ဝမိ။
ဝိသာ ဝယ အဠ္ဌ ◌ကနံ၊
ပေါဋိယာ မြန်မာဘာသာယ။
တံနိသာမေထ သာဒရေ။

(က) ယော ဘဂဝါ။ ခြောက်ဆူမြှိုင်မြှိုင် တုန်းပန်းခိုင်တဲ့ဖြင့် ကြိုင်လှိုင်ထင်ရှား၊ အကြင်သို့သော ရှင်တော်မြတ် ဘုရားသည်၊ အဥ္ဇုလဝိမာနမှိ။ လေးဆင့်လေးထပ်၊ မြင့်မြတ်ပုံသန်း၊ အရပ်ကြ ဖိုလ်တည် ဟူသောဗိမာန်နန်း၌၊ ဝိဟာရံ-ဝိဟာရနေ့ ၁၊ သီးတင်းသုံးစံ

နေတော်မူလျက်၊ အတုလံ၊ နိုင်းပြိုင်ကင်းလွတ်၊ အထွတ်စင်စစ်၊ အမွန်ဖြစ်သော၊ သုခံ၊ ဖလသမာပတ်၊ ချမ်းသာမြတ်ကို၊ ယထာကာမံ၊ အလိုရှိတော်မူသောအတိုင်း၊ အနုဘောသိ၊ တည်ကြည်ငြိမ်သက်လျက်၊ မြိန်ရှက်စွာခံစားတော်မူလေသတည်း။ တံဘဂဝန္တံ၊ ဘုန်းခြောက်ပါး သခင်၊ ထိုကဲ့သို့သောဘုရားရှင်ကို၊ အဟံ၊ လယ်တီပဏ္ဍိတ၊ နာမသမုတ်၊ အကျွန်ုပ်သည်၊ နမာမိ၊ ကျေးဇူးတော်ဂုဏ်၊ အဖုံဖုံကို၊ ကြည်ညိုသောအား-ဉာဏ်ရှေ့သွားဖြင့်၊ ဝပ်တွားဦးနှိမ်ပါ၏ဘုရား။

(ခ) ပညာဝိမာနမာပကံ၊ ပညာတည်းဟူသောဗိမာန်နန်းကို၊ အဆန်းတကြယ်၊ အံ့ဩဘွယ်လျှင်၊ ကြီးကျယ်စွာဖန်ဆင်းတော်မူပေထသော၊ ဥဿိတဝီရိယဓဇိနံ၊ ဝီရိယတည်းဟူသောအောင်လံကို၊ မိုးယံထိမြင့်မားအောင်၊ ဖြန့်လွှားစိုက်ထူတော်မူပေသောသော၊ သုဒ္ဓသီလကိရီဋကံ၊ ဖြူစင်သိုက်မြိုက်၊ သီလတည်းဟူသောမကိုဋ်ကို၊ ဦးထိပ်၌ ဆောင်းဆင်တော်မူပေထသော၊ လယ်တီထေရဿ၊ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးကိုလည်း၊ အဟံ၊ လယ်တီပဏ္ဍိတ၊ နာမသမုတ်၊ အကျွန်ုပ်သည်၊ ဝန္ဒာမိ၊ ကိုယ်တော်ကျေးဇူး၊ ဂုဏ်တွေထူးကို၊ ရည်မှူးလျက်သာ ရှိခိုးပါသတည်း။

(ဂ—ဃ) တသ္မိံ ပညာဝိမာနေ၊ ထိုကျေးဇူးရှင်ဆရာတော်ဘုရားကြီးတည်ထောင် ဖန်ဆင်းအပ်သော ပညာ ဗိမာန်ကြီးအတွင်း၌၊ ရမံ-ခုမန္တော မေ့၊ လျော်ပျော်ပါးလျက်၊ သုခံ၊ အတောင့်တကင်း၊ မှုန်ရှင်းလျက်၊ လွန်မင်းချမ်းသာစွာ၊ သံဃာတော်ကောင်းစွာကြီးပွား၍လာခဲ့ရသော၊ အဟံ၊ လယ်တီပဏ္ဍိတ နာမသမုတ်၊ အကျွန်ုပ်သည်၊ အညတရေဟိ၊ တခြားကျမ်းဂန်နှင့်စပ်သောအကျိုးစီးပွားကို၊ လိုလားတောင့်တလျက်ရှိကြကုန်သောပုဂ္ဂိုလ်အများတို့က၊ အဖြိုဖြိုး၊ ရေးပါ၊ သားပါ၊ ပြန်ဆိုပါဟူ၍၊ အခါခါတိုက်တွန်းအပ်လေသောကြောင့်၊ အဇ္ဈေသနံ၊ အနက်အဘွင့်ဖြစ်သောအဋ္ဌကထာကျမ်းကို၊ နိဿာယ၊ လက်ကိုင်ထားမှီငြမ်းပြု၍၊ ပေါရိယာ၊ အရ

သာဂုဏ်၊ ပြည့်ရုံသာယာ၊ ယဉ်ကျေးစွာသော၊ မြန်မာဘာသာယ၊ ကိုယ့်မျိုးနွယ်လား၊ မြန်မာဖြစ်ကျူး၊ ဘာသာထူးဖြင့်၊ ဝိမာနဝတ္ထု ပါဠိယာ၊ ဝိမာနဝတ္ထု ပါဠိတော်မြတ်ကြီး၏၊ အဓိပ္ပါယ်၊ ကုသိုလ်ရှင်တို့၊ ပျော်ရွှင်စံမြန်း၊ ဘုံနန်း အသွယ်သွယ်၊ အဓိပ္ပါယ်ကို၊ လိုသသာဓိပ္ပာယ်ပွား အကျိုးများအောင်၊ ရေးသားစီရင်ပေအံ့သတည်း။ တံ၊ ထိုရေးသားလတ္တံ့သော၊ ဝိမာနဝတ္ထုဘာသာပြန်ကျမ်းကို၊ သာဓုခေါ်၊ တရားကျမ်းဂန်၊ လိုလားသန်၍၊ သိဥာဏ်ရပေါင်း၊ သူတော်ကောင်းတို့သည်၊ နိသာမေထ၊ ရှုရှုဖိုက်ဖိုက်၊ နှလုံးပိုက်၍ နှစ်မြိုက်စွာ ရှုစားတော်မူကြပါလေကုန်သတည်း၊

ပဏာမပြီး၏။

—:o:—

ဝတ္ထု—နံပါတ် (၁)

ဝိဇ္ဇုဝိမာနဝတ္ထု။

ဘုန်းတော်ခြောက်ဆိုင်၊ မြတ်ပန်းခိုင်ကို၊ ကြိုင်လှိုင်သင်းသင်း၊ သုံးဘိုက်တွင်းဝယ်၊ ဖြန့်ကျင်း၊ ကြဲမြှောက်၊ ဘဝဂ်ရောက်အောင်၊ ထွန်းတောက်ဘေဇာ၊ ရွှေသမ္မာဖြင့်၊ ပမာတုကင်း၊ မင်းဘက်မင်းဖြစ်တော်မူသော ရှင်တော်မြတ်ဘုရားသည်၊ အခါတပါး၊ ကောသလတိုင်းအဝင်အပါ၊ သာဝတ္ထိပြည်ကြီး၏ တောင်မျက်နှာတွင်၊ ကုလလေးတာ၊ အပြန်ငါးရာမျှ ဝေးကွာတဲ့ဌာနမှာ၊ ရွှေချောင်ခြယ်သန်း၊ အဘန်းတကြွယ်၊ တင့်တယ်ဘိန်ပြောင်၊ ရှစ်ဆယ်မျှသော ပြာသာဒ်ဆောင်တို့ဖြင့်၊ ခြံရံအပ်သည့်ဂန္ဓကုဋိ၊ ကောသမ္ဗကုဋိ၊ ကရေရိကုဋိ၊ သလာဂါရကုဋိ။ ဤကုဋိလေးပါးတို့၏တည်ရာ "မဝေးနီးမော၊ မနေယာလျှရှင်၊ မှက်ခြင်ပါးနည်း၊ ပစ္စည်းမိတ်ဆွေ၊ ရလွယ်ပေ၊ ငါးထွေကျောင်းအင်္ဂါ" ဟုဆိုတဲ့အတိုင်း။ သူတော်ကောင်းတို့ပျော်မွေ့ဘွယ်ရာ၊ အင်္ဂါငါးပါးတို့နှင့်ပြည့်စုံတဲ့ ရွှေဘုံတုလွန်၊ ဇေတဝန်ကျောင်းတိုက်ကြီးဝယ်၊ ငြိမ်း ရွှင်ပြုံး၊ သီတင်းသုံးနေတော်မူတယ်၊

ထိုအခါ၊ ကံ့ကင်း၏အကျိုးကို မြတ်နိုးယုံကြည်ခြင်းရှိကြတဲ့ သာဝတ္ထိပြည်သူပြည်သားတို့မှာ၊ ဘုရားတည်းဟူသောဒိုင်ခုံရာကြီးနှင့်တကွ၊ တပည့်သား-သံဃာတော်အပေါင်းတို့၏ သက်န်းချောင်ဖြင့်၊တပြောင်ပြောင်ထွန်းလင်းနိုက်ဖြစ်သည်နှင့်၊ကုသိုလ်ပြုရာတွင်ဦးလေးခြင်းမရှိကြဘဲ၊ ထထ,ကြွကြွနှင့်သူ့ထက်ငါ၊ကြိုးစားအားထုတ်ကြတယ်၊ ကာလသမ္ပတ္တိနှင့်ကြုံတွေ့ကြရတဲ့ရေးအခါ လူအပေါင်းတို့မှာတော့၊မိမိတို့စိတ်မနေ့ာတွင်၊ သဒ္ဓါပညာ, အစရှိသော ခတ်ကောင်း(ဧဘသိက်ကောင်း)တို့၊ ခိုဝင်အားပေးခြင်းများကြသဖြင့်၊ယခုပစ္စုပ္ပန်အခေါ်မှာ အားမကျကြဘဲ၊ နောင်-သံသရာရေးအတွက်၊ကုသိုလ်ပြုတဲ့ဘက်မှာ၊ ထက်ထက်သန်သန်ကြီး၊ သူ့ထက်ငါတုပြိုင်ပြီးမနိုင်-နိုင်အောင်-ကြိုးစားအားထုတ်ကြတယ်၊

ကာလဝိပတ္တိနှင့်ကြုံတွေ့နေကြရတဲ့ အခါများမှာတော့၊ "တနေ့တခြား—ရေနည်းငါး" ဆိုတာလို၊သူတော်ကောင်း တရားဘက်မှာနင်လား့င၊လားအားမထားနိုင်ကြဘဲ၊ ယခုပစ္စုပ္ပန်တွင်၊ တဝမ်း၀တခါးလှတို့ဘက်မှာသာအားတက်ကြပြီးလျှင်၊ သူ့ထက်ငါတုပြိုင်ကာ၊မနိုင်—နိုင်အောင်ကြိုးစားအားထုတ်ကြတယ်၊(ရေးအခါများမှာ၊ ကုသိုလ်ရေးကလက်ငင်း, ပစ္စုပ္ပန်စီးပွါးရေးကာ လက်ဖျား၊ ဝိပတ္တိနောက်အခါများမှာတော့၊ကုသိုလ်ရေးကလက်ဖျား၊ပစ္စုပ္ပန်စီးပွါးရေးကလက်ငင်း-ထို့ဆိုလိုတယ်၊)လောကဓမ္မတာ "မှန်ကင်းတလှဲ-ထင်း,တလှဲ" ဆိုတာလို၊ ဆူကြုံနိမ့်မြင့်၊ အခွင့်အခါအားလျော်စွာ၊ကြုံရမြဲဓမ္မတာပင်ဖြစ်တယ်၊

ကုသိုလ်ရေးတွင်၊ သူဌေး,သူကြွယ်,ကုန်သယ်,လယ်လုပ်၊ တိုင်းပြည်အုပ်ချုပ်တဲ့ဘုရင်ဇာယ်လို့၊ အဆင့်ဆင့်အတန်းတန်းရှိကြရာ၊မိမိတို့အင်အားစွမ်းပကားသို့လိုက်ပြီး၊ ထိုက်ထိုက်ရောက်ရောက်အားထုတ်လှူဒါန်းကြတယ်၊ ၊ထိုအခါပသေနဒီကောသလမင်းကြီးမှာ ဘုရင်မင်းကြီးဖြစ်သည့်အားလျော်စွာ၊ အခြားသူများနှင့်အတန်းတူမထားဘဲ၊ အစစအရာရာ၊ ဘယ်သူမှမတုပနိုင်

တဲ့ "အသဒိသ" အလှူကြီးကို၊ ဘုရားအမျိုးရှိတဲ့ သံဃာတော် မြတ်ဗုဒ္ဓအား၊ (၇)ရက်တိုင်တိုင်လှူဒါန်းကျင်းပတော်မူတယ်။

နတ္ထိသဒိသော တုလျော ဧတဿာတိ အသဒိသော၊ ၊ဧတဿ။ ထိုအလှူပွဲကြီးအား၊သဒိသော တုလျော၊ တုပနိုင်သောသူ၊မတုပနိုင်သော အခြားဝတ္ထုသည်၊နတ္ထိ မြည်အဖို့ရှိ၊မြို့အဖြာဖြာ၊ ရှောက်၍ပင်ရှာသော်လည်း၊ မိုးလောက်ဘွယ်ရာ၊ ဘယ်မှာတစ်၊ မရှိကြောင်းပင်တည်း၊ဇာတိ၊ထို့ကြောင့်၊အသဒိသော၊အသဒိသမည်၏။

ဤဝိဂြိုဟ်အရ၊ တုပနိုင်တဲ့အရာဝတ္ထုမရှိဘူးဆိုတော့ဘယ်မျှလောက်ကြီးကျယ်ခမ်းနားလိမ့်မယ်ဆိုတာ ဉာဏ်စား နိုင်ခွင့်ရှိကြပါပြီ၊ (အသဒိသဒါနအလှူပွဲကြီးကျင်းပပုံကို၊ ဓမ္မပဒအဋ္ဌကထာတွင်၊ကျယ်ဝန်းစွာပြဆိုလျက်ရှိသည်၊ ဤအရာမှာ ဝိမာနဝတ္ထုကိုပြလိုရင်းဖြစ်၍၊အသဒိသဒါနကျင်းပပုံကို၊အကျယ်တဝင့်ဘော်ပြခွင့်မရှိတော့ပြီ၊)

ဇေတဝန်ဒါယကာ၊အနာထပိဏ်သူဌေးကြီးကလဲ၊ အသဒိသဒါနဆိုတဲ့ အမည်နှင့်၊ သုံးရက်တိုင်တိုင်ကျင်းပ လှူဒါန်းတယ် ပုဗ္ဗာရုံကျောင်းအမကြီးသူဌေးသမီးဝိသာခါကလဲ၊ အနာထပိဏ်သူဌေးကြီးကဲ့သို့၊ အသဒိသဒါန အလှူပွဲကြီးကို သုံးရက်တိုင်တိုင်ကျင်းပလှူဒါန်းပြန်တယ်၊ ပသေနဒီ ကောသလမင်းကြီး၏ အသဒိသဒါန အလှူပွဲကြီးများမှာ၊ ဘယ်လို ထူးခြားပါသလဲ ဆိုလျှင်၊ ဘုရင်မင်းကြီး၏ အသဒိသဒါနအလှူပွဲကြီးမှာတော့၊ စည်းစိမ်နှင့်အာဏာ၊အခြားခြားမှာသာလွန်ကဲမော်၊ အထက်တန်းရောက်ပြီးဖြစ်၍၊ တနိုင်ငံလုံးမည်သူမျှမတုပနိုင်ဘူးလို့ဆိုရမယ်၊ သူဌေးကြီးတို့၏အလှူပွဲကြီးမှာတော့ဘာဂဗလပြည့်ပုံလိုလော်သည် အားလျော်စွာ၊ဘုရင်ဖြစ်သူကိုနတ်နေကိုင်းချန်ထား၍ကြွင်းသမျှပိုင်းသူပြည်သားများတို့၊ လားလားမှမတုပနိုင်တဲ့ အသဒိသအလှူကြီးလို့ဆိုရမယ်၊"ဒုန်းနေချဲ့ဒုန်း–တော်နေရာတော်" ဆိုတာလို၊ ဌာနအားလျော်စွာအသဒိသဒါနအမည်ရကြတယ်၊မှုရအားဖြင့်ဆိုလျှင်ကောသလ

မင်းကြီး၏ အလှူပွဲကြီးကိုသာ၊ အသဒိသ ဒါနလို့-ဆိုသင့်ပေတယ်။

ထိုကဲ့သို့ ကြီးကျယ်ခန်းနားတဲ့ အလှူပွဲကြီးများကို၊ သာဝတ္ထိပြည်တွင်စီရင်ခင်းကျင်းလိုက်တဲ့အတွက်၊ သတင်းသံဂရုက်ရိုက်ပြီး၊တသောင်းတိုက်လို့ခေါ်ရတဲ့ ဇမ္ဗူဒီပါတကျွန်းလုံးကို၊ အုပ်ဖုံးလွှမ်းမိုးအမျိုးမျိုးပျံ့နှံ့သွားသတဲ့၊ အသဒိသဒါန အလှူပွဲကြီးအကြောင်းကိုကြားသိရတဲ့အခါ၊ ထိုထိုရပ်ရွာရှိ လူအပေါင်းတို့မှာ၊ သက်သာယနမကင်းတဲ့စိတ်ထားနှင့်၊ စကားတခု ဖြစ်ပေါ်လာပုံက သည်လိုတဲ့၊ဒို-မိတ်ဆွေတို့၊ သာဝတ္ထိပြည်တွင်၊စီရင်ခင်းကျင်းတဲ့အသဒိသဒါန အလှူပွဲကြီးအကြောင်းကို ကြားကြရဲ့ မဟုတ်လား။အံ့ဘဲအံ့သြောက်ပါပေရဲ့၊ ရှင်ဘုရင်သူဌေးဆိုတော့၊ ပေးလှူချင်တိုင်းအထမြောက်ပြီး၊စိတ်နှောက်သို့ကိုယ်ပါ လိုရာရောက်နိုင်ကြပေတယ်၊ သို့ရာတွင်တွေးတောစရာတခုကတော့၊ ဒါနကိုအားထုတ်ရာတွင်၊ ယခုလိုခမ်းခမ်းနားနားနှင့် ဆန်းပြားကြီးကျယ်တဲ့ အလှူကြီးကိုပေးနိုင်မှ အကျိုးတရား ကြီးပွားနိုင်သလား။ အင်အားအလျောက်မရှိဘွင်ရှိသမျှနှင့်ဒါနအမှုကို။အထမြောက်အောင် အားထုတ်သူများခမှာ၊ အလှူဝတ္ထုနည်းပါးတဲ့အတွက်၊ အကျိုးတရား(အကျိုးပေး)သိမ်သေးရတော့မလား။အလှူဝတ္ထုအဘိုးတန်မှသာအကျိုးထက်သန်မယ်ဆိုလျှင်၊ သူလိုငါလိုလူဆင်းရဲတို့မှာ၊မွဲခြာကအထမမြောက်ဘဲ အောက်တန်းကျအ နေမျိုးနှင့်သာသွားကြရတော့မယ်၊ဘယ်လိုသဘောရကြသလဲ၊ ။အဲ-သည်လိုရပ်မိတိုင်းစကားပိုင်းဖွဲ့ပြီးခပြောဆိုဆွေးနွေးကြတယ်။

သာဝတ္ထိပြည်တွင်းကလူဆင်းရဲတို့မှာတော့၊ တပြည်ထဲဖြစ်နေကြတဲ့အတွက်၊ ထိုစကားကို များများကြီးပြောကြတော့မှာပေါ့၊ ရဟန်း သံ ဃာ တော် များ သာဝတ္ထိ ပြည် တွင်း သို့ ဆွမ်း ခံ ကြွရောက်တော် မူကြတဲ့အခါ၊ အထက်ပါ စကား များကို နားနှင့်ဆပ်ဆပ်ကြားသိတော်မူကြသဖြင့်၊ ကျောင်းတော်သို့ရောက်ကြလျှင်၊ ရှင်တော်ဘုရားအား၊ ထိုစကားအရလျှောက်ထားကြတယ်။

(လူအများတို့တွေးတောတဲ့အနေအားဖြင့်၊ စကားဖြစ်မယ်ဆိုလဲ ဖြစ်ဘို့ရာအချက်ပေဘဲ၊) ထိုအခါ မြတ်စွာဘုရားက၊ ယုံမှားသံသယကင်းရှင်းကြလေအောင်၊ ဟောတော်မူရပြန်တယ်၊ ။

ဘဂဝါနဘိက္ခဝေဒေယျဓမ္မသမ္ပတ္တိယာဝဒါနံမဟပ္ဖလတရံဘဝိဿတိ၊ အထခေါ စိတ္တသမ္ပတ္တိယာ စေဝ ခေတ္တ သမ္ပတ္တိယာစ။ တသ္မာ ကုဏ္ဍကမုဋ္ဌိမတ္တမ္ပိ ဗိလာလတိက မတ္တမ္ပိ တိဏသန္တတ ပဏ္ဏသန္တတ မတ္တမ္ပိ ပုတိ မုတ္တ ဟရီတကမတ္တမ္ပိ ဝိပ္ပသန္နေနစေတသာ ဒက္ခိဏေယျပုဂ္ဂလေပတိဋ္ဌာပိတံတမ္ပိ မဟပ္ဖလတရံ ဘဝိဿတိ၊

(ဝိမာနဝတ္ထုအဋ္ဌကထာ)

ဘဂဝါ၊ မြတ်ဘုန်းတော်သခင်၊ ရှင်တော်ဘုရားသည်၊ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့၊ ဒေယျဓမ္မသမ္ပတ္တိယာဝ၊ အလှူဝတ္ထု၏ ထူးခြားလျောက်ပတ်၊ ပြည့်စုံကောင်းမြတ်သောကြောင့်သာလျှင်၊ ဒါနံ၊ အလှူဒါနသည်၊ မဟပ္ဖလတရံ၊ အလွန်ကြီးမြတ်သောအကျိုးကိုခံစားရသည့်၊ နဘဝိဿတိ၊ ဖြစ်လိမ့်မည်မဟုတ်ချေ၊ အထခေါ၊ အကယ်စင်စစ်သော်ကား၊ စိတ္တသမ္ပတ္တိယာစေဝ၊ စေတနာထက်သန်သော စိတ်နှလုံး၏ပြည့်စုံခြင်းကြောင့်၎င်း၊ ခေတ္တသမ္ပတ္တိယာစ၊ အလှူခံပုဂ္ဂိုလ်၏ပြည့်စုံခြင်းကြောင့်၎င်း၊ ဒါနံ၊ အလှူဒါနသည်၊ မဟပ္ဖလတရံ၊ အလွန်ကြီးမြတ်သောအကျိုးကိုခံစားရသည်၊ ဘဝိဿတိ၊ ဖြစ်ပေလတံ့၊ တသ္မာ၊ ထိုကြောင့်၊ ကုဏ္ဍကမုဋ္ဌိမတ္တံပိ၊ ထမင်းချိုး (ဆန်ကွဲထမင်း) တဆုပ်မျှကို၎င်း၊ ဗိလာလတိကမတ္တမ္ပိ၊ တထွာမျှလောက်သောပုဆိုးအကြမ်းပိုင်းကို၎င်း၊ တိဏသန္တတပဏ္ဏသန္တတမတ္တမ္ပိ၊ မြက်အခင်း၊ သစ်ရွက်အခင်းမျှကို၎င်း၊ ပုတိမုတ္တဟရီတကမတ္တမ္ပိ၊ နွားကျင်ငယ်ဖြင့်စိမ်အပ်သော ဆေးဘက်ဝင်သည့်ကြဖုသီး၊ ဖန်ခါးသီးမျှကိုသော်၎င်း၊ ဝိပ္ပသန္နေန၊ သဒ္ဓါကြည်လင်ရွှင်လန်းလှစွာသော၊ စေတသာ၊ စိတ်ဖြင့်၊ ဒက္ခိဏေယျပုဂ္ဂလေ၊ လယ်မြေကောင်းသဘွယ်ဖြစ်သောအလှူခံပုဂ္ဂိုလ်၌၊ ပတိဋ္ဌာပိတံ၊ ပေးကမ်းလှူဒါန်းခြင်းဖြင့်တည်စေအပ်သော၊ ယံဒါနံ၊ အကြင်ဒါနသည်၊

အဋ္ဌိ၊ ရှိ၏ တစ်ပိုး၊ ထိုကဲ့သို့သော အလှူဒါနသည်လည်း။ မဟပ္ဖလတရံ။ အလွန်ကြီးမြတ်သော အကျိုးရှိသည်။ ဝါ။ အကျိုးကိုခံစားရသည်။ ဘဂဝိသသတိ၊ ဖြစ်ပေလတ္တံ့။ ဣတိ၊ ဤသို့။ အာဟ၊ ဟောကြားတော်မူလေသတည်း။ ။

အလှူဒါနပြုရာတွင်၊ အလှူဝတ္ထုကောင်းမကောင်းက လိုရင်းမဟုတ်။ အလှူခံပုဂ္ဂိုလ်နှင့်ကြုံကြိုက်တဲ့အခါ၊ လောကီပကာသနဲ့ ဣဿာမစ္ဆေရဆိုတဲ့ အကုသိုလ်အညစ်အကြေးတို့ကို ပယ်ခွါပြီး။ စင်ကြယ်ကောင်းမြတ်တဲ့ စိတ်ထား ဖြင့်။ လှူဒါန်းခြင်းသည်သာ လိုရင်းပဓာန။ မဟပ္ဖလတ၊ အကျိုးကျေးဇူးပွါးလူးမြင့်မြတ်စေနိုင်တယ် လို့အကြောင်းပြတော်မူတယ်။ အလှူဝတ္ထုက လဲကောင်း မွန်မြင့်မြတ်မယ်၊ စိတ်စေတနာဖြူဖြူဖြောင့်ဖြောင့်နှင့် အလှူခံပုဂ္ဂိုလ်ကလဲ့ ပြည့်စုံမယ်ဆိုလျှင်၊ "အတိုင်းထက် အလွန်။ တံခွန်နှင့်ဘုရား''ဆိုတာလို၊ သာလွန်ပြီး အကျိုးကြီးမြတ်နိုင်တယ်-ဆိုတဲ့ အဓိပ္ပါယ်လဲအလိုလိုငြိုးစီးသွားတော့တာဘဲ၊ ဒါနအရာတွင် စိတ်စေတနာဖြူဖြောင့်လျှင်၊ အကျိုးထူးတရား ကြီးမားနိုင်ကြောင်းနှင့် သိကြားမင်းရွတ်ဆိုသောဂါထာတပုဒ်လဲ့ရှိသေးတယ်၊

နတ္ထိစိတ္တေပသန္နမှိ၊ အပ္ပကာနာမ ဒက္ခိဏာ၊
တထာဂတေဝါ သမ္ဗုဒ္ဓေ၊ အထဝါတဿ သာဝကေ၊ ။

စိတ္တေ။ လှူဒါန်းသူ၏စိတ်သဘောသည်။ ပသန္နမှိ၊ သဒ္ဓါကြည်နဲ့၍။ ဖြူစင်သန့်ရှင်းခဲ့သည်ရှိသော်၊ တထာဂတေ။ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော၊ သမ္ဗုဒ္ဓေဝါ၊ မြတ်စွာဘုရား၌ရင်း။ အထဝါ၊ ထိုမှတပါး။ တဿ၊ ထိုဘုရားရှင်၏၊ သာဝကေဝါ ရဟန်းသံဃာတော်များ၌ရင်း၊ ဒက္ခိဏာ၊ လှူဒါန်းအပ်သော အလှူဒါနသည်၊ အပ္ပကာနာမ၊ နည်းပါးလှပါတကား ဟူ၍ ကောဆိုရာမည်သည်၊ နတ္ထိ၊ စေတနာအရင်းခံစွဲသဖြင့် မရှိမြဲကန့်ပင်တည်း။ ။

ဤဂါထာဟာလဲ၊ ဇမ္ဗူဒီပါတကျွန်းလုံးပျံ့နှံ့သွားတယ်၊ မြတ်စွာဘုရား၏တရားတော်နှင့်တကွ၊ သိကြားမင်းဂါထာကို အဆင့်

ဆင့်ကြွားရတဲ့အခါ၊ လူအများတို့မှာအလှူဒါနအရာတွင်၊ ယုံမှား သံသယမရှိကြတော့ဘဲ၊ ရဲရဲဝံ့ဝံ့-ဖွန့်ဖွန့်စားစားနှင့်သာ၊ လာသမျှအလှူခံပုဂ္ဂိုလ်တို့အား မိမိတို့ဥစ္စာစိမ်အားလျော်စွာလှူဒါန်းကြတယ်၊ မိမိတို့၏အိမ်အနီးမှာလဲ၊ ခရီးသည်တို့မောင်ပန်းရာအောင်၊ ရေချမ်းစင်တည်ထားခြင်း၊ နားနေရာ၊ စရပ်ဇရပ် ဆောက်လုပ်ခြင်းများကို၊ အသီးအသီးအားထုတ်ပြုပြင်စီရင်ခင်းကျင်းထားကြတယ်၊

လှူဒါန်းပေးကမ်းခြင်းဆိုတဲ့ဒါနအရာတွင်၊ ပျော်ရွှင် ဝင်စားနိုင်ခြင်း"ဒါနာဘိရတ"ခေါ်ခံရှိတဲ့ပုဂ္ဂိုလ်များမှာ၊ "အလှူရေစက်လက်နှင့်မကွာ"ဆိုတာလို၊ မပြတ်မလပ် လှူဒါန်းအားထုတ်နေရလျှင်၊ ပွဲသဘင်ကြည့်ရှုနေကြရသလို၊ လွန်စွာပျော်မွေ့-စိတ်သဘောတွေ့ကြတယ်၊

ထိုကဲ့သို့ဒါနခေတ်စား၍၊ ပွားပန်းခင်မှု ကြိုးစားအားထုတ်နေကြတဲ့အခါ။ တနေ့သ၌ရဟန်းတော်တပါးသည်၊ ဆွမ်းခံခြင်းကိစ္စဖြင့်၊ သာဝတ္ထိပြည်တွင်းသို့ကြွတော်မူလျှင်၊ ရဟန်းတို့၏သိက္ခာနှင့်ပြည့်စုံစွာ၊ မနှေးလွန်း၊ မြန်လွန်းဘဲ၊ မြင်သူအပေါင်းတို့ ကြည်ညိုဘွယ်ရာ အိမ်စဉ်အတိုင်း ရပ်တော်မူကာဖြင့် အလှမ်း မှန်မှန်နှင့် ဆွမ်းခံကြွတော်မူတယ်၊ ဆွမ်းခံခြင်း ကိစ္စပြီးတော့မည် ဆဲဆဲ ခရီးမှမပဲခင်၊ မွန်းတည့် ပေါ်ခါနီး အချိန့်တွင် သဒ္ဓါတရားနှင့်ပြည့်စုံသူ ဒါယိကာတဦး၏ အိမ်အနီးသို့ ရောက်သွားသဖြင့်၊ အိမ်ရှင်အမျိုးသမီးမှာ ပြာပြာသလဲနှင့် အရှင်မြတ်ကို အိမ်ပေါ်သို့ကိုသေစွာပင့်ဆောင်ပြီးလျှင် [illegible] နေကြအင်းပျဉ် (ခုတင်) ပေါ်တွင်၊ ဝါလွှာသောအခင်းဖြင့်တင့်တယ်ခြင်းရှိတဲ့ ပုဝါတဘက်ကြီးကိုခင်းကာ ထိုနေရာပေါ်သို့ကြွ [illegible] ဘိတင်းသုံးရန်၊ ဘိတ်မံလျှောက် ထားတယ်၊ ကျောင်းသို့ပြန်ကြွတော်မူ၍လျှင်နေကလဲ ပူ၊ အချိန်ကလဲနီးနေတော့၊ ပင်ပန်း ကြွသွားပြန်ကြွတော်မူရမည်ကို တွေးမိသဖြင့်၊ မိမိအိမ်တွင်အသင့်ပြ [illegible] ပြီးဖြစ်တဲ့ ဆွမ်းဘောဇဉ်များဖြင့်၊ သပ်သပ်ယပ်ယပ်ပြုရ [illegible] တယ်၊ ပူပူနွေးနွေးဖြစ်တဲ့ဆွမ်းများကို၊ ဘုဉ်းပေးတော်မူရပြန်ရာတွင်၊ ချွေးသန့်တွေတစိုစို

နှင့်၊မထေရ်မြတ်ပူအိုက်တော်မူလိမ့်မယ်၊ ချွေးများသိပ်ပြီး စိတ်တော်ကြည်သင်စွာနှင့် ချမ်းချမ်းသာသာဘုဉ်းပေးတော်မူပါစေဆိုတဲ့ခံနေ့ကမှဲမေတ္တာဖြင့် မနီးမဝေးတွင်ထိုင်ကာ၊ ဖြည်းညှင်းသက်သာယပ်လေခပ်ခါနေရှာတယ် (သာသနာဘော်ထမ်း၊ ရဟန်းများအပေါ်တွင်၊ချမ်းသာစေချင်တဲ့ဆန္ဒခာတ်ဖြင့်၊အည်းကပ်သက်ဝင်ပုံမှာ။များစွာအတုယူလောက်တဲ့အမျိုးသမီးကလေးပေပေါ့။)

ဆွမ်းဘုဉ်းပေးခြင်းကိစ္စပြီးစီးတဲ့အခါ၊နေရာထိုင်ခင်းနှင့်ဆွမ်းဘောဇဉ်တို့ကိုအသင့်ပြင်ဆင်၍ ရှင်လန်းစွာလှူဒါန်းရခြင်း၏ အကျိုးကိုပြတဲ့ခမ္မကထာများကို။ အသင့်အဘင့်ဟောကြားတော်မူပြီးလျှင်၊ ကျောင်းတော်သို့ပြန်ကြွတော်မူတယ်၊ အလှူရှင်အမျိုးသမီးကလေးမှာတော့အားသမ္မာအလှူဒါနကိုလဲအားထုတ်ရ၊ အရှင်မြတ်ဟောကြားတဲ့တရားတော်မြတ်ကိုလဲကောင်းစွာကြားနာရသဖြင့် သောမနဿလှိုင်းကြီးတို့သည်။အဆုံးမသိတက်ကြွ၍ ဝမ်းမြောက်ခြင်းကြီး၊ ဝမ်းမြောက်နေရှာတယ် ။မထေရ်မြတ်ကြွသွားပြီး၍မကြာမီပင်၊ အရှင်မြတ်ထိုင်တော်မူပြီးဖြစ်တဲ့အင်းပျဉ်(ခုံဘင်)ကို၊အရှင်မြတ်အားသာ ယ...သုံး၊ တသက်ပတ်လုံးသီတင်းသုံးတော်မူရန် လှူဒါန်းလိုက်ပါတော့မယ်သို့၊ စေတနာသဒ္ဓါတရား တိုးပွါးလာပြန်တဲ့ အတွက်၊ ကျောင်းတော်သို့ ရောက်အောင်ယူဆောင်ပြီးလျှင်၊ ကိုယ်တိုင်ပင်ထင်ပမိ၍လှူဒါန်းလိုက်ပြန်တယ်၊ အမျိုးသမီးကလေး၏လှူဒါန်းဘွယ်များက ထိုက်ထိုက်ရောက်ရောက် အဘိုးမတန်လှသော်လဲ၊ ဖြူစင်တဲ့ သဒ္ဓါတရားနှင့်၊ စေတနာစေတသိက်မှာ ဇမ္ဗူဒိပ် တကျွန်းလုံးနှင့် မလဲနိုင်လောက်အောင်၊များစွာအဘိုးထိုက်တန်ပေတယ်၊

ထိုအမျိုးသမီးကလေးမှာ နောက်အခါတစုံတခုသောရောဂါဝေဒနာကြောင့်၊လူ့ရွာကိုတခေမ်းသိမ်းလိုက်တဲ့အခါ၊တာဝတိံသာနတ်ပြည်ကြီးတွင်၊ညီးညီးပြောင်ပြောင်၊အနှချင်မြိုးမြက် ပန်းခက်ခြုံနွှယ်၊ အသွယ်သွယ်တို့ဖြင့်၊ ခြယ်သယ်ပွမ်းမံအပ်တဲ့ ရတနာရွှေဗိမာန်ကြီးမှာ၊ နတ်သမီးပေါင်းတထောင် ထက်ကြပ်မကွာ အ

တူပါပြီးလျှင်၊ ချမ်းသာစွာဖြစ်လာရတယ်။ ဈေးကံ ကုသိုလ် အလျောက်ပေါ်ပေါက်လာတဲ့ ရွှေဗိမာန်ကြီးမှာ၊ အလျားအနံ အားဖြင့်၊ တဆဲ့နှစ်ယူဇနာကျယ်ပြန့်တယ်၊ ဈေးအခါကနေ ဈေးထိုင်ခင်းအတွက် အင်းပျဉ် (ခုတင်) ကိုလှူဒါန်းခဲ့တဲ့ စေတနာကံကြောင့်။ ရွှေဗိမာန်ကြီးအတွင်းမှာ တယူဇနာအထိကျယ်ပြန့်တဲ့ ရွှေပလ္လင်ကြီးလဲ ထက်ကြပ်မကွာဖြစ်ပေါ်လာရတယ်။ အင်းပျဉ်ပေါ်တွင်ငါလှိုင်ထိုးနှီးပြောင်တဲ့ တဘက်ပုဝါကြီးကိုဖြန့်ခင်း၍လှူဒါန်းခဲ့တဲ့စေတနာကံကြောင့်၊ နတ်သမီး၏ကိုယ်ရောင်ကိုယ်ဝါတို့မှာ၊ ရွှေမှုန့်တွေကိုနံ့သာနှင့်ရောပြီးလျှင်၊ ချောမောစွာလိမ်းသပ်ထားသကဲ့သို့။ နုထွားညက်ပြေ တကိုယ်လုံးရွှေအဆင်းဖြင့်၊ တဝင်းဝင်း တလက်လက်အရောင်ထွက်သဖြင့်၊ မျက်စိအမြင်ရှိတဲ့သူများကို၊ အားရှိသမျှင်ချုပ်ဆွဲဆောင်နိုင်တဲ့ ရူပါရုံအဆင်းတော်နှင့်လဲ ပြည့်စုံ လာတယ်။ လှူဒါန်းစဉ်အခါကတွန့်တိုနှောင့်နှေး၊ အကြွင်းလေးခြင်းမရှိဘဲ။ ဖြတ်ဖြတ်လတ်လတ် အလှူခံပုဂ္ဂိုလ်ကြေနပ်ဘွယ်ရာ သဘောပိုက်ပြီးလျှင် ရွှင်ရွှင်လန်းလန်း၊ ချမ်းချမ်းမြေ့မြေ့ ပီတိသောမနဿအငွေ့ကြီးဖြင့်၊ စွမ်းနိုင်သရွေ့လှူဒါန်းပြုခဲ့တဲ့အတွက် ရရှိလာတဲ့ရွှေဗိမာန်ကြီးမှာ၊ အခြွေအရံပရိသတ်နှင့်တကွ အကုန်စီးနင်းလိုက်ပါပြီး။ အလိုရှိရာအရပ်ကိုစိတ်၏လျင်မြန်ခြင်းကဲ့သို့ပင်နှေးခြင်းမရှိဘဲ၊ မြန်းကနဲ့ရောက်သွားနိုင်တယ်၊ တဆဲ့နှစ်ယူဇနာရှိတဲ့ရွှေဗိမာန်ကြီးဟာယခုအခါလေယာဉ်ပျံများကဲ့သို့၊ သွားလိုရာအရပ်ကိုမကြာမတင်လျင်မြန်စွာအရောက်ပို့နိုင်တဲ့ နတ်လေယာဉ်ပျံကြီးပင်ဖြစ်တယ်။ အလှူခံပုဂ္ဂိုလ်၏အလိုဆန္ဒနှင့်လိုက်လျောအောင်အချိန်မဆွဲဘဲ၊ ရဲရဲဝံ့ဝံ့ စွန့်လွှတ် လှူဒါန်းခဲ့တဲ့ အတွက်၊ ရတနာဗိမာန်ရှင် နတ်သမီး၏ကိုယ်ရောင်များမှာ မိုင်တာကောသဂါဝုတ်ယူဇနာတို့ဖြင့်တိုင်းတာ၍မရနိုင်လောက်အောင်၊ တထိန်ထိန် တပြောင်ပြောင်ထွန်းလင်းသဖြင့်၊ အံ့သြချီးမွမ်းနိုင်အောင်ပင် ဖြစ်လာရတယ်။ ရွှေဗိမာန်အတွင်းမှာ၊ ရွှေအင်းပျဉ်လို့ခေါ်ရတဲ့ ရတနာပလ္လင်ကြီးတခုပေါ်ပေါက်လာရပြန်သဖြင့် ထိုနတ်သမီးစံရာရွှေဗိမာန်ကြီးကို၊ ဒိဗ္ဗပီဌမာန

(မြွေပလ္လင်ဗိမာန်)လို့ခေါ်ကြတယ်။ ဗိမာန်ရောင်မဘက်၊ နတ်သမီး၏ကိုယ်ရောင်သက်သက်မှာမူ တအဲ့နှစ်ပုဏ္ဏနာဝင့်ဝင့်-အရောင်ဖြာသျက်၍သတဲ့၊

“ကပ္ပဒီပါကောအစိမ်းရေသျော”လို့ဆိုတဲ့အတိုင်း ကံကြောင့်ဖြစ်တဲ့အကျိုးတရားတို့မှာ အကြောင်းနှင့်တန်အောင်ကြီးကျယ်ခမ်းနား—ဆန်းပြားထွေထူး၊ မည်သူတဦးတယောက်မျှ အဆုံးတိုင်အောင်မကြံနိုင်တဲ့အရာမျိုးဖြစ်တယ်။ သဗ္ဗညုတဉာဏ်တော်ကြီးအရာမျိုးမှာ အခြားသဗ္ဗပါဒ်တို့၏ဉာဏ်ဖြင့်ကြံစည်ခဲ့လျှင်၊ ဆင်ကိုကြက်ချည်တဲ့ကြိုးနှင့် ဘမ်းသကဲ့သို့၊ ဘယ်အခါမှ အဆုံးခမ်းတိုင်ရောက်နိုင်သည်မဟုတ်ချေ။

တနေ့သ၌၊တာဝတိံသာ နတ်အပေါင်းတို့ ဓနကစားပျော်ရွှင်တဲ့အခါကြုံလာသဖြင့်၊ တာဝတိံသာ နတ်ပြည်အလုံးမှာ အုံးအုံးကျက်ကျက်နှင့်ရေသဘင်ရှိရာနန္ဒဝနဥယျာဉ်ကြီးသို့ အသီးအသီးတန်ဆာဆင်ပြီး ပျော်ပျော်ရွှင်ရွှင်—ထွက်သွားကြသည်ကို၊ ဒီဗိမာန်ပိုင်ရှင်ဖြစ်သူ—နတ်သမီးမြင်ရလျှင်၊ အခြားနတ်များကဲ့သို့မြေဖြင့်မှုခြေလျင် ရထား—ဆင်ဖြင့် မသွားဘဲ နတ်သမီးပေါင်းတထောင်ခြံရံပြီးမြွေဗိမာန်လေယာဉ်ပျံကြီးပေါ်မှာ၊ ပျော်ပျော်ကြီးစီးကာ၊နန္ဒဝနဥယျာဉ်သို့ထွက်လာခဲ့တယ်၊

တံဝိမာနံ အဘိရုယှ မဟတိယာ ဒေဝိဍ္ဍိယာ မဟန္တေန သိရိသောဘဂ္ဂေန သမင်္ဂီဘူတာ စန္ဒောဝိယ သူရိယောဝိယ စ ဩဘာသေန္တီ ဥယျာနံ ဂစ္ဆတိ။ ၊

(ဗိမာနဝတ္ထု-အဋ္ဌကထာ)

သာဒေဝတာ ထိုနတ်သမီးသည် တံဝိမာနံ နတ်လေယာဉ်ပျံ—ထိုမြွေဗိမာန်ကြီးပေါ်သို့၊ အဘိရုယှ၊ ဖော်ဖွေ့အခြံရံနတ်သမီးတို့နှင့်ပျော်ပျော်ကြီးတက်စီးကြ၍၊ မဟတိယာ၊ မြင့်မြတ်ခမ်းနားလှစွာသော၊ဒေဝိဍ္ဍိယာ၊ နတ်တို့၏တန်ခိုးဖြင့်လည်း၊ မဟန္တေန၊ မြင်သူအများတို့အံ့သြဘွယ်ရာ ကြီးကျယ်လှစွာသော၊ သိရိသောဘဂ္ဂေန။

ကြက်သရေမင်္ဂလာ၏၊ လျှံပါပွင့်လင်း၊ တင့်တယ်ခြင်းအဖုဖြင့်ရင်း၊ သမန္တတော၊ ရှပ်မျက်နှာရပ်ခွင်၊ ထက်ဝန်းကျင်၌ စန္ဒောဝိယ သိတဂူယံ့နန်း၊ သပြည့်ဝန်းကဲ့သို့ရင်း၊ သူရိယောဝိယ၊ ဖြိုင်ယှဉ်ဘာက်ကင်း၊ နှင်နေမင်းကဲ့သို့ရင်း ဩဘာသေန္တီ တဝင်းဝင်း တလျှပ်လျှပ် အရောင်ဟပ်စေလျက် ဥယျာဉ်ပျော်မြူး ... ယ်ရာ များစွာ ရုံလင်း၊ နန္ဒဝန်နတ်ဥယျာဉ်သို့၊ ဂန္တုတိ၊ အထက်တန်းကျကျ မျှ နှာပန်းလှလှနှင့်၊ မြန်းကြွထွက်ခွါလေသတည်း

အထက်ကဘော်ပြခဲ့သဲ့ အတိုင်း နတ်ပြည် အကြောင်းကိုဖုံငမ်းရန်ကြွလာတော်မူတဲ့ရှင်မောဂ္ဂလာန်နှင့်လေယာဉ်ပျံရှင်၊ နတ်သမီးတို့ဥယျာဉ်သို့မရောက်ခင်၊ လမ်းခရီးတွင်—တွေ့ဆုံကြတော့မယ်၊ ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးကလဲ နတ်ပြည်သို့အရောက်၊ လေယာဉ်ပျံရှင်နတ်သမီးကလဲဥယျာဉ်သို့အထွက်၊ ရုတ်တရက်ခရီးဆိုင်မိကြလျှင်၊ နတ်သမီးမြင်လောက်ရာတွင်၊ အရှင်မြတ်၏အသွင်အပြင်ကို ပြတော်မူတယ်၊ နတ်သမီးကလေးမှာ၊ သာသနာတော်ဈေးတွင်အချိုးကျပြီး၊ ဗုဒ္ဓဘာသာနတ်သမီးကလေးဖြစ်တဲ့အတွက်၊ အရှင်မြတ်ကိုမြင်လျှင်-မြင်ခြင်း၊ ရွှေပည်ပေါ် ကလျင်စွာဆင်းပြီး၊ အရှင်မြတ်၏ခြေတော်ရင်းမှာ၊ ထိခြင်းငါးပြားဖြင့်၊ ရိုသေစွာရှိခိုးဦးနှိမ်နေရှာတယ်၊ ထိုအခါ—နတ်သမီးကလေး၏အကျိုးပေးပုံဆန်းကြယ်ဟန်ကို ဖုံငမ်းရန်အခွင့်ဆိုက်နေသဖြင့်၊ နတ်ပြည်နှင့်တကွ တလောကလုံး၊ အတုယူကြရလေအောင် နတ်သမီးကလေး၏ရှေးဘဝက-ကျင့်ကြံအားထုတ်ခဲ့တဲ့ အကြောင်းကံကို၊ ပေါ်တင်မှန်တဲ့အတိုင်း လျှောက်တင်ဘို့ရာ၊ လမ်းဖွင့်ပေးသောအားဖြင့်၊ ရှေးဦးစွာမေးမြန်းတော်မူသည်မှာ၊

(၁) ပီဌန္တေ့ ဘေစာဝဏ္ဏ မယံဥဋ္ဌာခံ၊
မနောဇဝံဂန္တုတိ ယေနကာမံ၊
အလင်္ကတေ မလျှဓရေ သုဝတ္ထေ၊
ဩဘာသသိ ဝိဇ္ဇုရိဝဗ္ဘကူဋံ။

အလင်္ကာတော၊ အထူးထူးသော—ရတနာ,စိန်,ကျောက်တို့ဖြင့် ထိန်တောက်အောင်ဝတ်ဆင်၍လာပေသော မလျှော့ပေ၍၊ ယှဉ်ကြွင် လှိုင်နတ်ပန်းခိုင်တို့ဖြင့် မြိုင်မြိုင်ဝေဆာ၊ ပန်းဆင်ယှက်ရှိပေသော၊ သုပဏ္ဏဝတ်ကောင်းတော်တို့ဖြင့်၊ ကျနစွာဝတ်ဆင်ယှက်ရှိသော အိုး-နတ်သမီးတော သင်နတ်သမီး၏ ဗိမာန်ဗိမာန်အတွင်း၊ ခင်းကျင်း စီစဉ် ရွှေပလ္လင်(အင်းပျဉ်)သည်၊ သောဏ္ဏမယံ၊ ရွှေသားအတိ ပြီး၏ဥက္ကာရံ မြင့်မြတ်ကောင်းမွန်လှပေ၏ ယေန ကာမံ၊ အသင်နတ် သမီးအလိုဆန္ဒရှိသည့်အတိုင်း ဝါ အလိုရှိရာအနေသို့ မနောဇဝံ စိတ်၏လျင်မြန်ခြင်းကဲ့သို့သောအဟုန်ရှိသဖြင့် ဝါ စိတ်၏အလား ကဲ့သို့-အသွားလျင်မြန်စွာ၊ ဂစ္ဆတိ၊ ပေါက်ရောက်နိုင်ပေ၏၊ အစ္ဆကာရု အစေ့အဆောင်ထက်ကောင်းကင်၌ဝိဇ္ဇုရိဝ၊ လျှပ်ပန်းလျှပ် နွယ်ကဲ့သို့၊ ဩဘာသသိ-ဝိရောစတေ၊ ယွန်းလင်းတောက်ပနိုင် လေသတည်း

(၂) ကေန တေ တာဒိသော ဝဏ္ဏော၊ ကေန တေ ဣဓ မိဇ္ဈတိ၊
ဥပ္ပဇ္ဇန္တိ စ တေ ဘောဂါ၊ ယေ ကေစိ မနသော ပိယာ ။

ဒေဝတေ၊ အိုး-နတ်သမီးတော သင်နတ်သမီး၏ တာဒိသော၊ ဤ တဲ့သို့နှစ်ပွားနာ အရောင်ဖြာလျှက်ရှိပေသော၊ ဝဏ္ဏော၊ ကိုယ်အ ဆင်းအရောင်သည်၊ ကေန၊ အဘယ်ကဲ့သို့သောကောင်းမှုကုသိုလ် ကံအထူးကြောင့်၊ ဇာတော၊ ဖြစ်ပေါ်လာရပါသနည်း၊ ဣဓ၊ ဤတာ ဝတိံသာနတ်ပြည်ကြီး၌၊ ကေန၊ အဘယ်ကဲ့သို့သော ကောင်းမှု ကုသိုလ်ကံအထူးကြောင့် တေ၊ သင်နတ်သမီးအား၊ ဣဇ္ဈတိ၊ အလိုရှိ တိုင်းသောက်လုံ၍၊ ပြည့်စုံစွာ ဖြစ်ပေါ်လာရသနည်း၊ မနသော ပိ ယာ၊ စိတ်နှလုံးဖြင့်ချစ်မှတ်၍ နှစ်သက်အပ်ကုန်သော ယေ ကေစိ ဘော ဂါ၊ များလှစွာသော စည်းစိမ်ချမ်းသာတို့သည်၊ တေ၊ သင်နတ်သမီး အား၊ ကေန၊ အဘယ်ကဲ့သို့သော ကောင်းမှုကုသိုလ်ကံ အထူး ကြောင့် ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်လာကြပါကုန်သနည်း၊

ဤကဲ့သို့ ပထမဂါထာဖြင့်၊ နတ်သမီး၏ ဗိမာန်ဂုဏ်ကျေးဇူးများ ကိုဖော်ပြပြီး၊ ဒုတိယဂါထာဖြင့် ရှေးဘဝ အကြောင်းကံကိုမေး

မြန်းတော်မူတယ်၊တဖန်တ ... ယဂါထာဖြင့်၊ နတ်သမီး၏အားထုတ်ခဲ့ပုံ၊ ရှေးကောင်းမှုအမည်နှင့်တကွ ချီးမွမ်းထောမနာ စကားကိုပုံဖော်ပြီးနဲ့ကြွားတော်မူပြန်တယ်၊

(၃) ပုစ္ဆာမိတံ ဒေဝိ မဟာနုဘာဝေ၊
မနုဿဘူတာ ကိံ မကာသိ ပုညံ၊
ကေနာသိ ဧဝံ ဇလိတာ နုဘာဝါ၊
ဝဏ္ဏော စ တေ သဗ္ဗဒိသာ ပဘာသတိ၊

မဟာနုဘာဝေ၊ ကြီးမားမြင့်မြတ်သည့်တန်ခိုးအာနုဘော်၏ပိုင်ရှင်ဖြစ်သော၊ ဒေဝိ၊ အို-နတ်သမီး၊ တံ သင်နတ်သမီးကို၊ ပုစ္ဆာမိ မေးလိုသည့်အရေးကြောင့် ငါမေးပေအံ့၊ တွံ၊ သင်နတ်သမီးသည် မနုဿဘူတာ၊ လူသားစင်စစ်၊ဖြစ်ရဆဲအခါက၊ ါ၊ လူသားစင်စစ်၊ ဖြစ်ရချိန်၊ ကိံ ပုညံ၊ ကောက်သန့်ကြီးမား အဘယ်ကုသိုလ်များကို အကာသိ၊ ကျင့်ကြံအားထုတ်ခဲ့ပါသနည်း၊ ကေန၊ အဘယ်ကဲ့သို့သော ကုသိုလ်ကံကြောင့်၊ ဇလိတာ၊ တောက်လောင်ဘန်းနှင်းဆန်းတကြွယ်၊ ဤကဲ့သို့ တောင့်တယ်ခြင်းရှိသော အာနုဘာဝါ၊ တန်ခိုးအာနုဘော်သည်၊ အသိဖြစ်ပေါ်လာသနည်း၊ တေ၊ သင်နတ်သမီး၏၊ ဝဏ္ဏော ကိုယ်အဆင်းအရောင် ရည်ကား၊ သဗ္ဗဒိသာ-သဗ္ဗဒိသာသု၊ အလုံးစုံသောအရပ်မျက်နှာတို့၌၊ ပဘာသတိ၊ ရှဲရှဲမင်းနိုး၍ မကုန်ရောင်ဝါခနဲ့ထယ်၍၊ တောက်တယ်ထွန်းပေသတည်း။

အို-နတ်သမီး၊ ရွှေဗိမာန်ကြီးအာခေါင်မှတပါး၊ သင်၏ကိုယ်အဆင်းအရောင်များသည်လည်း၊ တသဲသဲစိုးယူဇနာတိုင်တိုင်အရောင်ဖြာခဲ့ပေ၏၊ အရပ်မျက်နှာဟူသမျှတို့ကိုလှပတဲ့ အရောင်အဝါတို့ဖြင့်၊ အခါခပြတ်တလျှပ်လျှပ်စွဲညိုနေနိုင်တဲ့ သင့်တန်ခိုးအာနုဘော်များသည်၊ အကြောင်းမဲ့သက်သက်ဖြစ်ပေါ်လာကြသည် မဟုတ်၊ အကြောင်းရင်းအခြေခံ ဘယ်လိုကုသိုလ်ကံများကို ကျင့်ကြံအားထုတ်ခဲ့ပါသလဲ၊ ဟုတ်မှန်ထင်ရှားအများသိသာလေအောင်ထုတ်

ဆောင်ဖြေကြား သင့်ပေတယ်-လို့မိန့်တော်မူတဲ့အခါ၊ နတ်သမီးက
လေးကလဲဝမ်းမြောက်ဝမ်းသာနှင့်လျှောက်တင်ဖြေကြားတယ်၊

(၄) သာဒေဝတာ အတ္တမနာ၊ မောဂ္ဂလာနေန ပုစ္ဆိတာ၊
ပဉှ ပုဋ္ဌာ ဗျာကာသိ၊ ယဿ ကမ္မဿိဒံ ဖလံ၊

မောဂ္ဂလာနေန၊ အရှင်မောဂ္ဂလာန်မထေရ်မြတ်သည်၊ ပုစ္ဆိတာ
သိလိုတော်မူသော အရေးကြောင့်၊ မေးမြန်းတော်မူသည်ရှိသော်၊
သာဒေဝတာ၊ ထိုနတ်သမီးသည်၊ အတ္တမနာ၊ အကြောင်းကံကို၊
ထုတ်ပြန်ရမည့်အရေးတွင်၊ ဝန်လေးခြင်းမရှိ၊ ဆီထိသောဂွမ်းပမာ
ကဲ့သို့၊ ချမ်းသာနှစ်လိုသောစိတ်ရှိသည်ဖြစ်၍၊ ပုဋ္ဌာ၊ မေးမြန်းတော်
မူသည့်အတိုင်း၊ ဣဒံဖလံ၊ ဤယခုဖြစ်ပေါ်လာသော အကျိုးတရား
များသည်၊ ယဿကမ္မဿ၊ အကြင်ကဲ့သို့သော ကုသိုလ်ကံ၏၊
ဖလံ၊ အကျိုးပါဘုရား။ ဣတိ၊ ဤသို့၊ ပဉှံ၊ အကြောင်းကံနှင့်စပ်ဆိုင်
သောပြဿနာကို၊ ဗျာကာသိ၊ အကြောင်းကံကိုထုတ်ပြန်၍၊ အမှန်
အတိုင်းဖြေကြားလေသတည်း။

(၅) အဟံမနုဿေသုမနုဿဘူတာ၊
အဗ္ဘာဂတာ နာသနကံအဒါသိံ၊
အဘိဝါဒယိံ အဉ္ဇလိကံအကာသိံ၊
ယထာနုဘာဝဉ္စအဒါသိံဒါနံ၊ ။

ဘန္တေ၊ အရှင်မြတ်ဘုရား၊ မနုဿေသု၊ လူ့ပြည် လူ့ရွာတို့၌၊
မနုဿဘူတာ၊ လူသားစင်စစ်ဖြစ်ရပါသော၊ အဟံ၊ တပည့်တော်
မသည်၊ အဗ္ဘာဂတာနံ၊ ဧည့်ရှုမျက်မှောက်၊ ဆိုက်ရောက်ကြွလာ
ကုန်သော၊ အာဂန္တုက ပုဂ္ဂိုလ်တို့အား၊ အာသနကံ၊ သီတင်းသုံး
ရန်သင့်လျော်သည့် အင်းပျဉ်နေရာထိုင်ခင်းကို၊ အဒါသိံ၊ ဆက်
ကပ်လှူဒါန်းခဲ့ပါသည်ဘုရား၊ အဘိဝါဒယိံ၊ နှိမ့်ချသောအမူအရာ
နှင့်၊ ရိုသေစွာရှိခိုးခဲ့ပါသည်ဘုရား၊ အဉ္ဇလိကံ၊ ဆယ်ဖြာအဉ္ဇလီ
တင်ချီဖြန့်မိုးခြင်းကို၊ အကာသိံ၊ ပြုခဲ့ပါသည်ဘုရား၊ ယထာနုဘာ

ဝံ။ တပည့်တော်မ,ပိုင်ဆိုင်သောစည်းစိမ်း ချမ်းသာအားလိုက်လျောသော။ဒါနဋ္ဌ၊အလှူဝတ္ထုမျိုးကိုလည်း၊ အဒါသိံ၊ နှစ်သက်ရွှင်လန်း၊ပေး၊လှူဒါန်းခဲ့ပါသည်ဘုရား။

(၄) တေနမေတာဒိသော ဝဏ္ဏော၊ တေန မေ ဣဓ မိဇ္ဈတိ၊
ဥပ္ပဇ္ဇန္တိ စ မေ ဘောဂါ၊ ယေ ကေစိ မနသော ပိယာ၊

ဘန္တေ။အရှင်မြတ်ဘုရား၊မေ၊တပည့်တော်မ၏ ဧတာဒိသော၊ ဤသို့ တဆဲ့နှစ်ယူဇနာ အရောင် ဖြာလျက် ရှိသော၊ ဝဏ္ဏော၊ ကိုယ်အဆင်းအရောင်သည်၊တေန၊ ငည့်.စိမ်အားလျော်စွာ၊သဒ္ဒါပြခါန်း၍လှူဒါန်းခဲ့ဘူးသော၊ထိုကုသိုလ်ကံထူးကြောင့်၊ဖော်တာ၊ ဖြစ်ပေါ်လာရပါသည်ဘုရား၊ဣဓ ဤတာဝတိံသာနတ်ပြည်ကြီး၌၊တေန၊ ထိုကဲ့သို့သောကုသိုလ်ကံအထူးကြောင့်၊မေ၊ဘုရားတပည့်တော်မအား၊ဣဇ္ဈတိ၊ အလိုရှိတိုင်းလုံလောက်၍၊ ပြည့်ဝုံစွာ ဖြစ်လာရပါသည်ဘုရား၊ မနသောပိယာ၊ စိတ်နှလုံးဖြင့် နှဲမှတ်၍ နှစ်သက်အပ်ကုန်သော။ယေ ကေစိ ဘောဂါ၊ များလှစွာသောစည်းစိမ်ချမ်းသာတို့သည်၊မေ၊ဘုရားတပည့်တော်မအား၊ တေန ထိုကဲ့သို့သောကုသိုလ်ကံအထူးကြောင့်၊ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်လာကြပါကုန်၏ဘုရား၊

(၅) အက္ခာမိ တေ ဘိက္ခု မဟာနုဘာဝ၊
မနုဿဘူတာ ယမကာသိ ပုညံ၊
တေနမှိ ဧဝံ ဇလိတာနုဘာဝါ၊
ဝဏ္ဏော စ မေ သဗ္ဗဒိသာ ပဘာသတီ'တိ၊

မဟာနုဘာဝ၊ တန်ခိုးအခုတွင်။ ပြိုင်သူဘယ်မရှိအောင်၊ ကြီးမားမြင့်မြတ်တော်မူသော၊ ဘိက္ခု၊ ဒိုအရှင်မြတ်ဘုရား၊ မနုဿဘူတာ၊လူသားဇင်စစ်ဖြစ်ရပါသော၊အဟံ၊ ဘုရားတပည့်တော်မသည်၊ယံပုညံ၊ အကြင်ကဲ့သို့သော ကောင်းမှု၊အရပ်ကို၊ အကာသိံ၊ ပြုဖူးအားထုတ်ခဲ့ဘူးပါပြီဘုရား ၊တေန၊ထိုကောင်းမှု

ကြောင့်၊ ဇေဝံဇလိတာ၊ တောက်လောင်တနန်း၊ အဆန်းတကြယ်၊ ဤကဲ့သို့လှပတင့်တယ်ခြင်းရှိသော၊ အနုဘာဝါ၊ တန်ခိုးအာနုဘော်သည်၊ အခွံ ဖြစ်ပေါ်လာပါသည်ဘုရား။ မေး ဘုရားတပည့်တော်မ၏၊ ဝေဿဝဏ၊ ကိုယ်အဆင်း အရောင်သည်ကား၊ သဗ္ဗာဒိသာ-သဗ္ဗာဒိသာသု၊ အလုံးစုံသောအရပ်မျက်နှာတို့၌၊ ပဘာသတိ၊ အံ့၍မပြီး၊ ချီး၍မကုန်၊ ရောင်ဝါခန့်ထယ်၍၊ တင့်တယ်ထွန်းပ,ပါသည်အရှင်ဘုရား၊ ဣတိ ဤယခုဘောင်ပြခဲ့သည့်အတိုင်း၊ တော၊ အရှင်မြတ်ဘုရားအား၊ အကျွာမိ၊ အဓိပ္ပါယ် ပွင့်လင်းအောင်၊ ခင်းကျင်းလျှောက်ထားဖြေကြားပါ၏အရှင်ဘုရား။

"**ကံ-စီမံချင် ဗိမာန်အသင့်-ဘုံအသင့်**" လို့ ဆိုတဲ့အတိုင်း၊ လူ့ပြည်လူ ရွာအခွင့်ရှိုက်အခါက၊ ကြိုးစား အားထုတ်ခဲ့ဘဲ့ကံပါလာသူများမှာ၊ အလွန်ငေးကျောတဲ့အထက်နတ်ပြည်တွင်၊ လူ့ပြည်မှပြောင်းလျှင်၊ ပြောင်းခြင်း၊ ကြန့်ကြာခြင်းမရှိဘဲ၊ စံစားရေဗိမာန်အခြွေအရံနှင့်တကွဖြိုးကနဲ့ဖြစ်ပေါ်လာရတယ်။ ၊ယခုဘောင်ပြခဲ့တဲ့ "ဗြဟ္မဒီခာနုဘာံရှင်နတ်သွီး" ကလေးမှာ၊ အခြွေအရံဘက်ကလဲပြည့်ပုံလုံလောက်ဘဲ့ပြင်၊ တကြိမ်တကြိမ်ဝတ်ဆင်တဲ့ နတ်ဝတ်,နတ်တန်းဆာတို့မှာပင်၊ လှည်းအစီးပေါင်း ၆၀ တိုက်၍များပြားသဘဲ့၊ နတ်သွီး၏ နေထိုင်ရာတယ်ဇနာ ရှိဘဲ့ ရတနာရွှေပလ္လင်ကိုချီးမွမ်းရာမှာ၊ "သောဝဏ္ဏမယံ" လို့ဆိုသဖြင့်၊ အတွင်းကာသံသားခံပြီး၊ အပေါ် ရံရွှေချောင်ချယ်ထားတဲ့ အချာမျိုးမဟုတ် အတွင်းအပြင်၊ ရွှေစင်အတိုင်းတဲ့ရွှေလုံးကြီးပင်ဖြစ်တယ်၊

တာဝတိံသာနတ်ပြည်သို့ ရောက်သွားဘဲ့အခါ၊ လွန်စွာခမ်းနားတဲ့ စည်းစိမ်ကြီးတွေကို၊ "ဘက်ကစီး" အနေအားဖြင့် ခံစားရသော်လဲ၊ သာသနာတွင်းအခါ၊ ရတနာသုံးပါးတွင် အခြေစိုက်ခဲ့ရတဲ့ ကုသိုလ်ကံ၏ ဗီမံချက်အတိုင်း ဖြစ်ပေါ်ရတဲ့ အပြင်၊ သူတော်စင်နတ်တွေလဲများစွာရှိရာမှာ ရှင်မောဂ္ဂလာန်,စသော ထေရ်မြတ်ကြီးတွေလဲ၊ နတ်ပြည်သို့မကြာမကြာ ရောက်တော်မူကြသဖြင့်၊ စည်းစိမ်အတွက်၊ မေ့လျော့ပေါ့ဘန်ခြင်းမရှိဘဲ၊ ကာမဂုဏ်အပြစ်

တွေကိုမြင်ပြီး၊ အထက်-အထက်ဖြစ်တဲ့။ မဂ်ဥခန်း—ဖိုလ်ဥခန်းသို့လဲ၊ တက်လှမ်းနိုင်ခွင့်အပုံကြီးရသွားတယ်၊

နတ်သမီးကိုယ်တိုင်လျှောက်ကြားလိုက်တဲ့အချက်များကိုမှတ်သားခဲ့ပြီးလျှင်၊ ရှင်မောဂ္ဂလာန်မထေရ်မြတ် လူ့ပြည် လူ့ရွာသို့ပြန်ကြွတော်မူလာခဲ့တယ်၊ ထိုနတ်သမီးကလေး၏အကြောင်းများကို၊ မြတ်စွာဘုရားအားအစဉ်းအဖျားပစေ့အောင် လျှောက်ထားပြန်လျှင်၊ ယခင်ကဟောပြခဲ့တဲ့အတိုင်း၊ မျက်မှောက်တော်သို့ ဆိုက်ရောက်လာကြတဲ့ ပရိသတ်တို့အား ဘုရားရှင်ကိုယ်တော်တိုင်၊ သာဝတ္ထိပြည်၌မည်သည့်အမျိုးသမီးကလေးသည် မသေမီအခါက၊ မည်သည့်ကုသိုလ်ကံမျိုးကို ကြိုးစားအားထုတ် သွားသည့်အတွက်၊ တာဝတိံသာနတ်ပြည်သို့ ရောက်တဲ့အခါ၊ ခမ်းနားကြီးကျယ်တဲ့ နတ်စည်းစိမ်ကို၊ အောင်အားမြမြ တွေ့ကြုံခံစားရလေပြီ၊ ထိုအကြောင်းကိုငါသားကြီးမောဂ္ဂလာန်၊ နတ်ပြည်ကပြန်လာသဖြင့်၊ နတ်သမီးကလေး၏ကိုယ်တိုင် သာဝတ္ထိပြည်တွင်လူဖြစ်စဉ်ကအကြောင်းတွေကို အရှင်းတည်ပြီး၊ နတ်ပြည်တွင် ဖြစ်လာရကြောင်းများကို၊ တခုမကျန်လျှောက်ထားလိုက်တဲ့အတွက်၊ အထက်နတ်ရွာ၏အကြောင်းမှာ၊ လူ့ပြည်သို့တိုင်အောင် သတင်းမွှေလာခဲ့ပြီ၊ ဤသို့ဘုရားလိုဟောပြတော်မူသဖြင့်၊ အများပရိသတ်တို့မှာ၊ သဒ္ဓါပွင့်လန်းပြီး၊ ပညာကြီးယားလမ်းကြီး၊ အသီးအသီးပွင့်သွားကြတယ်၊

(ရေနာခဂါထာ။)

ဝေဘမဇ္ဈပသံဥတ္တာ၊ ပဏ္ဍိတော မေဓာမာကာ၊
ရောပေယျ သုခေဏ္ဍော ဗိဇံ။ ယာဂနိဗ္ဗာန ပါပကံ ၊

မေဓာမဂေသာ၊ သူတော်ကောင်းတရားကို၊ လိုလားနှစ်သက်ခြင်းရှိပေသော၊ ပဏ္ဍိတော ကျိုးကြောင်းမြော်မြင်၊ ပညာရှင်သည်၊ ဝေဘမဇ္ဈဝသံ၊ ယခုဟောပြခဲ့သည့် "ဝိဂ္ဂဝိမာနဘုံရှင်" ကလေး၏၊ ရှေးဘာဝနောက်ဘဝ, အကြောင်းအကျိုးဖြစ်ပေါ်ရသည့်အချက်

အလက်တွေကို၊ ဥတွာ၊ သိမြင်ထောက်ထားပြီး၍ ယာဝနိမ္မာနပါပ ကာ၊ နိဗ္ဗာန်သို့တိုင်အောင်ရွက်ဆောင်ပို့တင်နိုင်သော ဗီဇ၊ အောင် အောင်မြင်မြင်နှင့်၊ နောင်အခါ အကျိုးတွေ့ရမည့်၊ ကုသိုလ်မျိုး စေ့တွေကို၊ သုခေတ္တ၊ သာသနာတော်တည်းဟူသော၊ လယ်တာ မြေကောင်းကြီး၌၊ ရှေးပေယျ၊ သတိစေတနာ၊ လက်နက်ကောင်းရှိ ဗွာနှင့်၊ သဒ္ဓါအချာ ပိုက်ပျိုးလိုက်ရာသတည်း။

ပီဠိဝိမာနဝတ္ထုပြီး၏။

---

(မှတ်ချက်၊ ၊ဤ"ဝိမာနဝတ္ထုဘာသာပြန်"၌၊ ၁-၂-၃-၈ သောဂဏန်းတို့ဖြင့်မှတ်သားအပ်သောဂါထာတို့ကို၊ ဝိမာနဝတ္ထု ပါဠိတော်ဂါထာရင်းဟူ၍မှတ်တော်မူကြပါ။)

(ပီဠိဝိမာနဝတ္ထုများကို-နှိုင်းယှဉ်ချက်။)

ပထမဝတ္ထုကစ၍၊ စတုတ္ထဝတ္ထုတိုင်အောင် ကာယကံရှင်ဖြစ်သော-နတ်သမီးများမှာ၊ ရာဇဂြိုဟ်ပြည်တွင်၊ အင်းပျဉ်ညောင်စောင်း လှူဒါန်းခဲ့ကြသော-ကုသိုလ်ရှင်အမျိုးသမီးတွေသာ ဖြစ်သည်။ ၊ အလှူခံပုဂ္ဂိုလ်တို့မှာ၊ ပထမဝတ္ထု၊ ဒုတိယဝတ္ထုများတွင်၊ သာမည ရဟန်းတော်များဖြစ်၍၊ တတိယ, စတုတ္ထဝတ္ထုများတွင်၊ ခီဏာသဝ-ရဟန္တာပုဂ္ဂိုလ်များဖြစ်ကြလေသည်၊

ပထမဝတ္ထုလာ—အမျိုးသမီးကလေးမှာ၊ အင်းပျဉ်ကို လှူစဉ် အပေါ်ယံတွင်၊ ဝါလွှင်သောအဝတ်ကိုဖြန့်ခင်း၍လှူ၏၊ ဒုတိယဝတ္ထုလာ-အမျိုးသမီးကလေးမှာ၊ ညိုသောအဝတ်ကို ဖြန့်ခင်း၍ လှူ၏၊ တတိယဝတ္ထုလာ--အမျိုးသမီးဒါယိကာ မကြီးမှာ၊ ရွှေသော အဆင်းအဝတ်ကိုဖြန့်ခင်း၍လှူ၏၊ စတုတ္ထဝတ္ထုလာ—အမျိုးသမီးဒါယိကာမကြီးမှာ၊ စိမ်းညိုသောအဝတ်ကိုဖြန့်ခင်း၍လှူ၏၊ အကျိုး ပေးသောအခါ၊ အဆင်းအရောင်သာလွှာခြားကြ၏၊ ဘုံဗိမာန်ပမာဏမှာအမှုကထာတွင်"သသံဝုဇ္ဇနယမေ"ဟူ၍ ...င်း၊ "ဂုဏ္ဍသ

ဒိသံ"ဟူ၍ရင်း ဆိုသောကြောင့်၊ (၁၂)ပန္နာစီချည်းပင် ဖြစ်ကြောင်းသိသာနိုင်ပေသည်၊ ဝတ္ထုတို့၏အမည်ကိုလည်း ရှေ့တင်အင်းပျဉ်ကိုအစွဲပြု၍၊ ပဌမပီဌ,ဒုတိယပီဌ,တတိယပီဌ,စတုတ္ထပီဌဟူ၍ပီဌသဒ္ဒါချည်းလာ၏။

သို့ဖြစ်၍ပဌမဝတ္ထုကို အကျယ်ပြလျှင် ကြွင်းဝတ္ထုတို့ကိုလည်း၊ဉာဏ်သက်ရောက်နိုင်ခွင့်ရှိပြီဖြစ်သောကြောင့်၊ စတုတ္ထဝတ္ထုတိုင်အောင်နှိုင်းယှဉ်ချက် အကျဉ်းပြပြီးလျှင်၊ သဘောမတူသော-ပဥ္စမကုဏ္ဍလီဝိမာနဝတ္ထုကိုပြန်ဆိုသွားမည်ဖြစ်ပါသည်။ ပဌမပီဌဝိမာနဝတ္ထုကိုပြန်ဆိုရာ၌က၊ အကျယ်တဝင့်ပြန်ဆိုခဲ့သည်ကို၊ပြန်လှန်ကြည့်ရှုတော်မူကြပါက၊ဒု,တ,စ,ဝတ္ထုများကို၊စေ့စပ်မြင်နိုင်သည်၊အသင့်ပင်ဖြစ်ကြောင်းထင်ရှားပါသည်။

——:o:——

ဝတ္ထုနံပါတ်-၅။

ကုဏ္ဍလီဝိမာန=ဝတ္ထု။

လောကသုံးပါးတွင်၊ ဘုန်းတော်ခြောက်ပါး တည်းဟူသော၊ အောင်လံကိုထူစိုက်တော်မူပြီးလျှင်၊အမြိုက်နိဗ္ဗာန်တည်းဟူသော အောင်မြို့ကြီးသို့၊ခရီးထင်တူ၊သတ္တဝါတို့ကို၊ လိုက်စေတော်မူလိုသဖြင့်၊ထိုထိုမြို့ရွာ၊ချက်ချာခရိုင်နိုင်ငံအရပ်ဒေသသို့၊ "အနိဗဒ္ဓ"မြဲသောဝါဆိုတော်မူခြင်းဖြင့် လှည့်လည်ပြောင်းကြွ၍၊ "ဝီသတိ ဝဿ" ဝါတော်(၂၀)တိုင်အောင်ပင်၊ အခိုက်အလှည့်ကို၊ ရှုကြည့်တော်မူလျက်၊ အခွင့်ကြုံရာကြုံရာတွင် ဝါကပ်ရွှင်ပြီး သီတင်းသုံးတော်မူသောရှင်တော်မြတ်ဘုရားသည်၊ အခိုက်အလှည့်အားလျော်စွာ၊အခါတပါး မဂဓတိုင်းရာဇဂြိုဟ်ပြည်၊ဝေဠုဝန်ကျောကျောင်းတွင်၊ကိန်းအောင်းစံပယ်တော်မူတယ်။

ရာဇဂြိုဟ်ပြည်ဆိုတဲ့ အမည်တွင်၊ ရှင်ဘုရင်ဟော၊ ရာဇ, သဒ္ဒါပါလျက်ရှိသည်ကိုထောက်သဖြင့်၊ရာဇဂြိုဟ်ပြည်ဟာ သာမညဘုန်းကံရှိတဲ့ဘုရင်မင်းများ၊ အရင်ကိုးလွှမ်းမိုးရာဟုတ် ဥက္ကဋ္ဌ

အညွန့်အဖူး၊ အထူးမြင့်မြတ်သော၊ ဘုရင်မင်းမြတ်များ၏၊ ရစ်ပါး ပလ္လင်၊ ဘိသိက်ယင်၍၊ ပျော်ပျော်ရွှင်ရွှင် အုပ်စိုးရာဖြစ်ကြောင်း ကို၊ ကောင်းကောင်းကြီးသိသင့်ပေတယ်။

သာသနာတော်ထွန်းပဆဲအခါမှာ စကြာမင်းများပေါ်ပေါက်နိုင် ခြင်းမှတာမရှိသဖြင့်၊ မြတ်စွာဘုရားဝါဆိုတော်မူခိုက်တွင် စကြာ မင်းကဲ့သို့ ဘုန်းရှင်းကံစ တန်းခိုးရှိသော "ဗိမ္ဗိသာရမင်းကြီး" ထီးနန်းသိမ်းပိုက်၊ အုပ်စိုးတော်မူခိုက်ဖြစ်တယ်။ စကြာမင်း ဖြစ်ထိုက်သော ဘုန်းရှင်းကံစ ရှိပြီးသူဖြစ်သော်လည်း၊ ဖြစ်ထိုက် သော(ကာလ)အချိန်အခါက၊ သတ်မှတ်ပြီးဖြစ်လို့၊ မြတ်စွာဘုရား သာသနာတော် စက်ရိပ်အတွင်းသို့တိုင်အောင်၊ အသက်ရှည်ကြာ တည်နေလာခဲ့မှု ဘုရင်မင်းဘဝမှာ၊ မြတ်စွာဘုရားပွင့်တော်မမူခင်၊ စောစောက ကြွတင်ပြီး၊ ဘုရင်ဖြစ်နေကြရစေကာမူ၊ သာသနာ တော်စက်ရိပ်နှင့်မလွတ်သဖြင့်၊ စကြာမင်းဆိုတဲ့ဂုဏ်ထူးကို၊ မ ဆွတ်ခူးနိုင်၊(မလှမ်းနိုင်)ကြသည်မှာ အံ့ဩဖွယ်ရာကြီးပင် ဖြစ် တယ်။

ရာဇဂြိုဟ်ပြည်ကြီးတွင်၊ ရှင်တော်ဘုရား၊ ဝါဆိုတော်မူခိုက် အခါ၊ ရှေးအစဉ်အလာအတိုင်း၊ မြို့သူမြို့သား၊ ပြည်သူပြည်သားတို့၊ အစွမ်းအစ ရှိသမျှ ပျော်ရပါးရာဖြစ်တဲ့ နက္ခတ်ပွဲသဘင်အခါကြီး ကြုံကြိုက်လာသတဲ့။

မြန်မာနိုင်ငံတွင်၊ တန်းခိုးကြီးဘုရားများ ထင်ရှားတည်ရှိရာ ဖြစ်တဲ့ မြို့ကြီးများမှာ ပွဲတော်အခါကြီးတွေ၊ အခွင့်ဆိုက်လာတဲ့ အ ခါ၊ မြို့သူမြို့သားတို့မှာ "ပြသဒါး-ရက်ရာဇာ" မရွေးဘဲ၊ သူ့ထက် ငါ-သွားကြလာကြ၊ ပျော်ရွှင်ကြသလို၊ ရာဇဂြိုဟ်ပြည်ကြီးမှာလဲ၊ နက္ခတ်ပွဲသဘင်ကြီးအတွက်၊ သူ့ထက်ငါ-အားတက်ပြီး၊ မစား ရက်၊ မသောက်ရက်၊ ရဆောင်းထားတဲ့ ပစ္စည်းကလေးများကိုပင်၊ လက်တ ရွှင်ရွှင်နှင့် ဆင်းရဲချမ်းသာမရွေး၊ တသွေးထဲ အရောင် ဘုက်၍၊ ရက်ရက်စက်စက် သုံးစွဲပျော်ရွှင်ကြတယ်၊ အပျော်

အပါးဆိုတာ။ သင့်ရဲ့ဂါတ်ရဲ့ စိတ်ကို၊ အလွန်ခြောက်ပင့်ပေးတတ်သဖြင့်၊ မည်သူမဆို၊ တွက်ကပ်ခြင်းမရှိဘဲ၊ ပျော်ပွဲကျလျှင်၊ "နှိုးဘန်ပန့်ယော" ထက်ပင်၊ ရက်ရက်ရောရောစွန့်ကြဲတတ်ကြတယ်၊

တနံမိုးအာဏာထက်သန်တဲ့၊ ဘုရင်မင်းမြတ်၏၊ နိုင်ငံတော်ကြီး။ (မြို့တော်ကြီး)ဖြစ်လို့၊ ဂုဏ်အားလျော်စွာ မြို့တော်ကြီးကို၊ တန်းဆာဆင်ကြသည်မှာ၊

မြို့ဘွင်းမြို့ပြင်မှာ၊ သုတ်သင်ဘွယ်ရာရှိသမျှကို ကျနအောင်သုတ်သင်ရှင်းလင်းပြီး အသာသာဌါ အကောင်းရှိတဲ့ သဲဖြူများကို၊ ပြေပြစ်စွာခင်းကြတယ်၊

ပုလဲဉာဏ်ကဲ့သို့သော သဲအရပ်ပေါ်မှာ၊ အမျိုးမျိုးသောပန်းများကို၊ ပန်းပြားစွာ မွှေ့ရာခင်းကြပြန်တယ် (ပိတ်ဖြူမွှေ့ရာကြီးပေါ်မှာ၊ ပန်းပြောက်တွေခြယ်ထားသလိုပေါ့)

မိုးတံ့ပိုင်ဆိုင်ရာအိမ်... ...ဥပစာနဲ့... ...ကြီး... ငယ် အသွယ်သွယ်ဘို့ပါလဲ၊ ...ပန်းကြယ်... ...လှမ်းလျှမ်းတောက်အောင်ထွန်းညှိထားကြပြန်ဘယ်

လျှော်ရာလျှော်ရာမှာလဲ ငှက်ပျောပင်စိုက်ခြင်း၊ ... ... ...သော အိုးကြီး၊ အိုးငယ်၊ တို့ဖြင့် "ဧနေသုဘ" ရေချမ်းစင်များကို၊ တည်ထားဘဲပြင်၊ အနီ၊ အ...၊ အပြာ၊ အရွှေ၊ အတွေတွေ့အရောင်စုံတဲ့၊ တန်ခွန်၊ ကုက္ကား၊ မလေးပွါးတို့ကို၊ ဇယားကျအောင်၊ ...င်ယှင်ထားကြပြန်တယ်၊

ထိုမှတပါး၊ ပြောကြားလို့မကုန်နိုင်အောင်ဗလင်ခန်းနားဘဲ့၊ အဆန်းအပြားတို့ကို၊ နင်လားငါလား၊ အားတက်သရော၊ ဆင်ယင်ပြုပြင်ကြတဲ့အတွက်၊ ခုဇကြိုဟ်ပြည်ကြီးဘားတော့ဝတိနဲ့သာ၊ မဟာအာလကာမြို့ကြီးလို၊ ငြိုးငွေ့နိုင်ဘွယ်ရှိအောင် ဆန်းကြယ်ခန့်နားလျက်ရှိတယ်၊

တိုင်းသူပြည်သား၊ ရှင်လူအများတို့မှာလဲ၊ ဆန်းပြားတဲ့မြို့ကြီးကို၊ အသီးသီးရှုကြည့်ပြီး၊ ဘယ်အခါကမှသတိမရဘဲ အမိကရွှင်မြူးအားတက်ကြသတဲ့၊

ရှင်တော်မြတ်ဘုရားကလဲ၊ ဝါဆိုတော်မူခိုက်အခါ။ စိုးအုပ်သော ဘုရင်ကလဲ၊ ဗုဒ္ဓဘာသာဘုရင်၊ ဂုဏ်အင်တန်းခိုးကလဲ၊ မြေ မိုးပျံ့နှံ့ အောင်ခန့်ဘယ်၊ တိုင်းသူ ပြည်သားတို့ကိုလဲ၊ ဗုဒ္ဓဝင် သားကဲ့သို့ သနားပြန် အစွန်ဘဏ္ဍာတော်ကိုလဲ၊ ငည်းကမ်းထက် ပိုလွန်ပြီး၊ ထူးထူး ချွန်ချွန်မစည်းကြပ်၊ ဘုရင်နှင့်နိုင်ငံဟာ၊ အပြန် အလှန်ကြေနပ်သဖြင့် အထမ်တာရှိတဲ့ ပဒုမ္မာကြာကို၊ ရေကြည် လင်ရာမှာချလိုက်-သလို၊သောကကင်းဝေးပြီး၊ အအေးလုံးကြီး ဆိုက်နေကြတယ်၊

သို့ဘာလို- ရွှင်ပျော်လို့၊ နက္ခတ်ပွဲတော်ကြီးဆင်ယင်ကျင်းပနေဆဲ အခါမှာ၊ 'ဗိမ္ဗိသာရမင်းကြီး'' ကိုယ်တော်တိုင်အများပြည်သူတို့ လဲ၊ ကြည်ဖြူအားတက်ကြစေရန်ကို၊ရည်သန်တော်မူပြီး၊ ဘုရင် မင်းတို့နှင့်သာထိုက်တန်တဲ့၊ အသုံးအဆောင်၊ အခြွေအရံ၊ ဆင် မြင်းဗိုလ်ပါ၊ ပသည်ဘို့ဖြင့် တန်းဆာ ဆင်သျှက်၊ နန်းတွင်းက ထွက်တော်မူလာတယ်၊

ဘုရင်မင်းမြတ်ကြီးနှင့်တကွ၊ဆွေတော်၊မျိုးတော်၊ပျူးကောင်း မဟ်ကောင်း၊ ကောင်းသောင်းများစွာတို့လဲ၊ ဝတ်တုံဆင်ဘုဆင် ချားဦးပေါင်းစလွယ်၊ နန်းကြယ်ပြီးပြက်သော၊ အဆင်တန်းဆာ တို့ဖြင့်၊ လှပစွာတန်းဆာဆင်ကြပြီးလျှင်၊ ပွဲသဘင်ရှိရာမှလှဲ၍ မြို့ တော်ကို(၃)ကြိမ်တိုင်အောင်၊လက်ျာရစ်ကွန့်မြူးတော်မူတဲ့အခါ၊ တိုင်းသူပြည်သားတို့မှာ၊ မိမိတို့အရှင်သခင်၊ ဘုရင်မင်းမြတ်ကြီး ကိုဖူးမြင်ရသဖြင့် ''ငါတို့ဘုရင်သည်၊ ဘုန်းတော်ကြီးပေစွ၊မင်း ခန်းမင်းနားဆန်းပြားတင့်တယ်ပေစွ'' ဟူသော၊ဩဘာစကားများ ကိုကျွမ်းနက်ဖြစ်စေ၍၊ ဗီဇရများတက်လာသလို၊ များစွာအား က ရွှင် ကြူးကြတယ်၊

ထိုကဲ့သို့သော၊ မင်းခန်းမင်းနား ဆန်းပြားကြီးကျယ်သည် ကို ရှုကြည့်ပြီး၊''မုဒိတာ၊ရေးကြီး'' ဖွင့်နေကြတဲ့၊ ပရိသတ်တွေ

ထဲမှာ၊နက်နက်နဲနဲကြံစည်တတ်ဘဲ့၊အမျိုးသမီးကလေးတယောက် ပါလာသတဲ့၊

ထိုအမျိုးသမီးကလေးမှာ၊ အများနှင့်အတူ ကြည်ဖြူ ဝမ်းမြောက်စွာနှင့်ရှုကြည့်နေတဲ့အခါ၊ ရှုကြည့်ရုံဝမ်းမြောက်ရုံတွင် သာ၊ချပ်တန့်၍မနေဘဲ၊နက်နဲတဲ့အကြောင်းရင်းကို၊ စဉ်းစားမိရှာသည်မှာ၊

ဩော်-လူချင်းတူပါလျက်၊ စည်းစိမ်ဥစ္စာရတနာ အထွေထွေ ရံရွေများစွာ၊အာဏာတန်ခိုး၊အမျိုးမျိုးတို့နှင့်၊ ပြည့်ဖြိုးရုံလင်တဲ့၊ဂုဏ်အင်တွေကြောင့်၊ရှင်ဘုရင်ဆိုတဲ့ဘွဲ့ထူးဖြင့်၊ အသွန့်-အဖူး၊အထူးမြင့်မြတ်ပါပေတယ်၊

"မ-ဘထောင်ဘကောင်ဘွား" ဆိုတာလို အများတို့အလယ်မှာ၊ ပြိုင်ဘွဲ့ဘွယ်မရှိအောင်၊ မြင့်မြတ်ဘဲ့ အဖြစ်မျိုးသို့ ရောက်ခဲ့သည်မှာလဲ၊ အကြောင်းမရှိဘဲ၊ ဖြစ်နိုင်တာမျိုးမဟုတ်၊ သူ့အကြောင်းနှင့်သူ့အကျိုး၊ အချင်းချင်းဆက်စပ်လျက်ပင်ရှိပေလိမ့်မယ်၊

သို့သော်လဲ-ဘယ်လို အကြောင်းကံကြောင့်ဘဲလို့ရဲရဲတင်းတင်း၊ အကြောင်းမှန်ကိုရှင်းလင်းပြနိုင်ဘို့ကိုတော့ ပညာဉာဏ်မရှိဘဲ့အတွက်၊ အခက်သားကလား၊ ပညာရှိများ အထံကပ်ပြီး၊ အဆုံးပွတ်အကြောင်းပေါ်အောင်၊ထောက်မြော်ရင်မ်ရလျှင်၊ဗဟုသုတတိုးပွါးပြီးအကျိုးများပေလိမ့်မယ်၊ ။သို့ကလိုစဉ်းစားမိသတဲ့၊

စဉ်းစားပြီးတဲ့အခါ၊ဗဟုသုတပုံလင်တဲ့၊ ပညာရှင်များအား ဆည်းကပ်၍၊သိလိုတဲ့အကြောင်းများကို၊ ပြောကြားစုံစမ်းတဲ့အခါ ပညာရှိများကလဲ၊အောက်ပါအတိုင်းဖြေဆိုကြတယ်၊

ဘုဒ္ဓေ ပုညံကမ္မံ နာမ ဝိဇ္ဇာမဏိသဒိသံ ကပ္ပရုက္ခသဒိသံ ဘဒ္ရသဃ္ဃဋိယာဝိတ္တသဒ္ဒဃဋိယာစ သတိ ယံယံပတ္ထေတွာ ကရောန္တိ တံတံနိပ္ဖါဒေတိယေဝ၊ ။(ဝိမာနဝတ္ထု အဋ္ဌကထာ)

ဘဒ္ဒေ၊ဒို့အမျိုးသမီးကလေး၊ ပုညကမ္မံနာမ၊ ပုဆောင်းပြုရခဲ့သော၊ကုသိုလ်ကောင်းမှုမည်သည်ကား၊ စိန္တာမဏိသဒိသံ၊အလိုဆန္ဒရှိသမျှကိုပြည့်ဝစေတတ်သည့်၊အမြတ်ရတနာ၊ စိန္တာမဏိပတ္တမြားနှင့်တူသည်သာတည်း၊ ကပ္ပရုက္ခသဒိသံ၊ မိမိစိတ်တွင်၊သိုင်ချင်သမျှ၊ သီးဖလကို၊မချပေးနိုင်၊ မြှိုင်မြှိုင်ဝေသော၊အခြေပါသည့်၊ပဒေသာပင်ကြီးနှင့်အလားတူလှပေ၏၊ ခက္ခုသန္ဓကြိယာ၊အလှူခံပုဂ္ဂိုလ်၏ပြည့်စုံခြင်းသည်၎င်း၊ စက္ခုသဒ္ဓါကြိယာ၊စိတ်စေတနာ၏ပြည့်စုံခြင်း သည်၎င်း၊ သတိ၊ ရှိခဲ့သော်၊ ယံယံ၊အကြင်အကြင်သို့သောအကျိုးကို၊ပတ္ထေတွာ၊မြော်လင့်တောင့်တ၍၊ကရော့န္တိ၊ ကုသိုလ်များကို၊ ကြိုးစားအားထုတ်ကြကုန်၏၊တံ၊ထိုထိုတောင့်တအပ်သော၊အကျိုးတရားကို၊နိပ္ဖါဒေတိ၊ယံယံ၊ကြည်ကြည်နှင့်၊ အတည်ပင်မှတ်ပေတော့၊ ပြီးကြီးစီးအောင်သည်သာတည်း၊

လိမ္မာပါးယားပြီး၊တရားသက်ဝင်ဖြင်းရှိတဲ့၊ ဒို့-အမျိုးသမီးကလေး၊ကုသိုလ်ကောင်းမှုနှင့်ကင်းပြီး၊ ချမ်းသာခြင်းသုခကို၊ ရစေနိုင်တယ်လို့၊ဘယ်အခါမှမရှိဘူး၊ အဲသည်တော့ကုသိုလ်ကောင်းမှုမှန်သမျှသည်၊ သဗ္ဗဒါအပေါင်းတို့ တောင့်တမြော်လင့်တဲ့အကျိုးများကို၊မချကြာန်၊ပြီးစီးစေတတ်သောအမှန်ဖြစ်လို့၊ ကုသိုလ်ကောင်းမှုသည်၊ ကြံဘိုင်းအောင်-ဆောင်-ဘိုင်းမြောက်စေတဲ့“စိန္တာမဏိပတ္တမြား”ရတနာကြီးနှင့်တူတယ်၊ အလိုရှိသမျှအသုံးအဆောင်,အထည်, ငွေ,တို့ကို၊ တချမကျန်၊ သီးစေနိုင်တဲ့၊“ကပ္ပရုက္ခ”ပဒေသာပင်ကြီးနှင့်လဲတူတယ်၊

လှူဒါန်းစဉ်အခါ၊ အကျိုးတရားကို မြော်လင့်သော်လဲ၊ ငွေအားသျှော်စွာ၊အကျိုးတရားကိုဖြစ်စေတတ်သည်မှာ၊ ၊အိပ်ချ်နေရာတွင်၊ အတွင်းဝင်တဲ့ခုတင် ညောင်စောင်း,မွေ့ရာ, သင်ဖြူး,အထူးထူးတို့ကို၊ လှူဒါန်းခဲ့ပါလျှင်၊ ဖြစ်လေရာဘဝမှာ၊ မြင့်မြတ်ကြီးကျယ်၊အနွယ်ကောင်းမွန်တဲ့၊မင်းမျိုး၊သူဌေးမျိုး၊ပုဏ္ဏားမျိုး၊ စသည်တို့မှာဖြစ်စေတတ်တယ်

ဆွမ်း၊ ကွမ်း၊ ဘောဇဉ်၊ ချိုချဉ်ဖရသာ-များကိုတတ်အားသမျှ လှူဒါန်းပါလျှင်၊ ဖြစ်လေရာဘဝမှာ "ငါးစီးဆင်ဖြောင် အခေါ်ကိုဆောင်" ဆိုတဲ့အတိုင်း၊ အားခွန်ဗလစွမ်းရည်သတ္တိနှင့် ပြည့်စုံကြတတ်တယ်၊

ပုဂ္ဂိုလ်အလိုက်၊ကြိုက်ရာကြိုက်ရာ၊ အဝတ်တန်ဆာများကို လှူဒါန်းခဲ့ပါလျှင် ဖြစ်လေရာဘဝမှာ၊ ကောင်းခြင်းငါးဖြာ လက်ဝတ်တန်ဆာများနှင့်ပြည့်စုံပြီး အဆင်းသဏ္ဍာန်က အောက်မကျဘဲ၊ လှပတင့်တယ်တဲ့အကျိုးကိုဖြစ်စေတတ်တယ်။

ခရီးသွားရာတွင်၊ အသုံးဝင်တဲ့၊ ဖိနပ်၊ ယာဉ်၊ ဒေါ၊ သံလျှည်း ယားစသော၊အသုံးအဆောင်များကို လှူဒါန်းခဲ့ပါလျှင်၊ ဖြစ်လေရာဘဝမှာ "ခြေကြွကိုရေမှာချ" သလို၊အေးအေးမြမြနှင့်ဒုက္ခကင်းဝေးပြီး အသွားခါတိုင်း ကင်းငြင်တဲ့အဖြစ်မျိုးသို့ ရောက်စေတတ်တယ်၊

အမိုက်ကိုပယ်ရှင်းတတ်တဲ့ ဆီမီးအရောင်အလင်းကို လှူဒါန်းခဲ့ပါလျှင်၊ ဖြစ်လေရာဘဝမှာ၊ ဉာဏ်ပညာဘက်က၊ ထိုပေထိုင်းမှိုင်းခြင်းမရှိဘဲ "ဝဇီရာဓုန-ထင်ထိုင်းမှ" ဆိုတာသို လွယ်ကူစွာနှင့်သိမြင်ရခြင်း ကောင်းကင်သလို တွင်လဲ၊ သိဖ ထိုင်းမှိုင်းခြင်းကင်းဝေးပြီးအမြင်သန်သန်နှင့်၊ အောက်ပြန်ခြင်းမရှိတဲ့၊ အကျိုးများကိုဖြစ်စေတတ်တယ်၊

စိန္တာမဏိ ပတ္တမြားရတနာကြီးနှင့်တူတယ်လို့-ဆိုသဖြင့်၊ ရှင်ဘုရင်ထက်မက-ကြီးကျယ်ခန်းနားတဲ့အဖြစ်မျိုးတွေကိုလဲ၊ ကောင်းမှု-ပြုစေတတ်ပုံတွေကိုလဲယုံကြည်သင့်ပေတယ်၊ "ဗိမ္ဗိသာရမင်းကြီး" ၏ဥစ္စာစည်းစိမ်ချမ်းသာဟူသမျှသည်၊ ကုသိုလ်ကံတခုခုကိုလက်ကိုင်ပြုပြီး၊ ဘယ်ကုသိုလ်ကြောင့်ဘဲလို့ခွဲ၍ပြနိုင်သော်လဲ၊ ပုညကြိယာဆယ်ပါး၊ကုသိုလ်ကံအကြောင်းတရားကြောင့်ထင်ရှားစွာဖြစ်လာရတာအမှန်ဖြစ်တယ်၊ ယခုပြောသမျှကိုသဘောကျမှတ်ယူပေတော့လို့-မပိုမယုတ်-တိုတို တုတ်တုတ်ဖြေကြားလိုက်တဲ့အခါ၊ ထိုသငယ်မ ကလေးမှာ-ပွင့်သစ်စ-ကြာပန်းအသွင်ကဲ့သို့၊ လန်းရွှင်

တက်ကြွ။ ကုသိုလ်ဘက်က ထက်မြက်တဲ့ဆန္ဒတွေဟာ၊ မကြိမသေ နိုင်အောင်ဖြစ်လာသဖြင့် "ဪ-ချမ်းသာတွေကလဲ၊ အဆင့်ဆင့်မို့ လူ့ပြည်မှာရှိတဲ့ချမ်း သာမျိုးထက်၊ အထက် နတ်ပြည်မှာရှိတဲ့ချမ်း သာမျိုးကဆယ်တပိုးတိုးတက်မြင့်မြတ်လိမ့်မယ်။ သို့ကလိုမြင့်မြတ် တဲ့ချမ်းသာမျိုးတွေကို။ ကြိုးစားအားထုတ်သင့်ပေတယ်" လို့ကြံ ဆပြီး၊ ကုသိုလ်များကိုကြိုးစားအားထုတ်နေသတဲ့ (ထိုအမျိုးသမီး ကလေး၏ ကြံဆတွေးတောပုံ-အားထုတ်ပုံများမှာ။ လွန်စွာ အတု ယူသင့်ပေတယ်။)

သို့ကလိုအားထုတ်နေစဉ်-တနေ့သ၌၊ မိဘများထံမှ အဝတ် သစ်၊ အစားသစ်ရံရတင်၊ ညောင်စောင်းသစ်တခု၊ ပဒုမ္မာကြာပွင့်တ စီးနှင့်။ ထောပတ်ပျားသကာ-နွားနို့ဆန်။ စားသောက်ဘွယ်ရာ အ တန်တန်တို့ကို။ မြတ်နိုးတနာနှင့်၊ ကောင်းစွာပို့လိုက်သတဲ့။

မိဘများထံက၊ ပို့လိုက်တယ်လို့ဆိုသဖြင့်၊ မိဘနှင့်အတူမနေ။ ခွဲခွါ၍နေကြောင်းထင်ရှားတယ်။ အဋ္ဌကထာမှာ။ "အိမ်ထောင်ကျ ပြီးလို့" တိုက်ရိုက်မဖော်ပြသော်လဲ၊ မိဘများနှင့်ခွဲခွါ နေကြောင်း ထင်ရှားသဖြင့်၊ ထိုသူငယ်မကလေးကို၊ အိမ်ထောင်ကျပြီ-ဟူ၍၊ မှတ်ယူသင့်ပေတယ်။

မိဘများထံမှ၊ ပို့လိုက်သော အသုံးအဆောင်တွေကို မြင်ရ တော့၊ ရွှင်ပြကြည်နူးပြီး၊ ငါဖြင့်ကုသိုလ်ကံတွေကို။ ဆည်းပူးရ တော့မယ်-စသည်ဖြင့်၊ အားတက်လှစွာနှင့်နက်ဖြန်မိုးသောက်တဲ့ အခါ။ ချေမယောတဲ့နွားနို့ ဂဏာများကို၊ အသားကျကျစီရင်။ ခုတင် မှာလဲ ကြာဝတ်ဆံများဖြင့်၊ လှပစွာမွေ့ရာခင်း၊ ပျံ့သင်းတဲ့ကြာပန်း များကိုလဲ၊ ခုတင်လေးထောင့်မှာစိုက်ထား၊ အနီးအပါးရှိမြေပြင် ကိုလဲ။ ပန်းပင်တို့ဖြင့်ဝေဝေဆာဆာပြုပြင်၊ အထက်တွင်လဲ။ ပန်းအ မျိုးမျိုးထိုးခြယ်တဲ့ မျက်နှာကြက်ကို၊ ကောင်းမွန်စွာ ဖြန့်ကြက်၊ သက္ကန္ဒါနဖြစ်ကြောင်း၊ ကောင်းမွန်တဲ့အစီအစဉ်များပြီးစီးတဲ့အ ခါ၊ မိမိကိုယ်ကိုလဲ၊ သန့်ရှင်းစင်ကြယ်ခြင်းရှိလေအောင်၊ ဦးခေါင်း

လျော်ခြင်း၊ ချေးချိုးခြင်းဖြင့်၊ သုတ်သင်ပြုပြင်သတဲ့၊ (ကုသိုလ်ဖြစ်တဲ့ ပုဂ္ဂိုလ်များအတုယူစရာ ကြီးပေါ့၊)

စီရင်ပြုပြင်ခြင်းကိစ္စ ပြီးစီးတဲ့အခါ၊ ကျွန်တပေ ဘ်ကိုခေါ် ပြီး ကဲ-ငါ့ညီမ-အတူတူကုသိုလ်ရအောင်၊ အလှူခံပုဂ္ဂိုလ်တပါး ပင့်ခဲ့စမ်းပါ၊ ဘယ်လိုပုဂ္ဂိုလ်ရယ်လို့ ရွေးချယ်မနေဘဲ၊ လမ်းမိုး တွင်အစားစင်သင့်တွေ့ရာ ပုဂ္ဂိုလ်ကိုပင်၊ ငါ့ညီမ-ပင့်ခဲ့ပေတော့ လို့ လွှတ်လိုက်တယ်၊

အစေခံကျွန်မလဲ၊ ဆေးခိုင်းလိုက်တဲ့အခါ နန်းကြီးပင့်ရန် အိမ်မှ ယွက်ခွါလာစဉ်တွင်၊ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး နှင့်၊ ဆွမ်းခံကြွရင်း-ပက်ပင်းပါ တွေ့ကြုံသဖြင့်၊ ရိုသေကျိုးနွံစွာ၊ အိမ်သို့ကြွပါရန်အကြောင်းဖြင့်၊ လျှောက်ထားတောင်းပန်လေလျှင်။ အရှင်မြတ်ကြီးကလဲ၊တရုံတရာငြင်းပယ်ခြင်းမရှိဘဲ၊ ထိုသူငယ်မ အိမ်သို့ကြွလာတယ်၊

အိမ်သို့ရောက်တော်မူတဲ့အခါ။ခင်းကျင်းထားတဲ့ ခုတင်ညောင် စောင်းပေါ်တွင်၊ သီတင်းသုံးတော်မူလျှင်။ စီရင်ချက်ပြုတ်ထားတဲ့ ဂဏာဆွမ်းများဖြင့်၊ကောင်းမွန်စွာဆက်ကပ်လှူဒါန်းရှာတယ်၊

ပဒုမ္မာကြာပန်းများကိုလဲ၊ အဆန်းတကြယ်ခြယ်လှယ်မွန်းမံပြီး ဆွမ်း၏ အခြံအရံအဖြစ်ဖြင့်၊ ကောင်းမွန်ရိုသေစွာ လှူဒါန်းလိုက် ပြန်တယ်၊

လှူဒါန်းခြင်းကိစ္စ-အဝဝ ပြီးစီးတဲ့အခါ၊ ပညာရှိများထံက ကြားနာခဲ့ရသောတရားစကားနှင့်အညီ၊ ငမိအ ရှိသောရ ထ္ထ များကို-တောင်းဆိုသည်မှာ၊

ပရိဝိသန္တိယာ ဂုမယာမေ ပညသာနုဘာ ေနဗိဇ္ဇဂဇကုရှာ ဂါရပလ္လင်သောဘိတာဒိဇ္ဇသမ္ပတ္တိယော ပေ နွတိ ပန္နံ အ ကာသိ

(ဝိမာနဝတ္ထု-အဋ္ဌကထာ)

ဘဝေန္တော၊ အရှင်မြတ်ဘုရား၊ ပရိဝိသန္တိယာ၊ သဒ္ဓါစိတ်ပြဲဝေနှင်း ၍၊ ရွှင်လန်းကြည်နူးစွာလှူဒါန်းဆက်ကပ်ရပါသော တပည့်တော်မ အား၊ ဇာမသာသပုညသ၊ ဤယာဂုပြုရလှူဒါန်းရသောကုသိုလ်ကံ၏၊ အာနုဘာဝေန၊ အာနုဘော်တန်ခိုး၊ အော်နိုးခြင်းဖြင့် ဝါ၊ အာနုဘော် ကြောင့်၊ ဒိဗ္ဗဂေဇကုဋာဂါရပလ္လင်္ကသောဘိတာ၊ နတ်၌ဖြစ်လာသော ပမာမခြား၊ ဆင်ဦးကင်းအလားကဲ့သို့၊ စွင့်ကြွားလှစွာ၊ ရတနာပလ္လင် တို့ဖြင့်၊ ပျော် ရွှင်ဘွယ်ရာ၊ တင့်တယ်လှပကုန်သော၊ ဒိဗ္ဗသမ္ပတ္တိ ယော၊ ချမ်းအေးရိပ်ငြိမ်၊ နတ်စည်းစိမ်တို့သည်၊ ပဟောန္တု၊ ဖြစ်ပါစေ ကုန်သတည်း၊ ဣတိ၊ ဤအတိုင်း၊ ပတ္ထနံ၊ လိုရာဆုကို၊ ဝါ၊ ဆုတောင်း ခြင်းကို၊ အကာသိ၊ ကျိုးနွံ့တဲ့အမူအရာနှင့်၊ ကောင်းစွာပြုလေပြီ၊

ဆုတောင်းပြီးစီးတဲ့အခါ၊ အရှင်သာရိပုတ္တရာ မထေရ်မြတ် သည်၊ လျောက်ပတ်သော ဓမ္မကထာဖြင့်၊ အနုမောဒနာပြုကာ၊ ဆုပေးသနားတော်မူရာတွင်၊ သာ၍ပင် ဝမ်းမြောက်ခြင်း ဖြစ်၍ ပြန်တယ်၊

ဆွမ်းကိစ္စပြီး၍ကြွချိန်တန်လျှင်၊ အရှင်မြတ်၏သပိတ်တော်တွင်၊ ထောပတ်၊ ပျား၊ သကာ၊ အရသာအမွန်အမြတ်တို့ကို၊ ဆွမ်းနှင့်တ ကွထည့်ပြီး၊ ထပ်မံလှူဒါန်းပြန်တယ်၊ "ကုသိုလ်"ပြုရာတွင်၊ အခွင့် ရေးရာကို၊ ကောင်းစွာနားလည်ပါးရှားတဲ့ သူငယ်မကလေးပင်ဖြစ် တယ်၊

အရှင်မြတ်ကြွတော်မူပြီးနောက်၊ ဝမ်းမြောက်ဝမ်းသာနှင့်၊ ထိုင် တော်မူရာ၊ ခုံဘောင်ညောင်စောင်းကိုလဲ၊ အရှင်မြတ်အားသာ၊ လှူဒါန်း ဆက်ကပ်လိုက်တော့မယ်၊ အရှင်မြတ်သုံးဆောင်ပြီးဖြစ်ပေပြီ-ထို့၊ ပထမရည်သန်ချက်အတိုင်း၊ အချိန်မဆိုင်းစေဘဲ၊ ယောက်ျားနှစ် ယောက်ကိုကျောင်းတော်သို့ အရောက်ပို့စေတယ်၊ တနေ့ထဲနှင့်၊ ဆွမ်းအလှူ၊ ပန်းအလှူ၊ ဆေးအလှူ၊ နေရာထိုင်ခင်းအလှူ၊ သီလကိုလဲ ခံယူ၊ တရားကိုလဲ့ ပူဇော်ရ၊ လေးဆက်လက်တန် ရုံလင်ရတဲ့ သူ ငယ်မကလေးမှာ၊ မည်မျှလောက်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှာလိမ့် မယ်ဆိုတာ၊ စဉ်းစားလို့သာကြည့်ကြပေတော့၊

သဒ္ဒါဓောပြခန်း၌၊ ရွှင်လန်းစွာလှူဒါန်းလိုက်ရတဲ့ ကုသိုလ်ရှင်များမှာတကြိမ်တခါပင် လှူဒါန်းနေ့ကာမူ၊ ဝမ်းမြောက်လို့အစမဆုံးနိုင်ဘဲ၊ တရစ်ဝဲဝဲနှင့်၊ ကုသိုလ်ထဲမှာသာ၊ အာရုံစွဲနေတတ်ကြတယ်၊

ယခုသူငယ်မကလေးမှာလဲ၊ မိမိပြုခဲ့ရသော၊ ကုသိုလ်ထူးအတွက်၊ အားတက် ရွှင်မြူးလျက်၊ အသက်တမ်းကုန်စေ့တဲ့အခါ၊ သတ္တဝါတို့၏မွေ့တာအရ၊ လူ့ဘဝတခေတ်ဆိမ်းပြီး၊ ငြိမ်းအေးချမ်းသာ၊ အရာရာပုံလင်တဲ့တာဝတိံသာနတ်ပြည်ကြီးတွင်၊ ယူဇနာဘရာအမြင့်ဆောင်တဲ့၊ ဘုံဗိမာန်ကြီးမှာ နတ်သမီးတထောင်ခြံရံလျက်၊ စိတ်ဆန္ဒရည်သန်ချက်အတိုင်း၊ အိပ်သောယောက်ျား၊ နိုးသောအလားကဲ့သို့သွားကာနဲ့ဖြစ်ပေါ်လာရတယ်၊

ဤသို့လျှင်-တာဝတိံသာ-နတ်ရွာကြွနန်းမှာ-တခန်း တနားကြီးဖြစ်၍ လူဖြစ်စဉ်အခါအချင်းသာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ခြေတော်ရင်း၌ ငပ်ဝင်းကာဆုတောင်းခဲ့သောအတိုင်း မနှိုင်းသည့်အင်သော-နတ်စည်းစိမ်းကြီးကို အထူးသဖြင့် ခံစားရတာပေါ့၊ ၊အစိမ့်ကြွေ့ယောဟိကမ္မဝိကော၊ ၊ဟူ၍ဟောတော်မူထားတဲ့အတိုင်း လူဖြစ်စဉ်က-ရည်ရွယ်ချက်တွေဟာ-တခါထဲပြည့်ဖြိုးလို့ရို့၊ အခြွေအရံနတ်သမီးပေါင်း တထောင်ခြံရံလျက်-ငါးယူဇနာတိုင်တိုင်မြင့်သော ရတနာခင်ပြာသာဒ်ကြီးပေါ်ပေါက်လာသတဲ့၊

အဲ-သည်ငါးယူဇနာရှိတဲ့ပြာသာဒ်ကြီး၏ တင့်တယ်ပုံကတော့ ပဒုမ္မာကြာပန်းတို့ဖြင့်-ကြည့်မခန်း,ရှုမခန်းအောင်-အဆန်းတကြယ်ကြီးတန်းဆာဆင်ယင်ထား၍၊ ပြာသာဒ်ကြီး၏-လေးဘက် လေးမျက်နှာထက်ဝန်းကျင် အရပ်များမှာ-ပဒုမ္မာကြာရွက်,ပဒုမ္မာကြာဝတ်မှုန်တို့ဖြင့်-အပုံရုံဆန်းသည့်ထက်ဆန်းပြီး၊ ပန်းချက်တွေကြဲဖြန့်ထားသလို-အများကြီးတင့်တယ်သတဲ့၊ ၊ရတနာအမျိုးမျိုးတို့ဖြင့်ချယ်စီထားတဲ့ခင်မင်းကြီးသဘွယ်တင့်တယ် ချင်တိုင်းတင့်

တယ်ပြီး-ထယ်ထယ် ဝင့်ဝင့် အခေါင် မြင့်၍ စွင့်နေမှာပေါ့။ အသက်ရှိတဲ့ ဆင်ဇရတနာကို မဆိုလိုပါဘူး၊ ဆင် အကောင် သဏ္ဌာန်နှင့်တူလို-"ဂဇင္ဒရ"ခေါ်တဲ့ ဆင်ဇရတနာပြာသာဒ် ဗိမာန် ကြီးလို့ခေါ်ဆိုရတယ်။ ။

လေးဘက်-လေးမျက်နှာ-ဘယ်နေရာကကြည့်ကြည့်-အဖွင့် ပြည့်စုံတဲ့အသရေ တန်ခိုးတွေဟာ—ဖြိုးဖြိုးဝေနေတာကလား။ ။ ပေါ်ရွှဲဘတ်ကလဲ တဖြတ်ဖြ တုန် လောက် အောင်-သိမ်မွေ့ သတဲ့။ "သုဒဿန္တသ" ထို ခေါ် ဆို ရ တဲ့ ရတနာ မျိုး တွေ က လဲ-ထူး ထူး ခြား ခြား, ဆန်း ဆန်း ပြား ပြား တွေ မို့-အရောင်တွေ တလက်လက်—ရွှေကွန်ယက်, ငွေကွန်ယက် တွေလို ဖြိုးဖြိုးဖြက်ဖြက် တခဲနက် တောက်လောင် ယှန်းပြီး ကောင်းမြတ်လှတဲ့တန်ဆာတွေနှင့် ဆင်ယင်ထားပြန်တော့—ဘယ် ပြောဘွယ်ရာရှိတော့မလဲ။ အလွန်အကြူး အထူးထင့်ဘယ်တဲ့ ဆင်ဇရတနာဗိမာန်ကြီးတခုပေပေါ့။ ။အဲ-သည်လိုကြည့်ရှုလို့ငြီး အောင်အတင့်တယ်ကြီးတင့်တယ်နေတဲ့"ဆင်ရတနာဗိမာန်ကြီး" ပေါ်မှာရတနာခုနှစ်ပါးတို့ဖြင့်—ချယ်စီထားတဲ့တယူဇနာဝိုင်ဝိုင် မြင့်သော"ရွှေသားပလ္လင်ကြီး"တခုကလဲ—ခန့်နား စွာဖြစ်ပေါ်လာ သတဲ့။

အဲ-သည်ပလ္လင်ကြီးကလဲ—ဆင်ရတနာဗိမာန်ကြီးလိုဘဲ အလွန် အကြူး-အထူးတင့်တယ်၍-ချယ်လှယ် စီစဉ်ပြီး ဖြစ်ပေါ်လာတဲ့ ရတနာတန်ဆာတွေမှာတော့-သေသေချာချာကြည့်လေ-တင့်တယ် လေ-ဖြစ်၍၊ ဘယ်နေရာကမှ အပြစ်ဆိုစရာမပါဘူးတဲ့။ ။ငေး စားကြည့်လျှင်—အောက်ကအခံဖြစ်တဲ့ "ရတနာဆင်ဗိမာန်"ကြီး ကလဲ-တခဲနက်သော အရောင်ဖြင့် တပြောင်ပြောင် ထိန်လက်ပြီး နှစ်သက်စဘွယ်။ ထိုဗိမာန်ကြီး၏အလယ်က။ ပေါ်ပေါက်လာတဲ့ တယူဇနာအမြင့်ရှိသော"ရွှေပလ္လင်ကြီး"ကလဲ တမျိုးငြိုးတမျိုး-အ ရောင်တွေဝေဖြိုးပြီးနေပြန်တော့ "မင်းသားလဲဖြစ်ပြန်-မိုသားလဲ ဝတ်ပြန်"ဆိုတာလိုပြောမကုန်အောင် တင့်တယ်နေတော့တာပေါ့။

ကုသိုလ်,အကုသိုလ်ကံတို့၏ တန်ခိုးပြဓာန်အဆုံး အကောင်းပြုပြင်
သောနေရာတွင် သေသေချာချာကြီး ထက်မြက်ပါတော်မူကလား၊
“အကြောင်းခိုးရင်းကံ။ကုသိုလ်ပန်း။ဗိမာန်အသင့်ဘုံ။အသင့်” ဆို
တဲ့ အတိုင်းနတ်သိုး အနှင့်အရံတွေကလဲ-တယ်ခင်းကြီး—တပိုင်း
ကြီးဗိမာန်ကြီးကလဲ တလင်း-လက်နှင့်-အလွန် အချက် ကျနေ
တာပေါ့လေ။

ပဉ္စနာဝသေနစသော ပဉ္စယောဇနဗ္ဗေဓော ပဒုမမာလာလင်္
ကတော သမန္တတော ပဒုမပဥ္စ ဘိင်္ဂက္ခ ကေသရေပသော ဘိတော
မနုညဒဿနော သုခသမ္ဖဿော ဝိဝိဓရတနရံသိဇာလသမုဇ္ဇလ
သောမာဘရုဏာဝိဘူတိတောဂဇ ရောနိမ္မတ္တိ၊ တဿာပဂိယသော
ဝုတ္တော နဿာဘာ တိ သယသံယုတ္တော ဥယ ဇ နိကော ကနက
ပဋ္ဋင နိမ္မတ္တိ၊ ၊

(ဗိမာနဝတ္ထုအဋ္ဌကထာ)

ဗ အကျိုးပေးပုံကို ပြဆိုပါဦးအံ့၊ အသသ ထို အမျိုးသမီးက
လေးအား ပဉ္စနာဝသေန၊ လှူဖြစ်ပြီ အခါ၊ အသျှင်သာရိပုတ္တရာ
အထံ၌၊ စိတ်ကြည်ပြည့်ကြောင်း၊ ပန်ယွှာအာတောင်းအပ်သော-ဆု
မြတ်၏အစွမ်းအားဖြင့်၊ပဉ္စယောဇနဗ္ဗေဓော၊ ငါ ယူဇနာဘိုင်လေခံ
အောင်၊ အထက်သို့ချောက်၍- မြင့်မောက်သောအစောက်ရှိသော၊
ပဒုမမာလာလင်္ကတော၊ ပဒုမ္မာကြာ၊ပန်းမာလာဖြင့်၊ ဆန်းပြားစွာ
တန်းဆာဆင်အပ်သော၊သမန္တတော၊ လေးမျက်နှာအပြင်၊ ထက်
ဝန်းကျင်သော အံ့ရပ်မှ၊ ပ ဒု မ ပဉ္စ ကိဉ္စက္ခ ကေသရောပသောဘိ
တော၊ ပဒုမ္မာကြာရွက်,ပဒုမ္မာကြာဝတ်မှုန်-ပန်းလက်တို့ဖြင့်၊ ဖျန်း
ပက်သောအနေ၊ အလွန်တင့်တယ်ပေထသော၊ မနုညဒဿနော၊
ကြည့်ရှုသူတို့၏ စိတ်နှလုံးကို- ရွှင်ပြုံးအောင် နှစ်သက်စေနိုင်ထ
သော၊သုခသမ္ဖဿော၊သာယာသိမ်မွေ့၊ ကောင်းမြတ်သောအတွေ့
ရှိထသော၊ ဝိဝိဓရတနရံသိဇာလသမုဇ္ဇလသောမာဘရုဏာဝိဘူ
သိသော၊ အထူးထူးအပြားပြား ရတနာအရောင်ကွန်ယက်တို့ဖြင့်၊

တလက်လက်တထိန်ထိန်၊တရှိန်ရှိန်တောက်ပလျက်၊ မြတ်လှသော တန်ခိုးတော်ဖြင့်ဆင်ယင်အပ်ထသော၊ ဂဇာရော၊ မြတ်သောရတနာဆင်ဗိမာန်သည်၊နိဗ္ဗတ္တိ၊ဖြစ်ပေါ်၍လာလေ၏ တဿ၊ ထိုရတနာဆင်ဗိမာန်ကြီး၏၊ ဥပရိ၊ အထက်၌၊ ယထာဝုတ္တေန၊ ဆိုအပ်ပြီးသောအားဖြင့်၊ သောဘာတိသယသံယုတ္တော၊ အလွန်သော တင့်တယ်ခြင်းနှင့်ယှဉ်သော၊ယောဇနိကော၊ တယူဇနာ အမြင့်ရှိသော၊ ကနကပလ္လင်္ကော၊ရွှေသားပလ္လင်သည်၊နိဗ္ဗတ္တိ၊မျက်မှောက်ထင်ရှား ဘွားကနဲဖြစ်ပေါ်၍လာလေ၏။ ။

ဤအဋ္ဌကထာစကားဖြင့်၊ ယခင်အမျိုးသမီးကလေး၏စည်းစိမ်ဗိမာန်သည်၊ အလွန်ကြီးကျယ်ကြောင်းကို သိသာထင်ရှားလှပေသည်၊ ဤသို့လျှင် ဆင်ရတနာ၏တင့်တယ်ခြင်းနှင့်-ရှုချင်စဘွယ်ကောင်းတာကတမျိုးအရောင်တွေ ပြိုး၍၊ ရွှေကြီး,ငွေကြီးတွေကို၊ကွန်ယက်ဖွဲ့၍ထားသလို။ ဥဒဟိုအရပ်- လေးမျက်နှာလုံးပတ်ပြီး၊ တလျှပ်လျှပ်တထိန်ထိန်-တရှိန်ရှိန်တောက်ထွန်းတဲ့ ရွှေသားရတနာပလ္လင်ကြီး၏ ရှုချင့်စဘွယ်- တင့်တင့်,တယ်တယ်။ ဘွယ်ဘွယ်,ရာရာ ကြက်သရေပေါင်းအစုံဖြာငြီး လွန့်စွာကောင်းမြတ်ထာကလဲ့တဖို၊အလုံးစုံတင့်တယ်တဲ့ ကြက်သရေမင်္ဂလာဟူသမျှကို၊အုပ်ဖုံးငြိုးနေတော့မလောက်၊တံခွန်ဘောက်၍ ကြီးမြင့်ခြင်းသို့ ရောက်နေတာပေါ့။ ။

အဲ-သည်နတ်သမီးကလေးဟာ၊ မိမိပြုခဲ့တဲ့ ကုသိုလ် အကျိုးကြောင့်၊ အမျိုးမျိုးတင့်တယ်တဲ့ "ရတနာဆင်ဗိမာန်ကြီး"နှင့်တကွ၊ အထက်ကရှိသော-ရွှေသားပလ္လင်ရတနာကြီး တည်းဟူသော။ နတ်တို့၏စည်းစိမ်ကို၊ ချမ်းသာစွာ ခံစားပြီး-တခါတရံသောအခါကာလများမှာ၊ရတနာဆင်ဗိမာန်ကြီး၏အထက်၊ နှစ်သက်စဘွယ်ဖြစ်ပေါ်လာသော ရွှေသားပလ္လင်ကြီးပေါ်သို့တက်၍ ၊ နန္ဒဝန်ခေါ်သော နတ်ဥယျာဉ်သို့၊ နတ်သမီးများစွာနှင့်-ပျော်ပါးစွာကစားရန်အတွက် ထွက်ခွါလေ့ရှိသတဲ့။ ။

တာဝတိံသာနတ်ပြည်မှာဆို တဲ့ "နန္ဒဝန်ဥယျာဉ်" နှင့်နတ်ရေ ကန်ကြီး တွေဟာ၊ နတ်သားနတ်သမီးတို့၏ အငြိမ်းပြုရာ၊ "မဟာ ရေမ" ခေါ်တဲ့ အနုပ်ကြီး တွေပေါ့လေ၊ မိဘ်တို့၏ဗိမာန်မှာ ကြိုး ၄ ချပ်မျှင်းတတ်တဲ့ အ လှများ ပါလာ၍ဆိုလျှင်၊ 'သူက ဖေဖုံ ငါက ဖေဖုံ၊သူ့တိုနှင့်သူ့ပြာသာဒ်၊ နတ်သမီး တွေနေရပ်တင်ငြိမ်း၊ မြတ်လှ သောနတ်တို့စံခါယ်ခြင်းဖြင့်၊ ဆောင်မင်းကြီးသား နတ်လေသကျား တွေကသဲ၊တမြင်ကြီး တဆိုင်ကြီးထွက်ကြရမြဲတဲ့၊ ဖန်နှုန်းကံရင့် သီး၍၊ အလွန်ကြီးကျယ်တဲ့ စည်းစိမ်ရှင်နတ်သမီးတွေကသဲ၊ သူ့ ထက်ငါ၊မသာသာသာအောင်၊ ဆင်မြန်းပြီး- ခေါင်း,ညှင်း,တူရိယာ တို့နဲ့- ပျော်ရွှင်စွာထွက်ကြရစမြဲတဲ့၊အလွန်ပျော်ပါးစရာကြီးနေမှာ ပေါ့လေ၊

လူ့ပြေက-လူယောကျ်ား, လူမိန်းမတွေလို ပွေးတေတေရုပ် တုတ်တုတ်-အနုပ်ရုပ်သဘော မချောမလှတဲ့အရုပ်ဆိုးတွေမဟုတ် ဘဲ-ဘုသိုသ်ကြောင့်–အရုပ်ဆင်း-လှ၍၊ ဆင်မြင်း စသောစည်း စိမ်တွေ, ဗိမာန်တွေနှင့်–အဘိုးမပြတ် နိုင်လောက်အောင် ကြီး ကျယ်သူတွေ ဖြစ်နေတော့"ကာမဘောဂီ"လောက် စည်းစိမ်၏အ ခြေမှာဖြင့်၊ ပေဝေ သာသာနေတဲ့ "ပဒေသာပင်ကြီး" တွေပေါ့ လေ

ဆဲ–ဤကဲ့သို့-ပျော်ပျော်ရွှင်ရွှင်နှင့်-ထိုထိုနတ်ပွဲသဘင်များသို့ ထွက်ခွါ၍သွားလေ့ ရှိတဲ့အတိုင်း-ယခင်နတ်သမီးက လေး ဘာလဲ ဆနေ့ သေ အခါ၊-တာဝတိံသာ–နတ်ရွာအမှန်၊ နန္ဒဝန်ဥယျာဉ် တွင်းမှာ နတ်ပွဲလမ်းသဘင်နေ့ ကြံမကြုံကျက်သဖြင့်–အသက်ကပြ ဆိုခဲ့တဲ့ "ဂဇာဝေ" ခေါ်သေ–ရတနာ ဆင်ဗိမာန်ကြီးနှင့်-ရွှေသား ပလ္လင်ပေါ်မှ–ရှုချင်ဘွယ်တင့်တယ် ခန်းနားစွာ-ထိုင်လျက် နတ် သမီးများစွာနှင့်–အပျော်ပါး-ကစားရန်ထွက်ကြသတဲ့၊

သာဒိဋ္ဌသဂ္ဂတ္တိ အနုံဘဝ နို့ အနုဇရနုရာ တံကုဇ္ဇရဝိမာနသာ ဥပရိရတနဝိစိတ္တပလ္လင် အတိရုယှနန္ဒနဝနံဂန္တွတိ၊

(ဝိမာနဝတ္ထုအဋ္ဌကထာ)

သား ထိုနတ်သမီးကလေးသည်၊ ဒီဃသဥတ္တိ၊ ပို့ရေးသမယ။ လျှ ဘဝက ပြုသမျှကောင်းမှု၊ အစုစုကြောင့်၊ တုလွတ်ချောင်ရှိန်။ နတ်တို့၏စည်းစိမ်ကို အနုဘဝန္တီ၊ ပျော်ပါးစွာခံစားလျက်၊ အန္တရန္တရာ၊ အကြားအကြားဖြစ်သောအခါ၌၊ ပါ၊ တရံတခါ၌ တံကုဋ္ဌရ ဝိမာနသာ၊ ငါးယူဇနာမျှအခေါင်စွင့်၍-မြင့်လှသော ထိုရတနာဆင် ဗိမာန်ကြီး၏၊ ဥပရိ၊ အထက်၌၊ ဝိဗိတ္တပလ္လင်္ကေ၊ ရတနာအဆွေတွေ၊ စိန်ရွှေငွေဖြင့် အသရေတင့်ဆန်း၊ ကြာပန်းဖြင့်ဆင်၊ ရွှေပလ္လင်ကို၊ အာရုဟ၊ တက်စီး၍၊ နန္ဒနဝနံ၊ ပျော်ပါးနှစ်သက်ဘွယ်တွင်အချွန်အမွန်ဖြစ်သော၊ နန္ဒဝန်နတ်ဥယျာဉ်သို့၊ ဂစ္ဆတိ၊ ပျော်ပျော်ပါးပါး၊ ရံရွေတော်အများနှင့်၊ ကစားကြရန်အတွက်၊ ထွက်ခွါသွားလေသတည်း၊ ၊

(ရှင်မောဂ္ဂလာန်မဟာထေရ်မြတ်ကြီးနှင့်တွေ့တော့မည်။)

ဤသို့-နန္ဒဝန်ဥယျာဉ်တော်သို့-ရံရွေတော် အများနှင့်-တပျော်တပါးကြီး ကစားကြရန် ထွက်ခွါသွားတဲ့ အခါမှာ-သူ၏ ရတနာဆင်-ဗိမာန်ကြီးနှင့်-ရွှေသား ပလ္လင်ကြီးပါ-တခါထည်း-ကောင်းကင်းကပျံသန်းပြီး-ရွှေဟသ်ာငှက်ကြီး-ဝဲပျံတာကို-အလွန် အကဲကြည်ညိုစရာ-စိတ် ရွှင်စရာကြီးပေါ့လေ။ ။ယခုခေတ်အခါမှာ ဖြစ်ပေါ်လာတဲ့ "လေယာဉ်ပျံ" များ-ကောင်းကင်းသို့ ပျံသန်းခြင်း ငှါစွမ်းနိုင်သည်မှန်သော်လည်း၊-ခေတ်စက် ခလုတ်ပါရှိမှသာပျံသန်းနိုင်ကြတယ်၊ ။ကုသိုလ်ကံအဟုန်ကြောင့်-ဖြစ်ပေါ်လာတဲ ယခင်နတ်ဘုံနတ်နန်းကြီးမှာတော့-မပြုမပြင်စိတ် အလိုရှိရာကို၊ ပျံချင်ပျံ၊ သွားချင်သွား၊ မော်ကြွားတို့ နေရာမှာတော့ အလွန်ကောင်းတဲ့ ကြက်သရေဆိုင်, ကြက်သရေခဲ့ကြီးလို့ဆိုရမှာပေါ့၊ ။

ဤကဲ့သို့ပျံသန်း၍၊ နတ်နန်းနှင့်တကွ လာခဲ့ရာ၊ မှားမကြာမီ နန္ဒဝန်နတ်ဥယျာဉ်အတွင်းသို့ရောက်ကြရောတဲ့၊ ၊နတ်ပွဲသဘင်နေ့ဖြစ်တော့၊ နတ်သား, နတ်သမီးတွေဟာ၊ ပထမဝတ္ထုမှာပြခဲ့သောအတိုင်း၊ တသိုင်း, တဝိုင်းကြီး စိတ်ရှိတိုင်း ပြုံးနိုင်တဲ့ ဘုံဗိမာန်ကြီး

တော့နှင့်၊ အသီးသီးထွက်လာကြသဖြင့်၊ လွန်စွာငေးစည်ကားနေတော့ပါလေ၊ ။ထိုနေ့အခါ၊ ရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးကလဲ၊တာဝတိံသာ နတ်တို့၏ရွာကို၊ သစာရီ ခရီးချီ၍ ကြွတော်မူလာတဲ့နေ့ဖြစ်တယ်၊ ။တာဝတိံသာ-နန္ဒဝန်ဥယျာဉ်တွင်းသို့-ရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးလဲ- တာဝတိံသာနတ်တို့၏ပျော်ပါးကြပုံ- နတ်စည်းစိမ် အဖုံဖုံကို ကြည့်ရှုမေးမြန်းလိုတဲ့ ဆန္ဒဖြင့် ကြွလာခဲ့ရာ၊ ရတနာဆင်ဗိမာန်ကြီး၏ပိုင်ရှင်ဖြစ်သော၊ ယခင်နတ်သို့းကလေးဟာ။ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်ကြီးနှင့် တွေ့ဆုံကြပါရော၊ ။

ရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးကလဲ၊ နတ်သို့းကလေးတွေမြင်လောက်သောအရပ်မှနေ၍၊ မိမိ၏ဈာန်အသွင်အပြင်ကို ပြတော်မူတယ်၊ ။နတ်သို့းကလေးကလဲ တရားတော်၌ အလွန်ကိုင်းရှိုင်းရိုကျိုး၍၊ အချိုးကျပြီးကလေးဖြစ်တော့ ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးကို၊မြင်လျှင်မြင်ခြင်း၊နတ်ဘုံပေါ်မှဆင်း၍၊ ရိုသေစွာခဝပ်စင်းပြီး၊ ငါးပါးသောထိခြင်းဖြင့် ရှိခိုးခြင်းကိုပြုတယ်၊ ။မဟာထေရ်မြတ်ကြီးက လဲဘဲ-နတ်သို့းကလေး၏ ကြီးကျယ်ဆန်းပြားသောရွှေသားပလ္လင်နှင့်တကွ၊ ရတနာဆင်တော်ကြီးကိုမြင်သဖြင့်၊ ကုသိုလ်ရှင် နတ်သို့းကလေးအား၊ "ဘယ်သို့သော ကုသိုလ်များကြောင့်၊ဤသို့သော-ကြီးကျယ်မြားပြားသော ရတနာဆင်ကြီးနှင့် တကွ၊ရတနာပလ္လင်ကြီးကိုရခဲ့ပါသလဲ" ဟုကုသိုလ်ကံအကြောင်းခြင်းကိုမေးမြန်းဘို့နှုတ်သွင်းရှိတဲ့အတိုင်း၊ မဆိုင်းမတွ-ရိုသေစွာဦးချပြီးခစား၍နေသောဗိမာန်ရှင်နတ်သို့းကလေးအား၊ ကုသိုလ်ကံအကြောင်းများကိုစေ့ စုံစွာမေးမြန်းတော်မူတယ်၊ ။

(၁) ကုဉ္ဇရောတေ ဝရာရောဟော ရတနာ ကမ္ဗုနော၊
ရုစိရော ထာမဝါ ဇဝသမ္ပန္နော အာကာသမှိ သမီဟတိ၊ ။

ဟူသော-ရှေးဦးစွာသော ဂါထာဖြင့်- ဗိမာန်ရှင် နတ်သို့းကလေး၏ ကြီးကျယ်သောနတ်စည်းစိမ်ကြီးကို၊ ချီးမွမ်းတော်မူလိုက်တယ်၊ ။

(၁) ဝေဝေတော၊ ကုသိုလ်ပဟန်အသီးအပွင့်တွေနှင့်၊ ထက်သန်စွာသီးခင့်၍-ကြီးမြင့်သောဗိမာန်ရှိသောနတ်သ္မီး၊ တော၊ ဘုန်းကံမြင့်ကြီး။ သင်နတ်သ္မီး၏၊ ဝရောရောဟော၊ ရတနာအထပ်ထပ်။ ချယ်စီအပ်သဖြင့်။ မြင့်မြတ်သောနေရာယာဉ်ဖြစ်သော၊ နာနာရတနာကပ္ပနော၊ ဦးကင်းလက်ခြေ၊ အတွေတွေသောကိုယ်အင်္ဂါတို့၌၊ ဆင်ပြင်ကာထားအပ်တဲ့၊ များမြတ်သောရတနာရှိသော၊ ရစ်ရော၊ ရှုတိုင်းတင့်တယ်။ အလွန်နှစ်သက်ဖွယ်ဖြစ်သော၊ ထာမသမွှေး၊ လျှင်သောအစွမ်းအဟုန်ဖြင့်၊ ကောင်းစွာပြည့်ရုံထသော၊ ကုဋ္ဌရော၊ ဂဇမည်တွင်။ ဗိမာန်ဆင်သည်၊ အာကာသမှ၊ အလင်း ဖြင်ကျယ်၊ ကောင်းကင်နယ်၌၊ သမီဘာတိ၊ တုန်လှုပ်ချောက်ချား၊ ဖေါက်ပြားမရှိ ပကတိလေသိမ့်သဖြင့်၊ တငြိမ့်ငြိမ့်သွားလာဘိ၏တကား။ ။

ဤဂါထာဖြင့်- နတ်သ္မီး၏စည်းစိမ်အရကို၊ ရှေးဦးစွာချီးမွမ်းတော်မူလိုက်တယ်၊ ထိုနောက်တဖန်-ထပ်မံ၍ ချီးမွမ်းတော်မူလိုပြန်သဖြင့်၊ အောက်ပါဂါထာတို့ကိုမိန့်ဆိုတော်မူပြန်တယ်၊ ။

(၂) ပဒုမိပဒ္မပတ္တက္ခိ၊ ပဒ္မုပ္ပလဇုတိန္ဓရော။
ပဒ္မရုဏ္ဏာဘိကိဏ္ဏင်္ဂေါ၊ သောဏ္ဏာပေါက္ခရမာလဝေါ၊ ။
(၃) ပဒုမာနုသတံမဂ္ဂံ၊ ပဒ္မပတ္တဝိဘူသိတံ။
ဌိတံဝဂ္ဂုမနုဿာဘံ၊ မိတံဂန္ဓတိဝါရဏော။ ။

(၂) ပဒုမိ၊ ပဒုမ္မာကြာ၊ ဆင်းအင်္ဂါနှင့်တူသောအဆင်းရှိသော၊ ပဒ္မပတ္တက္ခိ၊ ပဒုမ္မာကြာရွက်ကဲ့သို့၊ နှစ်ဘက်သောမျက်လုံးရှိသော၊ ဝေဝေတော၊ ဘုန်းကံမြင့်ကြီး၊ အိုနတ်သ္မီး၊ ပဒ္မုပ္ပလဇုတိန္ဓရော၊ ပဒုမ္မာကြာ အဆင်းကဲ့သို့၊ တဝင်းဝင်း တပြောင်ပြောင်၊ ထက်ဝန်းကျင်တောက်လောင်သောအရောင်ကိုဆောင်ထသော၊ ပဒ္မရုဏ္ဏာဘိကိဏ္ဏင်္ဂေါ၊ ပဒုမ္မာကြာဝတ်နှုန်တို့ဖြင့်၊ အလုံးစုံကြဲဖြန့်အပ်သော၊ ခြေလက်စသော အင်္ဂါရှိသော၊ သောဏ္ဏာပေါက္ခရမာလဝါ၊ ရွှေရောင်ပွက်သန်း၊ လွှန့်ထူးဆန်းသည့်၊ ကြာပန်းအပေါင်းကိုဆောင်ထသော၊

(၃) အနန္တာကေ။ ဝဲ,ယာ ရှေ့နောက်၊ တုန်လှုပ်ချောက်ချား၊ ပေါက်ပြားမရှိ၊ ပကာတ်ငြိမ်သက်ယှဉ်သော၊ ပါရဂေါ၊ ရတနာဆင်ပျံ၊ ရွှေဗိမာန်သည်။ ပဒုမောနုသတာံ၊ ပဒုမ္မာကြာပန်းတို့ဖြင့်၊ အဆန်းတကြယ် ကြဲဖြန့်အပ်ထားသော၊ ပဒ္ဓပဏ္ဏဝိတုသိတာံ၊ ပဒုမ္မာကြာရွက်တို့ဖြင့်၊ နှစ်သက်စဖွယ်၊ အလွန်ကြွင့်တယ်အောင် တန်းဆာဆင်ယင်အပ်သည်၊ ဟုတွာ၊ ဖြစ်လတ်၍၊ ဌိတာံ၊ တည်နေထားသော၊ မိတာံ၊ အထူးထူးသောရတနာ၊ အဖြာဖြာသောပန်းမာလာတို့ဖြင့်၊ ဆန်းကြယ်စွာတန်းဆာဆင်ယင်အပ်ထားသော၊ [illegible]မ[illegible] အာကာဝေဟင်၊ လေလျဉ်ကာဆီး၊ ထက်ကောင်းကင်ခရီးသို့၊ ဝ[illegible] သားလာဖြည်းညှင်းစွာ၊ [illegible]ထွက်၊ သွားလာဘိ၏တကား။ ။

ဤဂါထာနှစ်ချက်ဖြင့်၊ ရတနာဆင် တော်နှင့်တကွ၊ ထိုဆင်ရတနာ မြတ်၏၊ ငြိမ့်ငြိမ့်သာသာ၊ သွားလာရာလမ်းခရီးတို့၏၊ တင့်တယ်ပုံတွေ၊ ဟင်ရတနာကြီး၌၊ တသီတပိုက်ကြီး၊ သိုက်မြိုက်စွာဆင်ယင်ထားသဲ့တန်းဆာတွေ၊ ထိုပြင်မှတပါး၊ သွားလာရာ ကောင်းကင်လမ်းခရီး၊ ပဒုမ္မာကြာရွက်တို့ဖြင့်။ တခုနှင့်တခု ထပ်စပ်၍ရော[illegible]ကိပြီး အကြီးအကျယ်တန်းဆာဆင်ယင် ထားပုံတွေကိုချီးမွမ်းထောမနာတော်မူတယ်၊ သူတော်ကောင်းကြီးတို့၏ခမ္မတာ၊ တခုံတခုကိုမေးမြန်းလိုက၊ ထိုသူ၏စည်းစိမ်ချမ်းသာတို့ကို၊ ထိုက်သင့်သည်အားလျော်စွာ၊ ထောမနာခြင်းပြုရသေးတာကလား။ ။

(၄) တသသပ်ကမ္မမာနုသသ၊ သေညာကံသာရတိသသရာ။
ကောသံသုယျတိနိဿောသော၊ တုရိယေပဥ္စင်္ဂကေယထာ၊ ။

(၄) ပက္ကမမာနုသသ၊ ထိုမှဤမှ၊ မြူးကြွငြိမ့်ငြိမ့်၊ တအိမ့်အိမ့်သွားလာသော၊ တဿ၊ ထိုရတနာဆင်ဗိမာန်ကြီး၏၊ သောဏ္ဍကံသာ၊ နံပါး နှစ်ဘက်တို့၌အချက်ကျကျ၊ တွဲရရွဲချအပ်သောရွှေဆည်းလည်းတို့သည်၊ ရတိသသရာ၊ ကြည်နူးနာပျော်၊ သင့်လျော်လျောက်ပတ်။ ကောင်းမြတ်သောအသံရှိကုန်၏၊ တေသံ၊ ထိုရွှေဆည်းလည်းကြီး

တို့၏၊နိပ္ပာသော၊ရိုက်ခတ်ဆော်မည်၊ အလွန်ကြည်သောအသံအပေါင်းကို၊ ပဉ္စင်္ဂိကေ၊အတတ,ဝိတတ၊စသည်အပြား၊ အင်္ဂါငါးပါးရှိသော၊ တူရိယေ၊တူရိယာအပေါင်းနှင့်၊ ကုသလေ၊သင်အပ်ပြီးသောအတတ်ပညာကြောင့်-လိမ္မာလှသောသူသည်၊ ဝါဒိယမာနေ၊သာယာဘွယ်တီးမှုတ်သောအသံကို၊သုယျတိယထာ ညှင်းညှင်းသာယာ။ နှစ်သက်စွာ ကြားအပ်သကဲ့သို့၊ သုယျတိ၊ အများတို့ကြည်နူးလောက်အောင်။နားထောင်ကြားနာအပ်သတည်း၊ ။

ဤဂါထာအရ-ရတနာဆင်ဗိမာန်ကြီးနှင့်၊ ဆွဲတပ်ထားသောရွှေဆည်းလည်းတွေရှိကြောင်း၊ ထိုဆည်းလည်းတို့၏ အသံဟာတူရိယာငါးဖြာနှင့်–ကောင်းစွာ တတ်မြောက် ပြီးသောသူသည့်ယခင် တူရိယာငါးဖြာကို·တီးမှုတ် အပ်သောအသံကဲ့သို့–အလွန်သာယာနာပျော်ဘွယ်ရှိကြောင်းကိုပြတယ်။ အဲ-ရတနာဆင်တော်မှာ-ဆင်ယင်ပြီးထားတဲ့- တန်းဆာတွေ ကတော့-ရွှေပဒုမ္မာကြာရွက်တွေရော,ရွှေပဒုမ္မာ ကြာပွင့် တွေရော-ကြာချပ်, ကြာသွာ-ကောင်းမြတ်တဲ့ရွှေရတနာဆိုသမျှ-ချယ်လှယ်စီမံပြီးထားတော့ အများကြီးတင့်တယ်နေတော့တာပေါ့လေ။ ထိုပြင်မှတပါး၊အထက်ပါဂါထာစကားအရ၊ ၊ဆင်တနာကြီး၏·နံပါး နှစ်ဘက်မှာလဲတူရူဆွဲပြီး–အစီအရီချထားလိုက်တဲ့ ရွှေဆည်းလည်းကြီးတွေကလဲ–တချာချမှာ–အိုးစည်ကြီးပမာဏရှိသတဲ့၊

အဲ-ရွှေဆည်းလည်းကြီးတွေ မှာမှ–တခါသပ်ပြီး- ပွင့်များပုလဲကျောက်မျက်ရွဲ, စသော ရတနာကောင်းတို့ဖြင့်- သောင်သောင်းမကစီချယ်ထားပြန်သတဲ့၊ ရွှေအတိပြီးတဲ့–အိုးစည်ပမာဏရှိတဲ့ ယခင်ရွှေဆည်းလည်းတွေဟာ အနာမကာ၊များပြားပြီး–ထိုထိုအရပ်မှာ–တွဲရရွဲဆွဲပြီး–လေခပ်၍၊ လှုပ်တိုင်း လှုပ်တိုင်း–တူရိယာငါးဖြာတီးခတ်လိုက်သလို–နှစ်ခြိုက်ဘွယ်သော အသံတွေဟာတညံ့ညံ့နေတော့တာပေါ့၊

တဿဟိကူဋာဂါရဿ ဥဘတောသုပဿေသု မဟာကောဋ္ဌပမာ
ဏာ မဏိမုတ္တာဒိခစိတာ သောဝဏ္ဏမယာ နေကသာခါ မဟန္တိယော
ဃဋာ တဟံတဟံ ဩလမ္ဗမာနာ ပစလန္တိ၊ ယထာ ဝါတေရိတာ ကောန္တ
ဂန္ဓဗ္ဗကေန ပယုတ္တဝါဒိ တတော အတိဝိယ မနောဟရာ သဒ္ဒါ
နိစ္ဆရန္တိ၊ ၊ ၊

(ဝိမာနဝတ္ထု အဋ္ဌကထာ၊)

ဟိ၊အကျယ်အားဖြင့်၊ ထင်ရှားပြပါဦးအံ့၊ တဿကူဋာဂါရဿ၊ ထိုရတနာအိမ်ဗိမာန်ယာဉ်၏ ဥဘတောသု၊ဝဲ,ယာ နှစ်ချက်၊ နှစ်ဘက်ကုန်သော၊ပဿေသု၊ နံပါးတို့၌၊ မဟာကောဋ္ဌပမာဏာ၊ ကြီးစွာသောအိုးစရည်းပမာဏရှိကုန်သော၊ မဏိမုတ္တာဒိခစိတာ၊ပတ္တမြားပုလဲ,ကျောက်မျက်စွဲ,စသည်တို့ဖြင့် စီထားအပ်ကုန်သော သောဝဏ္ဏမယာ၊ ရွှေဖြင့်ပြီးကုန်သော၊ အနေကသာခါ၊အရေမက၊ များလှကုန်သော၊ မဟန္တိယော၊ကြီးစွာကုန်သော၊ ဃဏ္ဍာ၊ဆည်းလည်းကြီးတို့သည်၊တဟံတဟံ၊ထိုထိုအရပ်၌၊ဩလမ္ဗမာနာ၊ တွဲရရွဲဆွဲကုန်သည်ဖြစ်၍၊ ပစလန္တိ၊ထိုမှဤမှ၊တုန်လှုပ်ကြကုန်၏၊ ယထာ၊ အကြင်သို့သောအကြောင်းတခုကြောင့်၊ ဆေးကေန၊ လိမ္မာသုသော၊ ဂန္ဓဗ္ဗကေန၊ ငါးဖြာသောတူရိယာတို့၌ ကောင်းစွာတီးခတ်တတ်သောသူသည်၊ပယုတ္တဝါဒိ၊တီးမှုတ်အပ်သောအသံသည် ဟောတိ၊ ဖြစ်၏၊ တတော၊ထိုသို့သောအသံထက်၊ အတိဝိယ၊ အထက်လွန်ကြူး၊အထူးသာလျှင်၊မနောဟရာ၊ကြားသူတို့၏စိတ်နှလုံးကို၊သိမ်းကြုံးဆောင်ယူနိုင်ကုန်သော၊ သဒ္ဒါ၊ ရွှေဆည်းလည်းသံတို့သည်၊ နိစ္ဆရန္တိ၊ညွှင်းညွှင်းဆက်ခါ၊ထွက်လာကြလေကုန်သတည်း၊ ၊

ဤ—အဋ္ဌကထာစကားဖြင့်၊ ဟောကြားခဲ့ပြီးသော တရားဒေသနာများကို၊ယုံကြည်စွာမှတ်သားကြရမယ်၊ ၊ရွှေဆည်းလည်းသံတွေကလဲ—တညံညံ၊ ဝန်းရံထားဘဲ့— ရွှေပဒုမ္မာ ကြာပွင့်,ကြာရွက်တွေကလဲ—တလက်လက်ဆိုဘော့— သာချိုပင် နှစ်သက်ရာကြီးပေါ့လေ၊“ရေနံ့သခေါင်းဆောင်း”ကြီးတွေလိုလဲ ဆိုရပါတယ်၊

အဲ—တင့်တယ်ပုံတွေ-အလုံးစုံ-ဖော်ကြပြီးပြောနေကာ—ကုန်နိုင် စရာ ရှိမယ်မဟုတ်ဘူး။ ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီး-ချီးမွမ်းတဲ့ ဂါထာတရကျန်ရှိသေးတယ်၊ဆက်လိုက်ကြဦးစို့။ ၊

(၅) တဿနာဂဿခန္ဓမှိ၊ သုစိဝတ္ထာအလင်္ကတာ၊
မဟန္တံအစ္ဆရာသံဃံ၊ ဝဏ္ဏေနအတိရောစတိ။ ၊

(၅) တဿ နာဂဿ၊ ထိုဧရာဝဏ်နာ ဆင်တော်ကြီး၏၊ ခန္ဓမှိ၊ ကျောက်ကုန်းအပြင်၌၊ သုစိဝတ္ထာ၊စင်ကြယ်သန့်ရှင်း၊ အပြစ်ကင်းသော အဝတ်အထည်တို့ကို၊ အလင်္ကတာ၊ တန်းဆာဆင်ယင် အပ်ကုန်ပြီ၊ မဟန္တံ၊ စည်းစိမ်နှင့် အရေအတွက်၊ နှစ်ချက်သော အားဖြင့်၊ များပြားစွာသော၊ အစ္ဆရာသံဃံ၊ နတ်သမီးကညာအ ပေါင်းသည်၊ ဝဏ္ဏေန၊အဆင်းအင်္ဂါ၊ ဂုဏ်ပစ္စည်းဖြင့်၊ အတိရောစတိ၊ အလွန်အကြူး။အထူးတင့်တယ်လှပေ၏။ ၊

ဤဂါထာဖြင့်—ယခင်ကပြခဲ့တဲ့ဧရာဝဏ်ဆင်၏ကျောက်ကုန်းပေါ် မှာ၊ ကောင်းစွာခင်းထားအပ်တဲ့အထည်ကောင်း, အဝတ်ကောင်း, တို့ဖြင့်။ တန်းဆာဆင်ပြီး—အလွန်ယဉ်ကျေးစွာစီမံ၍ ထားပုံကိုပြ တယ်လို့မှတ်ရမယ်၊ ၊အဲ—အလွန်စင်ကြယ်တဲ့အထည်အဝတ် တို့—ခင်းထားတဲ့အပေါ်မှာ၊ နတ်ကညာပေါင်းများစွာခြံရံပြီးနေတဲ့ ပြင်-နတ်သမီးတို့၏အဆင်းအင်္ဂါရုပ်လှတဲ့အနေမှာဆိုတော့လွန်မင်း စွာတင့်တယ်နေကြောင်းကိုလဲ့ပြတယ်ဟုမှတ်ရမယ်။

ကိုင်း ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီးက၊ နတ်သမီး၏ကြီး လှသောဧရာဝဏ်ဆင်ဗိမာန်နှင့်တကွ၊ ထိုဆင်ပေါ်မှာရှိတဲ့တယူဇနာ တိုင်တိုင်မြင့်မားသော၊ ရွှေပလ္လင်,ရွှေဆည်းလည်းသံတို့၏၊သာယာ ညှင်းညှင်း၊ တသင်းသင်းထွက်၍၊ အချက်ကျစွာမြည်ကြပုံတို့ကို အလုံးစုံ ချီးမွမ်း၍။ ခရီးလမ်းမဆုံးသေးပေဘူး—ဟုထင်မြင်တော်မူ သဖြင့်၊ နတ်သမီး၏ရှေးရှေးဘဝက—ပြုစုအားထုတ်ခဲ့ဘူးသော၊ ဒါန, သီလ,ဘာဝနာ, အဖြာဖြာသောကောင်းမှုတို့၏ များစွာသောအကျိုး တို့တွင်၊ ဘယ်အကျိုး,ဘယ်ဝိပါက်, ဘယ်ဘဲ့သို့ဆက်ခဲ့၍၊ ထက်

မြက်ကြီးကျယ်လှသော- ဤမျှသောနတ်တို့၏စည်းစိမ်ကို ရရှိပါသလဲလို့ မေးမြန်းတော်မူလိုသဖြင့်၊ အောက်ပါဂါထာကို မိန့်ကြား၍ မေးမြန်းတော်မူပြန်တယ်၊

(၄) ဒါနသသ တေ ဓာန်ဖလံ၊အထော သီလ သသ ပါပန၊ အထော အဥ္စလိကမ္မဿ၊တံမေ အက္ခာဟိ ပုစ္ဆိတာ၊

(၄) ဂ ပတော၊ဘုန်းကံမြင့်ကြီး အိုနတ်သမီး၊ တော ုန်းကံမြင့်ကြီး၊သင် တ်သမီး၏၊ နံဖလံ၊ ဤအကျိုးသည်၊ ါနသသ၊ ရှုဘွယ်ဝတ္ထု၊ အရပရတို့ကို ပေးလှူခြင်း ကောင်းမှု၏ ဖလံ၊ အကျိုးတရား ပေလော၊ပန၊ ဆက်၍မေးပါဦးအံ့ အထော၊ ထိုသို့မဟုတ်မူကား၊ သီလဿဝါ၊ ငါးပါး၊ ရှစ်ပါး၊စသောအားဖြင့်၊ မပြားအောင်စောင့် ထိန်းအပ်သော သီလ၏လည်း၊ ဖလံ၊ အကျိုးတရား ပေလော၊ အထော၊ ထိုသို့မဟုတ်မူကား၊ အဥ္စလိကမ္မဿ၊ အရိယာနွယ်ဝင်၊ သူတော်ရှင်တို့အား၊ ကြည်လင် အထွန်၊ ဦးညွတ်ဆယ်လီ၊ လက် အုပ်ချီရသောကောင်းမှု၏၊ ဖလံ အကျိုးပေလော၊မေ၊ သိလိုရေးနှင့်၊ မေးမြန်းသောငါ့အား၊ တံ၊ ါန, သီလ, စသည်ပြန်ပြောင်း ပြုခဲ့ သောထိုအကြောင်းကို၊ ပုစ္ဆိတာ ငါမေးမြန်းအပ်သော၊ သင်နတ် ီးသည်၊ အက္ခာဟိ၊ ဟုတ်တိုင်းမှန်ရာ၊ မချန်ပါဘဲ၊ ပြန်လှန်ကာ ဖြောက်ဆ ားစမ်းပါလော၊ ၊

ဤဂါထာ၌-ဆိုလိုရင်းအဓိပ္ပါယ်ကတော့၊ "အို— ဘုန်းကံ ကု သိုလ်၊ နှမျိုထက်သန့်တဲ့နတ်သမီး၊ ယခုသင်၏ စည်းစိမ်အရပ်ငါ ကောင်းစွာတွေ့ရပြီ၊ ရတနာဆင်တော်ကြီးကလဲ၊ အတိုင်း က်အ လွန် အလွန်၊ ရွှေရောင်, ငွေရောင်တို့ဖြင့်တသွန်သွန်တောက်ပ၍၊ ရ တနာပဆင်ကြီးကလဲတခန်းတနား ဆန်းပြားစွာတင့်တယ်ပြီး၊ ရွှေ, ငွေ,ပုလဲ,မျက်ရွဲ, သန္တာ,ရတနာအရပရတို့ဖြင့်ချယ်စီပြီး၍၊ ပဒုမ္မာ ကြာအပွင့်ဆိုင်တည်းပဲသော၊ ရွှေခိုင်, ငွေခိုင်တွေကလဲတဝေဝေ၊ အလွန်ကြက်သရေမင်္ဂလာနှင့် ပြည့်စုံပေတယ်၊ ဤကဲ့သို့ကြီးကျယ် မြင့်မြတ်သော၊ နတ်တို့၏စည်းစိမ်ရတနာဝတ္ထုကို၊ ယခုမျက်မှောက်

ဘဝ၌၊လှလှပပ, ထယ်ထယ်ဝင့်ဝင့်၊ အဆင်သင့်ရရှိတာပဟာ၊ ရှေး ရှေးဘဝကပြုခဲ့သော- ဒါနကုသိုလ်တွေရဲ့ အကျိုးတရား ပေလား၊ သို့မဟုတ်က၊ လပြည့်,အဘိတ်စသောဥပုသ်နေ့ထူးများ၌၊ ငါးပါး, ရှစ်ပါး, ဆယ်ပါးစသော သီလမျိုးကို ဆောက်တည်စောင့်သုံးခဲ့ဘူး တဲ့အကျိုးတရားပေလား။ သို့မှမဟုတ်လျှင်၊ ဘုရား,ရဟန္တာ,အစရှိ သော အရိယာဂိုဏ်းဝင်, သူတော်စင် ပုဂ္ဂိုလ်တို့အား၊ စေတနာ ထားလှလှနှင့်၊ဦးညွတ်၍-ရှိခိုးခဲ့ဘူးသော ကုသိုလ်ရဲ့ အကျိုးတရား ပေလား။ မည်ကဲ့သို့သော အကျိုးတရားဖြင့်၊ ဤသို့ထူးခြားစွာသော နတ်ဘို့၏ စည်းစိမ်ကို ရရှိတယ် ဆိုတာကို၊ သိသိုသောအကြောင်း ကြောင့်၊မေးမြန်းသောငါ့အား-လျှောက်ထားစမ်းပါ'' ဟု မေးတော် မူလိုရင်းဖြစ်ပေတယ်၊ ၊ဤကဲ့သို့မေးမြန်းတော်မူတဲ့အခါ ကျတော့။ ဘုန်းကံရှင်နတ်သွီးကလဲ၊ မိမိ၏ ကုသိုလ်ကောင်းမှုအကျိုးများကို၊ ဟုတ်မှန်သောအားဖြင့်၊ ဝမ်းမြောက်ဝမ်းသာ ပြန်ကြားလျှောက် ထားပေတယ်၊ ။

(၇) သာဓေဝတာအတ္တမနာ၊ မောဂ္ဂလာနေနပုစ္ဆိတာ၊
ပဉှံပုဋ္ဌာဝိယာကာသိ၊ ယဿကမ္မဿိဒံဖလံ၊ ။

(၇) မောဂ္ဂလာနေန၊ တန်းခိုးဘက်နယ်တွင်၊ ပြိုင်ယှဉ်ဘွယ် ကင်း၍၊ဗောဓိဂံဘွဲ့တော်ကိုနှင်းရသည့်၊ ရှင်မောဂ္ဂလာန်မထေရ်မြတ် သည်။ ပုစ္ဆိတာ၊ သိသိုတော်မူတဲ့အရေးကြောင့်။ မေးမြန်းတော်မူ အပ်သည်ရှိသော်၊သာဓေဝတာ၊ဘုန်းကံသမ္ဘာ၊ ရင့်မာမြင့်ကြီး။ ထို နတ်သွီးသည်။ အတ္တမနာ၊ ရှေးကုသိုလ်ကံ၊ မည်ကဲ့သို့ဖန်သည်ဟု၊ ပြန်လှန်မြော်ထောက်၊ အလွန် ဝမ်းမြောက်လှစွာ။ ပုဋ္ဌာ၊ မေးမြန်း တော်မူတဲ့အတိုင်း၊ ပဉှံ၊မေးတော်မူအပ်တဲ့ ပြဿနာကို၊ မှုံဒ်၊ ဤ တပည့်တော်မ၏စည်းစိမ်သည်၊ ယဿကမ္မဿ၊ အကြင်သို့သော ကုသိုလ်ကံ၏၊ဖလံ၊ အကျိုးပါတရား၊ မှုတိ၊ဤသို့၊ ဝိယာကာသိ၊ ရို သေသောအား၊ဦးညွတ်တွား၍၊ပြန်ကြားဖြေဆို၊ လျှောက်ထားလေ သတည်း၊

(ဂ) ဒိသွာန ဂုဏသမ္ပန္နံ၊ ဈာယိံ ဈာနရတံ သတံ ။
အဒ္ဒါသိံ ပုပ္ဖာဘိကိဏ္ဏံ၊ အာသနံ ဒုဿသန္ထတံ ။

(ဂ) ဘန္တေ ၊ အရှင်မြတ်ဘုရား၊ အဟံ တပည့်တော်မသည်၊ ဂုဏသမ္ပန္နံ၊ သာဝကဂုဏ်နှင့်၊ ပြည့်စုံ လုံလောက် ပေထသော ဈာယိံ ၊ အာရမ္မဏ၊ လက္ခဏာဟု၊ နှစ်ပါးသော ဈာန်တို့နှင့်၊ ကောင်းစွာပြည့်စုံထသော ၊ဝါ၊ ကိလေသာတိုက်၊ မှောင်အမိုက်ကို၊ လောင်မြိုက်စေပြီး ထသော၊ ဈာနရတံ၊ ဈာန်ချမ်းသာတို့၌မွေ့လျော်ပျော်ရွှင်ထသော၊ သတံ၊ သာဝကများစွာ ရှိခဲ့ရာတွင် ပညာဘွဲ့ထူး၊ ဧတဒဂ်ကြူး၍၊ သုံးဦးလှူရှင်၊ ချီးမြှောက်တင်သဖြင့်၊ ထင်ရှားထသော၊ ဝါ၊ သူတော်ကောင်းဖြစ်သော၊ သာရိပုတ္တံ၊ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကို၊ ဒိသွာန၊ ကြည်ညိုစွာ ဖူးမြင်ရ၍၊ ပုပ္ဖာဘိကိဏ္ဏံ၊ ပဒုမ္မာကြာပန်းတို့ဖြင့်၊ အဆန်းတကြယ်ကြဲဖြန့်အပ်ထသော၊ ဒုဿသန္ထတံ၊ အဝတ်ပုဆိုးကောင်းဖြင့် အခင်းကြခင်းအပ်ထသော၊ အာသနံ၊ နေရာခုတင်၊ မြတ်အင်းပျဉ်ကို၊ အဒ္ဒါသိံ၊ စေတနာကြည်ကြည်နှင့်၊ ကောင်းကျိုးကိုရှုယ်ရည်၍၊ ဘယ်သိသောလက်၊ ဦးပြင်မှာယှက်၍၊ နှစ်သက်စွာရှုနှင်းခဲ့ ဘုရားပါသည်ဘုရား။

ဆဲ-ဤဂါထာဖြင့်၊ မိမိသည် ရှေးစဉ်အခါက၊ အခြားမဲ့ဖြစ်သော လူ့ဘဝကိုရရာတွင်၊ ရာဇဂြိုဟ်ပြည်ကြီး၌၊ တဦးသော အမျိုးသမီးတယောက်ဖြစ်တဲ့ကာလ၌၊ ဈာန်သမာပတ်တို့နှင့်ပြည့်စုံ၍၊ အလွန်ကြည်ညိုဘွယ်ကိုဆောင်သော၊ ရှင်သာရိပုတ္တရာမဟာထေရ်မြတ်ကြီးကိုဖူးမြင်ရ၍၊ ဝမ်းမြောက်ဝမ်းသာစွာ၊ ပဒုမ္မာကြာရွက်တို့ဖြင့်ကြဲဖြန့်အပ်သော၊ ခုတင်ညောင်စောင်း၊ ကြာဝတ်မှုန်တို့ဖြင့်လောင်းလျက်ကောင်းမြတ်သော အခင်းကို၊ ခုတင်ပေါ်မှာဖြန့်ခင်းပြီးပျံ့သင်း၍ကြိုင်လှိုင်တဲ့၊ ကြာပန်းခိုင်များကိုလဲ ခုတင်၏လေးဘက်-လေးမျက်နှာက၊ သာယာအောင်တန်းဆာဆင်၍၊ အနားပတ်ဝန်းကျင် မြေအပြင်မှာလဲပန်းပင်,ပန်းပွင့်,ပန်းဝတ်မှုန် အဖူးအညွန့်

တို့ဖြင့်—အထူးကုန်ပြီး စီမံထားတဲ့ နေရာရာတင်နှင့်တကွ-ဆွမ်းဘောဇဉ်အရသာတို့ကို လှူဒါန်းခဲ့ဘူးပါသည် ဘုရားလို့ ဝိမာန်၏ ကုသိုလ် အကြောင်းကို ကောင်းမွန်စွာလျှောက်ထား ခြင်းကိုပြတယ်။

(မှတ်ချက်။ ။အထက်ပါဂါထာ–ဒုတိယပါဒ၌ အချို့သောစာကိုယ်မူတို့မှာ–"ဗျာယိ ဗျာနုရတံသတိ"ဟူ၍ တညီတည်းရှိကြသော်လည်း၊ "သတန္တိ သမာနံသန္တံဝါ သပ္ပုရိသန္တိ အတ္ထော" ဟူသော–အဋ္ဌကထာအရ "သတံ"ဟုရှိမှသင့်လျော်မည်ကိုသတိပြုရာ၏။)

(၉) ဥပဖုံပဒ္မမာလာဟံ။ အာသနသသ သမန္တတော။
အဘ္ဘောကိရိ သံပတ္တေဟိ။ ပသန္နာ သေဟိပါဏိဘိ။ ။

ဘန္တေ ။အရှင်မြတ်ကြီးဘုရား၊ အဟံ၊ တပည့်တော်မသည်၊ အာသနသ၊နေရာရာတင်၊ ခွေအင်းပျဉ်၏။ သမန္တတော၊ လေးရပ်ဝန်းကျင်၊မြေအပြင်၌၊ပတ္တေဟိ၊ အရွက်တို့နှင့်တကွ၊ဥပဖုံ၊ ထက်ဝက်လောက်သော၊ပဒ္မမာလံ၊ပဒုမ္မာကြာ၊ ပန်းများစွာကို၊ပသန္နာ၊ စေတနာဖြင့်၊ဝေဆာကွန့်မြူး၊ အထူးကြည်ညိုသောစိတ်ရှိသည်ဖြစ်၍၊ သေဟိပါဏိဘိ၊ သူတပါးတို့အား၊ စေပါးခြင်းမပြု၊ကိုယ့်မှုကိုယ့်ဘာ၊ကိုယ့်ဥဿုံဖြစ်ကုန်သောလက်တို့ဖြင့်၊အဘ္ဘောကိရိ၊ အထူးပင်တင့်တယ်အောင်ဖြန့်ကြဲလှူဒါန်းခဲ့ဘူးပါသည်ဘုရား။ ။

ဤဂါထာဖြင့် "လူဖြစ်စဉ်ဘဝက ပဒုမ္မာကြာပန်းတို့ဖြင့်-တခန်းတနားကြီးတန်းဆာဆင်၍၊ ရှုမြင်လို့တင့်တယ်အောင် ပြုလုပ်ပြီး၊ ညောင်စောင်း,ခုတင်, နေထိုင်ရာအင်းပျဉ်, ကိုလှူဒါန်းခဲ့ဘူးပါသည်ဘုရား" လို့လျှောက်ထားလိုရင်း ဖြစ်တယ်၊ "ထက်ဝက်သောပဒုမ္မာ ကြာကို၊ ခုတင်ပေါ်မှာခင်း၍၊ ပတ်ဝန်းကျင်မြေသလင်းပေါ်မှာ၊ ပဒုမ္မာကြာထက်ဝက်ခွဲ၍ဖြန့်ကြဲပြီး၊ အလှူပွဲကျင်းပခဲ့ဘူးပါတယ်ဘုရား" လို့လျှောက်ထားခြင်း ပေါ့လေ။ ။အမျိုးသမီး

ကလေးရဲ့ လှူဒါန်းပုံတွေကို။ တယ်ပြီးအကိုယ့်ယူ၍ လှူရာကောင်း ပေတယ်၊

(၁၀) တဿကမ္ဘကုသလဿ၊ ဍုစ်မေ ဣဒိသံ ဖလံ၊
သက္ကာရော ဂရုကာရော၊ ဝေဝါနံ အပစိတာ အဟံ၊ ။

(၁၀) ဘုရား၊ အရှင်မြတ်ကြီး ဘုရား၊ မေ၊ "ဂဇဂေ" နာမ မည်သော၊ ဤဗိမာန်ရှင်တပည့်တော်မ၏၊ ဤဒိသံ၊ ဤသို့သဘောရှိ သော၊ ဆုဒ်၊ ဤရတနာ ဝင်းလျှပ်လှင်နှင့်ငြိကျင်ရုပ်ဗိ။ ပတ်ပတ်လည် ဝယ်၊ နတ်ဝေ ဗိပေါင်း၊ ဦးညွတ်ညွှာင်း၍၊ သောင်းသောင်းမျှမျှ ဝန်းရံခံသဖြင့်၊မြတ်သွသော နတ်စည်းစိမ်သည်၊ တဿကမ္ဘကုသ လဿ၊ လျှောက်ထားခဲ့ပြီး၊ သီးသီးဗုပုံ၊ လုံးဗုံထွေပေါင်း၊ ထိုသို့ သောကုသိုလ်ကံအကြောင်း၏ဖလံ၊ အကာလိက၊ အစွမ် ပြသည့် မကျူပြစ်သောအကျိုးဗုပါဘုရား၊ စ ၊ထိုမှတပန်၊ ကြွင်းကျန်သေး သော အကျိုးဗုကား၊ အဟံ၊ တပည့်တော်မသည်၊ ဝေဝါနံ-ဝေဝေဟိ၊ တာဂတ်သော၊ ဤနတ်ရွာ၌ ရောက်လာကြသူ နတ်ဟူသမျှတို့သည်၊ သက္ကာရော။ အရိုအသေပြုအပ်သောသူပေတည်း။ ဂရုကာရော၊ အ လေးအမြတ်ပြုအပ်သောသူပေတည်း၊ အပစိတာ၊ ချစ်ခင်ကြင်နာ၊ ခင်မင်စွာဖြင့်၊မေတ္တာပြန့်ကြူ၊ပူဇော်အပ်သောသူပေတည်း၊ ။

အဲ-ဤဂါထာဖြင့်၊ရှင်"မဟာမောဂ္ဂလ္လာန်"မထေရ်မြတ်ကြီး၊ချီး မွမ်းထောမနာတော်မူတဲ့ အထဲမှာ-မပါရှိသေးသော၊ ကုသိုလ်အ ကျိုးတရားများကို ပြန်ကြားလျှောက်ထားခြင်းဖြစ်ပေတယ်၊ "ရတ နာဆင်နှင့် ရွှေပလ္လင်စသည်သာမကသေးပါဘူး၊ နတ်အပေါင်းတို့ ကလဲ၊ကောင်းမွန်စွာခညောင်းပြီး-အရိုအသေပြုအပ်တဲ့အကျိုးများ လဲရှိပါသေးတယ်ဘုရား၊ အလေးအမြတ်ပြုအပ်တဲ့အကျိုးကောင်း များလဲရှိပါသေးတယ်ဘုရား၊ ပူဇော် အပ်-ပူဇော်ထိုက်တဲ့အကျိုး ထူးများလဲရှိပါသေးတယ်ဘုရား" လို့လျှောက်ထားလိုရင်းပေါ့လေ၊

ကုသိုလ်ကံ၏အကျိုးဟာ "အကာလိက" အခါမလင့်၊ အခါ မစောင့်-အကျိုးပေးတတ်တယ်ဆိုမဟုတ်သလား၊ "ဘယ်နေ့ဘယ်အ

ခါ၊ ဘယ်ကန္တာကျမှ အကျိုးပေးမယ်၊ ဘယ်ရက်, ဘယ်လ, ဘယ်ဘဝ, ကျမှ အကျိုးပေးမယ်၊ သည်ရက်လတွေ ပိုင်းခြားပြီး မှတ်သားတဲ့ အချိန်ကန့်သန့်ချက် မရှိဘူး” ဆိုလိုတယ်။ အဲ-တနေ့နေ့-တဘဝမှာ လှလှကြီး အကျိုးပေးပြီး၊ အစွမ်းရှိသမျှ အားကုန်ထုတ်လိုက်ရ “အခဟောင်တခါ၊ တကသိတခါ” ဆိုတဲ့ ဒွဲမျိုးနဲ့-ဖွံ့ဖြိုးကြီးကျယ်စွာ အကျိုးတရားတွေ ပေါ်ပေါက်ဖြစ်ထွန်းစေတတ်တဲ့ သတ္တိရှိဘယ်လို့ ဆိုရမှာပေါ့လေ။

အကြောင်းကံ အရင်းက- ငွေကြေးသပြာတွေ များစွာကုန်အောင် လှူဒါန်းခဲ့သည် မဟုတ်သော်လဲ၊ စေတနာထားကြည်ကြည်နှင့် ခင်ဘည်တည့်ထားခဲ့သော စိတ်ဓာတ်တို့၏ တန်ခိုးတွေဟာ၊ ဝေဖြိုးအောင် အကျိုးပေးတတ်ထာကလား။ မှတ်သားပြီး နည်းယူရန် အလွန်ကောင်းပေတယ်။ ကုသိုလ်ကံကြွယ်ဝသူများဟာ, ဘယ်နယ်, ဘယ်ဘဝရောက်ရောက်၊ လူ့အောက်, သူ့အောက်က-ကျရိုးနေရိုး မရှိဘူး။ စိတ်ဓာတ်တွေ ခပ်ရွှန်းရွှန်းနှင့် အထက်တန်း သံသရာမှာ၊ ဖန်ခါခါလှည့်လည်ပြီး၊ အဆုံးစခန်းသို့ ရောက်မြဲပေါ့လေ။ ။

(၁၁) ယောစေသမ္မာဝိမုတ္တာနံ၊ သန္တာနံ ဖြဟ္မစာရိနံ။
ပသန္နော အာသနံ ဒဇ္ဇာ၊ ဇေဝံ နန္ဒေ ယထာ အဟံ။ ။

(၁၂) ယော၊ သံသရာလမ်းခရီး၌၊ အမြော်ကြီးမြော်သော ပညာရှိသူ တော်ကောင်းသည်၊ သမ္မာဝိမုတ္တာနံ၊ ကိလေသာဝဋ်၊ တဏှာသွတ်မှ၊ အလွတ်ကြီးလွတ်ကြကုန်သော၊ သန္တာနံ၊ ကာယကံမှု, ဝစီကံမှု, မနောကံမှု, ဆိုတဲ့ အမှုမျိုးတို့၌၊ ကောင်းမြတ်ကုန်ထသော ဖြဟ္မစာရိနံ၊ မဂ္ဂ, သာသနာ၊ နှစ်ဖြာသော အကျင့်မျိုးတို့၌ အချိုးကျကျင့်ကုန်ပြီးထသော-ရဟန္တာပုဂ္ဂိုလ် တို့အား၊ ပသန္နော၊ သဒ္ဓါ, ဘတ်မိတ်ဖိတ်ယိုကာ နဂိုရ်စိတ်ဓာတ်အားဖြင့်၊ ကြည်ညိုသည် ဖြစ်၍၊ အာသနံ၊ အိပ်ရာ ခုတင်၊ အင်းပျင်, ညောင်စောင်း၊ နေရာ အပေါင်းကို၊ ဒဇ္ဇာ၊ ကံအကျိုးနှင့်၊ သုံးမျိုး ရတနာ၊ ယုံကြည်စွာ ပေးလှူငြားပါ အံ့သော၊ မြော်မြင်သတိ ဆင်ခြင်ဘိသည့်၊ ထိုသို့သော ပညာ

တော်ကောင်းသည်၊ အဟံ၊ တပည့်တော်မသည်၊ နန္ဒေယထေ၊ ယခုအခါ၊ နတ်ဘုံရှာဦး၊ လွှန်စွာပျော်ရွှင်၊ ဝမ်းသာပွဲကြီးဆင်ယင်ရသကဲ့သို့ ဖြစ်ဝံ-တသော၊ ထိုနည်းအတူ မခြားမှု၍သာလျှင်၊ နန္ဒေ၊ စိတ်သာချပေတော့၊ ဖြစ္ဖုပျော်ရွှင်၍ ဝမ်းသာပွဲကြီးဆင်ယင်ရာသတည်း။

ဤဂါထာဖြင့်-ပညာရှိသူတော်ကောင်းတို့အား မိမိလိုကောင်းစေလိုသမြင့်သတိပေးစကား၊ တရားလမ်းပြသော ဒေသနာကိုချော်ထားခြင်းဖြစ်ပေတယ်၊ အဓိပ္ပါယ်ကတော့ သံသရာ လမ်းခရီးမှာ၊ အပန်းတကြီးသွားရမဲ့အရေးတွေကို မြော်တွေးမြင်သိတဲ့-ပညာရှိပုဂ္ဂိုလ်များဟာ၊ တရားနှင့်ဆင်ခြင်ပြီး-ကိလေသာတည်းဟူသော ရန်ခွင်၊ သံသရာနယ်အပြင်မှ၊ ထွက်တန်းလင်၍ အဆုံးစခန်းသို့ ရောက်ပြီးဖြစ်ကြတဲ့၊ စောင့်စည်းသောကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတဲ့တံခါးပေါက်ရှိကြသော၊ မြင့်မြတ်သောလောကုတ္တရာအကျင့်တို့၌သာ၊ အစဉ်တစိုက်ပျော်ပိုက်ပြီးကျင့်ကြံလေ့ရှိကြတဲ့ချဟာနှာ ပုဂ္ဂိုလ်တို့အား၊ စေတနာကြည်ကြည်နှင့်ဖိတ်ဖိတ်လည်သောသဒ္ဓါတရားကိုမွေးမြူပြီး၊ အလေးတမူဂရုပြု၍လှူဒါန်းကြရမယ်”လို့ ဆိုလိုတာပေါ့လေ၊ ။

မိမိကိုယ်တိုင်ကပင်- ထိုသို့လှူဒါန်းခဲ့ရသောအကြောင်းကြောင့်၊ ကောင်းကင်ပျံဆင်ရတနာ စသောနတ်စည်းစိမ်တွေနဲ့ ချမ်းသာနေပြီးကသား။ သူ့လိုဝမ်းမြောက်၊ ဝမ်းသာ ပျော်ရွှင်စွာနေထိုင်၍၊ တမြိုင်ကြီးတဆိုင်ကြီး-ချမ်းသာခသလို ထိုသို့သောပညာရှင်သူတော်ကောင်းဟာ-လဲတဲ့ဘော့နိဗ္ဗာန်-ချမ်းသာခ၍ ပျော်ရွှင်စွာနေရမှာကို စိတ်ချပါဘဲ၊ ။

တယ်ပြီး သနားကရုဏာ ရှိတတ်တဲ့ အမျိုးသမီး ကလေးဘဲ၊ သဒ္ဒါတွေကို၊ မိမိလိုဘဲချမ်းသာစေလိုတဲ့စိတ်ခါဘဲ၊ စိတ်မြတ်ရှိပေတယ်၊ ပညာရှိနတ်သမီးကလေးပေါ့လေ၊ ယခုဂါထာဖြင့်တဲ့တဲ့ကြီးမတိုက်ထွန်းသေးဘူး၊ ညောင်စောင်း၊ ခုတင်၊ အင်းပျင်၊ စသည် လှူဒါန်းက၊ သူ့လိုဘဲအထက်တန်းကျကျဖြစ်ရမှာအမှန်ဘဲလို့-ကံနဲ့သူများ အားသတိပေးစကားဖြစ်ပေတယ်၊

(၁၂) တဿာပိအတ္တကာမေန၊မဟတ္တံ မဘိကင်္ခတာ၊
အာသနံ ဒါတဗ္ဗံဟောတိ၊သရီရန္တိမဓာရိနံ၊ ။

(၁၂) ဟိ၊ သူ့တော်ကောင်းတို့အား၊ အကြောင်းပြ၍၊ နှိုးဆော်တိုက်တွန်းပါဦးအံ့၊တဿာ၊ထိုသို့ကုသိုလ်ဟုန် အသီးအပွင့်တို့၏၊ ကြီးမြင့် ဖွံ့ဖြိုး လေသောကြောင့်၊ အတ္တကာမေန၊ မျက်မှောက်တမလွန်၊ နှစ်တန်သော ဘဝမျိုးတို့၌၊ ကိုယ်ကျိုးကိုယ်စီးပွါးကိုအလိုရှိသော၊ မဟတ္တံ၊ ကုသိုလ် အကျိုး၊ များဖွံ့ဖြိုးသည်၏ အဖြစ်ကို၊ အဘိကင်္ခတာ-အဘိကင်္ခန္တေန၊ တောင်းတမြော်မှိ၊ လွန်စွာ အလို ရှိသော သူတော်ကောင်း ယောကျ်ားသည်၊ သရီရန္တိမဓာရိနံ၊ ကိုယ်ခန္ဓာဘဝ၏ အဆုံး၊ နောက်ဆုံးသောအဖြစ်ကိုဆောင်ကုန်သောရဟန္တာအရှင်မြတ်တို့အား၊ အာသနံ၊ ညောင်စောင်း,ခုတင်,အင်းပျဉ်,စသော နေရာအပေါင်းကို၊ ဒါတဗ္ဗံ၊စေတနာပြတ်၊ သဒ္ဓါတော်ဖြင့်၊ အမြတ်တနိုး၊ကောင်းကျိုးရှာယူ၊ ကြည်ဖြူစွာပေးလှူအပ်သည်၊ ဟောတိ၊ စင်စစ်ဧကန်၊တကယ်မှန်သည်ပေ၏ တကား၊ ။

ဤဂါထာဖြင့်၊ "ပညာရှိယောကျ်ားတို့အား၊တိုက်တွန်းနှိုးဆော်ပြီး၊ "ဥယျောဇနခ" စကားမြွက်ကြားလျှော်ထားခြင်းဖြစ်ပေတယ်၊ မျက်မှောက်တမလွန်- နှစ်တန်သောဘဝသံသရာမှာ၊ ကောင်းမွန်စွာသောကိုယ်ကျိုး, ကိုယ်စီးပွားကိုရှာမှီးပြီး၊ ထက်မြက်လှတဲ့ အကျိုး ဝိပါက် တွေကို မြော်ကိုး တောင့်တ တဲ့ အမျိုးကောင်းယောကျ်ား, သူတော်စင် ပုဂ္ဂိုလ်များသည်၊ စေတနာထားကြည်ကြည်နှင့်-သဒ္ဓါတရားကိုတည်မြဲစေ၍၊ နောက်ဆုံးဘဝ၊ အန္တိမကိုယ်ခန္ဓာရှိတဲ့ ရဟန္တာရှင်-သူတော်စင်ပုဂ္ဂိုလ်တို့အား၊ ညောင်စောင်း,အင်းပျဉ်,ခုတင်, စသောနေရာအပေါင်းကို၊ကောင်းမွန်စွာလှူဒါန်းကြပါ" ဟုဆိုလိုရင်းပေါ့လေ၊ ၊လိမ္မာပြီးအမျိုးသမီးများဆိုတော့၊ ကိုယ်တို့ကိုယ့်ချမ်းသာနှင့်အားမရသေးဘဲ၊ သူတပါးတို့၏ချမ်းသာခြင်းသာကြောင်း၊လမ်းကောင်းကို ညွှန်ပြပြီးအလှူဒါန

အတွက်၊ ဆက်လက်၍တိုက်တွန်းရှာပေသေးတယ်၊ ကုသိုလ်ဟူနှ ခင့်သိး၍ပါဒ၊မိမြင့်ကြိုးသူများမှာတော့၊ ဘယ်အခါ၊ ဘယ်ကာလ မဆို၊ ကိုယ်တိုက်ယှိချမ်းသာ၊ကိုယ်ဥစ္စာကိုသာခွဲကွက်တတ်ယော မဟုတ်ဘူး၊ သူတပါးကိုလဲမိမိကဲ့သို့ပင်၊ ချမ်းချမ်းသာသာကြီးဖြစ် ပြီး၊ပျော်စေချင်တာပေါ့လေ၊ သူတပါးတို့၏ချမ်းသာကိုအမြဲမြင်လို ၍ဘောင်းတစမြဲပေါ့၊

ဤသို့လျှင်"အရှင်မဟာမောဂ္ဂလာန်"ကိုယ်တော်မြတ်ကြီးလဲ လျှောက်ထားချက်တို့ကိုကောင်းစွာမှတ်သားပြီး၊ နတ်သိကြားတို့ ပျော်ရာတာဝတိံသာနတ်ရွာမှ—လူတို့နေရာလူ့ပြည့်ရွာသို့၊ မဟာ သမာပတ်ဈာန်ယဉ်ပျံအတတ်နှင့်၊ ဖြက်ခနဲကွယ်ပျောက်ပြီးပြန်ကြွ လာတော်မူတယ်၊မိမိသည် တာဝတိံသာနတ်ပြည်၌၊ နတ်သမီး၏ လျှောက်ထားချက်တို့နှင့်တကွ၊တွေ့မြင်ခဲ့ရသောနတ်တို့၏စည်းစိမ် ကို။ သုံးလောကဦးခိုင်၊ဘုန်းမကျိုင်သခင်၊ ဘုရင်တကာတို့၏အ မြတ်၊ ဥက္ကဋ္ဌတို့၏အထွဋ်၊ အတုလွတ်ဖြစ်တော်မူသောရှင်တော် ဘုရားအား၊ ရှိသစွာလျှောက်ကြားတော်မူတယ်၊ ။ထိုကဲ့သို့ လျှောက်ထားသောစကားကို၊ရှင်တော်ဘုရားကြားသိတော်မူတဲ့အ ခါမှ၊ များစွာသောဧဟန်းပရိသတ်၊လူပရိသတ်၊ နတ်ပရိသတ်တို့ အား "ရှင်မဟာမောဂ္ဂလာန်"ကိုယ်တော်ကြီးလျှောက်ထားသော အတိုင်း၊ "ငါ၏သားတော် မောဂ္ဂလာန် တွေ့ရှိသိမြင်ခဲ့ရသော အ ကြောင်းအရာတို့သည်၊ ဟုတ်မှန်သောအတိုင်း ဖြစ်ပေတယ်၊ ရာဇ ဂြိုဟ်ပြည်က မည်သည့်အမျိုးသမီးသည်၊ မည်သို့သောဒါနကုသိုလ်ပြု၍၊ မည်ကဲ့သို့သောနတ်ဘုံ၏ စည်းစိမ်ချမ်းသာတွေကိုခံစား,စံစားပြီး၊ ပျော်ပါးရွှင်ပြစွာနေထိုင်ရလေပြီ၊ ငါ၏သားတော်"မောဂ္ဂလာန်" သည်၊ ယခုတာဝတိံသာမှ လူ့ရွာသို့ပြန်လာ၍၊ဟုတ်မှန်သောအ တိုင်း၊ငါ့အားလျှောက်ထားသဖြင့်၊ သိပြီးဖြစ်သောငါဘုရားအား၊ တခါထပ်၍ထိရလေသည်၊ ။သင်တို့သည်လည်း၊ ဤသို့သော ကောင်းမှုကုသိုလ်တို့ကို ပြုပအားထုတ်ကြရမယ်" ဟုဒေသနာ တရားစကားတို့ဖြင့်၊ များပြားစွာသော ယခင်ပရိသတ်တို့အား၊

တိုက်တွန်းနှိုးဆော်တရားတည်းဟူသော စည်တော်ကိုရိုက်ခတ်၍၊ လောကဓာတ်သတ္တဝါတို့အား၊အကျိုးရှိစေတော်မူတယ်။ ။များစွာသော၊လူနှင့်ရဟန်း၊ နတ်ပရိတ်သတ်တို့တွင်၊ ၊ အချို့သူများမှာသောတာပတ္တိဖိုလ်သို့ရောက်၍၊အချို့မှာမူ။ အထက်,အထက်ဖြစ်သောမဂ်ဖိုလ်တို့သို့ ဆိုက်ရောက်ကြတယ်၊ ၊ အချို့မှာရဟန္တာဖြစ်ဖြစ်၍၊ ဝဋ်မြစ်ပြတ်ပြီး၊မြတ်သောဘဝသို့ရောက်ကြတယ်၊အချို့မှာကလျာဏပုထုဇဉ်အဖြစ်သို့ရောက်ကြတယ်၊ အချို့များမှာ၊ သဒ္ဓါတရားတည်းဟူသော ဥစ္စာကောင်း, ဥစ္စာမြတ်ကိုရရှိပြီး။ကံ, ကံ၏အကျိုးနှင့် ရတနာသုံးပါးတို့၌ အားထားယုံကြည်ပြီး၊အလှူကြီးပေးလိုခြင်းစသော ကုသိုလ်စိတ်တွေ၊ တဖိတ်တ်ဖိတ် ယိုစီး၍၊အလွန်ကြီးမြင့်သောအသီးအပွင့်ဆောတဲ့စေတနာခေတ်တွေ၊တိုးတက်လာကြတယ်၊ ။

"ရစနာဂါထာ။"

ယောဇဒိသံဖလံဥတ္တာ၊ဥဘယတ္ထသုခေသကော။
ကရေယျသုကတံပညံ့၊ဥဘယတ္ထ သုခါဝဟံ၊ ။

ဥဘယတ္ထသုခေသကော၊ မျက်မှောက်တမလွန်၊ နှစ်တန်သောဘဝသံသရာတို့၌၊ ကိုယ့်ကျိုး, ကိုယ့်ချမ်းသာကို ရှာမှီးတတ်သော။ ယောယောဒိသော၊အကြင်သို့သောပညာရှိသူတော်ကောင်းယောကျ်ားသည်၊ဇဒိသံ၊ဤယခုဖြခဲ့ပြီးသောသဘောရှိသော၊ ဖလံ၊ကုသိုလ်ကံမျိုး၊ နှစ်ခြိုက်စွာစိုက်ပျိုးသဖြင့်၊ ဖွံ့ဖြိုးကြီးကျယ်သောအကျိုးပေးပုံကို၊ဥတ္တာ၊ပညာသတိ၊ မြော်မြင်သိ၍၊ သုကတံ၊ သူတော်ကောင်းတို့သည်ပြုလုပ်အပ်သော၊ဥဘယတ္ထသုခါဝဟံ၊မျက်မှောက်တမလွန်နှစ်တန်သောဘဝတို့၌၊ ကိုယ်ကျိုး ကိုယ်ချမ်းသာကိုဆောင်ရွက်တတ်သော၊ ပုညံ၊ ဒါန,သီလ၊ စသည်တွေထွေးတွက်ရေများပြား၊ကုသိုလ်ကောင်းမှုတရားကို၊ ကရေယျ၊တဖြေးဖြေးနှင့်'တနွေးနွေးကြီးတွေ မနေနှင့်အရေးတကြီးအားထုတ်၍၊ ခပ်သုတ်သုတ်ပြုလုပ်ရာသတည်း၊

နံပါတ်-၅။ ၊ကုဋုရုဝိမာနဝတ္ထုပြီး၏ ။

## ၁ ဝတ္ထုနံပါတ်—၆။

## ပထမနေ့ဝါဝိမာနဝတ္ထု။

ဘုန်းတော်ခြောက်ဆိုင်-မြတ်ပန်းခိုင်ဖြင့်-ပြန့်လျှံ ယုံသင်း တရားမင်းမှန်ကျ၊သယမ္ဘူမာရဇိန်၊သဗ္ဗညုရေဇရေဇာ ဖြစ်တော်မူလျက်၊ သုံးလောကအတွင်းဝယ်၊ ပြိုင်ဘက်ကင်းတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်သည်၊ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌၊ ရှင်ပျော်နှစ်ခြိုက်၊သီတင်းသုံးတော်မူခိုက်ဝယ် တကျိပ်ခြောက်ပါးကုန်သော-ရဟန်းတော်တို့သည်၊မထင်မရှား၊ အမှတ်မဲ့ ဖြစ်သောရွာတပါး၌၊ ပျော်ပါးစွာသီတင်းသုံးဝါကပ်ပြီး၍ သီတင်း ဝါလကျွတ်သောအခါ၊အစိုးနှင့်ယျူ လောကသော်နှင်း၊တရားမင်း ဖြစ်တော်မူသော ရှင်တော်ဘုရားကိုလည်း ဖူးမြင်ရင်း၊မြတ်သော တရားတော်များကိုလည်း ကြားနာ မှတ်သားရင်း-စိတ်အကြံနှင့်၊ သာဝတ္ထိပြည်သို့ရည်မှန်းပြီး၊ ဒေသစာလမ်းခရီးဖြင့် ကြွလာတော် မူကြပေတယ်၊

ရှင်တော်ဘုရား၊သက်တော်ထင်ရှားရှိစဉ်က၊ အနုပ်ရင်အနယ် နယ်မှာ-သီတင်းသုံးဝါကပ်တော်မူကြသော- ရဟန်းသံဃာတော် ဟူသမျှတို့သည် သီတင်းဝါလကျွတ်ကြသောအခါဝယ်၊ရှင်တော် ဘုရားရှိရာတိုင်းပြည်မြို့ရွာတို့သို့-ရှင်တော်ဘုရားကိုလဲဖူးမျှော်ကန် တော့လိုသောစိတ်ထား၊တရားတော်ကိုလဲနာလိုသောဆန္ဒများဖြင့်၊ သွားရောက်ကြစမြဲဖြစ်ပေတယ်၊

ဤကဲ့သို့ကြွလာကြရာ-ခရီးအခွန့်ကလဲ အတော်ရှည်စွာ သွားရ သည့်ပြင်၊လမ်းစဉ်ခရီးအကြားအရပ်ဒေသများမှာလဲ ရေမရှိသော "နိရုဒက-ကန္တာရ"ခရီးလမ်းဖြစ်တယ်တဲ့၊ "ထမင်းအသက်၊ခု နစ်ရက်၊ရေအသက်၊တမနက်" ဟူသောစကားနှင့်အညီ၊ အခြား တပါးသောအစာအာဟာရများပါးခြင်းထက်၊သောက်ရေ၊သုံးရေရှား ပါးခြင်းဟာ၊ ခရီးသည်ခများများ၏ကြီးစွာ သောပင်ပန်းခြင်းဖြစ်ဘို့ အကြောင်းကြီးတခုပါလေ၊ ၊ရေဆိုတဲ့အနုအားဓာတ်သဘောဟာ၊

အတွင်းသဏ္ဍာန်ဦးရှိတဲ့ အဘည်းနှစ်လုံးတို့အားများစွာကျေးဇူးပြုတတ်ထားကလား။ ရေမရှိ၍ သောက်ခြင်း သုံးခြင်းကိုမပြုရပါလျှင် ကြာရှည်စွာအသက်မတည်နိုင်ဘူးတဲ့။

ထိုတကျိပ်ခြောက်ပါးသော ရဟန်းတော် များမှာလဲ ရေရှိသောခရီးကြီး၌ ရှည်ကြာစွာကြွလာကြရသဖြင့်–ပင်ပန်းကြီးစွာဖြစ်ကြရတာပေါ့၊ ထိုကဲ့သို့သော "နိရုဒက" ခေါ်တဲ့ခရီးခဲလမ်း၌ပင်ပန်းစွာကြွလာရသည့်ပြင်၊ နွေကာလခေါင်ခေါင်ကြီးကလဲဖြစ်သဖြင့်–ပူပြင်းစွာသော နေရောင်စသည်တို့ကလဲ–ပြင်းစွာ နှိပ်စက်ပြန်တော့။ အထူးဘဲဆင်းရဲခြင်းဖြစ်တော်မူကြရရှာတာပေါ့၊ ရေကိုရှာပါသော်လဲဘယ်မှာမှ ရေကိုမတွေ့ဘဲ။တငွေ့ငွေ့ အပူရှိန်ဖမ်းပြီး။ မချွင်မလန်းကြီးဖြစ်ကြရတယ်ဘဲ့၊ ထိုကဲ့သို့–ဘယ်မှာမှရေကိုရှာကြံ၍မရကြသဖြင့်၊တဖြေးဖြေး မြန်းကြွလာခဲ့ကြရာ။တခုသောရွာငယ်နှင့်နီးမဝေးသို့ဆိုက်ရောက်သွားကြသတဲ့။

ရဟန်းတော်များ၏ သီလ, သမာဓိ,စသော တန်ခိုးတော်တို့ကြောင့်၊ တနည်းနည်းဖြင့်ရေကိုရှာကြံ၍–ဆာလောင် မွတ်သိပ်ခြင်းပျောက်အောင်။သောက်သုံးရန်အတွက်–ရှိအုံးမှာပေါ့လေ။ ဘယ်မှာလုံးလုံးလျားလျား–ရေမရဘဲနေနိုင်ပါ့မလဲ၊

အဲ–ဤသို့–မထင်မရှားသော–ရွာငယ်တခု၏ အနီးသို့ရောက်သွားကြပြီးနောက်–ထိုရွာငယ်၌ နေသော–အမျိုးအမည် မထင်မရှားတဲ့ "**ဥပါသိကာ**" မိန်းမ တယောက်ကလဲ–ရေခပ်လို၍–ရေအိုးနှင့်တကွသော–ရေပုန်းကိုယူပြီး–ရေတွင်းရှိရာသို့ သွားသတဲ့။

သည်လိုသွားတဲ့–မိန်းမကို–တကျိပ် ခြောက်ပါးသော ထိုရဟန်းသံဃာတော်များက၊ ရိပ်ခနဲမြင်လိုက်တာနဲ့–သည်–ရေပုန်းရေအိုးနှင့်ဘကွ သွားသောမိန်းမ၏ သွားရာခရီးမှာ–ဧကန်–ရေတွင်းသော်လည်းကောင်း၊ရေကန်သော် လည်းကောင်း ရှိရမယ်သည် မိန်းမသွားရာ ခရီးသို့ လိုက်ကြပါက–ရေကိုကောင်းစွာသောက်ကြမယ်–ဟုသည်ဖြင့်တွေးတောပြီး ထိုမိန်းမသွားရာ အ

ရပ်သို့မျက်နှာမူ၍သွားကြသတဲ့၊ သို့ကလိုသွားကြဘဲ့ အခါမှာမကြာမီပင်-အလွန်ပင်ပျော်ရွှင်ဘွယ် ကောင်းသော သာသစ်ပင်၊ ပါးပင်-စသည့်ဘို့ဖြင့်စိမ်းစိမ်းစိုစိုရှိဘဲ့ ချောင်းတခုကို-ခပ်ဝေးဝေးကမြင်ကြ-တွေ့ကြရ၍ သဖြင့် ချောင်း၏ မနီး မဝေးမှ တကျိပ်ခြောက်ပါးသောရဟန်းတော်များသာ-ရပ်တန့်ကာ တည်နေတော်မူကြသတဲ့၊ ရေခပ်ရန်လာတဲ့မိန်းမကလဲ-ရေခပ်ယူခြင်းကိစ္စပြီးဆုံးပြီဖြစ်၍-ချောင်းမှအိမ်သို့ ပြန်မည်အပြုတွင်- မနီး မဝေးမှ-ရပ်တန့်တည်နေတော်မူကြဘဲ့-တကျိပ်ခြောက်ပါးသောထို ရဟန်းတော်များကိုသွားကနဲတွေ့မြင်ရပါချေတဲ့၊ ။ဤကဲ့သို့သွားကနဲတွေ့မြင် ဖူးမျှော်ရသည်နှင့်တပြိုင်နက်-ထိုရေခပ်လာသူ မိန်းမမှာ "ဩော်-သည်ရဟန်းတော် အရှင်မြတ်များဟာ-သောက်ရေကိုအလိုရှိကြဟန်တူတယ်၊ အလွန်ဘဲ-ဆာလောင် မွတ်သိပ်နေကြတဲ့လက္ခဏာဘဲ၊ ငါသည် ထိုရဟန်းတော်အရှင်တို့အား-ရေကိုခပ်၍ကပ်လှူရလျှင်ကောင်းလေလိမ့်မယ်"ဆဲ့သို့ကလို အကြံအစည်ဖြစ်သွားသတဲ့။ ။ပကတိ ပင်ကိုသဘောက ပညာဉာဏ်ရှိပြီးဖြစ်ဘဲ့အမျိုးသမီးတဦးဖြစ်လေတော့ -ရှုပနိကာယ်ကိုထောက်ပြီး-ဟုတ်မှန်သောအကြောင်းကြံစည်တွေးတောမိဘာပေါ့လေ၊

သာသနာတွင်နှင့် ရှင်တော်ဘုရား၏ လက်ထက်တွင်းဖြစ်လေတော့၊ အားလုံးသောတိုင်းပြည်မြို့ရွာတို့၌၊ ရှိသမျှသော အမျိုးသား, အမျိုးသမီးများမှာ များသောအားဖြင့်၊ လိမ္မာရင့်ကျက်ပြီးဖြစ်၍ သဒ္ဓါဓါတ်ခံလဲ့ဘဲ-ပြည့်ပြည့်ဝဝနဲ့ဖြစ်ကြရတာပေါ့၊ ဆင်းရဲနွမ်းပါးပြီးအလွန်ညှိုးငယ်သောမျက်နှာရှိဘဲ့- ယခင်ရဟန်းတော်များကို မြင်လျှင်ဘဲ၊ အလွန်လှူချင်တဲ့ဆန္ဒတွေဖြစ်ပေါ်လာတဲ့ယခင်မိန်းမသည်အလွန်ကြည်လင်အေးမြသော ရေကိုခပ်၍၊ ရဟန်းတော်မြတ်တို့အား၊ရေကိုဘုဉ်းပေးသုံးဆောင်ရန် ပင့်ဘိတ်လျှောက်ထားသတဲ့၊ သဒ္ဓါတရားပြည့်ဝပြီး အမျိုးသမီးတဦးဖြစ်လေတော့၊ နှစ်နှစ်ခြိုက်ခြိုက်ကြီး၊အလိုက်သိစွာနှင့်-ရေကိုလှူဒါန်းတာပေါ့၊

ဇာပနီမည်သော ဇမ္ဗူနဒရွှေ ဆိုသည်ရှိရာ ဝိမာန်အောက်မှ ရေတို့သည် တန်ခိုးတော်နှင့်ပြည့်စုံ၍ ... (အလိုရှိသည်ဟု) ... ...

အဋ္ဌကထာ၌ မည်သည့်ဆုမြတ်ကိုပန်ဆင်သည်ဟူ၍ အထူးမလာရှိချေ။ ။သို့ရာတွင်။

ဝိသုဒ္ဓိကိတ္တိယသဒ္ဓါ၊သီလံဝိဂတပါပါသံ၊
အာယုဝဏ္ဏံသုခံဗလံ၊ပဋိဘာဏံဒကပ္ပလံ။ ။

ဟူ၍၊ဒသင်္ဂုတ္တရ ပါဠိတော်၌၊မြတ်စွာဘုရားဟောထားသည်ကို ထောက်၍ ကြည်ညိုလေးမြတ်စွာ လှူဒါန်းအပ်သော- ရေအလှူ ကုသိုလ်ကံသည်။ ။(၁) အညစ်အကြေးတို့မှစင်ကြယ်သော ကိုယ်ခန္ဓာရှိခြင်း၊ (၂) ကျော်စောခြင်း၊ (၃) အခြံအရံများခြင်း၊ (၄) လျင်မြန်သောဉာဏ်ပညာရှိခြင်း၊ (၅) ဆားလောင် မွတ်သိပ်ခြင်းမှအမြဲကင်းရခြင်း၊ (၆) အာယုအသက်ရှည်ခြင်း၊ (၇) အဆင်းလှခြင်း၊ (၈) ချမ်းသာကြီးခြင်း၊ (၉) အားခွန် အင်အားကြီးမားခြင်း၊ (၁၀) ဉာဏ်ပညာ ထက်သန်ကြီးပွါး ခြင်း အားဖြင့် ဤ ၁၀-ပါးသောအကျိုးကို ပေးစွမ်းနိုင်သည်ဟု ယုံကြည်ကြရမယ်။ ။

(မှတ်ချက်၊ ။ဤဂါထာသည်ကား၊အင်္ဂုတ္တရပါဠိတော်၌လာ ရှိသောအတိုင်း။ ပညာရှိများဘွဲ့ စီသီကုံးအပ်သော ဂါထာဖြစ် ပေသည်၊)

သို့ကလိုဒါယကာ မိန်းမလှူဒါန်းဆက်ကပ်အပ်သော ရေကို၊ ကောင်းစွာသုံးဆောင်ဘုဉ်းပေးကြပြီး၍၊ မိမိတို့အလိုရှိရာသာဝတ္ထိ ပြည်သို့ရောက်အောင်ကြွသွားကြတာပေါ့၊ ။ဒါယိကာမ-အမျိုးသမီးမှာတော့၊ မိမိပြုလုပ်ရသောရေကုသိုလ်အလှူဒါနကို၊စိတ်နှလုံး၌ မြဲစွာထားပြီး၊ ကြိုကြို,ကြားကြားအခါ၊ ရံဖန်ရံခါကာလများ၌၊ ထိုကုသိုလ်ကိုပွါးများ၍ ကုသိုလ်တမျိုးပွါးစေသတဲ့၊ ။

ပညာရှိသူတော်ကောင်းများ မှတ်ဘာမှာ၊ မိမိတို့ကောင်းစွာပြုအပ်တဲ့၊ကုသိုလ်မှုမျိုးတို့၌၊အကျိုးရှိသည်ထက်ရှိအောင်ကြံဆောင်၍။ အဖန်ဖန် အောက်မေ့ပြီး၊ အထူးပွါးများဆင်ခြင်လေ့ရှိကြတာကလား၊"ဥပ္ပန္နာနံကုသလာနံဘိယျောဘာဝါယ" ဆိုတဲ့ သမ္မပ္ပဓာန်တရားကြီးဟာ ကုသိုလ်ပြုသမား၊ ပညာရှိပုဂ္ဂိုလ်များ၌ တည်နေတတ်တာမျိုးဘဲ၊ ။ပညာမဲ့သူများမှာတော့၊ ကုသိုလ်အကျိုးဖြစ်စေတတ်တဲ့ကောင်းမှုတို့၌မေ့လျော့ပြီး၊ပေါ့ပေါ့ဆဆနှင့် အချိန်ကုန်၍၊ မကောင်းမှုတရားများကိုသာ အထူးသဖြင့် ပွါးများစေတတ်လေကလား၊ ။

အဲ—ဤကဲ့သို့ မိမိပြုလိုက်ရတဲ့ ရေကုသိုလ်ဒါနကို ရံဖန်ရံခါ ကြည်ညိုစွာ နှလုံးသွင်းပြီးနေခဲ့တဲ့ ရေကုသိုလ်ရှင်ဒါယိကာမိန်းမသည်၊အသက်တမ်းအားလျော်စွာ-လူတို့၏ ပြည်၌ပျော် ရွှင်စွာနေပြီးနောက်၊ ခန္ဓာ,အာယတန, ဓာတ်တို့၏ပြောင်ဖြစ်ရာ၊ သံသရာစက်ရဟတ်၌ အကွက်မပြောက်ကျင်လည်သောအားဖြင့်၊ လူတို့ဘဝမှ စုတိစိတ်ကျပြီးသွားပါရောဘဲ့၊

ထိုကဲ့သို့လူ့ဘဝမှ-စုတေပြီးနောက် ပြုခဲ့သောရေကုသိုလ်ဒါန၏ကောင်းမြတ်သောဝိပါကအတွက်၊ တာဝတိံသာနတ်ရွာကြငှန်းမှာ၊"အိပ်ပျော်ယောကျ်ား။နိုးသော်သမီး"ဘွားကနဲဖြစ်ပေါ်ရသတဲ့။"နတ်တို့ဖန်ရေကန်အသင့်ကြာအသင့်" ဆိုသလို ကုသိုလ်ကံစီမံတော့ ဗိမာန်အသင့်ဘုံအသင့်နဲ့ဖြစ်ခဲ့တာပေါ့လေ၊ သို့ကလိုတာဝတိံသာနတ်ရွာဘုံနန်း၌ ဖြောင့်တန်းစွာရောက်ရှိရတဲ့-ယခင်

အမျိုးသမီးမိန်းမဟာ၊ ရေကုသိုလ်၏ အဟုန်အကျိုးဆက်ကြောင့်၊ နတ်ပဒေသာသစ်ပင်တို့ဖြင့် အလွန်တင့်တယ်ဘွယ်ရာတဲ့ ကြီးကျယ်စွာသောနတ်ဗိမာန်ကြီးဖြစ်ပေါ်ရသတဲ့။ "လှံထိုးသေသည်ကိုမြင်ရတယ်၊ ကံထိုးသေသည်ကိုမမြင်ရ" လို့ပြောကြတဲ့ စကားနှင့်အညီ။ ကုသိုလ်ကံက—ရှေးဦးကပင်ကြိုတင်၍ စီမံခန့်ခွဲထားတော့။ အများကြီး—ကြီးကျယ်အလွန်ပင်ဘွယ်ရာတဲ့ နတ်ဗိမာန်ကြီးတခုလို့ဆိုရမှာပေါ့။

အဲ-သည်နတ်ဗိမာန်ကြီး၏ ထက်ဝန်းကျင်အရပ်လေးပါးကို ခြံရံပြီး နေတဲ့ပုလဲ, ရတနာ-ကွန်ရက်တွေကလဲ တဝေဝေနဲ့ အတော်ဘဲကြက်သရေရှိပြီး ယွန်းကားတောက်ပနေသတဲ့၊ အလွန်အကြူးအထူးပွင့်လျက်ရှိသော-ဆွတ်ဆွတ်ဖြူပြီး နေတဲ့ရတနာသဲဖြူ အပွင့်အပြင်ကြီးကလဲ ကြီးကျယ်စွာ ခြံရံနေသတဲ့၊ ပတ္တမြားတုံး, ပတ္တမြားခဲကြီးများလို စိမ်းစိမ်း, ညိုညိုအဆင်းရှိတဲ့ ရေအလျဉ်တွေကလဲ၊ ဗိမာန်၏ လေးဘက်, မျက်နှာ ထက်ဝန်းကျင်အရပ်မှာ၊ ရစ်ခွေကာ စီးပြီး-ရှုမငြီးမှုတင့်တယ်နေတာဘဲတဲ့၊ စိမ်းညိုသောမြစ်တခုကိုဆိုလိုတာပေါ့လေ။ အဲသည်မြစ်ရဲ့-ဟိုမှာဘက်ကမ်းနှင့်၊ သည်မှာဘက်ကမ်းနှစ်ခုတို့မှာ၊ ကြီးကျယ်စွာသော ရေကန်ကြီးတွေဖြစ်ပေါ်လာပြီးလျှင်၊ ဗိမာန်ကြီး၏ တံခါးအဝမှာလဲ ရေကန်ကြီးတခုဖြစ်ပေါ်လာသတဲ့၊ စဉ်းစားကြည့်တော့ အတော်ပျော်ရာကောင်းမှာပေါ့လေ။ ရေချမ်းဒါယကာ, ရေကုသိုလ်ရှင်မှန်သမျှတို့ များစွာအားကျပြီ၊ ဝမ်းမြောက်ဘို့ ကောင်းတယ်။ "တကြိမ်တခါမှာ လိမ်လိမ်မာမာ စေတနာထားပြီး၊ လှူဒါန်းလိုက်တဲ့ ရေကုသိုလ်ရှင်ဒါယကာမှာ၊ ဤမျှလောက်ကြီးကျယ်သော နတ်စည်းစိမ်တွေကိုရရှိသေးတာကလား။ ငါတို့မှာ-နေ့စဉ်, နေ့စဉ် ကြိမ်ဖန်များစွာ၊ စေတနာထား ညီညီနှင့် သဒ္ဓါအင်ရဲရဲ တောက်ပြီး၊ အမြဲသောက်သုံးရန် လှူဒါန်းရတဲ့ ဘုသိုလ်ဟာ-ဘယ်မျှလောက် ကြီးကျယ်အောင်အကျိုးပေးပြီး၊ ကြီးမြတ်တဲ့နတ်စည်းစိမ်တွေကိုရကြမယ်ဆိုတာတွေ၊ မြော်လို့မဆုံးနိုင်တော့ဘူး" စသည်ဖြင့် ရေချမ်းစင်ဒါယကာ-ရေကုသိုလ်ပြုဘူးသူတို့

မှာ၊ မိမိတို့ကုသိုလ်ရတနာကိုအခါခါအောက်မေ့ပြီး ပွါးများကြတို့ပေါ့လေ၊ ။ စေတနာသားကောင်း၏ အကြောင်း ညီညွတ်သော ''ဥဒ္ဒေသဝေဒ ဘောဂဇဉ္ဈာသင်္ဂလဲ-ဥဒ္ဒေသပင်္ကြီး'' မှုကကြီးကျယ်လှသောအကျိုးတရားများကိုပေးစွမ်းနိုင်တာမျိုးကလား။

အဲ-သည့်လိုဖြစ်ပေါ်လာတဲ့ ရေကန်ကြီးတွေမှာလဲ-နတ်ပြည်မှာဖြစ်တဲ့-နတ်ပဒုမ္မာကြာပန်းတွေ, ပုဏ္ဍရိက် ကြာပန်းတွေ,ကြာခေါင်းလောင်းတွေ ဆိုတာမှာတဝေဝေပွင့်ဖူးကြ၍-သူ့ထက်ငါ၊ မသာ-သာအောင်-တင့်ထူးပြီးနေတာဘဲတဲ့၊ပုလဲရတနာကွန့်မြက်တွေဖြာနေတာကလဲတတန်းစမ်းစိမ်းညိုညို့ရေရှိတဲ့မြစ်ကလဲခွေ့ရုံလို့-ရေကန်တွေ ကလဲ၏မြစ်ကမ်း-ဟိုဘက်-သည်ဘက်-နှစ်ချက်စလုံးပတ်၍ နေပြန်၊ အနုံးအပွင့် သန့်သန့်နဲ့ အပြန့်အလှန်တင့်တယ်နေတဲ့ကြာပန်း ကြာပင် တွေကလဲ-ရေကန်မှာ တဝေဝေ-ကြက်သရေအမြဲတော်ကြီးဖြစ်ပြီး အလယ်မှာရှိတဲ့နတ်ဗိမာန်ကြီးက-မြစ်ပြင်မှာ-လှော်ခပ်ရန် ပြင်ဆင်ထားတဲ့-ရတနာ ရွှေလှေတော်ကြီးလို-အထူး တင့်တယ် ပြီးနေတော့ တာပေါ့၊ သို့ကလို-လှေနဲ့တူစွာဖြစ်ပေါ်လာတဲ့ဗိမာန်ကြီးဖြစ်လို့၊ ထိုဒုန်းကံရှင် နတ်သမီး၏ဗိမာန်ကို''နာဝါဝိမာန''လှေနှင့်တူတဲ့ လှေ ဗိမာန်ကြီးလို့ခေါ်ရတယ်၊ ။

အဲ-ယခု-လှေဗိမာန်ကလဲ-အသက်ကပြခဲ့တဲ့ အင်းပျဉ်,ခုတင်ရတနာခင်ဗိမာန်ကြီးများလို-အမျိုးမျိုးကောင်းမြတ်၍-လိုရာအရပ်သို့သွားရောက်ပြီးလှည့်လည်စံပယ်နေရချကြီးပေါ့လေ၊ ။

သို့ကလိုပျော်ရွှင်စရာကောင်းတဲ့-ကြက်သရေပေါင်း ခုလင်စွာရှိသောဗိမာန်ကြီး၏အရှင်နတ်သမီးကညာကလေးဟာလှေဗိမာန်ကြီးနှင့်တခန်းတနားကြီး-ခံစားစံစား အထူးပင်ပျော်ပါး၍၊ ဟိုဟိုသည်သည် အလီလီသော အရပ်တို့သို့လှည့်လည်သွားလာကာနေသတဲ့၊ ။

အဲ-တနေ့သောအခါ-''ရှင်မဟာမောဂ္ဂလ္လာန်''မထေရ်မြတ်ကြီးသည်-တာဝတိံသာနတ်တို့ ရွာသို့ ဈာန်သမာပတ်ဖြင့် ကြွ

သွားတော်မူရာ၊ ကြီးစွာသောမြစ်ဖြင့်ခွဲရ၍ရေကန်တို့၏အလယ်၊ အလွန်တင့်တယ်သော“**လှေဗိမာန်ကြီး**”၌ ပျော်ပါးစွာ ကစားမြူး တူးပြီးနေတဲ့ ကောင်းမှုကံရှင်နတ်သမီးကလေးကိုဘုရားက နဲတွေ့မြင် ပါရော၊ သို့ကလိုတွေ့မြင်တဲ့အခါမှာ “**ဒုင်မှမားသမောဒ္ဓဘေသန်**” မ ထေရ်မြတ်ကြီးက ရှေးရှေးဝတ္ထုတို့နည်းတူ အနီးအပါ သို့ချဉ်း ကပ်၍ မြတ်လှသောစည်းစိမ်ရှင်ကလေးကို-ကုသိုလ် ကောင်းမှု၏ အကြောင်းကိုပြန်ပြောင်းကာမေးမြန်းထော်မူတယ်၊ ။

(၁) သုဝဏ္ဏာဆဒနံနာ၊ဝံနာရိအာရုယှတိဌသိ၊
ဩဂါဟသိပေါက္ခရဏိံ၊ပဒ္မံဆိန္ဒသိပါဏိနာ၊ ။

(၁) နာရိ၊ဘုန်းကံမြင့်ကြီး၊အိုနတ်သမီး၊တွင်၊ သင်နတ်သမီး သည်၊ သုဝဏ္ဏဆဒနံ၊နရံ့နှစ်ဘက်၊အထက်မျက်နှာ၊ တွင်းပြင်သာ ဝယ်၊ ရောင်ဝါထိန်လျှပ်၊ ရွှေဖြင့်ပြုအပ်သောတန်းဆာတို့ဖြင့်ဖုံး လွှမ်းအပ်ထသော၊နာဝံ၊ ဗိမာန်အပြင်၊ လှေယဉ်ရတနာထက်သို့၊ အာရုယှ၊တြက်သရေတိနဲညီး၊ ဘက်ခါစီး၍၊ တိဋ္ဌသိ၊ ပျော် ရွှင် သောအဖ်း၊ ကြည်လင်သောစိတ်ထားဖြင့်၊မားမား မတ်မတ်-နတ် ၌ဖြစ်သောပဒုမ္မာကြာပန်းတို့ဖြင့်၊ တင့်ဆန်းအပွန်၊နတ်ရေကန်သို့၊ ဩဂါဟသိ၊ချမ်းသာအနေ၊သက်ဆင်းပေ၏တကား၊တွင်၊ သင်နတ် သမီးသည်၊ပါဏိနာ၊မိမိ၏လက်ဖြင့်၊ပဒ္မံ၊ငွေဖြင့်ပြီးသောအရိုး အမျိုး မျိုးသော ရတနာဖြင့်ပြီးသောအရွက်၊ဝတ်မှုန်ရှိသောပဒုမ္မာကြာပန်း ကို၊ဆိန္ဒသိ၊စံပယ်ပန်ဆင်လိုသောအနေ၊ဖြတ်တောက်ပေ၏တကား၊ ဆဲ-သို့ကလို၊ပထမဂါထာဖြင့်၊နတ်သမီး၏စည်းစိမ်နှင့်၊ကြီးသူသော ဂုဏ်ကိုရှု၍မေးမြန်း နှုတ်ဆက်တော်မူတယ်၊ အဓိပ္ပါယ်ကတော့၊ လှေနှင့်တူတဲ့ယခင် ဗိမာန်ကြီးဟာ-များစွာ တင့်တယ် ကြောင်းကို၊ ဆိုလိုရင်းပေါ့လေ၊ ၊ထိုလှေဗိမာန်ကြီး၏ နံပါးနှစ်ဘက်၌အထူး ထူးအပြားပြားသောတန်းဆာတို့ဖြင့်ဆင်ယင်ခါထား၍၊ **နီ**သောရွှေ ဖြင့်ပြုအပ်တဲ့နံပါးနှစ်ဘက်တို့က၊ အရောင်တွေတဝေဝေနေအောင် ကြက်သရေဂွန့်မြူးပြီး၊ အထူးတင့်တယ်စွာ၊ အဘွင်းဖြစ်တဲ့လှေ

ဝမ်းသားကို-တခန်း တနားကြီး ဖုံးအုပ်ထားတယ်တဲ့၊ ။လေး ဘက်လေးမျက်နှာကလဲ ရတနာကုန်းရက်တို့ဖြင့်၊ လေလှိုင်ရပါတဲ့ ပန်းခိုင်,ပန်းဖူး,တွေလို။ အလွန်အကြူး၊ အထူးတင့်တယ်နေသတဲ့၊ နတ်သမီး၏ ကိုယ်ခန္ဓာမှာလဲ၊ ရွှေတန်းဆာတွေနဲ့သာ ဆင်ယင်ပြီး၊ ရွှေငင်,ရွှေခဲကြီးလိုဖြစ်နေသတဲ့ "ဥမ္မာဒန္တီအဋ္ဌကထာ" ကြီးမှာ၊ သေချာစွာပြဆိုလျက်ရှိပေတယ်၊ ။

သိကြားမင်းကြီးကျယ်တဲ့စည်းစိမ်တွေကို "ရှင်မဟာမောဂ္ဂလ္လာန်" ကိုယ်တော်မြတ်ကြီးကမြင်ရသဖြင့်၊ ။သူငယ်ချင်း ဒေဝနတ်၊ ။လို့မိန့် ကြားပြီးမေးမြန်းချီးမွမ်းတော်မူတယ်၊ ။ဒေဝနတ်ကွန်းမင်းနတ်သမီး က လေးကလဲ၊ ဖူးစီး၍အငြိမ်းပြေရင်း၊ အဆင်းသဏ္ဌာန်ကလဲ အလွန် လှ၊ အရိုးကလဲငွေရိုး၊ ရတနာအသူးထူးဖြင့်ပြီးတဲ့အရွက်၊ ရွှေဖြင့် ပြီးတဲ့ဝတ်မှုန်, ဝတ်ဆံရှိတဲ့ရတနာပဒုမ္မာနတ်ပန်းခိုင်ကို၊ မြိုင်မြိုင် ကြီးပန်ဆင်၍ စံပါယ်ချင်တဲ့ စိတ်ထားဖြင့်ချီးဖြတ်ယူနေသည်ကို တွေ့ရသဖြင့်၊ ။ပဒုံဆိုနှသိပါကြိနှာ၊ ။ဟူ၍မိန့်ကြားတော်မူတယ်၊ သူ့အကြောင်းနဲ့သူ့ကံ-စီမံသလို အမျိုးမျိုး အကျိုးပေးကြတာက လား။နတ်ရွာများမှာတော့ ဘယ်မှာယှဉ်ညှိနိုင်တော့မလဲ၊ တမြိုင် ကြီး,တဆိုင်ကြီး-ခိုင်ပြီးသောအကျိုးတရားတွေ၊ တိုးပွါးပြီးခံစား, စံစားကြရပေတာပေါ့၊ နှစ်နှစ် ခြိုက်ခြိုက် စိတ်အလိုသို့ လိုက်ပြီး၊ ကြိုက်သလိုနေထိုင်ခွင့်တွေ ရကြတာကလား၊ ။လူ့ပြည်မှာရှိတဲ့၊ လူတွေဟာ—မိမိအကြောင်းကံအလျောက်ထောက်ပံ့ရရှိတဲ့ လော ကီစည်းစိမ်တွေကိုအမျိုးမျိုးခံစားပြီး၊ ပျော်ပါးစွာနေထိုင်ကြသလို ပေါ့လေ၊ အကျိုးပေးတဲ့အတိုင်း အထူးထူးအပြားပြား၊ အလွန် များလှတဲ့စည်းစိမ်တွေကိုရရှိကြပြီး၊ စိတ်အလိုရှိတိုင်းသွားလာနေ ထိုင်နိုင်ကြပေတာပေါ့၊ ။

(၂) ကောနုတေ့တာဒိသောဝဏ္ဏော၊ ကေနတေ့ဣဓမိဇ္ဈတိ၊ ဥပ္ပဇ္ဇန္တိစတေဘောဂါ၊ ယေကေစိမနသော ပိယာ။ ။

(၂) ၊ ဒေဝတော၊ဘုန်းကံမြင့်ကြီး၊အိုနတ်သမီး၊တော၊ သင်နတ်သမီး၏၊တာဒိသော၊ ရတနာ ရွှေယှဉ်၊ ငမောသွင်သို့၊ပျော်ရွှင်နှစ်မြို့ ထိုသို့သဘောရှိသော၊ဝါ ကြည်လင်သာမော၊ ထိုသို့သဘောရှိသော၊ ဝဏ္ဏော၊ တင့်တယ်အမှန်၊ လှေဗိမာန်နှင့်၊ ကိုယ်ဟန်ထိန်လင်း၊ ပေဝင်းသည့်၊ အဆင်းအရောင်သည်၊ ကေန၊ အဘယ်သို့သောကောင်းမှုကုသိုလ်ကံကြောင့်၊ဇာတော၊တာဝတိံသာ၊ဤနတ်ရွာ၌၊ ထင်ရှားစွာဖြစ်ပေါ်ရသနည်း၊ဇာ ၊တာဝတိံသာ၊ဤနတ်ရွာ၌၊ ကေန၊အဘယ်သို့သောကောင်းမှုကုသိုလ်ကံအထူးကြောင့်၊တော၊ သင်နတ်သမီးအား၊ဣဇ္ဈတိ၊စိတ်ကြိုက်တိုင်းအကုန်၊အလိုရှိတိုင်းခြုံ၍၊ပြည့်စုံဘိသနည်း၊ မနသောပိယာ၊ ရှုမြင်သူတို့၏စိတ်နှလုံး၌၊ ရွှင်ပြုံးနှစ်သက်အပ်ကုန်သော၊ ယေကေစိ ဘောဂါ၊ များပြားလှစွာ၊ ရောင်ဝါထိန်ပြောင်၊ နတ်တို့၏အသုံးအဆောင်တို့သည်၊တော၊ သင်နတ်သမီးအား၊ကေန၊ အဘယ်ကဲ့သို့ကုသိုလ်ကောင်းမှုကံ အထူးကြောင့်၊ ဥပ္ပဇ္ဇန္တိ၊ဖြစ်ပေါ်ကြလေကုန်သနည်း၊ ၊

ဤဂါထာဖြင့်၊နတ်သမီး၏ကြီးမြတ်သောစည်းစိမ်ကိုရခြင်း၏ရှေးဘဝက-ပြုခဲ့သော အကြောင်းကံကို မေးမြန်းတော်မူတယ်၊ ကုသိုလ်ကံ၏ အကြောင်းကိုရပေါင်း၍လျှောက်ထားရန် မေးမြန်းခြင်းပေါ့လေ၊ ၊

(၃) ပုဋ္ဌာမိတံဒေဝိမဟာနုဘာဝေ၊
မနုဿဘူတာကိမကာသိပုညံ၊
ကေနာသိဧဝံဇလိတာနုဘာဝေါ၊
ဝဏ္ဏောစတေသဗ္ဗဒိသာပဘာသတိ၊

(၃) မဟာနုဘာဝေ၊ ကြီးကျယ်မြင့်မြတ်သည့်တန်ခိုးအာနုဘော်ရှိပေသော၊ဒေဝိ၊ အိုနတ်သမီး၊ တံ၊သင်နတ်သမီးကို၊ ပုဋ္ဌာမိ၊ သိလိုသော အရေးကြောင့်၊ ငါမေးမြန်းပါအံ့၊ တွံ၊သင်နတ်သမီးသည်၊မနုဿဘူတာ၊ လူ့ဘဝတွင်ဖြစ်ရစဉ်အခါကာလက၊ ကိံ ပုညံ ကြီးမြတ်ဖွံ့ဖြိုး အဘယ်သို့သောကုသိုလ်ကောင်းမှုမျိုးကို၊အ

ကာသိ၊ကျင့်ကြံအားထုတ် ပြုလုပ်ခဲ့ပေသနည်း။ကောန၊ အဘယ်သို့သောကုသိုလ် အဟုန်ကြောင့်၊ ဖိုဇလိဘော၊ရွှေရောင်,ငွေရောင်, ထိန်တပြောင်ပြောင်ဖြင့်။တောက်လောင်လုနီး၊ယိုဖွတ်စီးလျက်၊ ဤသို့အကြီးအကျယ် ထွန်းတောက်ပသော၊အာနုဘာဝေါ၊ တန်းခိုးအာနုဘော်အရသည်၊ အသိ၊ဖြစ်ပေါ်ရပါသနည်း၊ဘော သင်နတ်သို့း၏။ ဂန္ဓောသ၊ကိုယ်အဆင်းအရောင်သည်ကား၊သဗ္ဗဒိသာ-သဗ္ဗဒိသာ သု။လေးရပ်မျက်နှာ၊နယ်တကာတို့၌၊ပဘာသတိ၊ စိတ်ကြည်လင်ဘွယ်၊လွန်တင့်တယ်၍၊ကြီးကျယ်ဖြန့်ဖိုး၊ဘုန်းတန်ခိုးဖြင့်၊ အမျိုးမျိုးတောက်ပပေ၏တကား၊

အဲ-ဤကဲ့သို့“ရှင်မဟာမောဂ္ဂလာန်”မထေရ်မြတ်ကြီးက၊နတ်သို့း၏ဘုံဗိမာန်နှင့်တကွ၊ကိုယ်ရောင်ကိုယ်ဝါ၊ အဖြာဖြာသောနတ်သို့း၏ဘုန်းခိုးအာနုဘော်တွေကိုရှုစားပြီး၊ “အို-နတ်သို့း ဘုံဗိမာန်အရောင်၊ တပြောင်ပြောင် တောက်လောင်နေသော အကြားမှာ၊ ရွှေသား,ရွှေခဲကြီး၏အရောင်တွေ၊တပြောင်ပြောင်ထိန်လက်သလို၊ သင်၏ခန္ဓာကိုယ်မှ၊ဟိုဟို,သည်သည်၊ လေးလီသော နယ်မျက်နှာအရပ်၌၊ တလျှပ်လျှပ်,တထိန်ထိန်၊ တရှိန်ရှိန် တောက်လင်း၍နေသေးတော့သည်တကား၊ သင်နတ်သို့းသည်၊ လူသားစင်စစ်ဖြစ်ရသောအခါဝယ်၊ အဘယ်သို့သော ကောင်းမှုကုသိုလ်ထူးများကို၊ ဆည်းပူးကျင့်ကြံ၍၊ ပြုလုပ်အားထုတ်ခဲ့ဘူးပါသလဲ” လို့မေးမြန်းတော်မူခြင်းဖြစ်ပေတယ်၊ ထိုကဲ့သို့မေးမြန်းသည်ကို၊ နတ်သို့းကရိုသေစွာ ဖိဘ်ထား၍၊ ဝမ်းမြောက် ဝမ်းသာစွာနှင့်ပင် ဖြေကြားလျှောက်ထားပေတယ်၊

(၄) သာဒေဝတာအတ္တမနာ၊မောဂ္ဂလာနေနပုစ္ဆိတာ၊
ပဥှံပုဋ္ဌာဗျာကာသိ၊ယဿကမ္မဿိဒံ ဖလံ၊ ။

(၄) မောဂ္ဂလာနေန၊ “ရှင်မဟာမောဂ္ဂလာန်” မထေရ်မြတ်သည်၊ပုစ္ဆိတာ၊သိလိုတော်မူသောအမေးဖြင့် မေးမြန်းတော်မူအပ်သောကြောင့်၊ဝါ၊ မေးမြန်းတော်မူအပ်သည်ဖြစ်သော်၊သာဒေဝတာ၊

ထိုဘုန်းကံမြင့်ကြီး။ နတ်သမီးသည်၊ အတ္တမနာ။ ရွှင်လန်းအားရ၊ ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍၊ ပုဋ္ဌော၊ မေးမြန်းချက်ရှိသောအတိုင်း၊ ဗျာဒိဖလံ၊ တာဝတိံသာ၊ နတ်တို့ရွာ၌၊ ကောင်းစွာဖြစ်ပေါ်ရသော၏အကျိုးတရားရသည်၊ ယဿကမ္မဿ၊ အကြောင်းသို့သော ကုသိုလ်ကောင်းမှု၏ ဖလံ၊ အကျိုးတရားပါတည်း၊ ဣတိ၊ ဤသို့ သောအားဖြင့်၊ ပုဋ္ဌ၊ မေးမြန်းချက်ရှိသောပြဿနာကို၊ ဝိယာကာသိ၊ ဟုတ်မှန်သောအား၊ ဖြေပြန်ကြား၍၊ ဝပ်တွားရိုကျိုး၊ ရှိခိုးလျှောက်ထားလေသတည်း။

* အဲ—ဤဂါထာဖြင့်"ရှင်မောဂ္ဂလ္လာန်" မထေရ်မြတ်ကြီး၊ မေးမြန်းတော်မူသော အတိုင်း၊ ဟိုရှေးရှေးဘဝ-လူဖြစ်စဉ်ကာလ က ဒါန့်သီလ၊ စသည်များဖြင့်၊ ကုသိုလ်အင်ဟူသမျှတွင် မည်သည့် ကုသိုလ်ကံအဟုန်ကြောင့်၊ ဤတာဝတိံသာနတ်ဘုံ၌၊ ပြည့်စုံတင့် တယ်-ကြက်သရေတွေ အသွယ်သွယ်နှင့် ဖြစ်လာရပါတယ်ဘုရား လို့လျှောက်ထားဖြေကြားသည်ကိုပြတယ်။ ။

(၂) အဟံမနုဿေသုမနုဿဘူတာ
ပုရိမာယ ဇာတိယာမနုဿလောကေ၊
ဒိသွာနဘိက္ခုံတသိတံကိလန္တံ
ဥဋ္ဌာယပါဘုံဥဒကံအဒါသိံ။

(၃) ဘန္တေ၊ အရှင်မြတ်ဘုရား၊ မနုဿေသု၊ များစွာသောသင်း သင်း၊ လူအပေါင်းတို့၌၊ မနုဿဘူတာ၊ လူသားစင်စစ်၊ ဖြစ်၍ဖြစ် သော၊ အဟံ၊ တပည့်တော်မသည်၊ ပုရိမာယ ဇာတိယာ၊ ရှေးကဖြစ် သောဘဝ၌၊ မနုဿလောကေ၊ လူတို့၏လောက၌၊ တသိတံ၊ ဆာ လောင်ဘိမှိုင်၊ အလွန်ပင်မွတ်သိပ်ကုန်သော၊ ကိလန္တံ၊ အခွန့်ရှည့် စွာ၊ ကန္တာရခရီး၊ နွေကြီးခါတွင်၊ ကြွလာစဉ်ဖြင့်၊ မရွှင်ပင်ပန်း၊ ညှိုး နွမ်းသောကိုယ်ရှိကြကုန်သော၊ ဘိက္ခုံ၊ တကျိုပ်ခြောက်ပါးသော ရဟန်းတော်မြတ်တို့ကို၊ ဒိသွာန၊ ရေခပ်အသွားတွင် ဘွားကနဲတွေ့ မြင်ရ၍၊ ဝါ၊ တွေ့မြင်ရလေသောကြောင့်၊ ဥဋ္ဌာယ၊ ပျင်းရိဖင့်နွဲခြင်းမ

ရှိဘဲလျှင်မြန်စွာထလတ်၍၊ ပါ ... ချမ်းသာ ရွှင်လန်းပင်ပန်းကင်း ပျောက်၊ ကောင်းစွာ သောက်တော်မူကြပေခြင်းအကျိုး ... ၊ စိမ်းညို့ သ ... ထွေ၊ ကြည်လင်သော ... ကို၊ အဒါ ... ပေးသော ဇေ ... သန့်သန့်နှင့်အမှန်ပင်ပေး ... ပါသည် ... ရှား။

ဤဂါထာဖြင့် "မိမိသည်ရေး ... လျှော်သော ... တခွင် ... ဖြစ်စဉ်ဘာ ... ခရီးပန်း ... သွိုးနွမ်းစွာ ... သောဘဲ့ ဘကျိုင်ခြောက် ပါးသော ရဟန်းတော်ဘို့အား ... ကောင်းမွန်သန့်ရှင်း-ကြည်လင်ခြင်း နှင့်ပြည့်စုံသော ရေကို ... ပူဇော် ... ပါသည် ... " လို လျှောက်ထားခြင်းဖြစ်ပေတယ်၊ ဆိုလိုရင်း အဓိပ္ပါယ်သဘော က "ဤကဲ့သို့သော ကောင်းမှုဖြင့် ... ရ အရှင် ... တွေမြင်ရတဲ့ ... တို့၏စည်းစိမ်ချမ်း ... ကြီးကို ရရှိ တယ် ... " လို ... ရင်း ဖြစ်ပေတယ်၊

ဒီဒီပြုခဲ့တဲ့ကုသိုလ်ကောင်းမှု ... ဖြန့် လျှောက်ထားသဖြင့် ... ရ ... မှာ ထိုကုသိုလ်ကြောင့်-ဤ ... ကြီးမြတ်သော ... ၏ ညွှန်းဝင်းကိုရောက်ပါတယ် ... လို့လျှောက်ထား ... ပါလဲ၊ အဓိပ္ပါယ်သဘောအားဖြင့်ငြိုးငြိုးသားပါလေ ကုသိုလ်ရှင်နတ်သား ကိုယ်တိုင်ကပင်မိမိကုသိုလ်ကံ အကြောင်းကို-လျှောက်ထား သ ဖြင့်-ကုသိုလ်,အကုသိုလ်တို့မှာ-နည်းသော,များသော ငယ်သော, ကြီးသော,နွေးချယ်စိုစိတ်ဘိုးရှိဘူးသဒ္ဒါပန်းပွင့်၍-အခြင်သင့်ဖြစ် သောသူ့ဘွယ် ... ရှိမည်၊ အလှူခံပုဂ္ဂိုလ်နှင့်သဲကြုံကြိုက်တွေ့ဆုံ မည်၊ ဤသို့သောအကြောင်းများနှင့်ညီ ... ခဲ့ပါလျှင် ... တနား ပြုပြု နှင့်မည်သည့်အ ... မျိုးမဆိုလှူ ... ကား-သန့်စွမ်းသော ... ကျိုး ... တ ရားတွေကိုရရှိနိုင်တယ်ဆိုတာကိုသေချာစွာမှတ်သားကြရပေ၏။

(၄) ယော ... ကိလ ... ဒံ့ပိပါသိတာ ...
ဥ ... ယပေ ... ဥ ... ကံဒဒါတိ၊
သီတော ... ဝ ... ၊
ဗဟုဋ္ဌ ... ဗဟုပုဏ္ဏရိကာ၊

တမာသဘာနုပရိယန္တိ သဗ္ဗဒါ၊
သီတောဒကာ ဝါလုကသန္ထတာ နဒီ၊ ။

(၆)ဘန္တေ၊ အရှင်ကိုယ်တော်မြတ်ကြီးဘုရား၊ ယော-ယာဒိသော၊ အကြင်သို့သောဘောရှိသော ပညာရှိ ယောက်ျားသည်၊ ကိလန္တာနံ၊ ကိုယ်စိတ်မလန်း၊ အပင်ပန်းကြီးပင်ပန်းကြကုန်သော၊ ပိပါသိတာနံ၊ ရေကိုမချသဖြင့်၊ ပြင်းစွာဆာလောင်မွတ်သိပ်ကြကုန်သော၊ ဘိက္ခူနံ၊ သံသရာဘေးကို၊ မြော်တွေးတတ်ဘိ၊ ပညာရှိသူတော်ကောင်းတို့အား၊ ဝေ-ဧကန္တေန၊ တကယ့်အဟုတ်သဘောအားဖြင့်၊ ဥဒ္ဒာယ၊ ကြည်လင်သန့်မှု၊ လုံ့လပြု၍၊ ပါတုံ၊ ဘုဉ်းပေးသောက်သုံးရန်အကျိုးငှါ၊ ဒကံ၊ ကြည်လင်လှစွာသောရေကို၊ ဒဒါတိ၊ စေတနာစောမြတ်ဖြင့်၊ အသေအချာသဘောဖြစ်၍လှူဒါန်းပေ၏၊ တဿ၊ ထိုရေကုသိုလ်အမှုကိုကောင်းစွာပြုလိုက်သောသူအား၊ သီတောဒကာ၊ ကြည်လင်အေးမြသောရေရှိကုန်သော၊ ဗဟုတ္တမလျာ၊ များပြားစွာသော ပဒုမ္မာစသောကြာပန်းတို့ဖြင့်-အခဲနှံ အကြွယ်ရှိကုန်ပသော၊ ဗဟုပုဏ္ဍရိကာ၊ ပုဏ္ဍရိက်ကြာ၊ များပြားစွာတို့ဖြင့်၊ အဖြာဖြာ ပေါက်ရောက်ကုန်ထသော၊ နဒ္ဓော၊ စိမ်းစိမ်းညို့သောရေအလျဉ်ရှိသောမြစ်တို့သည်၊ ဘဝန္တိ၊ ကုသိုလ်ကံတန်ခိုးကြောင့်၊ ဖွံ့ဖြိုးကြီးကျယ်စွာဖြစ်လာကြကုန်ရသတည်း၊ တံ၊ ထိုသို့ပြဆိုခဲ့သောဗိမာန်ကြီးကို၊ အာသဘာ၊ မှန်မြတ်လှသော၊ သီတောဒကာ၊ အေးမြသောရေရှိကုန်သော၊ ဝါလုကသန္ထတာ၊ ဖွေးဖွေးဖြူပွင့်သောသဲတို့ဖြင့်ဖြန့်ကြဲခင်းကျင်းအပ်ကုန်သော၊ နဒီ၊ ကြည်နူးဘွယ်ကောင်းသောမြစ်တို့သည်၊ သဗ္ဗဒါ၊ အခါမပြတ် တလစပ်သာလျှင်၊ အနုပရိယန္တိ၊ ဝန်းရံသောအား၊ ခြံရံ၍ထားကြကုန်၏၊

ဤဂါထာတို့ဖြင့်-မိမိကိုယ်ကို တိုက်ရိုက်မသျှောက်ထားဘဲ ပညာရှိယောက်ျား-သူတော်ကောင်း များသည်ရေကုသိုလ် ဒါနကိုအထက်ကပြခဲ့သော အတိုင်းပြုလုပ်ကြပါမူ-ကြာအမျိုးမျိုးတို့ဖြင့်တင့်တယ်စွာ ပေါက်ရောက်နေတဲ့မြစ် ရေအလျဉ်တွေ ဝန်းရံ

ငြိမ်း-ပျော် ရွှင်ဘွယ်ကောင်းတဲ့ "နတ်ဘုံဗိမာန်ကြီး" တွေများရှိ
တယ်ဆိုလိုတာပေါ့။

(၇) အမ္ဗာစသာလာတိလကာစဇမ္ဗုယော၊
ဥဒ္ဒါလကာပါဋလိယောစဖုလ္လာ၊
တံဘူမိဘာဂေဟိဥပေတရူပံ၊
ဝိမာနသေဋ္ဌံဘုသသောဘမာန၊
တဿီဒံကမ္မဿအယံဝိပါကော၊
ဧတာဒိသံပုညကတာလဘန္တိ၊

(၇) ဘန္တေ၊ အရှင်မြတ်ကြီးဖုရား၊ အမ္ဗာစ၊ သရက်ပင်တို့သည်လည်းကောင်း၊ သာလာစ၊ အင်ကြင်းပင်တို့ သည်လည်းကောင်း၊ တိလကာစ၊ ပြည့်စင်ပင်တို့သည်လည်းကောင်း၊ ဝါ၊ ချဉ်ပစ်ပင် တို့သည်လည်းကောင်း၊ ဇမ္ဗုယောစ၊ သပြေပင်တို့သည်လည်းကောင်း၊ ဥဒ္ဒါလကာစ၊ ငုရွှေပင်တို့သည်လည်းကောင်း၊ ဖုလ္လာ အဖူးအညွှန့်တို့ဖြင့်၊ မြူးကွန့်ဝေဝေ၊ ပွင့်၍နေကြကုန်သော၊ ပါဋလိယောစ၊ သံသတ်ပင်တို့သည်လည်းကောင်း၊ သန္တိ၊ ဥယျာဉ်အတွင်း၌၊ ထင်လင်းစွာရှိကြပေကုန်၏၊ တံဘူမိဘာဂေဟိ၊ ထိုသို့သောသဘောရှိသော ခရေကန်-ဥယျာဉ်၊ တန်ဆာဆင်၍၊ ပျော် ရွှင်စေအပ်၊ အလွန်ကောင်းမြတ်သော မြေအရပ်တို့နှင့်၊ ဥပေတရူပံ၊ တင့်တယ်ကုန်လုံးပြည့်စုံသော သဘောရှိသော၊ ဘုသသောဘမာနံ၊ အလွန်တင့်တယ်ပေထသော၊ ဝိမာနသေဋ္ဌံ၊ မြတ်သော နတ်ဗိမာန်ကို၊ သော၊ ထိုဧရာကုသိုလ်ရှင်၊ သူတော်စင်ယောကျ်ားသည်၊ လဘတိ၊ တကယ်မချွတ်၊ ရရှိလေသတည်း၊ ဣဓ၊ ဤတာဝတိံသာ၊ နတ်တို့ရွာ၌။ အယံ-ဤဒိသော၊ ဤသို့သဘောရှိသော နတ်တို့၏ စည်းစိမ်သည်၊ တဿကမ္မဿ၊ ထိုသို့သဘောရှိသောဧရာကုသိုလ်ကံ-အကြောင်း၏ ဝိပါကော၊ အကျိုးတရားပါဘုရား၊ ပုညကတာ၊ တပည့်တော်မကဲ့သို့ ဧရာကုသိုလ်ဒါနကိုပြုလုပ်ကြသောသူတို့သည်၊ ဧတာဒိသံ၊ ဤသို့သဘောရှိသော နတ်စည်းစိမ်ကို၊ လဘန္တိ၊ ဧကန်မသွေ၊ ရရှိကြရလေကုန်သတည်း။

သို့ကလိုနတ်သမီးက မိမိကုသိုလ်ကံအကြောင်းကို။ အလုံးစုံ ပြန်ကြား၍ လျှောက်ထားပေတယ်။ မိမိ၏ဘုံဗိမာန်အနီးအနားမှာ။ ကြီးပွားစွာ ပေါက်ရောက်နေကြတဲ့ သရက်ပင်တွေ,အင်ကြင်းပင်တွေ,ပြည့်စင်ပင်တွေရှိတဲ့အပြင်-သပြေပင်တွေကလဲတခန်းတနားနဲ့ဆန်းပြားစွာပေါက်ရောက်နေကြောင်းကို လျှောက်ထားခြင်းဖြစ်တယ်။ အညွန့်အဖူးတွေနဲ့-အထူးထူးအထွေထွေပွင့်၍နေကြတဲ့ သံသတ်ပင်တွေကလဲအလွန်တင့်တယ်ပေသပေါ့၊ ဤစကားရဖြင့် အပင်မျိုးစုံနေတဲ့-ဥယျာဉ်ကြီးတွေကိုလဲ ရေကုသိုလ် တန်ခိုးဖြင့်ရရှိကြောင်းကို တပေါင်းသည်း လျှောက်ထားခြင်းပင် ဖြစ်သပေါ့လေ။ ။

(၉) တေနမေတာဒိသော ဝဏ္ဏော၊ တေနမေ ဣဓမိဇ္ဈတိ၊
ဥပ္ပဇ္ဇန္တိ စမေ ဘောဂါ၊ ယေကေစိ မနသော ပိယာ။ ။

(၉) ဘန္တေ၊ အရှင်မြတ်ကြီးဘုရား။ မေ။ တပည့်တော်မ၏၊ တာဒိသော၊ ရတနာသွေယဉ်၊ ပမာသွင်သို့ ပျော် ရွှင်နှစ်ခြိုက် ထိုသို့သဘောရှိသော၊ ဝဏ္ဏော၊ တင့်တယ်အဆင်း၊ ရွှေဗိမာန်နှင့်၊ ကိုယ်ဟန်ထိန်လင်း၊ ပပင်းသည့်။ အဆင်းအရောင်သည်၊ တေန၊ ထိုသို့သော ရေကုသိုလ်ကိုပြုခဲ့ရသောကောင်းမှုကြောင့်၊ ဓာတော၊ တာဝတိံသာ၊ ဤနတ်ရွာ၌၊ ထင်စွာဖြစ်ပေါ်ရပါသည်ဘုရား။ ဣဓ၊ တာဝတိံသာမည်၊ ဤနတ်တို့ပြည်၌၊ တေန၊ ထိုသို့သောရေကုသိုလ်ကောင်းမှုကြောင့်၊ မေ၊ တပည့်တော်မအား၊ ဣဇ္ဈတိ၊ စိတ်ကြိုက်တိုင်းအကုန်၊ အလိုရှိတိုင်းခြုံ၍၊ ပြည့်စုံရပါသည်ဘုရား၊ မနသော ပိယာ၊ စိတ်နှလုံး၌၊ ရွှင်ပြုံးနှစ်ခြိုက်အပ်ကုန်သော၊ ယေကေစိ ဘောဂါ၊ များပြားလှစွာ၊ ရောင်ဝါထိန်ပြောင်၊ နတ်ဘုံ၏အသုံးအဆောင်တို့သည်၊ မေ၊ တပည့်တော်မအား၊ တေန၊ ထိုရေကုသိုလ်ကံကောင်းမှုကြောင့်၊ ဥပ္ပဇ္ဇန္တိ။ ဖြစ်ပေါ်ကြရကုန်ပါသည်ဘုရား။

(၁၀) အက္ခာမိတေဘိက္ခုမဟာနုဘာဝ။
မနုဿဘူတာ ယမကာသိပုညံ။

တေနမှိုင်ငဲ့ဖလ်တားနဘာဝါ
ဆွေ့ကွာမေသဗ္ဗဒိသာပဘာသတ်။ ။

(၁၀) မဟာနဘာ၊ တန်းခိုးထက်တွင် ဧတဒဂ်ဘွဲ့ထူးဖြင့်၊ ချီးကျူးခြင်းကိုခံရပေသော၊ ဘိက္ခု၊ အိုအရှင်မဟာနိုးမြတ်ဟူ ရ း မနုဿဘူတာ၊လူသားငင်စေ ဖြစ်ခဲ့ရပါသော၊ အဟံ၊တပည့်တော် မသည်၊ယံပုညံ အကြင်သို့သောကုသိုလ်ကောင်းမှု အရာရာကို၊ အ ကာသိံ၊ စေတနာထားသန်သန်ဖြင့်၊ အမှန်ဘဲပြုခဲ့ပါသည်ဘုရား၊ တေန၊ ထိုသို့သောကောင်းမှုကံကြောင့်၊ ဖဲ့ဖလ်တာ၊ ဤသို့အား လျှင်၊ထိန်လွင်ဝေကြွ၊အတောက်ပကြီးတော်ပသော အာနဘာဝါ၊ တန်ခိုးဖုံဖုံ၊ မှားပြားစွာသောအစွမ်းဟုန်သည်၊အမှ ဖြစ်ပေါ်လာရ ပါသည်ဘုရား၊မေ၊တပည့်တော်မ၏၊ ဝဏ္ဏောစ၊ ကိုယ်အရောင်အ ဆင်းသည်လည်း၊ သဗ္ဗဒိသာ-သဗ္ဗဒိသာသု၊ အလုံးစုံသောအရပ် လေးမျက်နှာတို့၌၊ပဘာသတိ၊စိတ်ကြည်လင်ဘွယ် လွန်တင့်တယ် ၍ သွယ်သွယ်ဖြန့်ရိုး၊ဘုန်းတန်ခိုးဖြင့်၊ အမျိုးမျိုးတောက်ပပါသည် ဘုရား၊ဣတိ၊ဤသို့ထွေထွေ၊ ကုသိုလ်ကောင်းမှု၏အကျိုးပေးသန် ပုံတွေကို၊တော၊ အရှင်မြတ်ကြီးအား၊ အကျွန်မ၊ဟုတ်တိုင်းအမှန်၊ ပြန်လှန်ဖြေကြား၊လျှောက်ထားပါသည်ဘုရား ။

ဤကဲ့သို့လျှင် "အဇ္ဈင်မဟာ မောဂ္ဂလာန်" မထေရ်မြတ်ကြီး သည်၊နတ်သမီး၏လျှောက်ထားပုံ-အကျိုးပေးအစုံတို့ကိုကောင်းစွာ မှတ်သား၍၊ တာဝတိံသာနတ်တို့ရွာမှ၊ လူတို့နေရာ လူ့ပြည်သို့ ကြွလာခဲ့ပြီး၊ ရှေးရှေးဝတ္ထုတို့၌လာသောအတိုင်း၊ မြတ်စွာဘုရား အားပြန်ကြားလျှောက်ထားသဖြင့်၊ များပြားစွာသောလူ ရိသတ်တို့ မှာ၊တရားချကြ၍ဒါနဘက်၌၊အားကျခြင်းဖြစ်ကြရပေသတည်း၊

"ဓုစနဂါထာ"

ဝိပါကံဝိပုလံဥတ္တ၊အပ္ပပုညာသမေဒိနော၊
ကရေယျအပ္ပကံပုညံ၊ပဏ္ဍိတောမနုဘာယိကော၊ ။

ဒေါ်နော၊ ဤသို့ပြဆိုခဲ့ပြီးသော ဥပမာရှိသော၊ အပွပုညသော၊ မပြောပလောက်။ ချီးမွမ်းမလွယ်၊ အနည်းငယ်သော၊ ကုသိုလ်ကောင်းမှုကလေး၏၊ ဝိပုလံ၊ လက်ဖျစ်တီး၍၊ အံ့ချီးဘွယ်မျှ၊ ကြီးကျယ်လှသော ၊ ဝိပါကံ၊ ကောင်းမှုတန်ခိုး၊ ထက်သန်သောအကျိုးပေးပုံကို၊ ဥဘွာ၊ ပညာမျက်စိ၊ ဉာဏ်သတိဖြင့်၊ ရှုကြည့်မြော်မြင်၊ ကြံဆင်ခြင်၍၊ ဝဋ္ဋဘာယိကော၊ သံသရာဝဋ်၊ ရှောင်မလွတ်၍၊ မကျွတ်နိုင်သေး၊ ဒုက္ခဘေး၌၊ မြော်တွေးလန့်ထိတ်၊ ကြောက်ရွံ့သောစိတ်ရှိသော၊ ပဏ္ဍိတော၊ ပညာရှင်ယောကျ်ား၊ လူအများသည်၊ အပွကံပုညံ၊ ရေတွက်အံ့ငှါ၊ မတတ်သာ၍၊ နည်းစွာပေါင်းရ၊ မပြောပလောက်သော ကုသိုလ်ကောင်းမှုချကိုလည်း၊ ကရဲယျ၊ ဇောစိတ်ဓာတ်သန့်သန်နှင့်အမြန်ကြီးပြုလုပ်ရာသတည်း။ ။

နံပါတ်(၆)ပထမနာဝါဝိမာနဝတ္ထုပြီး၏။

---း၀း---

## ဝတ္ထုနံပါတ်(၇)။

## "ဒုတိယနာဝါဝိမာနဝတ္ထု"

(မှာထားချက်၊ ။ယခုရေးသားလတ္တံ့သောဝိမာနဝတ္ထုမှာ၊ အထက်ကရေးသားပြီးသော၊ ဝိမာနဝတ္ထုနှင့်-အနည်းငယ်သာထူးသဖြင့်မတူသာအကြောင်း အရာများကိုသာရေးသား တော်မြမည်ဖြစ်ပါသည်၊)

ဘုန်းတော်ခြောက်ဆိုင်၊ မြတ်ပန်းခိုင်ကို၊ ကိုယ်တိုင်ဆူးဆွတ်အထွတ်ဉာဏ်၌၊ မြတ်ထက်မြတ်ဖြစ်တော်မူသော ရှင်တော်ဘုရားသည်၊ သာဝတ္ထိပြည်ပွင့်ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်းမွေ့လျော်၍ စံနေတော်မူသောအခါ၊ အမည်အားဖြင့်မဆင် မရှားသောရဟန္တာ အရှင်မြတ်တပါးသည်၊ ဝသန္တဥတုအခါတွင်ဝါကပ်ရန် အချိန်နီးလတ်သဖြင့်။ တခုသော တောရွာငယ် ကျောင်းတဆောင်၌ဝါကပ်ဆိုလိုတော်မူသည်ဖြစ်၍၊ ရှင်တော်ဘုရား၊ ပျော်ပါးမွေ့လျော်၊ စံတော်မူရာ၊ သာဝတ္ထိနှရာမှ၊ ထို-တောရွာငယ်ဇနပုဒ်သို့-ခရီးမှန်း၍၊ ဒေသစာရီဖြန့်မြန်းသဖြင့်—ကြွလှမ်းတော်မူတယ်၊

ထိုသို့ကြွသွားတော်မူရာ၊အချိန်အခါကာလ၊နံနက်ဆွမ်းစားပြီး၊ချိန်ဖြစ်၍၊ ခရီးကာလ အတော်ဘဲအစွန့်တာရှည်လျားသဖြင့် ကြွသွားတော်မူရသောရဟန္တာအရှင်မြတ်မှာ၊ သွားတုန်းသွားဆဲခရီးသမ်းမှာ၊အပန်းတကြီးဖြစ်ရတာပေါ့၊ခရီးပန်းပြီးမရွှင်မလန်းဖြစ်ရဘာဟာအစာ,အာဟာရ, ဝမ်းတွင်းမှာနည်းပါး၍၊ ခရီးသွားရင်းဆာလောင်မွတ်သိပ်မကြည်လင်သောစိတ်ဖြင့်၊ ထထိတ်ထိတ်ဖြစ်နေလို့ဟုဆိုရမှာပေါ့၊

ခရီးကာလပန်းစိတ်တော်ကာလမရွှင်မလန်းနဲ့ ဝမ်းတွင်းက အာအာဟာရခေါတ်ကာလနည်းပါးတော့-ကြွသွားတော်မူရင်းပင် မရွှင်မလန်းဖြစ်ပြီးသား၍ပင်-ပင်ပန်းတော်မူရတာပေါ့၊

ဤကဲ့သို့-မရွှင်မလန်း-တပင်တပန်းနဲ့ လမ်းခရီး သွားရဟန္တာအရှင်မှာ၊ ခရီးတခုမှခရီးတခုသို့လျှောက်၍ ကြွလာတော်မူခဲ့ရာတခုသောရွာငယ်သို့ရောက်သွားသာတဲ့၊ ။

ဆဲ ညည်လိုရောက်သွားတဲ့ရွာငယ်ကလေး၏အပြင်ပမှာ၊အရင်ကတွေ့ကြုံလာသကဲ့သို့,သာယာအေးမြတဲ့အရိပ်ကြည်လင်တဲ့ရေရှိတဲ့အရပ်ဒေသမျိုးကိုမတွေ့ရဘူးတဲ့၊ ။ရွာငယ်၏အပတခွင်မှာ၊ မရွှင်မလန်းနဲ့ ချောက်ခန်းနေတဲ့သစ်ပင်တွေကိုသာ တွေ့ရတယ်တဲ့၊ ခရီးပန်းတဲ့ရဟန္တာအရှင်မှာ၊ ဆာလောင်မွတ်သိပ်ခြင်းကား၊မနေနိုင်အောင်နှိပ်စက်သဖြင့်၊သင်္ကန်းတော်ကို-သပ္ပါယ်အောင်ရုံပြီးလျှင်ရွာငယ်ကလေး အတွင်းသို့ အလှူခံဝင်ရောက်တော်မူရရှာရသတဲ့၊ ။

ရဟန်းသံဃာခေါ်တဲ့“ဘိက္ခု”ပုဂ္ဂိုလ်များမှာ၊အလှူခံမျိုးသက်သက်ဖြစ်၍၊တပင်တပန်း နဲ့-မရွှင်မလန်းဖြစ်နေသည်ကို-သည်းခံခြင်းငှါမစွမ်းနိုင်တော့၊ကိုယ်တော်တိုင်အလှူခံဝင်ရောက်တော်မူရရှာတာပေါ့၊ ရဟန္တာသခင်အရှင်မြတ်လဲ-ထိုရွာငယ်ကလေး၏အတွင်းတနေရာ အိမ်တဆောင်၏အဝမှာ-ဆိတ်ငြိမ်စွာရပ်တန့်တည်နေတော်မူပြီး-အလှူဒါယကာများကိုသာငဲ့လင့်၍ နေတော်မူတယ်၊

ထိုအိမ်မှာတယောက်သော ဒါယိကာမိန်းမ တယောက်က- အိမ်ဝမှာ ရပ်တန့်တည် နေတော်မူတဲ့-ရဟန္တာအရှင်-မထေရ်၏ အသွင်ကိုမြင်တော့၊ ကြည်လင်စိတ်ထားဖြင့်၊ ဝပ်တွားကာရှိခိုးပြီး၊ "အဘယ်အရပ်မှကြွလာတော်မူပါသလဲဘုရား" လို့လျှောက်ထား မေးမြန်းပြီး-မထေရ်ကြီး၏အသွင်အပြင်မှာ-ခရီးပန်း၍မ ရွှင်မလန်း ညှိုးနွမ်းပြီးနေပုံနှင့်၊ ဆွမ်းဘောဇဉ် အာဟာရ-ဆာလောင်မွတ်သိပ် ၍ရွေ့စိတ်တော်ငြိုငြင်ရပုံများကိုသိသဖြင့်-မိမိ၏အိမ်မှာ၊ကောင်း မွန်းစွာနေရာတခုကို ခင်းပြီး "အရှင်ဘုရား-ဤနေရာ အရပ်သို့ကြွ တော်မူပါဘုရား" လို့-ရိုသေသောစိတ်ထား ကြည်ညိုသော သဒ္ဓါ တရားဖြင့်လျှောက်ကြားပင့်ဘိတ်သတဲ့။

ရှင်တော်ဘုရားလက်ထက်က၊ရတနာသုံးပါးဘက်မှာ၊သဒ္ဓါအ စွမ်းထက်သူတွေအားကြီးတာပေါ့နော်၊ဘုရားနှင့်တရား၊ သံဃာ တော် ရဟန်းများကိုမြင်လျှင်-ကြည်လင်တဲ့ စိတ်ဓာတ်တွေဟာ ဘွားကနဲဖြစ်ပေါ်လာခြင်းကိုသူတော်,သူမြတ်တို့၏ခံမှုတာလို့ဆိုရ မယ်မဟုတ်လား။ ရဟန္တာမထေရ်မြတ်လဲ ပင့်ဘိတ်လျှောက်ထား သောအတိုင်း ခင်းထားပြီးသော နေရာမှာ ကောင်းမွန်စွာသီတင်း သုံးတော်မူပေတယ်။ နဂိုရ်ကပင်သဒ္ဓါဓာတ်အရင်းခံရှိတဲ့ယခင်ဒါ ယိကာမိန်းမသည်၊ ရဟန်းတော်တို့၏ဝတ်တရားကို သိသောအ တိုင်း ခြေဆေးရေဖြင့်-ခြေတော် နှစ်ဘက် တို့ကို နှစ်သက်စွာ ဆေးကြောရှာသတဲ့၊

ခြေနယ်ဆီများဖြင့်သဲ၊ ရဟန္တာအရှင်၏ ခြေတော် အစုံကို၊ ကြည်ယုံညွတ်နူးရှိဦးညွှတ်သွယ်၊ ကောင်းမွန်းစွာပွတ်နယ်ပြီးသုံး သပ်ဆုတ်ချေတော်မူရန် အတွက်-ခြေနယ်ဆီ များကိုလဲဆက်ကပ် လှူဒါန်းသတဲ့၊

"အာသနဒါန" ခေါ်တဲ့ ထန်းရွက် ယပ်ဖြင့်-မပြတ် အောင်- ယပ်ခတ် ပေးပြီးပေးရှာသတဲ့၊ ထိုကဲ့သို့ဒါယိကာ မိန်းမ-ပြုရချက် အရ-ရဟန္တာ အရှင်မြတ်လဲ ပူပပ်ခြင်းပျောက်ကင်း၍၊ အအေး

ခေတ်၊ အကြည်ခေတ် များကိုရပြီးပင်ပန်းနေရာမှ ရွှင်လန်းစွာ ဖြစ်တော်မူလာသည်ပေါ့လေ။ ။

နေ့ဆွမ်းအချိန်ကာလ ရှိသေးသဖြင့်ထိုဒါယိကာ မိန်းမကလေး သည် အေးမြချိုမြိန်တဲ့ ပျားရေများဖြင့်ယှဉ်ကောင်းသော အ ချဉ်များကို ဆက်ကပ်လှူဒါန်းသတဲ့၊ ပင်ပန်းကြီးစွာ ကြွလာ တော်မူရအခါကပင်၊ အလွန်ကြည်လင်တဲ့စိတ်ခေတ်တွေဖြစ်နေ တာကလား။ ။

မိမိအိမ်ကိုပင့်ဘိတ်ပြီးကြည်ညိုလှသောစိတ်ဖြင့် လှူဒါန်းလိုက် ရတယ်ဆိုတော့ ဘယ်ပြောဘွယ်ရာရှိမလဲ၊ သာ၍သဒ္ဓါပိုပြီး-ကြည် ညိုတဲ့စိတ်တွေအားကြီးလာတာပေါ့။ ။

ရဟန္တာအရှင်မြတ်လဲဆက်ကပ် လှူဒါန်းတဲ့ ပျားဆွမ်းနှင့်အ ဖျော်ယမကာတို့ကို ကောင်းမွန်စွာဘုဉ်းပေးပြီး-ဆွမ်း အနုမောဒ နာပြု၍အလိုရှိရာ အရပ်သို့ကြွသွားတော်မူတယ်၊

ကုသိုလ်ရှင် ဒါယိကာမိန်းမဟာ-ထိုကဲ့သို့တကြိမ်တခါ ကောင်း မွန်စွာပြုရတဲ့ မိမိ၏ကုသိုလ်ကောင်းမှုကို၊ လွန်စွာမြတ်နိုးပြီး၊ အဘိုးထိုက်တန်သည်ထက်ထိုက်တန်အောင်၊ အပြန်အလှန်ကြော မကြာ နှလုံးသွင်း၍နေရှာသည်ပေါ့လေ။ ။

လူ့ပြည်မှာ အသက်အတိုင်းနေပြီး လူ့ဘဝမှတပွဲသိမ်းပြီးချုပ်ငြိမ်း ၍သွားလေသောအခါ၊ တာဝတိံသာနတ်ပြည်မှာ "နာဝါဝိမာန" ယှဉ်ပြခဲ့တဲ့လှေဗိမာန်ကြီးကိုရရှာသတဲ့၊ ။

ထိုလှေဗိမာန်ကြီးရဲ့ကြီးကျယ်ခန်းနားဆန်းပြားပုံများကိုတော့၊ အသုံးပုံပင်-ရေးကဝတ္ထုမှာပါတဲ့အတိုင်းလို မှတ်ကြရမယ်၊ ။ "ဒသမဘာဏဝါရဒေသနာ" နှင့်၊ နတ်သို့အမေးအဖြေဂါထာများကို လဲ ရှေးက"ဝိမာနဝတ္ထု" နှင့်အသုံးပုံတူကြတယ်။

ထို့ကြောင့်-ဤဝတ္ထုကိုဤမျှဖြင့်ဇာတ်သိမ်းအပ်၍၊ နိဂုံးချုပ် ရပေလိမ့်မယ်။ ။

"ဥပမေဒေသဂါထာရေစနာ"

ဇေဒိနော၊ပုညရက္ခသာ၊မဟာန္တံ၊သုန္ဒရံဖလံ၊
ပစ္စာဒါယသုရောပေယျ၊တာသမံကုသလံဒုမံ၊

ဇေဒိနော၊ဤသို့ပြဆိုခဲ့ပြီးသော သဘောရှိသော၊ ပုညရက္ခသာ၊ ကောင်းမှုကုသိုလ်တည်းဟူသောသစ်ပင်၏၊ မဟာန္တံ၊ ကြီးကျယ်များပြား၊ဖွံ့ ထွားခိုင်ခန့်သော၊သုန္ဒရံ၊ သူငါမှန်သမျှ၊ ပြုလိုက်လှသဖြင့်၊ကောင်းမြတ်ထသော၊ဖလံ၊အကျိုးမြင့်ကြီး၊ ချမ်းသာတည်းဟူသောအသီးကို၊ပစ္စာဒါယ၊ထို့နှင့်အတူ၊အတုယူ၍၊တာသမံ၊ထိုသို့ကြည်ဖြူ၊ မြတ်အလှူနှင့်၊ ဥပမာတူသော၊ ကုသလံဒုမံ၊ ကောင်းမှုကုသိုလ်တည်းဟူသောသစ်ပင်ကို၊ သုရောပေယျ၊ သံသရာဘေး၊ ချမ်းသာဖို့အရေး အတွက်၊ နှစ်သက်စွာ စိုက်ပျိုး လိုက်ရာသတည်း၊ ၊

နံပါတ်-၇-ဒုတိယဝိမာနဝတ္ထုပြီး၏။

——:o:——

ဝတ္ထုနံပါတ် (၈)

"တတိယနာဝါဝိမာနဝတ္ထု။"

(မှာထားချက်၊ ၊ရေးသားလတ္တံ့သော နာဝါဝိမာနဝတ္ထုမှာလည်း၊ ရှေးကပြခဲ့ပြီးသော နာဝါဝိမာနဝတ္ထုများနှင့်မတူ၊ ကွဲလွဲသောအရာများကိုသာသုတ်နှုတ်ရေးသားပါမည်)၊ ။

ဘုန်းတော်ခြောက်သွယ်၊အောင်လံထူ၍၊အောင်သူမကိုနိုင်၊ ဘုံသုံးတိုက်တွင်၊ဦးခိုက်ညွတ်ရိုး၊ အထွတ်ဆုံးဖြစ်တော်မူသော မြွေရေ့ဇေခေါင်းပျား၊သဗ္ဗညုရှင်တော်ဘုရားသည်၊ ၄၅-ဝါပတ်လုံး၊ သတ္တဝါအများ၊ သောင်းတိုက် သားတို့အား၊ တရားရေအေး၊ အမြိုက်ဆေးကို၊တိုက်ကျွေးဌဝေ၊ ရင့်သန်စေသဖြင့်၊အပြေပြေ အရွှာရွှာ၊ ဒေသစာဖြန့်ဖြန်း၍ ကြွလှမ်းတော်မူပြီးခါ၊ ကာယ်ယူ ခေါင်တင်တော်မူရာ၊အခါတပါး၌၊ နောက်တော်ပါ ရဟန်းများစွာနှင့်အတူ၊ ဇနပုဒ်ရွာငယ်များကို၊ ဒေသစာရီ-ခရီးချီ၍၊ ကြွမြန်းတော်မူခဲ့သည်

တွင်၊ ကောသလဇနပုဒ်အခေါင်အပါ၊ "ထုန"မည်သော ပုဏ္ဏားရွာ တရွာသို့ရောက်တော်မူသွားသတဲ့၊ ။

"ထုန"မည်သော ရွာသား၊ ပုဏ္ဏားအများတို့သည်၊ ရှင်တော်သကျ၊ ဂေါတမဟု၊ လောကမှန်ကျူ၊ သယမ္ဘူ၊ မြတ်ဘုရား၊ ဘုရားရှင်ကိုယ်တော်မြတ်သည်၊ အပြည်ပြည်အရွာရွာ၊ ဇနပုဒ်များစွာတို့သို့၊ ဒေသစာရီ ခရီးဒေသကြွချီးတော်မူလာရာ၊ ယခုအခါ၊ ငါတို့နေရာ "ထုန"မည်သောပုဏ္ဏားရွာသို့၊ ကောင်းမွန်စွာ နောက်တော်ပါတပည့် ရဟန်းများစွာနှင့် တကွ၊ ရောက်ရှိ၍ နေပြီတဲ့-ဟူသောအကြောင်းကိုကောင်းစွာကြားသိကြသတဲ့၊ ။

"ထုန"ရွာသား ပုဏ္ဏားအများတို့ဟာ၊ ဗုဒ္ဓဘာသာ-သာသနာတော်ကို၊ ယုံကြည်ကိုးစားသူများမဟုတ်တဲ၊ အယူလွဲပြီး၊ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဝါဒရှိတဲ့သူတွေသာဖြစ်သတဲ့၊ သာသနာတော်နှင့်တကွ-သာသနသခင်၊ ဘုရားခင်ဗုဒ္ဓရာဇာဖြစ်တော်မူသော၊ ဘုရားရှင်ကိုယ်တော်ဘုင်သက်တော်ထင်ရှား၊ အမြင်သားရှိပါလျက်၊ အယူလွဲပြီး-ငရဲတံခါးပွင့်၍နေသဖြင့်၊ မိစ္ဆာအယူအကျင့်ရှိကြသူများအတွက်၊ ဝမ်းနည်းစရာကြီးပေါ့နော်၊ မိစ္ဆာဝါဒ-မှောက်မှားချွတ်ချော်၊ သာသနာတော်နှင့် မသက်ဆိုင်သောအယူဝါဒရှိသူများဆိုတော့၊ ဘယ်မှာရတနာသုံးပါးကို ယုံကြည်ကိုးစားနိုင်တဲ့ သဒ္ဓါပသန္နစေတနာမျိုးကိုမွေးမြူနိုင်ကြပါတော့မလဲ၊

သဒ္ဓါခေါ် အကြည်ဓာတ်တွေခမ်းခြောက်ပြီး-မှောက်ချင်တိုင်းမှောက်၍မှားချင်တိုင်းမှားနေတဲ့ သတ္တဝါဘဝတွေပေါ့လေ၊ ။

အဲ-သည်သို့ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာစာရ၊ မိစ္ဆာဝါဒ ရှိကြပြီး၊ သဒ္ဓါပသန္နစေတနာ၊ ခေါင်းပါးချင်တိုင်းခေါင်းပါးနေတဲ့ "ထုန"ရွာသားပုဏ္ဏားအများဟာ၊ ဗြဟ္မဏဘာသာ"ဗြဟ္မဏဓမ္မ"ခေါ်တဲ့ မိစ္ဆာအယူအကျင့်များကိုသာ ယုံကြည်အားထားပြီး၊ ဘုရား၊ တရား၊ သံဃာများကို၊ အံသကားသက်သက်ဟူ၍ မှတ်ကြသတဲ့၊ ။

ဗြဟ္မဏဘာသာ"ဗြဟ္မဏဓမ္မ"ဆိုတော့၊ ယုဘ်မာသော ပုဏ္ဏားမျိုးတို့၏ အယူဆိုးကြီးတခုပေါ့၊ ။

ထို"ဇုန်"ရွာသား၊ ပုဏ္ဏားသူကြွယ်များက၊ ဘယ်လိုအကြံဖြစ်ပြီး၊စိုးရိမ်ပူပန်မိသလဲဆိုတော့၊"ယခုအခါ ငါတို့ရွာကို "ဂေါတမ"ဘုရားသည် တပည့်သားရဟန်းများနှင့်အတူရောက်လာကြပြီ၊ငါတို့ရွာအတွင်းဝယ်၊ နှစ်ရက်,သုံးရက်မျှနေ၍၊ ရွာသူ,ရွာသားတို့အား၊တရားဟောပြောလိုက်ပါလျှင်၊ မကြာခင် သူ့အယူဝါဒဘက်ပါပြီး၊တရွာလုံးရှိသမျှလူတွေ၊ သူ့ဘက်တော်သားချည်းဖြစ်ကြ၍၊သူ့တရားကိုသာ ချစ်ခင်တဲ့လူတွေဖြစ်ကုန်မှာအမှန်ဘဲ၊ ထိုအခါ၊ငါတို့၏"မိရိုးဘာသာ"ဖြစ်တဲ့"ဗြာဟ္မဏဘာသာ"ဟာ၊တခါထည်းခုတ်ယုတ်ပြီး၊အငုတ်ကလေးမျှ ရှာရတော့မှာမဟုတ်ဘူး" အဲ-သို့ကလိုကြံစည်၍၊စိုးရိမ်ပူပန်မိကြသဘဲ၊

ဘာသာရေးနှင့်ထိခိုက်တဲ့ အချက်ဖြစ်လို့ရို့၊ နက်နက်နဲနဲကြံတွေးပြီး ပူပန်ကြတာပေါ့လေ၊ ကိုယ့်ဘာသာဆိုတော့၊ အညွှန့်မခံချင်ကြဘဲကိုး၊ ဘယ်မှာအောက်တန်းစားထား၍အညွှန့်ခံနိုင်ကြပါ့မလဲ၊ကိုယ့်ဘာသာနှင့်ကိုယ့်ဟာမှ ဟုတ်တယ်,မှန်တယ်ထင်နေကြတာကိုး၊

အဲ-သို့ကလို တွေးတော၍ စိုးရိမ်ပူပန်ချက်ကြီးဖြင့်၊ မြတ်စွာဘုရားနှင့်-ရဟန်းတော်များ၊သူတို့ရွာသို့ မလာနိုင်အောင်၊ဘယ်လိုတားမြစ်ပြုလုပ်ထားကြသလဲဆိုတော့၊ ရွာကိုထက်ဝန်းကျင်မှရစ်ခွေ၍၊သွားလာစီးဆင်းနေတဲ့-မြစ်ငယ်တခုရှိတယ်၊အဲသည်မြစ်ငယ်ကို၊ ကူးဖြတ်သွားလာရန်ထားတဲ့ လှေငယ်,လှေကြီး,ဟူသမျှကို၊ တခါထည်းသိမ်းဆည်းပြီးထားကြတယ်၊ အကြံကဖြင့်၊ တကယ်လယ်တဲ့လူတွေပေါ့နော်၊မြစ်ငယ်ကိုကူးဖြတ်၍သွားလာရန် ပြုလုပ်ထားတဲ့တံတားများကိုလဲ၊တခါထဲဖျက်ဆီးထားကြသတဲ့၊

ရှင်တော်ဘုရားက၊ မြစ်တဘက်ကမ်းက ရဟန်းတော်များနှင့်ရောက်နေပြီကိုး၊သည်တွင်ကသေးရိုးလား၊ ရွာမှာရှိတဲ့-ရေအိုးစင်တွေ,သဘင်ရုံတွေ,မဏ္ဍပ်ကြီးတွေ,ကိုလဲ၊ ဖရိုဖရဲ၊အကုန်လုံးဖြန့်ကြဲပြီး၊ နေလို့မဖြစ်နိုင်အောင်၊ တည်းခိုလို့မဖြစ်နိုင်အောင်ပြုလုပ်ထားကြသတဲ့၊

ဤမျှမကသေး-မိမိတို့ရွာသူ ရွာသားတွေ အမြဲသုံးစွဲနေတဲ့ေ တွင်း,ရေကန်တွေများစွာရှိတယ်၊ ၎င်းရေတွင်းတို့တွင် ရွာသူ,ရွာသားများ သုံးစွဲဘို့အတွက် ရေတွင်း တရက်သာချန်လှပ်ပြီး ကျန်သမျှရေတွင်းတွေ အားလုံးကိုမြက်, သစ်ပင်တွေချ၍-ရေတွင်း အဝတိုင်အောင်ပိတ်ဆို့ပြီးထားကြသတဲ့၊

မတရားတဲ့သဘောကဖြင့်မပြောပနိုင်အောင်ကြီးကျယ်နေတာ ပေါ့နော်၊ ။မြတ်စွာဘုရားနှင့်တပည့်သား ရဟန်းတော်များကြွ လာတဲ့အခါမှာ တဲခိုစရာနေရာနှင့်တကွ-သောက်ရေ, သုံးရေမရှိ အောင်ပြုလုပ်ထားတဲ့အကြံဆိုးကြီးတွေပေါ့၊ မြစ်ကမ်းကလဲမလာ နိုင်အောင်တတန် ပြုလုပ်ထားပြီးဖြစ်ပါလျက်-စိတ်မချ၍၊ မတော် တဆ ရွာထဲသို့ ရောက်လာက-နေရာနှင့် သောက်ရေသုံးရေမရှိ အောင်ပြုလုပ်ထားကြပြန်တာကလား၊ ။အမှားတွင်းကဖြင့်-အ တော်ဘဲနက်သပေါ့ ။

အထခေါ ထုနေယျကာ ဗြာဟ္မဏဂဟပတိကာ ဥဒပါနံ တိ ဏဿ ပလာသဿ ယာဝမုခတော ပူရေသုံ။ ။ •

(ဝိမာနဝတ္ထု အဋ္ဌကထာ)

အထခေါ၊ ထိုအခါ၌၊ ထုနေယျကာ၊ ထုနရွာ၌နေကြကုန်သော၊ ဗြာဟ္မဏဂဟပတိကာ၊ ပုဏ္ဏားသူကြွယ်တို့သည်၊ ဥဒပါနံ၊ ရေတွင်း ဟူသမျှကို၊ တိဏဿ စ၊ မြက်မျိုးဖြင့်၎င်း၊ ပလာသဿ စ၊ မြေမှုန့်ဖြင့် ၎င်း၊ ယာဝမုခတော၊ အပေါ်အဝတိုင်အောင် ပူရေသုံ၊ ပြည့်စေ ကုန်ပြီ၊

“ထုန” ရွာသားပုဏ္ဏားသူကြွယ်များရဲ့၊ အကြံအစည်နှင့်တ ကွ ဥာဏ်ပလိပ်ပေါက်ပြားပုံတွေကို၊ ရှင်တော်ဘုရားက “ဒိဗ္ဗစက္ခု” ဖြင့်အလုံးစုံ သိမြင်တော်မူတယ်၊ ထို “ထုန” ရွာသူ, ရွာသား ပုဏ္ဏားအမိုက်ဘို့ကို၊ ရှင်တော်ဘုရားသည်သနားကရုဏာရှိတော် မူသဖြင့်-နောက်တော်ပါရဟန်းများစွာတို့နှင့်အတူတကွ-ကောင်း

ကင်ခရီးဖြင့်-ယခင်ကပြခဲ့တဲ့မြစ်ကိုကျော်နင်းပြီး "ဇုန" မည်သော ပုဏ္ဏားတို့၏ရွာသို့ကြွလာတော်မူတယ်။ ။

ထုနရွာသို့ရောက်တော်မူတော့။ခရီးလမ်းမှသက်ဆင်းပြီး။ တခုသောသစ်ပင်ရင်းမှာ၊ခင်းထားအပ်သောနေရာ၌သီတင်းသုံးနေထိုင်တော်မူတယ်-ရှင်တော်ဘုရား သီတင်းသုံးနေထိုင်တော်မူတဲ့ သစ်ပင်ရင်းနှင့်မနီးမဝေးမှာလဲ၊များစွာမိန်းမငယ်ကျွန်တို့သည်၊ ရေတွင်းမှရေကိုခပ်ယူပြီး၊ရှောင်လွှဲ၍သွားကြသတဲ့။ ။

ထိုစဉ်အခါ-တရွာလုံးရှိသမျှ မိန်းမ,ယောကျ်ား,ပုဏ္ဏားအများတို့သည်၊ကတိကဝတ်ကြီးတခုကိုထားကြပြန်သတဲ့၊ ။"အကယ်၍ဂေါတမဘုရားသခင်သည်။ဤအရပ်, ဤရွာနသို့ကြွလာခဲ့ငြားအံ့။ ထိုအရပ်၌နေသူလူဟူသမျှတို့သည်။ ခရီးဦးကြိုဆိုခြင်းကိုမပြုကြစတမ်း၊ဂေါတမ၏တပည့်သားရဟန်းတော်များသည်၊ ဆွမ်းဘောဇဉ်အလို့ငှာလာ၍ရပ်လာငြားသော်လည်း။ တဖွန်းချို, တယောင်းမျှမပေးကြစတမ်း။ မလှူကြစတမ်း" ဟုကတိကဝတ်ကြီးတခုကိုထားကြသတဲ့။ ။

မိစ္ဆာစေ့,မိစ္ဆာဝါဒဖြစ်လေတော့။ သဒ္ဓါပသန္နတရားခေါင်းပါးချင်တိုင်းခေါင်းပါး၍နေသဖြင့်၊ရွှေ,ငွေ,ဥစ္စာ,ရတနာများကို ဘုဒါန်းဘို့ကိုမဆိုထားနှင့်၊အလကားရတဲ့ရေတွင်းကိုပင်။ မြက်,သစ်ရွက်,မြေမှုန့်တို့ဖြင့်။ပိတ်ဆို့ထားကြသေးတာကလား။ မှားလိုက်တဲ့အချက်ကဖြင့်အတော်ဘဲနက်နဲပေသပေါ့။ ။

အဲ-သို့ကလိုဖြစ်ပျက်နေဆဲအခါမှာ။ပုဏ္ဏားသူကြွယ်တယောက်၏အစေခံကျွန်မတဦးကလဲ၊ ရေအိုးတခုဖြင့်ရေခပ်သွား၍ ပြန်အလာတွင်၊များပြားစွာသောရဟန်းတော်တို့နှင့်တကွ၊ သုံးလောကသေဋ္ဌ် နင်း၊တရားမင်းတဆူဖြစ်တော်မူတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကို ပက်ပင်းပါတွေ့မြင်ပါရော။ ။

မြင်လျှင်မြင်ခြင်း-ရှေးကံရှင်း ကုသိုလ်အဟုန်က၊အခွင့်ကြုံအခါဆိုက်၍၊ လှုံ့ကြွကာနှိုးဆော်လိုက်သဖြင့်၊မကိုးနိုင်သရဖူ၊ မှန်ကူသင်းကျစ်၊ ဓမ္မရာဇာဘုရားရှင်နှင့်တကွ၊ သံဃာတော် အများတို့

အား၊ ဝပ်တွားရှိခိုး၍မြတ်နိုးသောသဒ္ဓါစိတ်နှင့်၊ မိမိဦးခေါင်းတွင် တင်ဆောင်ကာရွက်လာသော၊ ရေအိုး၌ပါသောရေကိုပင် လှူဒါန်းချင်တဲ့စိတ်တွေဟာ၊ ယိုဖိတ်မတတ်၊ တလျှပ်လျှပ်တဝင်းဝင်း၊ ဖိတ်ခတ်စိမ့်ဆင်းပြီးနေရှာသတဲ့၊

သို့ပင်လှူဒါန်းချင်တဲ့စိတ်ဓာတ်တွေ၊ ဒလဟော နှိုးဆော်တိုက်တွန်းနေသော်လည်း၊ မိမိတို့ရွာသူ့ရွာသားလူအများတို့ထား ကြတဲ့ ကတိကဝတ်ကိုသွားပြီးသတိရပြန်တော့ "ဩော်-ငါဟာအကယ်၍ရှင်တော်ဘုရားအား သောက်ရေကိုလှူငြားက၊ ဤရွာသူ့ရွာသားလူအများတို့က၊ ငါ့အားသတ်ပုတ်ညှဉ်းဆဲ၍ဆင်းရဲအောင်ပြုလုပ်ကြမှာပါကလား" သို့ကလိုသတိရပြီးကြောက်ရွံ့မိရှာသတဲ့၊

ပုဏ္ဏားသူကြွယ်များပြုလုပ်တဲ့ ကတိက ဝတ်တရားကြီးကလဲ၊ "ရဟန်းကြီးဂေါတမအား၊ တစုံတခုသောဝတ္ထုကိုမျှ မပေးလှူရ၊ အရေးတယူ-အလေးမူ၍၊ ရိုရိုသေသေမပြုလုပ်ရ" လို့အထင်အရှားရှိနေတော့၊ တဦးတယောက်ကထူးချွန်ပြီး၊ ပြုလုပ်ဘို့ရာ အခဲယဉ်းကြီးပေပေါ့၊

"မိစ္ဆာဒိဋ္ဌိ" ဟုယူရှိတဲ့လူတွေချည်း၊ တရွာလုံးဖြစ်နေတော့၊ ရေသည်ကျွန်မကလေးဟာ ပေးလှူချင်ရက်နှင့်၊ အသက်ဘေးအတွက် အနည်းငယ်နှောင့်နှေးခြင်းဖြစ်ရရှာတာပေါ့လေ၊

ထို့နောက်တဖန်၊ အရေခံရေသည်ကျွန်မကလေးဟာ၊ ဘယ်လို တွေးမိပြန်သလဲ ဆိုတော့၊ "ယခုအခါမှာ၊ အလှူခံ-ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်တွေနှင့် ပက်ပင်းပါ ကြုံကြိုက်ရပါလျက်ဤမျှသောက်သေးငယ်တဲ့ရေကုသိုလ်အလှူကလေးကိုမျှမပြုမလုပ်လိုက်ရပါလျှင်၊ ဘယ်သောအခါမှ ဤကဲ့သို့ ယုတ်ညံ့တဲ့ကျွန်ဘဝက-လွတ်မြောက် နိုင်ခွင့် ရှိတော့မလဲ" စသည်ဖြင့်၊ သဒ္ဓါတရားကနှိုးဆော်သဖြင့်၊ သင့်လျော်သောစိတ်ဓာတ်တွေဟာ၊ တဖြတ်ဖြတ်တိုက်တွန်းပြီးကုသိုလ်လမ်းထွန်းကားဘို့ရာတွေးမိရှာသတဲ့၊

အဲ–သို့ကသိုတွေးမိသဖြင့်၊သတိရှေ့သွားရှိတဲ့ သဒ္ဓါတရားတွေဟာ၊ ဒီလှိုင်းခတ်သလို၊တဖြတ်ဖြတ်မြူးကွန့်၍၊ အဖူးအညွန့် စည်ကားပြီး ပွါးချင်တိုင်းပွါးလာတာပေါ့။"ရှေးရှေးဘဝ၊ သံသာရကာဒါနစသည်ပါရမီရွှေအိုး၊ ကောင်းမြတ်တဲ့အမှုမျိုးကို၊ မိုက်မျိုးထုထောင်၍မထားမိခဲ့သဖြင့်၊ ဤဘဝ ဤအခါမှာ၊ ကြမ္မာဖောက်ပြန်၊ သူတပါး၏အစေခံကျွန်မ၊ ဆင်းရဲလှတဲ့ဘဝသို့ ရောက်နေရသောငါသည်၊လှူရာပုဂ္ဂိုလ်နှင့်အလှူဝတ္ထု၊ နှစ်ခုပြိုင်ရုံညီလျက်၊ ရတနာသုံးပါး၌၊ ယုံကြည်သောသဒ္ဓါဓာတ်မျိုး မပေါ်ပေါက်ဘဲနေချေက၊ ခေလှတဲ့ ဤဆင်းရဲသောကျွန်ဘဝမှ၊ ဘယ်အခါ ဘယ်ကာလမှ လွတ်ကင်းပွက်မြောက်၍၊ တဘက်ကမ်းသို့ ရောက်နိုင်ပါ့မလဲ" ဟူသောတွေးတောချက်ဟာ–တရားကိုနှစ်သက်၍၊ တကဲ့အချက်ကိုတွေးတောမိခြင်းဖြစ်ပေတယ်၊သဒ္ဓါဓာတ်တွေ ဒလဟောယိုဖိတ်ပြီး၊ တကယ်ကြည်ညိုတဲ့စိတ်တွေဖြစ်လာရှာလို့သာဟုမှတ်ရမယ်။ သင့်လျော်သော အကြံဓာတ်တွေဟာ မပြတ်ပင် တိုက်တွန်းနေသဖြင့်သို့ကလိုအောက်မေ့မိပြန်သတဲ့။ "ဟယ်-ရှာသူ၊ ရွှာသား၊ ပုဏ္ဏားဟူသမျှတို့နှင့်တကွငါ၏အရှင်သခင်ဖြစ်တဲ့ပုဏ္ဏားကြီးကပါ ငါ့အားရတနာသုံးပါး၌ ကြည်ညို၍၊ အရိုအသေ ပြုမှု–ရေအလှူဒါနကိုပြုမှုကြောင့်သတ်လိုကလဲသတ်ပလေစေတော့၊ မသတ်လိုဘဲနှောင်ကြိုးတဲ၍ ဆင်းရဲအောင်နှိပ်စက်လိုကလဲနှိပ်စက်ပလေစေတော့။ ဘယ်လိုဘဲ ပြုပြု ငါ့အမှု၊ ငါကိုယ်တိုင်ခံ၍–ငါကြံသောအတိုင်းပြုတော့မယ်။ ဤကဲ့သို့ကုသိုလ်ကောင်းမှုမျိုးကို၊ မိုက်မျိုးပစ်ချရာဖြစ်တဲ့ပုညခတ္တ၊ကုသလ အခါကောင်းကို–ရှောင်လွှဲသွေဖီ၍နေလို့ဖြင့်ဟန်မရဘူး၊ကြံသမျှခရီးရောက်၍၊ ငြိမ်းမြောက်အောင်မြင်အောင်ဟာ–ငါ၏ သဒ္ဓါတရားအတိုင်း၊ မကြောက်မရွံ့–နောက်မတွန့်ဘဲ၊ ရွှန်ရွှန်းစားစား၊ ကောင်းမှုကုသိုလ်နှင့်– ငါအသက်ကိုလဲလှယ်၍၊ ရတနာသုံးပါး ကြည်ညိုတဲ့ စိတ်ထားဖြင့် ရှင်တော်ဘုရားအားရေအလှူဒါနကိုပြုမှုသင့်လျော်တော့မည်" ဟုအောက်မေ့မိပြန်သတဲ့။

ဆဲ-သို့ကလို အောက်မေ့ပြီး-တရုံ တရာ-ဘာသာ-ညာညာ တွေးတောစဉ်းစားပိပိကိုရှာတွေ့ပါးမနေဘဲ၊ရှင်တော်ဘုရားအား ရေကုသိုလ်ပြုတော့မယ်ဆိုတဲ့"သန္နိဋ္ဌာန"ဆုံးဖြတ် ချက်ကြီးကို၊ အပြီးအပိုင်ချလိုက်ပါရောတဲ့၊ ရေသည်ကျွန်မကလေးရဲ့-စိတ် နေကို-အလွန်ကြီးချီးမွမ်းစရာ ကောင်းပေသပေါ့၊ တကယ်တော် တဲ့ သဒ္ဓါတရားဖြင့် ရှင်တော် ဘုရားအား လှူတော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို-အသက်နှင့်လဲ၍-အားခဲကာ-သန္နိဋ္ဌာန်ချ လိုက် ခြင်းဖြစ်ပေတယ်၊

လောကဝတ္တရာတကဲ့ သဒ္ဓါအရှိန်တွေဟာ တထိန်ထိန်တောက် လာပလားဆိုတော့ ဘေးသော,ရန်သော-ဘာကိုမှမတွေးတောဘဲ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိဘူးပေါ့၊ သဒ္ဓါဓာတ်အမှန်အစစ်အ ခံမရှိသူများဆိုတော့-အသက်နှင့် လဲလှယ်၍၊ ကောင်းမှုကုသိုလ် နယ်ကိုလိုက်ဘို့ မဆိုထားပါနှင့်၊ ပစ္စည်း ဥစ္စာလောက်ကိုမှအ ကုန်ခံ၍-သဒ္ဓါဘက်နယ် စခန်းသို့တကယ်တမ်းသွားဘို့ဟာ အရှား သားကလား။

"သဒ္ဓါမှန်ဘေးရန်မကြောက်ဘူး" ဆိုတာလဲအရှိသားဘဲ၊ သဒ္ဓါတရားကို တည်တည်တန့်တန့်နှင့်၊ ခိုင်ခန့်အောင်ထားဘို့ဟာ ရှင်တော်ဘုရားသာသနာမှာအရေးအကြီးဆုံး အချက်ကြီးတခုဖြစ် ပေတယ်၊ သဒ္ဓါလက်ကိုင်မရှိသူများဟာ-ပညာနှင့် ဥစ္စာငွေရှိ သော်လဲ၊ ကောင်းမှုကုသိုလ်မျိုးကိုမစိုက်ပျိုးနိုင်ရိုးအမှန်ပေါ့၊

ထိုကြောင့်"အဘိဓမ္မာအဋ္ဌကထာကြီး"များမှာ"သဒ္ဓါတရား ဟာ-လက်နှင့်တူတယ်၊စကြဝတေးမင်းကြီး၏ "ပဒုမ္မြားရတနာ ကြီး" နှင့်တူတယ်" စသည်ဖြင့်ဥပမာပြ၍၊ မိန့်ပြတော်မူကြပေ တယ်၊ သဒ္ဓါသမ္ပတ္တိဘာဝေါ ဒုလ္လဘော။ လို့လဲ ဒုလ္လဘတရား ကိုပြကြတယ်၊

ကိုင်း-ဇာလမ်းကိုပေါ်လိုက်ကြအုံးရို့၊ သို့ကလိုသန္နိဋ္ဌာန်ချ မှတ်ပြီး၊ ရှင်တော်ဘုရားအားရေအလှူကို၊ ကြည်ဖြူစွာပြုလုပ်မည့် အကြောင်းကို၊မိမိနှင့်အတူ-ရေယူ,ရေခပ်လာကြတဲ့ မိန်းမများက

လဲသိကြသပေါ့၊ ။သို့ကလိုသိသည်နှင့်တပြိုင်နက်၊ထိုအစေခံကျွန်မ၏အသက်ကိုသနားကြသဖြင့်၊ အများကပိုင်းဝန်း၍ မလှူဒါန်းဘို့ရန်ကိုအပြင်းအထန်တားမြစ်ကြတယ်၊အကယ်၍ ဂေါတမဘုရားအား၊ ဝပ်တွားကြည်ညို-အရိုအသေပြု၍၊ တပုံတခုလှူဒါန်းပါကရွာသားအများထားကြတဲ့ ကတိကဝတ်တရားကိုဖောက်ပြားအောင်ပြုလုပ်သူဖြစ်၍၊စင်စစ်သတ်ပုတ်ညှဉ်းဆဲပြီး၊ ဆင်းရဲအောင် ပြုကြမယ်ဆိုတာတရွာလုံး အသိကြသားကလား။ ။သို့ကလိုတားမြစ်သော်လဲ၊ ရတနာသုံးပါး၌ချစ်ခင်ခြင်းစေတနာက၊အသေအချာဖြစ်နေတော့၊ ဘယ်မှာတားမြစ်ကန့်ကွက်လို့ရနိုင်ပါတော့မလဲ။ ။

ထိုရေသည် ကျွန်မကလေးဟာ ထက်သန်သွှစွာသော သဒ္ဓါတရားဖြင့်၊ရှင်တော်ဘုရားရှိရာသို့သွားပြီး၊ ဦးခေါင်းမှ ရေအိုးကိုချကာ၊ လက်ဖြင့်အသာပွေ့ချီလျက်၊ သင့်တင့်လျောက်ပတ်ကောင်းမြတ်သောနေရာတခုမှာထားပြီး၊ အများကြီး ရွှင်လန်းဝမ်းမြောက်တဲ့စိတ်တွေဖြစ်ပေါ်လာသဖြင့်၊ ရှင်တော်ဘုရားထံပါးသို့ ချဉ်းကပ်ခါ၊ ငါးပါးသောထိခြင်းဖြင့် ကောင်းမွန်စွာရှိခိုး၍၊ မိမိရေအိုးကိုဆက်ကပ် လှူဒါန်းလိုက်သတဲ့၊ ။ရှင်တော်ဘုရားကလဲ၊ ထိုရေသည်ကျွန်မရဲ့သဒ္ဓါတရားကို ပိုင်းခြား၍သိတော်မူသဖြင့်၊ လှူဒါန်းဆက်ကပ်လာတဲ့ရေအိုးကို ကောင်းမွန်စွာ အလှူခံပြီး၊ ခြေတော်နှစ်ဘက်နှင့်လက်တော်အစုံကို၊ဆေးကြောတော်မူတယ်။ လက်တော်ခြေတော်များကိုဆေးကြောပြီးတဲ့နောက်၊ မြိန်ရှက်စွာ သောက်သုံးတော်မူတယ်၊ ။

သို့ကလိုရှင်တော်ဘုရား-သုံးတော်မူခြင်း, သောက်တော်မူခြင်းကိုမြင်ရတော့-ယခင်ကပင် ကြည်လင်ပြီးဖြစ်တဲ့ သဒ္ဓါစိတ်တွေဟာ-ထပ်၍တဖန်ကြည်လင်ခြင်းဖြစ်ရပြန်ရှာသပေါ့လေ၊ ရေသည်ကျွန်မကလေးရဲ့ သဒ္ဓါတရားဟာ လွန်စွာထက်သန်အားရှိသဖြင့်ရှင်တော်ဘုရားခြေတော်များနှင့် လက်တော်အစုံကို-ဆေးကြောရုံမက-သောက်တော်မူခြင်းအမှုကိုပြုပါသော်လဲထိုရေအိုးမှရေဟာ

ကုန်ခန်းခြင်းသို့ မရောက်ဘူးတဲ့၊ ပြည့်မြဲပြည့်နေတယ်လို့ ဆိုလို တာပေါ့၊

ဧရာသည်မကလေး၏ သဒ္ဓါထက်မြက်ကြောင်း ကိုတော့၊အာ သဘက်နှင့်လဲဇယ်၍၊လှူဒါန်းသည်ကိုထောက်သဖြင့်၊ ကောင်းစွာသိ နိုင်လောက်စရာ အကြောင်းရှိပေတယ်၊ ရှင်တော်ဘုရားသုံးခြင်း သောက်ခြင်းကို-ပြုတော်မူပါလျက်ရေအိုးတွင်ရေမလျော့ခြင်းကို ကုသိုလ်ရှင်၊ ဧရာသည်ကျွန်မကလေးမြင်ပြန်တော့ -အင်မတန်ဝမ်း မြောက်ပြီး ရွှင်လန်းဘဲ့သဒ္ဓါလွန်နှုန်တွေ ပေါ်ပေါက် လာပြန်ဘာ ပေါ့၊တာနှင့်ပင် ရဟန်းတော်တပါးအား မိမိ၏ရေကို-သောက်သုံး တော်မူရန်ဆက် ကပ်လှူဒါန်းပြန်သတဲ့၊သို့ကလိုလှူဒါန်းပြန်သဖြင့် နောက်တော်ပါရဟန်းတော်တပါးကလဲ-ကောင်းမွန်စွာ အလှူခံပြီး ရှင်တော်ဘုရားကဲ့သို့သုံးခြင်း,သောက်ခြင်းအမှုကိုပြုတာပေါ့လေ၊ ရေအိုးထဲကရေကလဲရှေးကကဲ့သို့ ပြည့်မြဲပြည့်၍ နေပြန်သတဲ့၊အံ့ ဩစရာကြီးပေါ့နော်၊ သဒ္ဓါတရား၏တန်ခိုးဟာ သာမညမဟုတ် ဘူး၊ရှေ့မျက်မှောက်မှာပင် အံ့လောက်စရာကြီးတွေကို-တွေ့ကြုံရ တယ်၊ ဝေဿန္တရာမင်းကြီးသည်ပစ္စယဆင်ဖြူတော်ကြီး မှစ၍ သားတော်သမီးတော်များကို လှူဒါန်းသောကာလမှာ-ထာဝရနိုင်မြဲ စွာတည်နေတဲ့ပထဝီ မြေပြင်ဟာ လျှောင်သိမ့်သကဲ့သို့ တငြိမ့်ငြိမ့် တုန်လှုပ်ခြင်း-စသော အံ့ဩဘွယ်ကြီးများဟာလဲ သဒ္ဓါတရားရဲ့ တန်ခိုးတွေပေါ့၊

ကုသိုလ်ရှင်ရေသည် ကျွန်မကလေးဟာ-ထိုကဲ့သို့သောအံ့ဩ ဘွယ်ရာတွေကို မြင်ရတော့ဘဝင်က ဃနာမငြိမ်ဘဲ-သဒ္ဓါရှိန် တွေမွှန်းပြီးအထူးပင်ဝမ်းမြောက်ရှာသပေါ့၊

ဤကဲ့သို့-တပါးပြီးတပါးကပ်၍-အထပ်ထပ် လှူဒါန်း သော်လဲ ရဟန်းတွေသာကုန်၍ရေမကုန်ဘူးတဲ့၊ ဤအခြင်းအရာကိုမြင်ရပြန် တော့သာ၍ပင် ရွှင်လန်းဝမ်းမြောက်ဘဲ့စိတ်တွေဖြစ်ပေါ်လာပြီး ရေ ပြည့်မြဲတိုင်းပြည့်နေတဲ့ အိုးဖြင့်-ရှင်တော်ဘုရားနှင့်-ရဟန်းတော် များစွာဘို့ကိုရှိခိုး၍၊ ရေအိုးပင့်ကာ-မိမိအိမ်ရှိရာသို့ရှေးရှုပြန်သွား

ရှာသတဲ့၊ အစေခံကျွန်မကလေး၏အရှင်-သခင်ဖြစ်တဲ့ပုဏ္ဏားကြီးက-ရှင်တော်ဘုရားနှင့်-ရဟန်းတော်များအား ပင့်သွားကာကြည်ညိုစွာဖြင့်-အရိုအသေပြုလုပ်ရုံမျှမက--ရေအသုံးဒါနကိုပင်-ပြုလုပ်သေးသည်-ဟူသောအကြောင်းကိုကောင်းကောင်းကြီးကြားသိပါရော။ ။သို့ကလိုကြားသိတော့ ။သည်အရိုက်မှာအစေခံကျွန်ယုတ်သည်တချာလုံး ပြုလုပ်ထားဘဲ့-ကာဘိက ဝတ်တရားကိုလဲသင်းဖျက်တယ်၊ ငါ့ကိုလဲလူအများကဲ့ရဲ့စရာပြုလုပ်တယ်။ယုတ်မာတဲ့သတ္တဝါမကို တခါဖြင့်လှလှကြီး-နှိပ်စက်၍ အသက်ရန်သွယ်ပြီးအနှိပ်ရေးယူပြုမှတော်တော့မယ်''ဟုပြင်းပြစွာ အမျက်ထွက်လှသဖြင့် တကိုယ်လုံး ဆတ်ဆတ် တုန်ကာ-ကျွန်မပြန် အလာကိုသာကြည့်ပြီး၊သတို့နှင့်စောင့်နေရာတွင်အိမ်ဝင်းအပြင် ဦးခေါင်းမှာရေအိုးတင်၍။ဖြည်းညှင်းစွာဝင်လာသော အစေခံကျွန်မကိုမြင်သည်နှင့်တပြိုင်နက်၊ပြင်းပြစွာထွက်သော အမျက်ဖြင့်။ရေအိုးကိုခွဲကာလူကိုမြေမှာလဲစေသဘဲ့။ ။

အစေခံကျွန်မကလေးမှာလဲ ကိုးကွယ်ရာမဲ့၊ ကယ်ဆယ်ရန်ဘယ်မှာမှမရှိသဖြင့်-အတိဒုက္ခ-လွန်မင်းစွာဆင်းရဲ ရသပေါ့၊မြေပေါ်မှာ-လဲနေတဲ့အစေခံကျွန်းမကလေးမှာ လွန်မင်းစွာ ကြောက်ရွံ့လှသဖြင့်၊ နဖူးပြင်မှာလက်ယှက်၍၊ အသက်ကိုချမ်းသာပေးရန်တောင်းပန်ပါသော်လဲ မိုက်မဲတဲ့ ပုဏ္ဏား အယုတ်ကောင်ကြီးမှာမျက်မှောင်ကြီးကုတ်ပြီး“ယုတ်မာတဲ့ သတ္တဝါမလှလှကြီးသေပေတော့” ဆိုတဲ့ သဘောနဲ့ ကျောနှင့်ရင်နှစ်ခွင် စလုံးကို ဖနောင့်ဖြင့်ပေါက်၊လက်ဖြင့်ရိုက်။ မိုက်ချင်တိုင်းမိုက်ပြီး၊ အရိုက်ကိုထိအောင် မိမိခုချနှိပ်စက်သဘဲ့၊ မိန်းမနှင့် ယောကျ်ားဖြစ်ပြန်တော့ဆင်မင်းနှင့် ဆိတ်သားငယ်၊ခွေးငယ်နှင့်ခြသော့၊ နှစ်ဦးပြိုင်ဆိုင်တွေ့ကြသကဲ့သို့။အားချင်းပြိုင်၍နိုင်ဘို့ကအခက်၊ “သခင်ချက်တော့။အသက်သေ” ဆိုသလို၊ အရှင်သခင်ဖြစ်နေ၍၊ပြန်လှန်ပြောဆိုရမှာလဲကြပ်တည်းပြန်၊ အစေခံမကလေးမှာသေကံဘာမပေးရှာတော့ဘူးထို့ဆိုချင်မလွဲနိုင်ဘူးပေါ့နော်။ ။

အဲ-သို့ကလိုပုဏ္ဏားကြီးက၊အမျက်ချောင်းချောင်းထွက်သဖြင့်၊ အသက်ချင်းမှမစာ၊ မညှာတာတဲ့ သဘောဖြင့်လက်ရော, ခြေရော၊ ထင်သလိုနှောင်ပြီး သဘောကျ နှိပ်စက်လေတော့၊ ခံ့သူကျွန်မက လေးမှာ၊ မိမိပြုခဲ့တဲ့ကုသိုလ်စေတနာကိုသာ အသေအချာအောက် မေ့ပြီး၊ကိုးကွယ်ရာမရှိရှာသဖြင့်၊ သဒ္ဓါတတ်ဖြင့်ရအပ်တဲ့စေတနာ ဇောကိုသာလက်ကိုင်ထား၍၊ နှိပ်စက်သမျှကိုစိတ်လက်ချပြီးခံနေ ရရှာတာပေါ့လေ၊ ၊ပုဏ္ဏားမိုက်ကြီးက၊ထုမှု,ရိုက်မှု,မညှာမတာ၊ အခါခါ နှိပ်စက်မှုတို့ကို ပြုရှာသောကြောင့်၊ သူ့ခမြာကလေးမှာ နောက်ဆုံး၌ ကျောက်တုံးကြီးပမာ-မလှုပ်ရှားတော့ဘဲ၊ လူ့ဘဝ ဇာတ်တစခန်းသိမ်း၍၊သက်ဇီဝိန်ချုပ်ငြိမ်းရှာရပါရောတဲ့၊ ၊စဉ်း စား၍ကြည့်ကအစေခံမကလေးရဲ့ဖြစ်ပုံဟာ လွန်မင်းစွာသနားစရာ ကောင်းသပေါ့၊ မရှိမဲ့,ရှိမဲ့နဲ့, သူတပါးအိမ်မှာ အစေခံလုပ်ပြီး၊ ခပ် ကုတ်ကုတ်ကလေး နေရရှာတဲ့အထဲမှာ၊ သဒ္ဓါတရားနှင့် ရှင်တော် ဘုရားကို၊ ရိုသေသမှု၊ ဤကုသိုလ်ကိုပြုမိရှာလေတော့ မကြာခင် ပင်မရကာစခန်းသို့ စံမြန်းရရှာပေတယ်၊ သနားညှာတာ ကရုဏာ လွတ်ကင်း၍၊ ဇွတ်တင်းပြီး မိုက်မဲတဲ့ပုဏ္ဏားယုတ်ကြီးမှာတော့၊ ကြီးစွာသော အပြစ်ကြီး ဦးခေါင်းပေါ်မှာစီးနေရောပေါ့လေ၊ သခင် ဖြစ်တဲ့ ဘဝမှာ-ထင်သလို ပြုကြစမြဲဘဲ၊ အစေခံကျွန်မမှာ ဝန်ချ တောင်းပန်၍ အတန်တန် ရှိခိုးပြီး၊ ပုဏ္ဏားကြီးအား- ပြန်ကြား ပြောဆိုသော်လဲ၊ အခွင့်မရရှာဘဲပုဏ္ဏားကြီး၏ပယောဂလုံ့လဖြင့်၊ အဆုံးဘဝသို့ရောက်ရရှာသော်လဲ၊ ကုသိုလ်စေတနာ လက်ကိုင်ရှိ သူကလေးမို့၊ အချည်းနှီးတော့ မဖြစ်ရဘူးပေါ့၊ သေသည်၏အခြား မဲ့မှာ၊ အိပ်ပျော်ယောက်ျား၊ နိုးသော်လားကဲ့သို့ဘွားကနဲတာဝတိံ သာနတ်ပြည်မှာဖြစ်ပြီး၊ ရှေးရှေးဝတ္ထုများလိုကြီးစွာသော ဗိမာန်အ ရှင်၊ သခင်မကလေးတဦး၏ဘဝသို့ ရောက်သွားသဘဲ့၊ "ကုသိုလ် ဖန်၊ ဗိမာန်အသင့်။ဘုံအသင့်" ဆိုတဲ့အတိုင်း၊ သန္ဒိဋ္ဌိက၊မျက် မှောက်တွင် အကျိုးကိုပြပေတယ်၊ ၊ဓမ္မောဟဝေရက္ခတိဓမ္မ စာရိံ၊ ဓမ္မောသုစိဏ္ဏောသုခမာဝဟတိ၊ ၊ဟူ၍ အသိတ်ဇာတ်

နိပါတ်တော်များမှာ၊ ရှင်တော်ဘုရားဟောကြားတော်မူတယ်၊ အနက်ကတော့သည်လိုတဲ့။ ။မြေ့ွ၊ အရိယ၊ဂိုဏ်းဝင်၊ ဗြိုလ်သူတော်စင်တို့၏တရားသည်၊ မြွေစာရိ၊ အရိယာဂိုဏ်းဝင်၊ သူတော်ရှင်တို့ကျင့်စဉ်လမ်းရိုး၊ အကျင့်မျိုးကို၊ အားကြိုးမာန်တက်၊ နှစ်နှစ်သက်သက်၊ ရက်ရက်စက်စက်ကျင့်လေ့ရှိသောသူကို၊ ဟာဝေ၊ ဇောကန်မများ၊ အမှန်အားဖြင့်၊ ရက္ခတိ၊ ဆင်းရဲဘို့ဘေးမှ၊ အေးမြချမ်းသာအောင်၊ စောင့်ရှောက်တတ်၏၊ သုစိဏ္ဏော၊ စိတ်မှာကပ်၍၊ ကောင်းစွာကျင့်အပ်သော၊ ဓမ္မော၊ သူတော်စင်တို့၏တရားသည်၊ သုခံ၊ လူနတ်နိဗ္ဗာန်၊ သုံးတန်သောချမ်းသာကို၊ အာဝဟာတိ၊ စိတ်သာချပေတော့၊ ဒိဋ္ဌရှက်ဆောင်နိုင်ရိုးမှန်သည်သာလျှင်တည်း။ ။

ဓဲ-သို့ကလိုလာရှိတဲ့အတိုင်း၊ အငေခံမကလေးရဲ့ကုသိုလ်စေတနာ၊ မရေမရာသောသဒ္ဓါတရားမျိုးဖြင့်ရသည်မဟုတ်တဲ့။ အသေအချာသဒ္ဓါခတ်ဖြင့်၊ ရအပ်လေသောကြောင့် စေတနာရှင်ကလေးအား၊ ချမ်းအေးရာကို ဆောင်ရွက်မှာ အမှန်ပေါ့၊ ကုသိုလ်ဟုန်ထောက်ပင့်တော့ မြင့်မြတ်တဲ့နတ်စည်းစိမ်ကြီးကို ခံစားရတာပေါ့လေ။ ။အင်း-ကုသိုလ်ရှင်ရေသည်ကျွန်မကလေးမှာတော့၊ အငေခံဘဝမှဒေတ်သိမ်း၍အေးငြိမ်းချမ်းသာ၊ မင်္ဂလာရှိတဲ့ နတ်စည်းစိမ်ကြီးများကိုခံစားရှာပြီ။ သူ့အတွက်ဇာတ်လမ်းကို့ ခွေဌ်မြှုပ်၍၊ ရှာသူ့ရှာသားပုဏ္ဏားများရဲ့ ဇာတ်စခန်းကို၊ ဖွင့်ထုတ်၍ပြလိုက်ကြ ဒုံးစို့ရဲ့။ ။

ဤကဲ့သို့ဖြစ်ပျက်ကြပြီးနောက်၊ ရှင်တော်ဘုရားက "ရှင်အာနန္ဒာ မထေရ်မြတ်ကြီး" အား၊ သို့ကလိုမိန့်ကြားတော်မူတယ်၊ "ချစ်သားအာနန္ဒာ၊ ငါဘုရားမိန့်ကြားစေခိုင်းတော်မူမည်၊ ရေတွင်းမှရေကိုဆောင်ယူချေ" သို့ကလိုမိန့်ကြား၍စေခိုင်းတော်မူတယ်၊ ရှင်အာနန္ဒာမထေရ်မြတ်ကြီးကလဲ "အရှင်ဘုရား၊ ယခုအခါရေတွင်းရှိသမျှမှာ "ထုန" ရှာသူ့ရှာသားများ၊ မြက်,သစ်မြိုက်တို့ဖြင့်ဖုံးအုပ်ဖို့ကာ ဆီးထားပါတယ်၊ ရေကိုခပ်ယူ ဆောင်ကြဉ်း၍ရမည် မဟုတ်ပါ

ဘုရား'' လို့ပြန်ကြားလျှောက်ထားသတဲ့။ ၊ရှင်တော်ဘုရားကလဲ၊ ရှင်အာနန္ဒာလျှောက်ထားငြင်းပယ်သည်ကိုအရေးမယူဘဲ၊ ဒုတိယ တခါ ရေတွင်းမှရေခပ်ယူရန်ကိုမိန့်ကြား စေခိုင်းတော်မူပြန်တယ်၊ ရှင်အာနန္ဒာမထေရ်မြတ်ကြီးကလဲ၊ရှေးကကဲ့သို့ ငြင်းဆိုပြီး နေပြန် တယ်၊ ၊အရှင်အာနန္ဒာ မထေရ်မြတ်ကြီးကတော့ ရေတွင်းမှာ "ထုန" ရွာသား၊လူမိုက်များတို့ မြက်,သစ်မြိုက်တို့ဖြင့် အပေါ်အဝ တိုင်အောင် ဖုံးဘိဖျက်ဆီး၍ ထားသဖြင့်၊ ရေကို ခပ်ယူဆောင် ကြဉ်းရန်ဘယ်မှာခနိုင်ပါ့မလဲ'' ဟူသောအမှတ်ဖြင့်၊ ထင်မြင်စွဲ လမ်းနေတော့တာပေါ့၊ ၊ထင်လဲထင်စရာပေဘဲ၊ရေတွင်းထဲမှာ အမှိုက်,သရိုက်တွေပြည့်နေပြီး၊ ပကတိအားဖြင့်ဆိုလျှင်၊ရေကိုမျှမ မြင်ရအောင်ဖြစ်နေတော့၊ ရေခပ်ယူရန် အတော်ပင်ခဲယဉ်းနေတာ ကလား၊ သို့ရာတွင်-ရှင်တော်ဘုရား၏ ဘုန်းဂုဏ်ဟာလွန်စွာကြီး မားလေတော့တောင့်တတိုင်းပြည့်ဝရမှာ အမှန်ပေါ့၊ ၊

တတိယအကြိမ်၊အရှင်အာနန္ဒာမထေရ်မြတ်ကြီးကို၊ ရှေးကကဲ့ သို့စေခိုင်းတော်မူပြန်တယ်၊ထိုအခါကျတော့-ရှင်အာနန္ဒာ မထေရ် မြတ်ကြီးသည်ရှင်တော်ဘုရား၏အာဏာတော်ကိုမဖယ်လှန်ဘဲ၊ ရှင်တော်ဘုရား၏ သပိတ်တော်ကိုယူပြီး၊ ရေတွင်းရှိရာသို့ရှေးရှုကြွ သွားတော်မူတယ်၊ ၊

အရှင်အာနန္ဒာ မထေရ်မြတ်ကြီး-ရေတွင်းသို့ ရောက်သည် နှင့်တပြိုင်နက်ရေတွင်း တခုလုံးဟာ-ရေတို့ဖြင့် ကမ်းလျှံအောင် ပြည့်၍နေသတဲ့၊ ဤမျှမကသေးဘဲ၊ ကမ်းလျှံအောင်ပြည့်၍ နေရာ က၊အခပ်လေးမျက်နှာသို့တပြိုင်ထည်း၊စီးဆင်းပြီး ရေတွင်း၏တံ တိုင်းကိုကျော်နင်း၍ထွက်သွားကုန်ပါရော၊ သည့်အခါကျတော့-ရှိ သမျှအမှိုက်, သရိုက်နှင့် မြက်သစ်မြိုက်တွေဟာ-လိမ့်,-လိမ့်နှင့် တသိမ့်သိမ့်,ရေမှာမျောပြီး-ဒလဟောပါကုန်ရောပေါ့၊ ရှင်တော်ဘု ရား၏-ဘုန်းတော်ကိုအဘယ်မှာတားဆီးကန့်ကွက်နိုင်ပါ့မလဲ၊ ရှင် တော်ဘုရားနှင့် ရဟန်းတော်များနေတဲ့အရပ်ဒေသမှာတော့၊ ရေ

တပေါက်မျှမရောက်ဘဲပကတိ ခြောက်မြဲတိုင်းခြောက်နေသတဲ့၊ အံ့လောက်သော တန်းခိုးပြာဋိဟာကြီးပေါ့၊ ။ဒါဲသို့ကလို-ထို ရေတွင်းမှ သမုဒ္ဒရာ ဝဲဂရက်ကြီးများ-ပွက်၍ ထသလိုတသွက် သွက်ထွက်လာတဲ့ရေအဟုန်ဟာမရပ်မနားဘဲ။ သာ၍ငင်ကြီးမား လျက်ဆီးတားချုပ်တန့်ခြင်းမရှိ၊ စီးမြဲတိုင်းစီးဆင်း၍ နေလေတဲ့။ ရွာတွင်းမှာရှိတဲ့တပါးသောရေတွင်းတွေဟာ-တခါ ထည်းရေတွေ လျှံပြီး-ခပ်မြန်မြန်ပြေ့ကုန်ပါရော၊ ခပ်ချိုင့်ချိုင့်မြေမညီတဲ့ အရပ် တွေမှာလဲ ပြည့်လျှံငြား"ထုန"မည်သောပုဏ္ဏားရွာကလေးကိုတခါ ထဲအထောက်မတန်အောင်ရေတွေလွှမ်းမိုးကုန်ပါရောတဲ့။ ပျက်စီး ယိုယွင်း၍ သွားလောက်အောင်တော့ဘယ်မှာ လွှမ်းမိုးမလဲ၊ ရှင် တော်ဘုရားက"ထုန"ရွာသားမိန်းမသားများကို၊ တရားရစေလို သဖြင့် အံ့ဩဘွယ်သော တန်းခိုးပြာဋိဟာကို ပြပြီးကယ်ချွတ် တော်မူခြင်းဖြစ်ပေတာကိုး၊ ။

ဒါဲသို့ကလို ထူးထူးဆန်းဆန်း ကြက်သီးထကမန်းမှု အံ့ဩ ဘနန်းရှိတဲ့ဖြစ်ပုံတွေကို"ထုန"ရွာသူ,ရွာသား မိန်းမ သမားတွေ ကမြင်တော့ - ရင်းတီးသက်ခပ်အတောမသတ်အောင်-အံ့ဩခြင်း ကြီးမကအံ့ဩကြတယ်၊"ရှင်တော်သကျ၊ ဂေါတမဟာ၊ လောကဇ္ဈ တန်ခိုးကြီးပါ့ပေတယ်၊ ဘုန်းရှိန်တောဇော၊ အသေ အချာကြီးပါပေ တယ်" လို့ ချီးမွမ်းအံ့ဩ၍ အထူးဘဲ ထောမနာခြင်းကို ပြုကြ တယ်၊

သို့ကလို—ကြက်သီးထဘွယ် ဆန်းဆန်းကြယ်ကြယ်ရှိတဲ့ အံ့ ဩဘွယ်ရာ တန်ခိုးပြာဋိဟာတွေကို မြင်ကြရသဖြင့် "ထုန"ရွာ သား—ပုဏ္ဏားများဟာမိမိတို့ မှားမိသမျှကို။ အလိုလိုကြောက်ရွံ့ ကြပြီး။ "သြော်-ငါတို့ပြုကြတဲ့အလုပ်တွေကဖြင့် ရုပ်ပွေထွေးသွက် ၍၊ မှားချင်တိုင်းမှားပြီး မှောက်ချင်တိုင်းမှောက်ကုန်ကြပါပကော။ ရှင်ဂေါတမကို ငါတို့ပြစ်မှားမိပြီ၊ တန်းခိုးရှင်ကြီးကိုပြစ်မှားမိပြီ" ဒါဲသို့ကလို-ကြောက်ရွံ့ထိတ်လန့်ပြီး အနည်းငယ်ကလေးမျှ စိတ် လေန်းဘဲတဖြန်းဖြန်းကြက်သီးထ၍ အလွန့်အလွန်ပူပန်ကြသတဲ့၊

အင်း-ဘယ်လောက်ပင်စိတ်တင်းပြီး မိုက်တွင်း နက်နေကြသော်လဲ အံ့ဘွယ်သရဲ တန်ခိုးတော် ပွဲကြီးတွေနဲ့ တွေ့ပလားဆိုတော့-စိတ်ထဲက မကြောက်ဘဲနေပါ့မလား။ မိစ္ဆာသမားတွေဟာ တခါထဲ-ထိတ်လန့်ရာတရားနဲ့ တွေ့တော့ပြောင်ကုန်ကြရတာပေါ့၊

"ဇုန"ရွာသား မောင်ပုဏ္ဏားတို့မှာ- များစွာကြောက်ရွံ့၍ နောက်တွန့်တဲ့စိတ်တွေနဲ့ "ငါတို့၊ သည်လိုနေလို့ဖြင့်မဖြစ်တော့ဘူး ရှင်တော်ဘုရားအားပူမိတဲ့အပြစ်များကြေအောင်ဝန်ချမာန်လျှော့ ဦးညွှတ်ပြော၍၊ကန်တော့မှဘဲ။" ဆဲသို့ကလိုအကြံဖြစ်ပြီးနေကြသတဲ့၊စီးဆင်းနေပဲ့ချေးတွေကလဲ ဒလဟောမပြတ် အတောမသတ်ဘဲနေတော့ကြာကြာနေလျှင်တရွာလုံး ရေမှာမြုပ်ပြီး၊ ဒုတ်ဒုတ်သေကြရမယ် အရေးကိုလဲ-တွေးတော၍ ကြောက်လန့်ကြရာမှာပေါ့၊သေဘေးနဲ့ တွေ့တော့မကြောက်ဘဲနေပါ့မလား။ မည်သူ မဆို သေဘေးနဲ့ ဆိုင်မိလျှင်-သွေးခတ်နိုင်သောလဲရှိ့ ငြပေါ့ ၊

"ဇုန"ရွာမှာနေတဲ့ သတ္တဝါတွေမှာ-ကြာရှေ့စွာ ဒုက္ခမခံလိုတော့-ရှင်တော်ဘုရားထံသွားပြီး"များမိသမျှ အပြစ်တွေကိုကြေအေးရန်ဝန်ချ၍ လွှန်သမျှကိုသည်းခံတော်ပါဘုရား" ဆိုကန်တော့ပန်းဆက်ကြတယ်၊ရှင်တော်ဘုရားကလဲ ပုဏ္ဏားငမိုက်တို့၏စိတ်နှလုံးဟာပြောင်းပျောင်း၍ကောင်းမြတ်လာသည်ကို သိသဖြင့်၊ ဒါနကထာ,သီလကထာ,စသောတရားတော်များကိုဟောကြားတော်မူပေတယ်၊ ရိုင်းပြ၍မိုက်နေတဲ့ ပုဏ္ဏား သတ္တဝါကောင် တွေလဲရှင်တော်ဘုရား၏ဘုန်းဟုန်ကိုမခံနိုင်ကြသဖြင့် တခါထဲ ယဉ်ကျေးပြီးသွေးတမျိုး ပြောင်းကုန်ကြတာပေါ့၊ ဤကဲ့သို့ ဝန်ချ၍ကန်တော့လိုက်သည်နှင့်တပြိုင်နက် ဝဲဂရက်မှပွက်ပြီးထသလို တကြွကြွထနေတဲ့ချေးအလျဉ်ကြီးဟာလဲတခါထဲ ပျောက်ကွယ်ပြီး အေးငြိမ်းသွားသတဲ့။ ထိုအခါကာလကျမှပင်"ဇုန"ရွာသား ဖွဲသမားတို့သည်များစွာအံ့ဩပြီး ရှင်တော်ဘုရား၌ ယုံကြည်လေးမြတ်၍ကောင်းမွန်စွာအသည်းကပ်ကိုးကွယ်ခြင်းအမှုကိုပြုကြသတဲ့၊ရိုင်းပြတဲ့ပုဏ္ဏားသတ္တဝါတွေဟာ တရားရေအေး၊ အမြိုက်ဆေးနဲ့ တွေ့

တော့အမှုပြောင်းပြီးလူကောင်းတွေဖြစ်လာကြရတာပေါ့၊ရှင်တော်ဘုရားနှင့်တပည့်သားသံဃာရတနာအမြတ်တို့အား၊ကြည်ညိုကိုးစားလိုတဲ့စိတ်ဓာတ်တွေဖြစ်ပေါ်လာကြသဖြင့် ရှင်တော်ဘုရားနှင့်တပည့်သားရဟန်းများအတွက်နေထိုင်ရာ၊ ကျောင်းနေရာစီရင်ပြီးနက်ဖြန်နံနက်အတွက်ဆွမ်းဖြင့် ပင့်ဘိတ်လျှောက်ထားကြတယ်၊ ထိုနေ့မှနောက်တရက်ဖြစ်တဲ့ ဒုတိယနေ့မှာ ''ထုန'' ရွာသားပုဏ္ဏားတစုတို့သည်ကြီးစွာသောအလှူဒါနကြီးကိုပေးလှူစွန့်ကြဲ၍၊ ဘုရားအမှူးရှိသော ရဟန်းတော်များအားမွန်မြတ်တဲ့ ဆွမ်းဘောဇဉ်ချိုချဉ်ရသာတို့နှင့်ကောင်းစွာလုပ်ကျွေးပြုရကြသတဲ့ ။

နောက်တော်ပါတပည့်သား သံဃာတော်အပေါင်းနှင့် တကွဖြစ်တော်မူသောရှင်တော်ဘု ရားသည်၊ ''ထုန်'' ရွာသားပုဏ္ဏားများဆက်ကပ်လှူဒါန်းကြသော ဆွမ်း,ဘောဇဉ်၊ ချို,ချဉ်ရသာတို့ကို။ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင်၊ ထိုပုဏ္ဏားတို့အား၊သင့်လျော်လျောက်ပတ်သော တရားဓမ္မဖြင့်။ကောင်းမွန်စွာဟောပြောပြသ၍၊ မိန္ဒဝါဒ၊ ဂုဏ်ကြီးဝေးပြီး၊ အထူးသဖြင့်၊ ယဉ်ကျေးစေတော်မူသတဲ့၊ ။ကရုဏာရှင်ဖြစ်တော်မူတဲ့ ရှင်တော်ဘုရားသည်၊ ရှေးအခါကာလကပင်။ ''ထုန်'' ရွာသားပုဏ္ဏားများ၏၊ ချမ်းသာဘို့အရေးကို၊မြော်တွေးသိမြင်တော်မူပြီးဖြစ်သဖြင့်။မိန္ဒာသမား၊ ပုဏ္ဏားအမိုက်တို့အား။ ကရုဏာအားတိုက်တွန်းတော်မူ၍ များစွာအပင်ပန်းခံပြီး။ ထုနရွာသို့ကြွလာကာ။တန်ခိုးပြာဋိဟာများကိုပြ၍၊တရားအရသာကိုသေချာစွာဝေဌတော်မူရတာပေါ့၊ ။ကိုင်းတခါ။အစေခံကျွန်မရေကုသိုလ်ပြုဘူးတဲ့ နတ်သမီးကလေးရဲ့ ဇာတ်လမ်းကို၊ တစခန်းဖွင့်လိုက်ကြအုံးစို့၊ ။

အစေခံကျွန်မကလေးမှာ၊ ပုဏ္ဏားကြီးရဲ့ဒဏ်ချက်ဖြင့်အသက်သေပြီး၊ တာဝတိံသာနတ်ပြည်မှာ-ကြီးစွာသော ဗျာဒ်မာန်ဘုံကြီးပေါက်၍၊နတ်သမီးအဖြစ်သို့ရောက်သွားတဲ့နောက် ဘွားဘာနဲ့ဆို မိမိ၏အကြောင်းအရာများကိုသို့ကလိုပြန်၍ဆင်ခြင်မိသတဲ့။ ''ငြွဒ်ပါသည့်၊ဘယ်အရပ်-ဘယ်ဌာနမှာ၊ဘယ်အချိန်ဘယ်အခါက၊ဘယ်

လိုကုသိုလ်မျိုးကိုစိုက်ပျိုးထူထောင်ခဲ့သဖြင့်၊ ဤကဲ့သို့ကြီးကျယ် ခန်းနား၊ဆန်းပြားထူးထွေသောနတ်ဗိမာန်နှင့်တကွ၊ဥယျာဉ်နှင့်မြစ်၊ ချွေကာချစ်၍၊ နှစ်သက်စဘွယ်, တင့်တယ်ကောင်းမြတ်သောနတ် စည်းစိမ်ကိုရရှိပါလိမ့်မလဲ'' အဲ-ဤကဲ့သို့ရှေးဟောင်းနှောင်းဖြစ်များ ကိုပြန်လှန်ဆင်ခြင်ကြည့်သတဲ့၊သည်အခါကျတော့ နတ်သွီးကလေး သည်၊ မိမိဖြစ်ခဲ့သမျှကို လုံးမကျန် အကုန်လုံးပြန်၍သတိရပြီး၊ ''ဩော်-ငါသည်၊ ရှေးအခါက ''ထုန'' မည်သောပဏ္ဏားရွာမှာ၊ရှင် တော်ဘုရားအား ရေတလုံးမျှလှူခဲ့ရသောကုသိုလ်ကကြောင့်၊ ယခု လိုတာဝတိံသာနတ်ရွာမှာ၊ ကြီးစွာသောနတ်စည်းစိမ်ကြီးကိုရရှိ လာတာပါကလား၊ ငါ့အားပဏ္ဏားကြီးရိုက်နှက်၍အသက်သေဆုံး ခြင်းသို့ရောက်သဖြင့်၊တာဝတိံသာမှာဘုံပေါက်ပြီး၊ နတ်သွီးအဖြစ် သို့ရောက်လာရပါကလား၊မပြောပလောက်သောရေကုသိုလ်အဟုန် သည်နတ်ဘုံ၌ကြီးစွာသောနတ်စည်းစိမ်ကြီးကိုရရှိရပါကလား'' လို့တွေးတောဆင်ခြင်ကာ၊များစွာဝမ်းမြောက်မိသတဲ့၊ မနေ့ကဖြစ် ခဲ့တဲ့အကြောင်းများကိုပြန်လှန်စဉ်းစားမိ၍၊ အသေအချာသတိရသ ကဲ့သို့လူ့ပြည်မှာဖြစ်ခဲ့တဲ့အကြောင်းအရာတွေကို၊သေချာစွာသတိ ရပြီး၊ရှိသမျှပေါ်ပေါက်၍လာသသတဲ့၊ ဗိမာန်ရှင်နတ်သွီးကလေးသည်၊ ဘယ်လို အကြံဖြစ်ပြန်ပါသလဲလို့ ဆိုတော့၊ ''ဩော်-ယခုအခါ ''ထုန''ရွာမှာဖြင့်၊ ရှင်တော်ဘုရားတန်ခိုးတော်ကြောင့်၊ ပဏ္ဏားအ မိုက်တွေလိမ္မာယဉ်ကျေးပြီး၊ ကုသိုလ်ရေးဘက်သို့ပါကြ၍ ကြီးစွာ သောဒါနပွဲကြီးကိုပြုဆဲဖြစ်တဲ့အခါပါကလား၊ ငါသည်လူ့ဘဝသို့ ဆင်းသက်ပြီးရှင်တော်ဘုရားနှင့်တကွ၊ တပည့်သားရဟန်းသံဃာ တော်တို့အား၊ ရှိသေစွာရှိခိုး၍ မိမိ၏ကုသိုလ်အကျိုးကို လျှောက် ထားရလျှင် နေရာကျမှာဘဲ၊ ငါသည်ကောင်းစွာ ကျင့်အပ်သော သုစရိတမှု၌၊အလှူဝတ္ထုအနည်းငယ်သာဖြစ်သော၊မပြောပလောက် သော၊ရေကုသိုလ်ကြောင့်၊ ဤကဲ့သို့ကြီးကျယ်မြင့်မြတ်သော နတ် တို့၏စည်းစိမ်အကျိုးကိုလူ့ပြည်လောက၊ ''ထုန'' ရွာဂါမ၌၊များ လှသော လူပရိသတ်တို့၏ အလယ်မှာ၊ ထင်ရှားအောင်ပြုတော့

မယ်''ဆိုတဲ့၊ ကောင်းမြတ်သော ဆုံးဖြတ်ချက် ကြီးကို ချသတဲ့။ လိမ္မာသော နတ်သမီးဖြစ်လေတော့၊ ရှင်တော်ဘုရားဘက်က ကျည့်ပြီး၊ စေတနာသုံးပါး၌၊ ယုံကြည်သည်ထက်, ယုံကြည် လေအောင် ပြုလုပ်ဖို့အတွက်၊ ကြံစည်ဆုံးဖြတ်ချက်ချခြင်းဖြစ်ပေတယ်။ ။

ဧရာဝတီကုသိုလ်ဟုန်ဒေါ်နဲ့၊ အနည်းငယ်ကလေး ပြုရုံမျှဖြင့် ဤမျှလောက်ကြီးကျယ်တဲ့ နတ်စည်းစိမ်ကြီးကို ရပေတယ်လို့-လူအများသည်ထင်ရှားစွာသိကြလျှင်၊ သာ၍ပင်သဒ္ဓါခံတတ်ဦးတက်၍။ နှစ်သက်ကြည်လင်ခြင်းဖြစ်ကြမှာအမှန်ဘဲ။ ။ဤကဲ့သို့-ကြံစည်မိပြီး၊ ယခင်နတ်သမီးကလေးသည် များစွာသော အခြွေအရံ နတ်သမီးပေါင်းများစွာနှင့်တကွလှော်ဗိမာန်ကြီးရဲ့ ဘေးပတ်လည်မှာရှိဘဲ့၊ နတ်ဥယျာဉ်ကြီးတွေ,နတ်,မြစ်ကြီးတွေပါတခါထဲ၊ "လှော်ဗိမာန်ကြီး''နှင့်အတူ၊ တဆူဆူတညံ့ညံ့၊ နတ်တူရိယာသံတစာစာနဲ့။ ကြီးစွာသောနတ်မိန်းမတို့၏တန်ခိုးအစွမ်းဖြင့်၊ လူ့ပြည်လမ်းခရီးသို့ဆင်းသက်လာတယ်။ လူ့ရွာသို့သွား၍၊ နတ်တို့၏စည်းစိမ်ဖြင့်၊ တထိန်ထိန်တောက်ကြွားပြီး ရှင်တော်ဘုရားအား လျှောက်ထားရန်ဖြစ်လေတော့။ မိမိပိုင်ဆိုင်သမျှ-နတ်သမီးတွေကိုပါ၊ တခါထဲခေါ်ဆောင်၍၊ လူ့ဘောင်သို့ဆင်းသက်လာတာပေါ့၊ ။ခန်းနား၍ဆန်းပြားပုံများကိုတော့၊ အထူးပြောကြားဘွယ်မရှိတော့ပါဘူး၊ ရှေးရှေးဝတ္ထုများမှာပြခဲ့တဲ့၊ "လှော်ဗိမာန်ကြီး''များနှင့်အတူ၊ တင့်တယ်ချင်တိုင်း,လက်စွမ်းကုန်တင့်တယ်ပြီး၊ အပုံကြီး-ကြီးကျယ်လိမ့်မယ်လို့သာမှတ်လိုက်ကြပေတော့၊ နတ်ဥယျာဉ်ကြီးတွေ,နတ်ဗိမာန်ကြီးတွေ,နတ်မြစ်ကြီးတွေ,ပါလူ့ရွာသို့ပါလာတယ်ဆိုတော့၊ ဘယ်မှာပြောဘွယ်ရှိမလဲ၊ သာ၍ပင်တင့်တယ်ပြီး၊ ဖွယ်ရာလှပ-ရှုမဝကြီးဖြစ်နေတော့မှာပေါ့၊

"ထုန''ရွာသား၊ လူများအပေါင်းလဲသောင်းသောင်းဖြတ်အာ ထောမနာအံ့သြကြပြီး အမောကြီး မောကာ၊ ထက်ကောင်းကင်အဇဋ္ဌသို့သာလျှင်၊ မျက်နှာမူကာကြည့်ရှုနေကြသတဲ့၊ နတ်သမီးကလေးကလဲ့၊ ထုန-ရွာသားလူအများတို့၊ ကြည့်ရှုဆဲခဏမှာဘဲ၊ ဘွားကနဲ

ဆို၍ ရှင်တော် ဘုရား အထံ မှောက်သို့ ဆိုက်ရောက် ၍ဖြစ်၍၊ ရတနာ ပြာသာဒ်ပေါ် မှ ဆင်းသက်၍ ရှင်တော်ဘုရားအထံသို့ချဉ်းကပ်ပြီး၊ လက်ချောင်းဆယ်ဖြာ၊ မြတ်ရွှေကြာကိုဦးထိပ်မှာတင်၍၊ ကန်တော့ပန်းဆင်လိုက်ပြီး၊ သင့်တင့်သော နေရာမှာ ထိုင်၍နေရှာသတဲ့၊ ဤသည့်လိုအခြင်းအရာတွေကို၊ "ထုန" သား ပုဏ္ဏားများက မြင်တော့ အလျင်တုန်းက၊ သူ့ထက်ငါ အံ့ညွှတ်၍ ထောင်နေသလိုမပြီးဘူးတဲ့၊ တခါမှလဲမတွေ့ဘူး၊ မမြင်ဘူး။ ယခုလိုတွေ့မြင်ချက်ထူးလေတော့ချီးကျူးသံတွေဟာ၊ တညံညံ၊ တစီစီ၊ အလီလီ၊ အလာလာဆူလို့သာနေတော့တာပေါ့ ။ သို့ကလို-တဝေးတမောကြီး၊ အံ့ညွှန်၍နေကြသော်လဲ၊ မည်သူ့မည်ဝါ၊ ဘာဘာ ညာညာ၊ တရုတ်ရော သော အကြောင်းကိုမှ မသိကြရိုးအမှန်ပေါ့ ရှင်တော်ဘုရားကလဲဘွားကနဲ ဆိုက်ရောက်လာတဲ့ ဗိမာန်ကြီးနှင့်တကွ ဗိမာန်ရှင် နတ်သမီးကလေးကို မြင်တော်မူလေတော့ အနည်းငယ်မျှသော ဖြစ်ရပ်သိလိုဒါနကြောင့်၊ ကြီးကျယ်လှစွာသော၊ တာဝတိံသာ၊ နတ်ရွာ၌ နည်းစမ်ကြီးကို ခံစား၊ စံစား၊ ရသော အကျိုး ဝိပါက်များကို၊ တရားနာ ပရိသတ်တို့အား ယခုမျက်မှောက်၌ပင်ထင်ရှားစေလိုသဖြင့်၊ ယခင် ဗိမာန်ရှင်နတ်သမီးကလေးအား ရှေးရှေးဘဝက ပြုခဲ့ဘူးသော ဒါနမျိုးကို မေးမြန်းတော်မူတယ်။

(၁) သုဝဏ္ဏမယဒုန္နာဝါ၊ နာရီအာရုဟိတ်မှသည်၊
ဩဂါဟာသိပေါ်ကျွရက် ပဥ္စင်္ဂွသ ပေါ်တိုနား ။

(၁) ဤဂါထာ၏အနက်ကိုတော့ "ပထေ ဝိဝေ ခ ဘူး" မှာလာသကဲ့သို့မှတ်ကြရမယ်၊ နတ်သမီးကလေးသည် ရှင်တော်ဘုရားအား ရှိခိုး၍နေသဖြင့် မိမိ၏သွေးမာန်ကြီးပေါ် မှာစီးလျက်မရှိခိုးရိုးမှန်ပေတယ် ရေကန့်သို့သက်ဆင်းပြီးပဒုမ္မာကြာရိုးများကို မချိုးချိုးမှန်ပေတယ်ဟုသိပါလျက်၊ အထက်ပါဂါထာဖြင့် ရွှေလှေနံ့ယက်တို့ဖြင့်ဖုံးအုပ်အပ်သော လှေထက်သို့တက်၍နေဘိ၏တရားမေး ရေကန်သို့သက်

ဆင်း၍ကြွာရိုးများကိုချိုး၍နေတိ၏တကား၊ ။ဟူသောရှင်တော်ဘုရား၏မေးမြန်းတော်မူချက်များမှာ၊နတ်သမီးကလေး၏ ဗိမာန်ကြီးနှင့်တကွ ရေကန်,ဥယျာဉ်ကိုထောက်ရှုသဖြင့်၊"ယခင်က၊ ဤ-အမှုများကိုပြုမည် အမှန်ဖြစ်တယ်" ဆိုသော သဘောကိုသိစေလို၍၊ မေးမြန်းခြင်းဟုမှတ်သားကြရမတဲ့၊

ရှင်တော်ဘုရားက တခါထပ်ဆင့်၍၊ အခွင့်အားလျော်စွာ မေးမြန်းတော်မူပြန်တယ်။

(၂) ကုရုဝါဂါရာနိဝေသာတော၊ ဝိဘတ္တာ ဘာဂသော မိတာ။
ဒဒ္ဒလ္လမာနာ အာဘန္တိ၊ သမန္တာ စတုရော ဒိသာ၊ ။

(၂) ဒေဝ၊ဘုန်းကံမြင့်ကြီး၊အိုနတ်သမီး၊ တော၊ဘုန်းကံမြင့်ကြီး၊သင်နတ်သမီးသည်၊ဝိဘတ္တာ၊အထူးထူး,အပြားပြား၊ သီးခြား၍ဝေဘန်အပ်ကုန်သော၊ကုရုဝါဂါရာ၊ ရတနာအမွန်တို့ဖြင့်၊ ကောင်းစွာချယ်စီမံသည့်၊ ရလစ်မွန်းချွန်တပ်အပ်သောအိမ်ရှိကုန်သော၊ နိဝေသာ၊ရတနာဗိမာန်သို့၊ပြန်ကာ,လည်ကာ၊ သွားလာ,ထွက်ဝင်၍နေကြကုန်သော၊နတ်သမီးတို့သည်၊ ဘာဂသော၊ တခုတခု၊သူ့အဘို့အဖု အားဖြင့်၊မိတာ၊သူ့အနိုင်,ငါ့အနိုင်၊ပြိုင်ဆိုင်၍နေကြကုန်သကဲ့သို့၊ဟောန္တိ၊စင်စစ်ကြောကုန်၊ အမှန်ဖြစ်ကုန်၏တကား၊သမန္တာ၊ ပတ်လည်တွင်းပြင်၊ထက်ဝန်းကျင်သောအရပ်၌၊စတုရောဒိသာ၊ လေးမျက်နှာလုံး၊အကုန်ချုံးလျက်၊ဒဒ္ဒလ္လမာနာ၊အလွန်အချွန်၊တောက်ပကုန်သည်ဖြစ်၍၊အာဘန္တိ၊ရွှေ,ငွေ,စသား၊ရနံ့ပါးရတနာ၊ရောင်ဝါပျံ့ကျက်သန်းသဖြင့်၊အဆန်းတကြယ်၊တင့်တယ်ထွန်းမြူး၍၊ အထူးပင်တောက်ပကြကုန်ဘိ၏တကား၊ ။

သည်-ဂါထာရဲ့၊ ဆိုလိုရင်းအဓိပ္ပါယ်ကတော့၊ "ဘုန်းကံမြင့်ကြီး၊အိုနတ်သမီး၊ သင်နတ်သမီးကလေးသည်၊ ထူးပြားခြားနားစွာပြုပြင်ဝေဘန်၍ထားအပ်သော၊ရလစ်မွန်းချွန်တပ်သော၊ ပြာသာဒ်နှင့်တကွ၊ "ရတနာလှေဗိမာန်ကြီး" အတွင်းမှာ၊ ထွက်ချည်တခါ, ဝင်ချည်တလှည့်နှင့်နေကြတဲ့နတ်သမီးကလေးတွေဟာ တယောက်နှင့်

တနေ့ယောက်။ တခုနှင့်တခု၊ အနုချင်း၊ အလှချင်း၊ ပြိုင်ဆိုင်၍နေသလို၊ များစွာဘင့်တယ်ပေတယ်၊ သင်၏နတ်ဗိမာန်ကြီးမှာလဲ။ တညီးညီး၊ တသိန့်သိန့်၊ တရှိန်ရှိန်၊ တဖြာဖြာလေးမျက်နှာအနှံ့။ အရောင်အဝါတွေပြန့်သဖြင့်၊ အံ့မခန်းအောင်ပင်၊ တင့်တယ်လှပါပေတယ်၊" အဲ-သို့ကလိုမေးမြန်းခြင်းဖြစ်ပေတယ်၊

(မှာထားချက်၊ ။ဤဂါထာမှတပါး၊ အခြားဂါထာများသည်၊ ပထမဝိမာနဝတ္ထု၌လာသကဲ့သို့၊ ခပ်ဆင်ဆင်ချည်းသာဖြစ်သဖြင့်၊ ထူးသောပါဌ်၏အနက်များကိုသာရေးသားတော်ပြပါမည်။)

(၃) သာဒေဝတာ အတ္တမနာ၊ သမ္ဗုဒ္ဓေနေဝ ပုစ္ဆိတာ၊ ပဉှံ ပုဋ္ဌာ ဝိယာကာသိ၊ ယဿ ကမ္မဿိဒံ ဖလံ။ ။

(ဤဂါထာ၌ (၃) သမ္ဗုဒ္ဓေနေဝ၊ လောကထွန်းထား၊ ရှင်တော်ဘုရားသည်၊ ပုစ္ဆိတာ၊ သိလိုရေးနှင့်မေးအပ်လေသောကြောင့်၊ ။ ဤမှကျန်သမျှကို၊ ပထမနာဂါဝိမာနကဲ့သို့မှတ်ပါ။)

(၄) အဟံ မနုဿေသု မနုဿဘူတာ၊
ပုရိမာယ ဇာတိယာ မနုဿလောကေ၊
ဒိသွာန ဘိက္ခူ တသိတေ ကိလန္တေ၊
ဥဋ္ဌာယ ပါတုံ ဥဒကံ အဒါသိံ၊ ။

(ဤဂါဂါထာ၌ (၄) ဘိက္ခူ၊ ရှင်တော်ဘုရား၊ အမျိုးထား၍၊ များပြားလှစွာ၊ ရဟန်းသံဃာတို့ကို၊ ။ ဤသို့ပြင်၍ဆိုရုံမျှသာထူးတော့သည်၊)

(၅) ကူဋာဂါရာနိဝေသာမေ ဝိဘတ္တာ ဘာဂသောမိတာ၊ ဒဒ္ဒလ္လမာနာ အာဘန္တိ၊ သမန္တာ စတုရောဒိသာ။ ။

(ဤဂါထာ၌ (၅) မေ၊ ကျွန်ုပ်ရှင်တပည့်တော်မသည်၊ ။ ဤမျှသာထူးတော့သည်။)

ဤမှတပါး အခုံးဖြစ်သောကျောက်ထားချက်ဂါထာ-တပုဒ်ကိုတော့၊ သဒ္ဒါအနက်ဗုံလင်စွာနှင့် ရေးသားရမှာပေါ့၊ ။ပြပြီးသား

ဘွဲ့ထပ်ခါထပ်ခါပြနေမှဖြင့်၊ စကားတွေရှည်ပြီး၊ ကြည့်ရှုသူများ ညှင်းစရာကြီးဖြစ်နေမှာကိုလဲစိုးရပေသေးတယ်၊

(၄) အက္ခာမိ တေ ဗုဒ္ဓ မဟာနုဘာဝ၊
မနုဿဘူတာ ယမကာသိ ပုညံ၊
တေနမှိ ဧဝံ ဇလိတာနုဘာဝါ၊
ဝဏ္ဏော စ မေ သဗ္ဗဒိသာ ပဘာသတိ။
ဧတဿ ကမ္မဿ ဖလံ မမေဒံ၊
အတ္ထာယ ဗုဒ္ဓေါ ဥဒကံ အပါယိ။

(၄) မဟာနုဘာဝ၊ ဘုန်းတော်ကြောက်ဆူ၊ အောင်လံထူသဖြင့်၊ မြှင့်သူကင်းပ၊ ကြီးမားလှသောတန်ခိုးတော် ရှိတော်မူသော၊ ဗုဒ္ဓ၊ လောကသခင်၊ ဘုရားရှင်၊ တေ၊ သုံးဘုံသူတို့၏ မှန်ကင်းတရားမင်းဖြစ်တော်မူသောအရှင်ဘုရားအား၊ အဟံ၊ ရတနာသုံးပါး၌၊ ကိုးစားခယ၊ တပည့်တော်မသည်၊ အက္ခာမိ၊ ဟုတ်မှန်သောအားဖြင့်၊ လျှောက်ထားပါသည် အရှင်မြတ်ဘုရား၊ မနုဿဘူတာ၊ လူဖြစ်၍ဖြစ်သော၊ အဟံ၊ တပည့်တော်မသည်၊ ပုညံ၊ လျှောက်ထားခဲ့ပြီးသော၊ ရေကုသိုလ်ဒါနကို၊ အကာသိ၊ အသက်နှင့်လဲ၍သေချင်လဲသေပေစေဆိုတဲ့သဘောနှင့်၊ အံ့ဩလောက်အောင် ပြုခဲ့ဘူးပါသည်ဘုရား၊ တေန၊ ထို-ကိုယ်နှင့်အသက်၊ မငဲ့ကွက်ဘဲ၊ ချက်စက်ကြည်ဖြူ၊ အနည်းငယ်သောရေအလှူကို၊ ပေးလှူခဲ့ဘူးသောကြောင့်၊ အဟံ၊ တပည့်တော်မသည်၊ ဧဝံ၊ ယခုဘဝ၊ ရှင်တော်ဘုရားမြင်ရတော်မူသောအတိုင်း၊ ဇလိတာနုဘာဝါ၊ လေးမျက်နှာလုံး၊ အကုန်ချုံး၍၊ ရွှေတုံး,ရွှေသား၊ ချထားသောအလားသို့၊ အားပါးတရ၊ ထွန်းတောက်ပသော၊ အရောင်,အဆင်းရှိသည်၊ အမှိ၊ စင်စစ်ကြောင့်၊ အမှန်ပင်ဖြစ်ပါ၏ဘုရား၊ မေ၊ တပည့်တော်မ၏၊ ဝဏ္ဏော စ၊ ကိုယ်အဆင်းအရောင်သည်လည်း၊ သဗ္ဗဒိသာ-သဗ္ဗဒိသာသု၊ အရပ်လေးမျက်နှာတို့၌၊ ပဘာသတိ၊ အရောင်အမျိုးမျိုးတို့ဖြင့်၊ ထွန်းတောက်ပါ၏ဘုရား၊ ဘန္တေ၊ မြတ်ဘုန်းတော်သခင်၊ သုံးလောကထိပ်ခေါင်တင်

ဘုရား၏မေ၊ တပည့်တော်မ၏၊ အညှာသာယာ၊ပတ္တကျွ,သံသရာ၊နှစ်ဖြာ သောအကျိုးငှာ၊ဗုဒ္ဓါ၊ ရှင်တော်ဘုရားသည်၊ဥဒကာ၊သဒ္ဒါပြုပြုနှင့် ပေးလှူအပ်သောရေကို၊ အပါယ်၊ဘဥ်းပေးသုံးဆောင်တော်မူခဲ့ပြီ၊ ရှာ-၊ဤသို့ကြီးကျယ် မှားမြောင်၊ နတ်တို့၏ အသုံးအဆောင်ဖြင့်၊ တပြောင်ပြောင်ထိန်ဝင်း၍၊ နတ်သမီးဖြစ်လာရခြင်းသည်၊ ဧတဿ ကမ္မဿ၊ ဟု-ရှေး ဝ၊ဘိုကာလ ၊ ဒါ တရ၊ အားထုတ်ပြုခဲ့ရ သော ထို-ရေကုသိုလ် ောင်းမှု၏၊ဖလံ၊ ကောင်းမြတ်သော အကျိုး တရားပင်မှန်ပါတေ သည်ဘုရား၊ ၊

အဲ-သို့ကလို၊နတ်သမီးကလေးက၊ ရှင်တော် ုရားအားလျှောက် သားရှာတယ်၊အထူးချဲ့ထွင်၍ပြောဘို့မလိုတော့ပါဘူး၊ကုသိုလ်အ ဟုန် တင်၍၊ မြင့်ချင်တိုင်းမြင့်ပြီး၊ လွင့်နေတဲ့ ဘုန်းကံတွေပေါ့၊ ရှင်တော်ဘုရားက သို့ကလို မေးမြန်းတဲ့ အခါ။ နတ်သမီးကလေး ကလဲရုံလင်စွာ ဖြကြားတော့များစွာသောပရိသတ်တွေဟာ၊ဝမ်း မြောက်ရမလိုလို, ဝမ်းနည်းရမလိုလိုနဲ့၊ ၊နတ်သမီးကလေးကိုသာ ကြည့်ရှု၍နေကြတော့တာပေါ့၊ ၊ရှင်တော် ုရားသည်၊နတ်သမီး ကလေးနှင့်တကွ၊ရှိသေစွာ ထိုင်နေကြတဲ့ပရိသတ်တို့အား၊ တရား ဒေသနာကို သေချာစွာဟောတော်မူတယ်၊ ၊နတ်သမီးကလေးက လဲ၊ထိုနေရာမှာပင်၊သောတာပန်မကလေးဖြစ်ပြီး၊ အရိယာနွယ်ဝင် သူ့တော်စင်ဘဝသို့ရောက်သွားသတဲ့၊ကျွင်းကျန်သော "ထုန်" ရွှာ သားပုဏ္ဏားများလဲ၊ တရားဒေသနာကိုကြားနာကြရသဖြင့်၊ သော တာပန်,စသောအရိယာပုဂ္ဂိုလ်တို့၏ဘုံသို့ ကောင်းမွန်စွာခိုလှုံကူး ရောက်ကြရကုန်သတဲ့။ ၊နတ်သမီးကလေးလဲ၊တရားနာ၍ပြီးသည် အ ရုံး၌၊ဘုံဗိမာန်နှင့်တကွ၊ မိမိနေရာတာဝတိံ သာနတ်ရွာသို့ပြန် သွားလေသတည်း၊

"ရေဇနကဂါထာ"

အပ္ပသာ ဥဒကဒါနသာ၊မဟာန္တံ ဝိပုလံဖလံ၊
ဒိသ္ဝာန ပဏ္ဍိတော ပေါသော၊ဥဒဓါနာဒဒေယာ ခကော၊

ဘောဂနေ့ာ၊သဒ္ဒါပသန္နရှိကုန်ကြသော၊ဒါနလိုကြောင်း၊ဒို-သူ တော်ကောင်းတို့၊အပ္ပသႆ၊တအိုးစာမျှ၊နည်းပါးလှသော၊ ဥဒကဒါ နသႆ၊ကြည်လင်သန့်ရှင်း၊ရေကိုလှူခြင်း၏၊ မဟာနံ့၊ချမ်းသာရိပ် ငြိမ်၊ဂုဏ်သိမ်များပြား၊အလွန်ကြီးမားပေထသော၊ ဖိပုလံ၊တအုံ့ တသြ၊ကြီမောဘွယ်မျှ၊ ပြန့်ပြောထသော၊ဖလံ၊ အကျိုးဝိပါက်၊ ပေးလိုက်ပုံအချက်ကို၊ဒိသွာန၊ပညာမျက်စိ၊ ဉာဏ်သတိဖြင့်၊ မိမိ ရှု၊ ကြည့်ရှုကြ၍၊ ပဏ္ဍိတော၊ ဉာဏ်ပညာနှင့် ပြည့်စုံသော၊ ပေါသော၊ သူတော်စင်ယောကျ်ားကောင်းသည်၊ဥဒပါနာဒယော၊ ရေကန်စသည်တို့ကို၊ ခဏော ခဏောယ၊သံသရာစခန်း၌၊ ရွှင်လန်း ဝမ်းမြောက်ပျော်မြူးရအောင်၊တူးပေါ်ကြပါတော့လော၊

နံပါတ် ၈၊တတိယနာဝါဝိမာနဝတ္ထုပြီး၏။

———း၈း———

ဝတ္ထုနံပါတ် (၉)

"ဒီပဒါယကဝိမာနဝတ္ထု"

လူမင်း,နတ်မင်း,ဗြဟ္မာမင်းတို့၊ဝပ်ပင်းကော်ရော်၊ ရှိခိုးပူဇော် ၍၊ခြေတော်ဦးတိုက်၊ဖူးခိုက်ကြရ၊မဟာဝမ္မရာဇာ၊ တရားမင်းဖြစ် တော်မူသော၊ လောကထိပ်ခေါင်တင်၊ သုံးလောကထွန်းရှင်သည်၊ သာဝတ္ထိပြည့်ဇေတဝန်ကျောင်းတော်၌၊ ကိုယ်ထူးအောင်းမွေ့လျော် စံနေတော်မူသောအခါ၊ သွန်းပက္ခ,သွဲ့တ်ပက္ခ,ဥပုသ်နေ့ဟူသမျှတို့ ၌၊များပြားလှစွာသောသာဝတ္ထိပြည်သား ဥပုသ်သည် လူအများတို့ သည်၊ဥပုသ်သီတင်းကို၊ ကောင်းစွာစောင့်သုံး၊ဆောက်တည်ကြ သတဲ့၊ နံနက်ဆွမ်းစားပြီးဘဲ့နောက် ဖြစ်သော အချိန် အခါမှာ၊ ဥပုသ်သီလဆောက်တည်ကြပြီးကာလ၊မိမိတို့ငွှည်းအင်အား အ ပျောက်၊ဆွမ်း,သင်္ကန်း,စသောဒါနများကို ပြုကြသတဲ့။ (သီလ ဆောက်တည်တဲ့အခါ၊ လှူဒါန်းကြဘဲ့ ကန်တော့ပွဲများကိုဆိုလို တယ်)၊ ၊နံနက်စာခဲဘွဲဝောကၢ လေးစားသောက်ကြပြီး၊ အဝတ်

သစ်၊အထည်သစ်၊များကိုလဲလှယ်ပြီး၊ အဝတ်ဖြူသန့်သန့်၊ဖြန့်ဖြန့်၊ ကိုယ်စီပါလယ်တင်လျက် ပန်းနံ့သာ၊ အမွှေး၊ အထုံ၊ စသော လှူဖွယ် များကိုလက်စွဲကိုင်၍ နေ့ဆွမ်းစားပြီးအချိန်မှာ၊ ရှင်တော်ဘုရား၏ ကျောင်းတော်သို့သွားကြသတဲ့၊ ယခုကာလမှာ၊ မိမိတို့နှင့်စပ်ဆိုင် ရာကျောင်းများသို့သွားပြီး၊ ဥပုသ်သီတင်းဆောက်တည်ကြသလို ပေါ့၊ ပန်း၊နံ့သာ၊ စသည်တို့ကိုယူဆွဲ၍သွားခြင်းက၊ ရှင်တော်ဘုရား နှင့်ရဟန်းသံဃာများကိုလှူဒါန်းတို့အလှူဖွယ်တမျိုးပေါ့လေ။

ကျောင်းတော်သို့ရောက်ကြပလားဆိုတော့၊ အချို့ကရှင်တော် ဘုရားအား၊သွား၍ဖူးမြင်ကြတယ်၊ အချို့ကဆိတ်ငြိမ်တဲ့နေရာကို ရှာပြီး၊ကမ္မဋ္ဌာန်းဘာဝနာအလုပ်များကိုပြုလုပ်ကြတယ်၊ အချို့က လဲ၊ရှင်တော်ဘုရားထံတရားနာကြတယ်၊ အချို့ကတော့၊ မိမိတို့ ကြည်ညိုတဲ့ကိုယ်တော်ကလေးတွေထံသွားပြီး၊ တရားစကားပြော ဟောဆွေးနွေးကြတယ်၊အချို့ကတော့တရားနာကြတယ်၊ အသင် သင့်ရာပြုလုပ်ကြတာပေါ့လေ၊ရှေးအခါက၊ကုသိုလ်ကောင်းမှုဘက် ကိုတော့၊သူ့ထက်ငါအားတက်ပြီးပြုလုပ်ကြတာကလား၊ ရပ်ကွက် တွေနေ၊ မိတ်ဆွေသင်္ဂဟတွေပရိုးပြီး၊ ပျော်ပျော်ကြီး သွားကြ၍။ ကုသိုလ်ကောင်းမှုကို ရှာကြံကြတယ်၊ ယခုကာလမှာတော့၊များ သောအားဖြင့်၊ ကုသိုလ်ရေးနှင့်စပ်လျဉ်း၍သွက်သွက်၊လက်လက်နှင့် အညာလွယ်သောသူအနည်းသာကလား၊တွက်တွက်ကပ်ကပ်နှင့် ခေါင်းဆောင်ပြီးပြုမဲ့သူကိုပင်အတော်ရှာယူရတယ်၊သဒ္ဓိကာလ နဲ့ဝိပ္ပဋိကာလဆိုတော့၊ကွာချင်တိုင်းကွာနေတာပေါ့၊ ဥပုသ် သီတင်းသည်များဟာ၊ ကိုယ်နှင့်စပ်ရာ၊စပ်ရာ၊ရဟန်းသံဃာတော် များထံသွားပြီးတရားနာကြရိုးမှတ်တာဖြစ်တော့၊ အချို့ကကျောင်း မှာဘဲ ဥပုသ်နေ့ကို ကုန်လွန်စေကြတယ်၊ ကျောင်းမှာညအိပ်ပြီး၊ ကိတ်တိတ်ဆိတ်ဆိတ်၊ ကြိတ်၍တရားနာကြတာပေါ့၊

အခါတပါးမှာ၊ညချမ်းအခါကာလ၊ ယခုလို တရားနာနေတဲ့ အခိုက်အတန့်မှာ၊မည်သူတဦးတယောက်မျှ မီးထွန်းညှိခြင်းမရှိဘဲ နေရောင်ခြည်ပျောက်၍၊ အမှောင်ဘက်သို့ရောက်သွားသတဲ့၊

အဲ-သို့ကလို၊ပြုန်းကနဲ၊တရားနာချင်းဆဲဆဲမှာဘဲ၊ မှောင်မိုက်လာတော့၊တရားနာနေသူပရိသတ်ထဲက စိတ်အကြံကောင်းတဲ့ အမျိုးသမီးကလေးတယောက်က၊ဝမ်းမြောက်ဝမ်းသာ၊ ဘယ်လိုများကြံစည်ရှာသလဲဆိုတော့ "အြော်-တရားဟောလို့လဲအပြီးမသတ်သေးဘူး။နေဝင်၍မှောင်စပြုလာပြီ၊ ယခုအခါ၊ ရဟန်းတော်အရှင်မြတ်ဟောတော်မူနေဆဲ ဖြစ်တဲ့တရားပွဲကြီးမှာ၊ ဆီမီး ထွန်းညှိ၍ ကုသိုလ်ပြုရလျှင် ကောင်းမှာဘဲ" ဤကဲ့သို့၊အကြံအစည်ဖြစ်ပေါ်လာသတဲ့။ ၊သဒ္ဓါခတ် အခွင်းခံရှိတော့၊ ကုသိုလ်ရေးနှင့်စပ်လျဉ်းက ဖြတ်ဖြတ် လတ်လတ် ရှိမြဲပေပေါ့၊ သဒ္ဓါနဲ့တဲ့သူများမှာ ကုသိုလ်ကောင်းမှုနဲ့ ထိလျှင်"ဘီကောင်ဆားနဲ့ ထိ"တော့ တတွန့်တွန့်,တလိမ့်လိမ့်၊အငြိမ်မနေနိုင်သလိုဖြစ်ကုန်တာပေါ့ ၊ဟော-သဒ္ဓါတရား၊မူလခတ်ခံရှိတဲ့အမျိုးသမီးကလေးမှာတော့၊ ချက်ခြင်းလက်ငင်းကုသိုလ်ရေးကိုတွေးမိရှာပြီး၊"သဘော်ခနုး၊ဂူမမြင်။သဘော်နုတော့မြ၊ကျိုမြင်" ဆိုတာလို၊ သဒ္ဓါ မျက်စိဖြင့်ကြည့်လိုက်တော့၊ တိတိဖြတ်ဖြတ်၊ ကုသိုလ်ဘတ်ဘက်က၊ အခွင့်ကြီးကိုတွေ့ကြုံနေတာပေါ့၊ ၊

အဲ-သို့ကလို၊အကြံကောင်း,ဉာဏ်ကောင်းတွေ ဖြစ်ပေါ်လာတဲ့ အမျိုးသမီးကလေးဟာ-မိမိတို့အိမ်မှပါလာတဲ့၊ ဆီမီးတိုင် တခုကို ညှိထွန်းပြီးတရားပွဲမှာမီးပူဇော်လိုက်တယ်၊ တရားဟောဖွေ့ကထိက-ပုဂ္ဂိုလ်အရှင်ထိုင်နေတော်မူတဲ့၊တရားပလ္လင်ရဲ့ရှေ့တည့်တည့်က ညှိထွန်းပြီး၊ ရှင်တော်ဘုရား၏ တရားတော်ဂုဏ်ကို၊ ယုံကြည်လေးမြတ်စွာနှလုံးသွင်း၍ အရောင်,အလင်းဖြစ်တဲ့ မီးကိုပူဇော်ပေတယ်၊ ၊အမျိုးသမီးကလေကတော့၊"လိပ်ဥလဲဘူး၊ဘုရင်းလဲဖူး" ဆိုသလို၊တရားတော်ဦလဲနာဖိုက်၍ကြည်ညိုမိမိရဲ့ကုသိုလ်မှာလဲ၊ ဝမ်းမြောက်,ဝမ်းသာ,ပီတိခတ်တွေဝေဆာပြီး၊ သေအချာနှလုံးသွင်းလျက်၊ကုသိုလ်ချင်းပြိုင်ပြီး၊ခပ်မြှိုင်မြှိုင်သဘောနှင့်၊ အတောမသတ်အောင်ပင်ဝမ်းမြောက်,ဝမ်းသာ,ဖြစ်၍နေတော့တာပေါ့၊ ၊

အဲသည်လို ဝမ်းမြောက်,ဝမ်းသာ၊လွှန်မင်းစွာဖြစ်ပြီး၊ ကုသိုလ်ပြု

လိုက်ရတယ်ဆိုတော့၊ မိမိစိတ်မှာ၊ အမှတ်တရဖြစ်ပြီး၊ ပြုခဲ့တဲ့ ကုသိုလ်ကိုသာမကြာ,မကြာ နှလုံးသွင်းပြီးနေရှာသပေါ့၊ တရေးနာ ပြီး၊ နံနက်မိုးသောက်တဲ့အခါကျောင်းတော်မှ၊ မိမိနေအိမ်သို့ပြန် သွားရှာသတဲ့၊ ၊ကုသိုလ်ပြုတဲ့နေ့ ဥမှာ၊ နည်းသော, များသော သဘောထားဘဲ၊ မိမိစိတ်ကိုသာပြုပြင်၍၊ ရွှင်လန်းဝမ်းမြောက် စွာ မိမိကုသိုလ်ကိုပြန်၍ ကြည်ညိုကြရမတဲ့၊ သို့ကလိုကြည်ညိုပြီး၊ ဝမ်းမြောက်, ဝမ်းသာပီတိတွေဖြာပြီး၊ စိတ်ထဲမှာစွဲလာမှ မကြာ,မကြာသတိရ၍ အမှတ်တရဖြစ်နိုင်တာကိုး၊

အဲ –သို့ကသိုအမျိုးသမီးကလေးဟာ၊ မိမိပြုလိုက်တဲ့ကုသိုလ်ကို သာမကြာ, မကြာနှလုံးသွင်းပြီး အောက်မေ့နေကာ များစွာ ဝမ်း မြောက်ဝမ်းသာဖြစ်ရလျက်၊ အသက်ထက်ဆုံးလူ့ဘဝမှာပျော် ရွှင်စွာနေခဲ့ပြီး၊ လူ့ဘဝတဓာတ်သိမ်း၍ချုပ်ငြိမ်းပြီးသွားတဲ့အခါ မှာ၊တာဝတိံသာနတ်ပြေမှာအလျှံတပြောင်ပြောင် တောက်ပြောင် ထိန်လင်းတဲ့အရောင်အဝါရှိသော "ဇောတိရသ" ခေါ်တဲ့နတ်ဗိမာန် ကြီးမှာ၊ဘွားကနဲနတ်သမီးသွား၍ဖြစ်ရသတဲ့၊ ၊

"ဇောတိရသ"ခေါ်တဲ့အမည်ကတော့ "တထိန်ထိန်တပြောင် ပြောင်–တောက်လောင်လျှမ်းပတဲ့အရောင်အဝါတွေရှိတဲ့ ဘုံ ဗိမာန်ကိုဆိုလိုတယ်၊" ဆီမီးကုသိုလ်ရှင်ဖြစ်လေတော့ တူသောအ ကျိုးတရားများကို ခံစားရတာပေါ့၊ ထိုနတ်သမီးကလေးရဲ့ ကိုယ် ရောင်,ကိုယ်ဝါတွေဟာကလဲအလွန့်အလွန်ထူးချွန်တောက်လင်း ၍၊ အရောင်အဆင်းအမျိုးမျိုးနဲ့-များစွာတင့်တယ်သတဲ့၊ အရပ် ဆယ်မျက်နှာလုံးထွန်းလင်းပြီး၊ တပါးသောနတ်တို့ကို လွှမ်းမိုး၍ ...င်းဝင်းတောက်ထိန်ထိန်ပြောင်လျက် ဗိမာန်ရောင်နှင့်ကိုယ်ခန္ဓာ အရောင်တွေဟာ၊မီးပုံကြီးများ-တဟုန်းဟုန်းထနေသလို၊ အပုံကြီး တင့်တယ်နေတာပေါ့၊ ၊အဲ-သို့ကလို တာဝတိံသာနတ်ပြည်မှာ၊ နတ်တို့၏စည်းစိမ်ကိုကောင်းစွာခံစား, စံစားပြီးနေတဲ့အတွင်းမှာ၊ အခါတပါး၊တရံသောအခါ၌ "ရှင်မဟာမောဂ္ဂလာန်မထေရ်" မြတ် ကြီးသည်ရှေးကပြခဲ့တဲ့အတိုင်း၊တာဝတိံသာနတ်ပြည်သို့ဒေသစာ

ရှိလှည့်လည် ကြွမြန်းတော်မူတယ်၊ သို့ကလိုလှည့်လည်ကြွမြန်းတဲ့ အခါမှာ၊ အထက်က ပြခဲ့တဲ့နတ်သမီးကလေး၏ဗိမာန်သို့ရောက်သွားပါရော၊ ရှေးရှေးဝတ္ထုတို့၌ လာရှိသောအတိုင်း "ရှင်မဟာမောဂ္ဂလာန်" သည်၊ နတ်သမီး၏ရှေးရှေးဘဝကပြုခဲ့ဘူးတဲ့ကုသိုလ်ကောင်းမှုကိုမေးမြန်းတော်မူတယ်၊ ၊ဤကဲ့သို့မေးမြန်းရာတွင် ရှေးဦးစွာ နတ်သမီး၏ဂုဏ်တွေကို၊သို့ကလိုချီးမွမ်း၍မေးမြန်းတော်မူတယ်။ ။

"အိုဘုန်းကံမြင့်ကြီး၊ နတ်သမီး။ အသင်နတ်သမီးသည်၊ အလွန်လှပ နှစ်သက်ဘွယ်ရှိသော ရုပ်အဆင်းဖြင့်-ရုပ်တန့်တည်နေဘိ၏ဘကား။ သောက်ရှုးကြယ် အမည်ရှိသော နက္ခတ်တာရာမင်းသည်၊ အရောင်အဝါထွန်းလင်းတောက်ပသကဲ့သို့ အနုပ်ဆယ်မျက်နှာတွင်အရောင်အဝါတောက်ပ၍၊ အလွန်လှပသောအဆင်းဖြင့်အသင်နတ်သမီးကလေးသည်ရုပ်တန့်တည်နေဘိ၏တကား"။ ။ ဒါ-သို့ကလိုနတ်သမီးကလေး၏ အရောင်အဆင်းတွေကို ကြည့်ရှုပြီး ချီးမွမ်းတော်မူတယ်။ ။

(၁) အတိက္ကန္တေန ဝဏ္ဏေန၊ ယာ တွံ တိဋ္ဌသိ ဒေဝတေ၊
ဩဘာသေန္တီ ဒိသာ သဗ္ဗာ၊ ဩသဓိ ဝိယ တာရကာ။ ။

(၁) ဒေဝတေ၊ ဘုန်းကံမြင့်ကြီး။ အိုနတ်သမီး၊ ယာတွံ၊ အကြင်သင်နတ်သမီးသည်၊ အတိက္ကန္တေန၊ အလွန်နှစ်သက်ဘွယ်ရှိသော၊ ဝဏ္ဏေန၊ အလျှံတပြောင်ပြောင်၊ တောက်လောင်ထိန်လင်း၊ သင်နတ်သမီး၏ ကိုယ်ရောင်အဆင်းဖြင့်၊ ဩသဓိတာရကာ၊ သောက်ရှုးကြယ်ဘာရာမင်းသည်၊ သဗ္ဗာဒိသာ-သဗ္ဗာသုဒိသာသု၊ အလုံးစုံသောအရပ်ဆယ်မျက်နှာတို့၌၊ ဩဘာသေန္တီ၊ ရောင်ဝါကွန့်မြူး၍။ အထူးပင်ထွန်းတောက်ပလျက်။ တိဋ္ဌတိဝိယ၊ နက္ခတ်တာရာတို့၏ အကြားတွင်။ မားမားမတ်မတ်ရုပ်တန့်တည်နေဘိသကဲ့သို့။ သဗ္ဗာဒိသာ-သဗ္ဗာသုဒိသာသု၊ ဆယ်မျက်နှာဟု၊ ဒိသာသတ်မှတ်။ အလုံးစုံသောအရပ်တို့၌၊ ဩဘာသေန္တီ၊ ရုပ်ဆင်းကြင်သရေ၊ ထိန်ဝေမြူးကွန့်၊ အလွန့်လွန်၊ ချွန်ကြီးချွန်စွာ၊ ရောင်ဝါတောက်ပ၊ ထွက်မြန်းကြ

လျှာ၊ ကိုရှသိ၊ နတ်အပေါင်းတို့၏ အလယ်တွင်၊ တင့်တယ်သန့်ပြန့်လျက် ရပ်တန့်တည်နေတဲ့၏ဘကား။ ။

အဲ သို့ ကာလိုသုံးဂါထာတို့ဖြင့် နတ်သမီးကလေး၏စည်းစိမ်ကိုချီးမွမ်းပြီး၊ "ရှင်ဘောဂေသင်္ဂ"မထေရ်ကြီးက မေးမြန်းတော်မူတယ်၊ "အို နတ်သမီးကလေး၊ အရောင်အဆင်းတောက်ပလျက်၊ လွန်မင်းစွာတင့်တယ်ခြင်းဟာ၊ ဘယ်ကဲ့သို့သောကုသိုလ်ကောင်းမှု၏အကျိုးပေါက်ပါလဲ၊ သင်နတ်သမီးကလေး၏အလုံးစုံသောကိုယ်အင်္ဂါ အစိတ်အပိုင်းကြီးငယ်တရုတ်မှ၊ တလျှပ်လျှပ်, တထိန်ထိန်ထွက်လွှန့်မြူးပြီး၊ အထူးသဖြင့်တင့်တယ်သော အရောင်အဝါတွေကို၊ ဘယ်ကဲ့သို့သောကုသိုလ်ကြောင့် ရရှိပါသလဲ"၊ သို့ကလိုမေးမြန်းခြင်းဖြစ်ပေတယ်၊ ။

(၄) ပုစ္ဆာမိ တံ ဒေဝိမဟာနုဘာဝေ၊
မနုဿဘူတာ ကိမကာသိ ပုညံ၊
ကေနာသိ ဧဝံ ဇလိတာနုဘာဝါ၊
ဝဏ္ဏော စ တေ သဗ္ဗဒိသာ ပဘာသတီ၊ ။

(၅) သာ ဒေဝတာ အတ္တမနာ၊ မောဂ္ဂလာနေန ပုစ္ဆိတာ၊
ပဉှံ ပုဋ္ဌာ ဝိယာကာသိ၊ ယဿ ကမ္မဿိဒံ ဖလံ၊

(၄-၅) ဤဂါထာများ၏အနက်ကို၊ နောက်ကရေးသားခဲ့ပြီ၊

(၆) အဟံ မနုဿေသု မနုဿဘူတာ၊
ပုရိမာယ ဇာတိယာ မနုဿလောကေ၊
သမန္တကာ ချမ္ဗိ တိမိသိကာယံ၊
ပဒီပကာလမှိ အဒါသိ ဒီပံ၊ ။

(၆) ဘန္တေ၊ ကုရုမ္ဗိယိကျင်းတွင်၊ ဘုရင်တဆူ၊ ဖြစ်တော်မူသော အရှင်မြတ်ဘုရား၊ မနုဿေသု၊ သင်္ချာများတောင်း၊ လူအပေါင်းတို့၌၊ မနုဿဘူတာ၊ လူသားစင်စစ်ဖြစ်ခဲ့ဘူးသော၊ အဟံ၊ ရတနာသုံးရပ်၊ တချားမြတ်၌၊ ဆည်းကပ်ညွတ်ခ၊ တပည့်တော်မသည်၊ ပုရိမာယဇာတိယာ၊ လွန်ခဲ့ပြီးသောရှေးဘဝက၊ မနုဿလောကေ၊ လူတို့၏

ဘုံ၌၊ သမန္တကာရမှိတိမိသိကာယံ၊ အလွန်အမင်း၊ အရောင်ကင်း၍ မှောင်ခြင်းကြီးမှောင်လှသောညဉ့်အခါ၌၊ပဒီပကာလမှ၊ အများသူတို့၊နည်းယူပြုကြ၊ဆီမီးညှိထွန်းချိန်ဖြစ်သောညဉ့်ဦးယာမ်ကာလ၌။ ဒီပံ၊တရားပွဲတွင်၊ရောင်ရှင်ထိန်ညီး၊တတိုင်မျှသောဆီမီးကို၊ အဒါသိ၊စေနာဖြူဖြူနဲ့၊ပေးလှူခဲ့ဘူးပါသည်ဘုရား၊ ။

အဲ-သည်ဂါထာဖြင့်၊"ဟိုရှေးဘဝ၊လူသားစင်စစ်၊ ဖြစ်ရတုန်းအခါကာလ၊မြသဘင်၊ဆင်ယင်ကျင်းပ ပြုလုပ်ကြတဲ့ပွဲတော်တခုမှာ၊တရားဟောပလ္လင်ရှေ့တည့်တည့်က ဆီမီးတဘိုင်၊ ကိုယ်တိုင်ညှိထွန်း၍၊လှူဒါန်းခဲ့ဘူးပါသည်ဘုရား"ဟူ၍၊ မိမိ၏ကောင်းမှုကုသိုလ်ကို၊ဖျော်သားဖြေကြားခြင်းဖြစ်ပေတယ်၊"ညောင်စေ့သေးသေးလှူသော်လဲ- ညောင်ပင်ကြီးသောက်ရတယ်။"ဟူသော ရှေးသူဟောင်းတို့၏စကားဟာ၊ လွန်စွာမှန်ကန်တာကလား၊ "စိတ်သာရှင်စေ–ဘုရားဖေ"ဆိုသလို၊စေတနာဖြူဖြူနဲ့၊ သဒ္ဒါခံတတ်ကိုအရှင်းမူပြီး၊ ပေးလှူကြပလားဆိုတော့၊ အလှူဝတ္ထုက မပြောပလောက်သော်လဲ၊လွန်ကဲချားပြားတဲ့ ချမ်းသာဘုရားကြီးကိုခံစားကြရတာပေါ့၊ ထို့ကြောင့်၊ ကုသိုလ်,အကုသိုလ်ကံတို့၏အကျိုးတရားဖြစ်တဲ့၊ ကမ္မဖလ၊သဘောကို၊ များစွာယုံကြည်သင့်ကြပေတယ်၊ ။

(၇) ယော အန္ဓကာရမှိ တိမိသိကာယံ၊
ပဒီပကာလမှိ ဒဒါတိ ဒီပံ၊
ဥပ္ပဇ္ဇတိ ဇောတိရသံ ဝိမာနံ၊
ပဟူတ္တမလျံ ပဟုပုဏ္ဍရီကံ၊ ။

(၇) ဘန္တေ၊ဘုန်းတော်သခင်၊ အသျှင်မဟာထေရ်မြတ်ကြီးဘုရား၊ယော၊ သံသရာစခန်း၌၊မပင်မပန်း၊ ရွှင်လန်းဝမ်းမြောက်၊ ချမ်းသာခြင်းသို့ရောက်လိုသောသူသည်၊ အန္ဓကာရမှိတိမိသိကာယံ၊ အလွန်အမင်း၊ အရောင်ကင်း၍၊ မှောင်ခြင်းကြီးမှောင်လှသောညဉ့်အခါ၌၊ပဒီပကာလမှိ၊ ဆီမီးတန်ဆောင်ကို၊ ထွန်းပြောင်ထိန်

လင်းအောင် ညှိထွန်းရာဖြစ်သောကာလ၌၊ ဒိပံ၊ ရောင်ဝါထိန်ညီး၊ တတိုင်မျှလောက်သော ဆီမီးကို၊ ဒဒါတိ၊ သဒ္ဓါတရားကိုအရင်းမူလထား၍၊ စေတနာအားဖြူဖြူနှင့်၊ ပေးလှူခြားအံ့၊ ဇောတိရသံ၊ အလျှံတပြောင်ပြောင်၊ တောက်လောင်ထိန်ညီး၊ အံ့သြဘွယ်ကြီးတရုဖြစ်ပေသော၊ ဗဟုတ္တံမလျှံ၊ များပြားလှစွာ၊ ကြာပန်းတကာစသည်တို့ဖြင့် တင့်တယ်ပေထသော၊ ဗဟုပုဏ္ဍရိကံ၊ ပုဏ္ဍရိက်ကြာ။ များပြားစွာတို့ဖြင့်၊ အဖြာဖြာပေါက်ရောက်ထသော။ ဝိမာနံ၊ ရတနာခုနစ်တန်၊ ချယ်စီမံသည့်၊ ဗိမာန်အမြတ်၊ ဘုံပြာသာဒ်သည်၊ ဥပဇ္ဇတိ၊ ကုသိုလ်ရှိန်အားကြောင့်၊ ဘွားကနဲဖြစ်ပေါ်၍လာသတည်း၊ ၊

အဲသည်ဂါထာဖြင့်၊ ဆီမီးလှူသူ၊ ပုဂ္ဂိုလ်ဟူသမျှတို့၊ ရသင့်ရထိုက်တဲ့၊ စည်းစိမ်ချမ်းသာနှင့်တကွ၊ နတ်ရွာမှာစံစားရကြောင်းကို လျှောက်ထားခြင်းဖြစ်ပေတယ်၊ ယခုအခါ၊ ဘုရားပွဲတော်ကြီးများ ပြုလုပ်ကြရာအခါမျိုးမှာ။ သူရော့ငါပါ၊ ဆီမီးလှူသူ ဒါယကာတို့သည်၊ အထက်ပါဂါထာ၌ လာရှိသော အတိုင်း၊ များပြားလှတဲ့ နတ်စည်းစိမ်ကြီးတွေကို၊ ခံစား,စံစားကြရမှာအမှန်ဘဲလို့ ဆိုရမှာပေါ့၊ စေတနာထားကြည်လင်ပလားဆိုတော့၊ အကျိုးတရားထက်သန်တာကလား၊ ၊

(ဂ) တေန မေ တာဒိသော ဝဏ္ဏော၊ တေန မေ ဣဓမိဇ္ဈတိ၊
ဥပ္ပဇ္ဇန္တိ စ မေ ဘောဂါ။ ယေကေစိ မနသော ပိယာ၊ ၊

(ဂ) ဤဂါထာ၏အနက်ကိုနောက်ကရေးသားခဲ့ပြီ၊

(ဇ) တေနာဟံ ဝိမလောဘာသာ အတိရောစာမိ ဒေဝတာ၊
တေန မေ သဗ္ဗဂတ္တေဟိ၊ သဗ္ဗာ ဩဘာသတေ ဒိသာ။ ;

(ဈ) ဘန္တေ၊ အရှင်ဂိုဏ်းတွင်၊ ဘုရင်တဆူ။ ဖြစ်တော်မူသောအရှင်မြတ်ဘုရား၊ ဒေဝတာ၊ နတ်ကညာဟူသမျှတွင်၊ အထက်တန်းကျသောနတ်သမီးဖြစ်သော၊ အဟံ၊ တပည့်တော်မသည်၊ တေန၊ ဆီမီးကုသိုလ်မှုကို၊ ပြုခဲ့ရဘူးသောကောင်းမှုကံကြောင့်။ ဝိမလောဘာသာ၊ အညစ်အကြေး၊ ကင်းဝေးသန့်စင်၊ ကြည်လင်ထိန်လင်း၊ အရောင်အဆင်းရှိသည်ဖြစ်၍၊ အတိရောစာမိ၊ တပါးသော နတ်

အပေါင်းတို့ထက် ကဲလွန်အောင်၊ ထူးချွန်စွာ တောက်ပပါသည်ဘုရား၊ တေနၤထိုသို့ပြုခဲ့ရသောအမျိုးကုသိုလ်ကြောင့်၊ မေ့တပည့်တော်မ၏၊ သဗ္ဗဂတ္တေဟိ၊ အသုံးစုံသောကိုယ်အင်္ဂါအစိတ်အပိုင်းတို့ဖြင့်၊ သဗ္ဗာဒိသာ၊ အလုံးစုံအရပ်ဆယ်မျက်နှာတို့ကို။ ဩဘာသေတေ၊ ရောင်ဝါယှက်သန်း၍၊ အဆန်းတကြယ် ထွန်းတောက်ပပါသည်ဘုရား။

ဤသည်ဂါထာက- နတ်သမီးကလေး ကိုယ်တိုင်၊ "ရှင်မဟာမောဂ္ဂလာန်"၊ မထေရ်မြတ်ကြီး၏မေးမြန်းချက်ကို။ လျှောက်ထားဖြေကြားခြင်းဖြစ်ပေတယ်၊ ယုံကြည်စွာသဒ္ဓါထားပြီး၊ အမျိုးအလှူများကိုလဲ။ ယခုဝတ္ထုကိုအဘယူ၍။ပေးလှူသင့်ကြပေတယ်၊ သံသရာခရီးလမ်းမှာ၊ မပင်မပန်းလွယ်ကူစွာနှင့်။ ကျင်သည်ကြရလေအောင်။ ပုညခေတ္တ၊ အခါကာလကောင်းကြီးကို တွေ့ကြုံရတဲ့အခါမှာ၊ များစွာယုံကြည်ပြီး၊ သဒ္ဓါတရားအားသန်သန်နှင့်၊ ချမ်းမြန်မြန်သဘောဖြင့်၊ ဒါနတည်းဟူသော၊ ဘောဘခွင်သို့ဆောသျင်စွာခိုအောင်းသက်ဆင်းကြရမယ်။ ။

ဗိမာန်ရှင်-နတ်သမီးကလေးတွေလျှောက်ထားချက်ကို ထောက်သဖြင့်။ များစွာအားကျဘို့မသင့်ဘူးလား၊ ယခုကာလအမျိုးသမီးကလေးတွေလဲ၊ ထိုကဲ့သို့ဖြစ်ဘို့ရန်ကို၊ ရည်သန်ကြိုးစားကြလျက်၊ အသီးသီးသောဗိမာန်ရှင်နတ်ဘညာဘို့ကိုအားကျပြီး၊ ဒါနဘက်ကဂရုစိုက်သင့်ကြပေတယ်၊

အဘ္ဗာမိတေဘိက္ခုမဟာနုဘာဝ။ ။အစရှိသော ဂါထာကို၊ အနက်နှင့်တကွရှေးကပြခဲ့သောအတိုင်းမှတ်သားကြပေရော့။ ။

သို့ကာသို "ရှင်မဟာမောဂ္ဂလာန်" မဟာထေရ်မြတ်ကြီးအား လျှောက်ထားဖြေကြားပြီးတော့၊ "ရှင်မဟာမောဂ္ဂလာန်" မထေရ်မြတ်ကြီးကလဲ၊ "ဒါနကထာ" စသည်ကို ဟောကြားတော်မူရာတွင်၊ ခန့်ညားတည်ဘန့်သောစိတ်ရှိသည်၏ အဖြစ်ကိုသိတော်မူသဖြင့်၊ "သစ္စကထာ" ဖြစ်သောသစ္စာလေးပါး တရားတော်မြတ်ကို

ဟောကြားတော်မူတယ်၊ "ရှင်မဟာမောဂ္ဂလာန်" မထေရ်မြတ်ကြီးဟောကြားတော်မူအပ်သော သမ္ဗာလေးပါး တရားတော်၏အဆုံး၌၊ထိုဗိမာန်ရှင်နတ်သမီးကလေးသည်၊ အခြံအရံနတ်သမီးရှိသမျှတို့နှင့်တကွ၊ သောတာပတ္တိဖိုလ်ခေါ်သို့ကောင်းမွန်စွာတက်လှမ်းကူးရောက်ရပေတယ်၊ ကိုင်း-ဒယ်လောက် အားကျဘွယ်ကောင်းသလဲ၊ဗိမာန်ရှင်နတ်သမီးကလေးပမာများစွာသော အခြွေအရံနတ်ကညာတို့နှင့်တကွသော တပေါင်းဖြစ်ကုန်ကြတယ် ၊"ရှင်မဟာမောဂ္ဂလာန်"မထေရ်မြတ်ကြီးလဲ၊ တာဝတိံသာနတ်တို့ရွာမှ၊လူ့ရွာသို့တဖန်၊ပြန်ကြွလားပြီး၊ ရှင်တော်ဘုရားအား ပြန်ကြားလျှောက် ထားတယ်၊ရှင်တော်ဘုရားကလဲ၊ သားတော်မောဂ္ဂလာန်ပြန်ကြား လျှောက်ထားတဲ့စကားများကို၊ လူရဟန်းနတ်ပရိသတ်ဖြုဟ္မာပရိသတ်တို့အားထင်ရှားစွာဟောကြားတော်မူတယ်၊တရားနာသူ၊ ဗိုလ်လူ—ပရိသတ် များစွာတို့မှာလဲ၊ သောတာပတ္တိဖိုလ်၌တည်ခြင်းသော အကျိုးထူးများကို ထင်ရှားစွာရကြပေတယ်၊ "ရှင်မဟာမောဂ္ဂလာန်" မထေရ်မြတ်ကြီးအား များစွာ ချီးမွမ်းအံ့သြပြီးမိမိတို့ ကိုယ်တိုင်တွေ့ကြုံခဲ့ရသလို အောက်မေ့မှတ်ထင်ကြသဘဲ၊ အင်း-စဉ်းစားကြည့်တော့ "ရှင်မဟာမောဂ္ဂလာန်" မထေရ်မြတ်ကြီးကို၊ လွန်စွာကျေးဇူးတင်တို့ကောင်းသနော်၊ နတ်ပြည်မှာလဲအကျိုးရှိ၊လူ့ပြည်မှာလဲ အကျိုးများ နှစ်မျိုးနှစ်စားအမှုတော်ထမ်းလိုက်ပုံတွေကို အောက်မေ့တော့၊ ကျေးဇူးရှင်ကြီးတပါးဖြစ်ပေတယ်လို့၊ မှတ်သား ကြရမယ်၊ နတ်ပြည်မှာဖြစ်တဲ့ အကြောင်းတွေကို၊ချက်ခြင်းလင်လူ့ပြည်သို့၊ ရောက်အောင်အလျင်အမြန်ဆောင်ယူတော်မူနိုင်တာကလား၊ယခုကာလလေယာဉ်ပျံရထားတွေဟာ၊ဈာန်အဘိဉာဉ်ပါဒ်သမားတွေနှင့်စာလိုက်တော့၊ ကလေးကစားတဲ့အလုပ်ငယ်,အလုပ်သေး, ကလေးဖြစ်ပြီး၊ တခစ်ခစ်ဖြစ်အောင်ရယ်စရာတွေပေါ့၊ မြေလျှိုးမိုးပျံ၊စိတ်ကြိုက်ငုံး ဖြစ်မြောက်နေတဲ့ဈာန်သိဒ္ဓိပေါက်ပြီး၊ပုဂ္ဂိုလ်ကြီးတို့၏ တာနန်ဟာ ပေါ့ပေါ့ကလေးမဟုတ်ပေဘူး၊ ။

"ရစနာဂါထာ"

ကရေ ပညဝတိ ကညာ။ ဒိပဒါနံ မဟာပ္ဖလံ။
တေနေဝ သုဂတိံ ယာတိ။ မဟာသုခပ္ပဒံ ဘဝံ။ ။

ပညဝတီ။ သံသရာဘေး၌။ မြော်တွေးမြင်သိ၊ ဉာဏ်ပညာရှိပေသော။ ကညာ။ ကုသိုလ်တရားအမွန်တို့၌၊ အားသွန်ကြိုးပမ်းလေ့ရှိသောအမျိုးသမီးသည်။ မဟပ္ဖလံ၊ အသိရှိသမျှ၊ တောင့်တတိုင်းရနိုင်သဖြင့်။ ကြွခိုင်ကြီးမား။ များပြားသော အကျိုးရှိသော။ ဒိပဒါနံ၊ ဆီမီးအလှူဒါနကို၊ ကရေ-ကရေယျ။ စေတနာဖြူဖြူနဲ့။ ပေးလှူလိုက်ရာသတည်း၊ တေနေဝ၊ ထိုဆီမီးလှူမျိုး။ ကုသိုလ်တန်ခိုးကြောင့်ပင်လျှင်။ သုဂတိံ။ ကောင်းသောသူတို့၏ လားရာဖြစ်သော၊ မဟာသုခပ္ပဒံ၊၊ များမြောင်လှစွာသောချမ်းသာတို့ကိုလည်း ပေးစွမ်းနိုင်ထသော။ ဘဝံ။ လူ့ဘဝ,နတ်ဘဝ။ စသည့်ဥဿုံ။ အလုံးစုံသောဘဝမျိုးသို့၊ ယာတိ၊ စိတ်သာချပေတော့၊ ဧကန်ရောက်နိုင်ရိုး အမှန်ပေတည်း။ နံပါတ် ၉။ ဒီပဝိမာနဝတ္ထုပြီး၏။

ဝတ္ထုနံပါတ် ၁၀
"တိလဒက္ခိဏာဝိမာနဝတ္ထု"

လူအပေါင်း,နတ်အပေါင်း,ဗြဟ္မာအပေါင်းတို့၏၊ ဦးခေါင်းသီသဟုသမျှဘိဖြင့်၊ ပါဒအစုံ-ကြာပဒုံကို၊ ခိုလှုံညွတ်နူးရှိဦးခိုက်ရာ မှန်ပေသော၊ လောကထိပ်တင်၊ ဘုရင်ဇကရာဇ်တရားမင်းအစစ် ဖြစ်တော်မူသော။ ရှင်တော်ဘုရားသည်၊ သာဝတ္ထိပြည်၊ အနာထပိဏ်သူဌေး၏၊ (၅၄)ကုဋေ-သပြာငွေတို့ဖြင့်၊ ပေးလှူသောက်လုပ်အပ်သောနှုလုံးမွေ့လျော်-ပျော်ရွှင်ဘွယ်ရာ၊ မဟာဝိဟာရ အမွန်ဇေတဝန်မည်သောကျောင်းတော်ကြီး၌၊ ကိန်းအောင်းစံပျော်၍၊ သီတင်းသုံးနေထိုင်တော် မူသောအခါကာလတွင်၊ ရာဇဂြိုဟ်ပြည်နေသူအမျိုးအမည်အားဖြင့် မထင်ရှားသော မိန်းမတယောက်သည်၊ ကိုယ်ဝန်ပဋိသန္ဓေတည်နေစွဲကပ်သဖြင့်၊ မိန်းမတို့၏ ခမ္မတာဖြစ်

ပေါ်တတ်တဲ့ "**ဓိဳးယာဝိဓေရဂါ**"စသည်ကိုကာကွယ်စောင့်ရှောက်ဘို့အတွက်၊ နှမ်းဆီအလိုရှိသဖြင့်-ဆီကြိတ်ရန် နှမ်းများကိုနေ့မှာလှန်း၍နေရှာသတဲ့။ ။မိန်းမများမှာ စွဲကပ်တတ်တဲ့"ဓိဳးယာဝိဓေရဂါ" စသည်များကိုနှမ်းဆီများဖြင့် ဘယ်လိုအသုံးပြု၍ ကုစားကြတယ်ဆိုတာကိုတော့ ဗိန္ဓောဆရာများ အသေအချာ သိကြမှာပေါ့။ ။

ပင်္ဂိသနွှေ့ကိုယ်ဝန်ဖြင့်-နှမ်းများကိုနေမှာလှန်းနေတဲ့ မိန်းမမှာ၊ ထိုနေ့မှနှစ်ရက်မြောက်သောညဥ့်၌မိုးသောက်အခါတွင်၊ လူ့ဘဝမှစုတေ၍ ငရဲပြည်သို့သွားရန် အကုသိုလ်ကံများက-စိမ်ဆော်နှိုးလျက် ရှိနေသတဲ့၊ သို့ရာတွင် ထိုမိန်းမမှာ-မိမိဖြစ်ပျက်ရန် အကြောင်းများကိုတော့ စောင်းပါးရိပ်ချေမှ မသိရှာပေဘူးပေါ့ ။ အင်း-မိမိဖြစ်ပျက်ရမဲ့ အကြောင်းများကို၊ စောစောကကြိုတင်၍သိခဲ့ပါလျှင်၊ ဘဝင်မှာသေရိက်ပြီး-အရှိက်ပါကြွေလုမတတ် တဖျပ်ဖျပ်နှသုံးခုန်၍ အပုံကြီးကြောက်ရွံ့ရှာမှာဘဲနော်၊ သတ္တဝါမှန်သမျှကုသိုလ်,အကုသိုလ်တို့က၊ အစဉ်သဖြင့် ပြုပြင်နေကြတာကလား။ ။လူ့ဘဝမှာနှစ်ညဥ့်မျှအိပ်ပြီး၊ လွန်စွာကြောက်ဘို့ကောင်းတဲ့အပါယ်ငရဲလမ်းသို့သွားရမယ်ဆိုတော့ ကြောက်လန့်ဘွယ်ကြီးကဖြင့်-နက်နက်နဲနဲကြီးရှိနေတာပေါ့။ ။

ထိုစဉ်အခါ-သာဝတ္ထိပြည်မှန်ဇေတဝန်ကျောင်းတော်မှာ၊ ရှင်ပျော်နှစ်ဖြိုက်၊ သိဘင်းသုံးနေခိုက်ဖြစ်တော်မူသော ရှင်တော်ဘုရားကလဲ၊ ထိုနေ့မိုးသောက်တဲ့အချိန်မှာ လောကသုံးပါးကို၊ သဗ္ဗညုတဉာဏ်တော်ဖြင့်၊ မွေ့တာအတိုင်း ရှုစားတော်မူတယ်၊ ထိုသို့ရှုစားတော်မူရာတွင်၊ ရှင်တော်ဘုရားသည်-ယခင်ပြခဲ့သောကံဆိုးမရဲ့ဖြစ်လတ္တံ့သောအကြောင်းများကို၊ သဗ္ဗညုတဉာဏ်တော်အားဖြင့်ထင်ရှားစွာသိတော်မူရ၍၊ ဒုက္ခိတသတ္တဝါအများတို့အား၊ မဟာကရုဏာတရားဖြင့် အမြဲသနားလှေ့ရှိတော်မူသော အတိုင်း၊ ရှင်တော်ဘုရားမှာ ကယ်ဆယ်တော်မူလိုသော အကြံအစည်များဖြစ်ပေါ်တော်မူရတာကသည်လိုတဲ့။ ။"ငါဘုရားသည်၊ အပါယ်ငရဲ

သို့သွားရလတံ့သောထိုမိန်းမအားသူ၏နှမ်းဆွမ်းကိုခံယူတော်မူသဖြင့်၊ နတ်ပြည်လမ်းခရီးသို့မှီဆောင်ကယ်တင်ရလျှင်ကောင်းလေစွ” အဲသို့ကလို အကြံအစည်များဖြစ်ပေါ်တော်မူသတဲ့။ ။

ထိုကဲ့သို့ အကြံအစည်ဖြစ်တော်မူပြီးတဲ့အခါ၊ ရှင်တော်မြတ်ဘုရားလဲ၊ ကိုယ်တော်တိုင် မိုးသောက်ကာလ၊ သာဝတ္ထိပြည်မှ၊ သပိတ်သင်္ကန်းများကို ယူဆောင်ဆင်မြန်းတော်မူ၍၊ ရာဇဂြိုဟ်ပြည်ရှိရာသို့ ကြွသွားတော်မူတယ်၊ အဘိညာဉ် အားနဲ့ကြွသွားတော်မူခြင်းဖြစ်လေတော့၊ ခဏခြင်းပင်ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူသတဲ့၊ ရာဇဂြိုဟ်ပြည်သို့ရောက်တော်မူပြီး၊ သင်္ကန်းသပိတ်တို့ကိုယူတော်မူ၍၊ မြို့တွင်းသို့ ဆွမ်းခံလှည့်လည် တော်မူတယ်၊ ယခင်မိန်းမကလဲဘဲ၊ ယမန်နေ့ကလိုပင်နှမ်းများကိုနေပူမှာလှန်းပြီး နေသတဲ့။ သူဖြစ်ပျက်ရမဲ့အကြောင်းကိုတော့မသိရှာဘူးပေါ့ ။

ရှင်တော်မြတ်ဘုရားကလဲ၊ အစဉ်သဖြင့် ကြွသွားလှည့်လည် တော်မူခဲ့ရာ၊ မကြာမီပင်၊ ထိုအိမ်ရှင်မိန်းမနေတဲ့ အိမ်တံခါးဝသို့ ဆိုက်ရောက်တော်မူတယ်၊ ထိုမိန်းမသည်၊ ရှင်တော်မြတ်ဘုရား၊ အိမ်တံခါးဝ၌ရပ်တန့်၍နေတော်မူသည်ကို မြင်ရသည်နှင့် တပြိုင်နက်၊ ဝမ်းမြောက်ခြင်းနှင့် နှစ်သက်ခြင်းရောယှက်ပြီး၊ များစွာ ရွှင်လန်းတဲ့စိတ်တွေဖြစ်ပေါ်လာသဖြင့်၊ ထိုင်နေရာမှ လျင်မြန်စွာထပြီး၊ လက်အုပ်ချီ၍ ရိုသေစွာရှိခိုးလာသတဲ့၊ ရှင်တော်မြတ်ဘုရားအား၊ “ဘာကိုများလှူဒါန်းဆက်ကပ်ရပါမလဲ”လို့၊ အကြံအစည်ဖြစ်ပေါ်လာတော့ တခြားလှူဘွယ်ဝတ္ထုတခုခုကိုမျှ ကြည့်ရှု၍မမြင်သဖြင့်၊ “မိမိလှန်းနေတဲ့ နှမ်းများကိုပင် လှူပါတော့မယ်”ဟု စိတ်၌ကြံ၍၊ လျင်မြန်စွာလက်ကိုဆေးကြောပြီး မိမိလက်နှစ်ဘက်ဖြင့်၊ နှမ်းများကိုသိမ်းကျုံး၍၊ စိတ်နှလုံး ရွှင်ရွှင်။ စေတနာသဒ္ဓါတရား ကြည်လင်စွာဖြင့်၊ ရှင်တော်ဘုရားအား“နှစ်လက်ဘက်”မျှသော နှမ်းတို့ကို၊ ဆွမ်းအဖြစ်ဖြင့်ရည်မှန်း၍၊ ရှင်တော်မြတ်ဘုရား၏ သပိတ်တော်ထဲမှာထည့်၍ဆက်ကပ်လှူဒါန်းလိုက်သဘဲ့၊ နှစ်နှစ်ခြိုက်ခြိုက်နဲ့ပြုလိုက်

ရတဲ့ဒါနဖြစ်လေတော့၊ အသျှုဝတ္ထုသေးငယ်ငြီး၊ မပြောပလောက်သော့လဲ၊ စေတနာထားပုံဘန်ခိုးဖြင့်၊ အကျိုးများစွာပေးနိုင်တယ်ဆိုတာကတော့ သိပြီးချည်းဖြစ်ကြမှာပါဘဲ၊ အလှူဝတ္ထုနဲမှု၊များမှုကပမာဏမဟုတ်ပါဘူး၊ စေတနာနှင့်သဒ္ဓါ၊ မွဲမှု၊များမှုသာအကျိုးပေးတဲ့နေရာတွင်ပမာဏစာချဖြစ်တယ်လို့မှတ်သားကြရမယ်၊

ရှင်တော်ဘုရားအား၊နှမ်းဆွမ်းကိုဆက်ကပ်လှူဒါန်းငြီး၊ ရှိသေစွာရှိခိုးကန်တော့ရာတယ်။ရှင်တော်မြတ်ဘုရားကလဲ၊များစွာသနားတော်မူသဖြင့်၊"ချမ်းသာသောမိန္နးမဖြစ်စေ"ဟူ၍မိန့်ကြားတော်မူငြီး၊ အခြားသောခရီးလမ်းများသို့ ဆက်လက်၍ကြွသွားတော်မူတယ်၊ အလှူရှင်ဒါယိကာမိန်းမသည်လည်း၊မိမိလှူဒါန်းလိုက်ရတဲ့နှမ်းဆွမ်းဒါနကို၊လွန်မင်းစွာဝမ်းမြောက်ငြီး၊ပရစေတနာတွေ ဝေဝေဖြာ၍နေတော့တာပေါ့လေ၊ "စိတ်ထားတော်-မြတ်သည်"ဟူသောရှေးစကားအရ၊စေတနာနှင့် သဒ္ဓါအားထက်သန်သန်နှင့် စိတ်ထားပုံမှန်လေတော့၊ ဧရာမကုသိုလ်ကြီးကို လက်ကိုင်ရရှိတော့တာဘဲ၊ ဟော-တည့်တည့်အိပ်ငြီး၊ ကြောက်ဘွယ်ကောင်းတဲ့ ငရဲခရီးကိုသွားရမဲ့ ကံဆိုးမမှာ၊ မကြာခင်ဘဲ ရှင်တော်ဘုရား၏-မ,စ၊စောင့်ရှောက်ချက်ဖြင့်၊ ငရဲလမ်းတံခါးပိတ်ငြီး "ဧဝိဿ ရ"ခေါ်တဲ့ သိကြားမင်းကြီးများနေရာ၊ တာဝတိံသာ နတ်ရွာသို့ သွားဘို့ရောက်ဘို့အကြောင်းဟာ၊ ကောင်းစွာပေါ်ပေါက်လာသတဲ့၊ ကုသိုလ်ဟုန်နှင့်ပင့်ပြီးမြှင့်လိုက်တော့၊ မြင့်ချင်တိုင်းမြင့်ငြီး၊ အလွန်သင့်မြတ်တဲ့နတ်စည်းစိမ်ကြီးတွေကို၊ လွယ်ကူစွာနှင့်ပင် အဆင်သင့်ရရှိနိုင်တာပေါ့၊ငရဲသို့ရောက်သုနီ ဆဲဆဲမှာ၊ရှင်တော်ဘုရား၏သနားခြင်းကရုဏာဖြင့်၊ ဒါယိကာမိန်းမကလေး လွတ်ကင်းချမ်းသာသွားတယ်ဆိုတော့၊ဘုရားရှင်ကို အမှားကြီးကျေးဇူးတင်ရာဖြစ်ပေတာပေါ့၊ ၊

ထို့ကြောင့်"မုန္တဂဏေသအနေစန္တာ" ရယ်လို့ဟာကြားချက်ရှိတာကလား၊ ၊နှမ်းဆွမ်းကိုလှူတဲ့အလှူရှင်ဒါယိကာမိန်းမလဲ့ဘဲ။

ထိုနေ့ညကုန်ဆုံး၍မိုးသောက်သည်နှင့် တပြိုင်နက်၊ လူ့ဘဝတစ ခန်းသိမ်း၍လူတို့၏ဇာတ်ပြီမ်းရှာလေတော့သတည်း၊ ၊

ထိုကဲ့သို့-လူတို့ဘဝမှ ရတေသည်နှင့်တပြိုင်နက်-၁၂-ယူဇနာ အမြင့်ရှိတဲ့ ''ကနကာဗိမာန'' ခေါ်သောရွှေဗိမာန်ကြီးမှာ၊ အခြံ,အရံ နတ်သွီးပေါင်းများစွာနှင့်ကြီးစွာသောနတ်တို့၏စည်းစိမ်ကြီးကိုရရှာ သတဲ့၊ ''အကာလမိက''အခါမလင့်ဘဲ၊ အခွင့်ညီစွာ အကျိုးပေး လိုက်ပုံများကို စဉ်းစားပြီး၊ အများကြီးအားကျဘို့ သင့်ဟာယ်မ ဟုတ်လား၊ယခုကာလ-အချို့အလှူရှင်ပုဂ္ဂိုလ်များဟာ၊အလှူဝတ္ထု နဲ့သလေး, များသလေးနဲ့ဇာချဲပြီး နေတတ်ကြတာတွေ ရှိတယ်၊ ကုသိုလ်ပြုခွင့်အဆင်သင့်၍ ကြုံကြိုက်တဲ့အခါမှာ၊ သဒ္ဓါစေတ်ခပ် သန့်သန့်နှင့်အမြန်ကြီးအားထုတ်ဘို့ကိုသာ ကောင်းစွာမှတ်သား၍ ထားလိုက်ကြပေထော့၊ ။အင်းအထက်ကပြခဲ့တဲ့ ကုသိုလ်ရှင်က လေးရဲ့အလှူဝတ္ထုမှာ၊ နှမ်းဆွမ်းဖြစ်တယ်ဆိုတာကို သိကြတယ်မ ဟုတ်လား၊ယခုကာလမှာတော့-ထိုအလှူမျိုးဟာ နယ်တကာတိုင်း မှာမရှိတော့ဘူး၊မြန်မာပြည်အထက်ပိုင်း-အချို့သောနယ်များမှာ၊ ဓမ္မတာအတိုင်းနှမ်းများ ပေါ်ပေါက်ချိန်ဖြစ်တဲ့၊ ဒါခေါင်,တော်သ လင်း,သီတင်းကျွတ်,လများမှာနှမ်းဆွမ်းများ လှည့်လည်၍ခံယူကြ သည်ကိုတွေ့ရဘူးတယ်၊ ထိုနှမ်းဆွမ်းရှင်ဒါယကာတို့မှာ၊အထက် ပါဗိမာန်ရှင်ကလေးကဲ့သို့တာဝတိံသာ,စသောသုဂတိနယ်ပယ်မှာ အသွယ်သွယ်ကျင်လည်ပြီး၊ ကြီးကျယ်လှစွာသော နတ်စည်းစိမ် တွေကိုခံစားကြရမည့်သူတွေဟုမှတ်သားကြရမယ်၊ ၊

အဲ-သို့ကလို့နှမ်းဆွမ်းရှင်ဒါယိကာမငိန်းမသည်၊ တာဝတိံသာ နတ်ပြည်သို့ရောက်ပြီး၊ နတ်စည်းစိမ်တွေခံစား၍နေတဲ့အခါ၊ ''အရှင်မဟာမောဂ္ဂလာန်'' မထေရ်မြတ်ကြီးကလဲ၊ အထက်ကဝတ္ထု များမှာပြခဲ့ပြီးသည်နှင့်အတူ၊တာဝတိံသာနတ်ပြည်သို့ကြွမြန်းပြီး၊ ဒေသစာရီခရီးချီလျက် လှည့်လည်တော်မူတဲ့အခါ၊ နှမ်းဆွမ်း ကု သိုလ်ရှင်နတ်သွီးကလေး၏ နေရာရတနာရွှေဗိမာန်ကြီးသို့ ဆိုက်

ရောက်သွားသဘဲ့၊ထိုအခါ "ရှင်မဟာမောဂ္ဂလာန်"မထေရ်မြတ်ကြီးက၊နတ်သမီးကလေးအား-အထက်ကဝတ္ထုများ၌ကဲ့သို့မေးမြန်းတော်မူတယ်၊ ၊

(၁) အဘိက္ကန္တေန ဝဏ္ဏေန၊ယာ တွံ တိဋ္ဌသိ ဒေဝတေ၊
ဩဘာသေန္တီ ဒိသာ သဗ္ဗာ၊ဩသဓီဝိယ တာရကာ

(၁) ဒေဝတေ။ဘုန်းကံမြင့်ကြီး၊အိုနတ်သမီး၊ယာတွံ၊ အကြင်သင်နတ်သမီးသည်၊ အဘိက္ကန္တေန၊ အလွန်နှစ်သက်ဘွယ်ရှိသော၊ အလျှံတပြောင်ပြောင်။ တောက်လောင်ထိန်လင်း၊ သင်နတ်သမီး၏ ကိုယ်ရောင် အဆင်းဖြင့်၊ ဩသဓိတာရကာ၊ သောက်ရှူးကြယ်တာရာမင်းသည်၊သဗ္ဗာဒိသာ- သဗ္ဗာသုဒိသာသု၊ အလုံးစုံသောအရပ်ဆယ်မျက်နှာတို့၌ ဩဘာသေန္တီ၊ရောင်ဝါကွန့်မြူး၍၊ အထူးပင်ထွန်းတောက်ပလျက်၊ တိဋ္ဌတိဝိယ၊ နက္ခတ်တာရာတို့၏အကြားတွင်၊မားမားမတ်မတ်၊ ရပ်တန့်တည်နေဘိသကဲ့သို့၊ သဗ္ဗာဒိသာ သဗ္ဗာသုဒိသာသု၊ရပ်နယ်လုံးစုံ၊ဆယ်မျက်နှာလုံးခြုံလျက်၊အလုံးစုံသောအရပ်တို့၌၊ဩဘာသေန္တီ၊ ရုပ်ဆင်းကြက်သရေ၊ထိန်ဝေမြူးကွန့်၊အလွန့်အလွန်၊ချွန်ကြီးချွန်စွာ ရောင်ဝါတောက်ပ၊ထွက်ကွန့်ကြလျက်၊ တိဋ္ဌသိ၊ နတ်အပေါင်းတို့အလယ်တွင်၊ တင့်တယ်သန့်ပြန့်၊ရပ်တန့်တည်နေဘိ၏တကား၊

(မှာထားချက်။ ကေနတေတာဒိသော ဝဏ္ဏော၊ ။စသောဂါ မှ။သာဒေဝတာအတ္တမနာ၊ ။စသောဂါထာတိုင်အောင်၊(၂-၃-၄)ဂါထာတို့ကို၊ရှေးရှေးဝတ္ထုတို့၌လာသကဲ့သို့မှတ်ကြပါ။)

(၅) အဟံ မနုဿေသု မနုဿဘူတာ။
ပုရိမာယ ဇာတိယာ မနုဿလောကေ၊
အဒ္ဒသံဝိရဇံ ဗုဒ္ဓံ၊ ဝိပ္ပသန္နမနာဝိလံ၊

(၅) ဘန္တေ၊အရှင်မြတ်ဘုရား၊ မနုဿေသု၊များစွာ ထောင်သောင်း၊လူအပေါင်းတို့၌၊ မနုဿဘူတာ၊ လူသားစင်စစ်၊ဖြစ်ခဲ့ဘူး

သော၊ အဟံ၊ တပဉ္စတော်မသည်၊ ပုရိမာယ ဇာတိယာ၊ လွန်ခဲ့ပြီး သောရှေးဘဝက၊ မနုဿလောကေ၊ လူတို့၏လောက၌၊ ဝိဓေ၊ ကိဋလသာမြို့မှေး၊ အညစ်ကြေးမှ၊ ကင်း ဝေး တော် မူပြီးသော ဝိပ္ပသန္နံ၊ အထူးသဖြင့်၊ ရှိခိုးပင့်၍၊ ဖူးမြင့်မာန်လျှို့၊ အလွန်ကြည်ညို ဘွယ်လည်းရှိတော်မူထသော၊ အနာဝိလံ၊ လောဘ-စသော အ ကုသိုလ်အမှုတို့၏နောက်ကျုခြင်းလည်းမရှိထသော၊ ဗုဒ္ဓံ၊ လောက သေဋ္ဌနင်း၊ တရားမင်းဘုရားကို၊ အဒ္ဒသံ၊ စေတနာ ရွှင် ရွှင်နှင့်ကြည် လင်စွာဖူးမြင်ခဲ့ရလေပြီ၊ ။

(၄) အာသဇ္ဇ ဒါနံ အဒါသိံ၊ အကာမာ တိလဒက္ခိဏံ၊
ဒက္ခိဏေယျဿ ဗုဒ္ဓဿ၊ ပသန္နာ သေဟိ ပါဏိဘိ၊ ။

(၄) ဘန္တေ၊ ဆုန္နံဂိုဏ်းတွင်၊ တုနှိုင်းဘက်ရှား၊ အမြင့်စားဖြစ် တော်မူသောရှင်တော်မြတ်ဘုရား၊ အဟံ၊ တပဉ္စတော်မသည်၊ အာ သဇ္ဇ၊ ယုတ်တရက်ကြွလာတော်မူသော ရှင်တော်ဘုရားသို့ ဘွား ကနဲချဉ်းကပ်ပြီး၍၊ အကာမာ၊ လှူဘွယ်ဝတ္ထု၊ သေးသိမ်မှုကြောင့်၊ နောက်ကျု ထိုင်းမှိုင်း၊ သဒ္ဓါစိတ်ညွတ်ကိုင်း၍၊ စိတ်တိုင်းမကျဘကျ တိလဒက္ခိဏံ၊ နှမ်းဆွမ်းအလှူဟုဆိုအပ်သော၊ ဒါနံ၊ သူတော်စင်တို့ အမြင်သန့်သန့်နဲ့၊ ဧကန်ပြုလုပ်မြဲဖြစ်သော ဒါနမျိုးကို၊ ဒက္ခိဏေ ယျဿ၊ လူမင်းတကာ၊ နတ်မင်းအဖြာဖြာ၊ ဗြဟ္မာမင်းများစွာတို့၏ လှူရာအထူး၊ အကြူးအကျော်၊ ပူဇော်အပ်သောလှူဘွယ်ဝတ္ထုမျိုး ကိုခံယူခြင်းငှါထိုက်သော၊ ဗုဒ္ဓဿ၊ လောကသခင်၊ ဘုရားရှင်အား၊ ပသန္နာ၊ မြင်လျှင်မြင်ခြင်း၊ ရင်တွင်းလှိုက်ခုန်၊ ကျေးဇူးဂုဏ်ကို၊ ခိုလှုံ ညွှတ်တွား၊ ကြည်ညိုသောစိတ်ထားရှိသည်ဖြစ်၍၊ သေဟိပါဏိဘိ၊ ကိုယ်ပိုင်လက်တို့ဖြင့်၊ အဒါသိံ၊ စေတနာပြုံပြုံနဲ့၊ ပေးလှူခဲ့ဘူးပါ သည်ဘုရား၊ ။

အဲ-သို့ကလိုလျှောက်ထားဖြေကြားလိုက်တဲ့ဂါထာများအရက တော့၊ "ဟိုရှေးဘဝလူဖြစ်စဉ်ကာလမှာ၊ လောကလုံးဘုရင်၊ ဘုရား ရှင်ကို၊ ယုတ်တရက်ဖူးမြင်ရသဖြင့်၊ ကြည်ညိုလှသည်နှင့်၊ လှူဘွယ်

ဝတ္ထုများကိုကြည့်တော့လဲ၊ ရေးကစီရင်ပြီးထားတာမဟုတ်တော့၊ ယုတ်ဘရက် ဖြစ်နေသည့်အတွက်၊ ဆက်ကပ်ရော အလှူဝတ္ထု တချို့မှာကြံမရဘဲရှိနေပါတယ်ဘုရား၊ ။ဆဲ-သို့ကလိုဖြစ်နေတုန်း၊ဖြုန်းခနဲဆိုနေပူမှာလှန်းထားတဲ့ နှမ်းများကိုသတိရပြီး၊ မရှိတဲ့အခါနှင့်ကြုံလေတော့-အလှူဝတ္ထုက သေးသိမ်နေတာနဲ့၊ စိတ်တိုင်းမကျတကျနှင့်ပင်နှမ်းများကိုယူပြီး၊ မိမိလက်ခုတ်ဖြင့်လှူလိုက်ရပါဘိသဘုရား”သို့ကလိုလျှောက်ထားလိုရင်း ဖြစ်ပေတယ်၊ ။ အင်း— အလှူရှင်-ပုဂ္ဂိုလ်တို့မှာ၊ စေတနာအတတ် သက်သန့် လာပလားဆိုတော့၊သေးသိမ်တဲ့အလှူဝတ္ထုတွေကို တယ်ပြီးမနှစ်သက် နိုင်ရိုးအမှန်ပေါ့၊ ပါရမီခတ်ခင့်သန့်၍စေတနာအားထက်သန်သော သူမှန်သမျှ၊သည်လိုချည်းပေါ့၊ အလှူဝတ္ထုကိုစိတ်တိုင်းမကျတကျ နှင့်လှူရသော်လဲဖြူစင်လှသောစိတ်ထားဖြင့်၊ လှူဒါယ်ဝတ္ထုများကို လှူပလားဆိုတော့ အကျိုးအလွန်ထက်ပြီး၊ အံ့ယက်ဘနဲ့ ကျေမြ ပေါ့လေ ။

(မှာထားချက်၊ ။တေန မေတာဒိသော ဝတ္ထုသာ၊ ။ဝသော နောက်(၇-၈)ဂါထာတို့ကိုလည်း၊ ရေးရေးဝတ္ထုတို့၌လာသကဲ့သို့ ပင်မှတ်ကြပါကုန်)။ ။

အရှင်မဟာမောဂ္ဂလာန်မဟာထေရ်မြတ်ကြီးလဲ၊နတ်သမီးကလေး လျှောက်ထားဖြေကြားလိုက်တဲ့စကားရကိုမှတ်သားပြီး၊ ကောင်း မွန်စွာတရားဟော၍လူ့ပြည်သို့တဖန်ကြွလာပြန်ကာ၊ရှင်တော်မြတ် ဘုရားအား-ရေးရေးဝတ္ထုများ၌ လာသကဲ့သို့ လျှောက်ထားပြန် တယ်၊ ရှင်တော်မြတ်ဘုရားကလဲ၊ အများပရိသတ်တို့အား ဟော ကြားတော်မူသဖြင့်၊သတ္တဝါဝေနေယျတို့မှာ၊အကျိုးထူးတရားများ ကိုရရှိကြတယ်၊သောတာပန်စသည်တည်၍ နိဗ္ဗာန်ပြည်ခရီးနှင့်နီး ကြလေကုန်သတည်း။

## "ရစနံ့ဂါထာ။"

ဣတိ ဝုတ္တံ ဥပမာနံ။ကတွာ ပဏ္ဍိတော နရော၊
ဥဋ္ဌိ သံ မဟန္တံ ဘောဂံ၊ကရေယျ တိလဒက္ခိဏံ၊ ၊

ဣတိ၊ ဤသို့ရေးသားခဲ့သောအားဖြင့်၊ ဝုတ္တံ။ ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော ဒေသနာတော်ကို၊ ဥပမာနံ ကတွာ၊ နှိုင်းယှဉ်သမှု ပမာပြု၍၊ပဏ္ဍိတောနရော၊ပညာရှိအများ၊ သူတော် ကောင်းယောကျ်ားဟူသမျှသည်၊မဟန္တံ ဘောဂံ၊ တုနှိုင်းကင်း၊ လိုတိုင်းရသည့်၊ဘောဂရိပ်ငြိမ်၊ကောင်းမြတ်ကြီးကျယ်သောစည်း စိမ်ကို၊ဥဋ္ဌိ သံ။မြော်ခေါ်တောင့်တ၊ချည်ရူးကြ၍၊တိလဒက္ခိဏံ၊ နှမ်း ဆွမ်းအလှူကို၊ကရေယျ၊ပညာသတိ၊ဉာဏ်မျက်စိဖြင့်၊မိမိ ရှေ့၊ပြုရ ကြရာသတည်း၊

နံပါတ် (၁၀) တိလဒက္ခိဏာ ဝိမာနဝတ္ထုပြီး၏၊

—:ဂ:—

### ဝတ္ထုနံပါတ် (၁)

### "ပဘိဿရာဝိမာနဝတ္ထု။"

ဘုန်းတော်ခြောက်သွယ်၊ အောင်လံထူ၍၊ အောင်သူဓိပတိ၊ မုနိ ဥက္ကဋ္ဌ၊လောကလုံးဘုရင်၊ ဘုရားရှင်ကိုယ်တော်မြတ်သည်။ သာ ဝတ္ထိပြည်မှာသီတင်းသုံးတော်မူစဉ် အခါ၊ဗုဒ္ဓသာသနာတော်သည် နေရောင်ဝါမကာ၊ ထွန်းတောက်ပတော်မူသတဲ့။ အဲ ထိုစဉ် အခါ၊ သာဝတ္ထိပြည်မှာ။ အမျိုးအမည်အားဖြင့် မထင်ရှားသောမိန်းမတ ယောက်ရှိသတဲ့၊ အဲ-သည်မိန်းမဟာ၊ အရှင်သခင်ဖြစ်တဲ့ လင် ယောကျ်ားတို့နှင့် ပြုစုစောင့်ရှောက်ရတဲ့ ဝတ်ကြီး,ဝတ်ငယ်တို့ကို၊ ကြေပွန်စွာပြုလုပ်နေသတဲ့။ လင်ယောကျ်ားဖြစ်သူ အရှင်သခင်၏ ဝတ်ကြီး,ဝတ်ငယ်တို့ကိုကြေပွန်အောင်ပြုစုနိုင်တယ်ဆိုတာ သာ မညစိတ်ထားမဟုတ်ဘူး။လင်ဝတ်ငါးပါးကုံသိတတ်တဲ့မယားမိန်း မများမှာ။ မုက်မှောက်ဘဝမှာပင်၊ ကြည်လင်စွာအကျိုးပေးတတ်

တယ်၊ အဲ ယခုပြခဲ့တဲ့မိန်းမဟာ၊ အရှင်သခင် ဖြစ်တဲ့ လင်၏အလို သို့လိုက်ပြီး၊ အကြိုက်ကိုသာပြုလေ့ရှိ၍၊ လင်ယောကျ်ားမကြိုက် တဲ့ငရိုက်ဆိုးတွေကို၊ အမျိုးမျိုး သတိထားပြီး၊ ရှောင်ရှားလေ့ရှိ သတဲ့၊ လင်၏အလို အကြိုက်ကို ကိုက်အောင်ပြုရှာပေတာပေါ့၊ ညအိပ်ရာဝင်မှာ၊ လင်ယောကျ်ားအိပ်ပြီးတဲ့နောက်မှ အိပ်လေ့ရှိ တယ်၊ အင်း-သည့်လိုပြုကျင့်နိုင်တဲ့သတ္တိဟာ၊ ပေါ့ပေါ့ကလေး မဟုတ်ဘူး၊ ကြောတေးမင်း မိဖုရားကြီးများနှင့်၊ တော်ဝင်တဲ့ မိန်းမမြတ်များမှသာ ပြုလုပ်နိုင်တဲ့ ဝတ်တရားကြီးတွေပေါ့၊ လင် ယောကျ်ား နောက်မှ အိပ်လေ့ရှိတဲ့ အကျင့်ကောင်း ကြီးကို၊ ရှင်တော် မြတ်ဘုရားက "ပစ္ဆာနိပါတိနီ" ရယ်လို့၊ ဂုဏ်ထူး ကြီးတခုပြု၍ ဟောကြားတော် မူတယ်၊ ယခုကာလများမှာလဲ၊ အဲသည်လို ကျင့်ကြံလေ့ရှိတဲ့ မိန်းမကောင်းတွေလဲ ရှိကြဒုံးမှာပါ ဘဲ၊ သာမညမိန်းမများမကျင့်နိုင်ဘူးဆိုပေမဲ့၊ အခုကာလမှာ၊ သာ မညမဟုတ်တဲ့ မိန်းမတွေလဲ အများအပြားရှိဒုံးမှာပေါ့၊ နံနက် မိုးသောက်၍အိပ်ရာထတဲ့အခါမှာ၊ လင်ယောကျ်ားမထမီ စောစော ထလေ့ရှိတယ်တဲ့၊ သည်ဂုဏ်ထူးကြီးကိုတော့ "ပုဗ္ဗုဋ္ဌာယိနီ" ရယ် လို့ရှင်တော်ဘုရား ဟောကြားတော်မူတယ်၊ မိန်းမမြတ်တို့ရဲ့ဝတ် တရားတွေကလဲ အများသားကလား၊ သို့ရာတွင်၊ ပညာရှင်ပါရမီ ရှင်ဖြစ်တဲ့အမျိုးကောင်းသမီးများမှာတော့၊ တာဝန်လေးမလဲ၊ "ဝတ် တရားတွေ များချင်တိုင်းများပေစေ၊ သေသည့်တိုင်အောင် အရှင် သခင်ရဲ့ဝတ်အမြတ်တွေကိုတော့၊ မပြတ်အောင်ပြုရမယ်" ဆိုတဲ့ စိတ်ထားတွေရှိကြမှာပေါ့၊ စိတ်သဘောထားသေးသိမ်၍၊ ဥာဏ် တိမ်တဲ့မိန်းမများမှာတော့၊ လင်ယောကျ်ားများရဲ့ ဝတ်တရားများ ကို ပြုရဘို့နေနေသာသာ၊ ကိုယ့်ဘာကိုယ်မှ အနိုင်နိုင်ရှိပါတယ်လို့ များ စိတ်သဘောထားကြမလားမသိရဘူးပေါ့၊ သူတို့ကိုဘဲ၊ လင် လုပ်တဲ့သူများက၊ အမြဲတမ်းဝတ်ထားပြီး၊ ဝတ်တရားကုန်အောင် ပြုရနေရမှာထင်ပါရဲ့၊ အင်း-တချို့မိန်းမများကတော့၊ ပွေ့သည်းရှိ တယ်ဆိုတဲ့ဂုဏ်နဲ့၊ ယောကျ်ားဖြစ်သူ ခင်ပွန်းလင်များကိုတော့၊

“အခေသနခဘာ” ထဲကထားပြီး၊ ဘယ်ဝတ်တရားကိုမှမပြုရရိုးအမှန်ပေါ့၊ တချို့မိန်းမများကတော့၊ ရုပ်အဆင်းမာန်တက်ပြီး၊ “ငါရုပ်ချောတယ်” ဆိုတဲ့သဘောနဲ့၊ လင့်ဝတ်တရားသော သခင့်ဝတ်တရားသော၊ ဘာသော-ညာသော၊ စိတ်သဘောထဲက ဂရုမစိုက်ဘဲ၊ စရိုက်ဆိုးကြီးနဲ့၊ အမိုက်အိုးကြီးတွေ ဖြစ်နေတတ်သေးတယ် မဟုတ်လား တချို့မိန်းမများကတော့လဲ၊ အမျိုးဂုဏ်မာန်ရောက်ပြီး၊ လင်ယောကျ်ားများကိုတော့၊ သပေါက်လိုအောက်မေ့တဲ့ စိတ်ထားတွေရှိဘတ်ကြသေးတယ်ထင်ပါရဲ့၊ အဲသို့ကလိုအမျိုးမျိုးမာန်မာနနဲ့၊ ငါလှတယ်-ငါချောတယ် စသည်ဖြင့်ဂုဏ်လုပ်နေပြီး၊ အရှင်သခင် လင်ဝတ်တရားများကိုတော့၊ ဘာမှဂရုမပြုဘဲ၊ သူ့ဝါသနာအမျိုးမျိုးနှင့်၊ ဆိုးချင်ဘိုင်းဆိုး၊ ပေချင်တိုင်းပေ၊ စိတ်သဘောတွေ၊ လေလွင့်၍နေကြတာဟာ၊ နောက်ဆုံးမှာအကျိုးယုတ်မဲ့အကြောင်းတွေပေါ့၊ တဘက်သတ်နှိပ်ပြီး၊ အလွန်ဖျေးနေတယ်လို့များမထင်ကြပါနဲ့၊ များတဲ့သဘောကိုတွေးပြီး ရေးရတာပါ၊ ကိုယ်ဟာဝါခေါ်တဲ့ လင်ယောကျ်ားများက ရှိသေးတယ်၊ မယားလုပ်သူကလေးက၊ လိမ်လိမ်မာမာနှင့်၊ ကြိမ်ခါခါမမှားအောင် လင့်ဝတ်တရားကို ပြုရလေလေးသူ့ဘို့က အတွင်းသဘောခေတ်ကိုထိပြီး၊ ငြိကြလေလေဖြစ်ကုန်ပါရော၊ သွေးကြီးမွေးကြီးနှင့်၊ အတော်ဘဲဟန်လုပ်တတ်ကြသေးတာကလား၊ “ငါရဲ့ကြင်ရာကလေးကဖြင့်၊ အလိမ္မာဘက်ပြီး၊ မပျက်သောဝတ်တရားနှင့်ပြည့်စုံပေတယ်၊ တော်ပါပေရဲ့၊ ကျေးဇူးရှင်မကလေး” စသည်ဖြင့်၊ ချီးမွမ်းစကားများကိုတော့ပြောမဲ့ဆိုမဲ့မကြဘူး၊ မဟုန်ဘဲ့မောင်းသံ၊ မဲသံ၊ ကြိမ်းဝါးသံတွေကဖြင့်၊ တညံ့ညံ့ဖြစ်နေတာပေါ့လေ၊ သို့ကလိုဖြစ်ထာ၊ တခြားကြောင့်မဟုတ်ပါဘူး၊ “မောင်မောင်ဆိုလေ ထီးရိုးရှေလေ” ဆိုတဲ့စကားလို၊ ‘ငါ့မယားကဖြင့်၊ ငါ့ကိုတယ်ရိုသေတယ်-ကြောက်ရွံ့တယ်၊ ငါတော်တော်ဩဇာရှိပြီး၊ အဖိအရိကောင်းတာကလား” ဆိုဟဲ့သဘောနှင့်၊ ချော်တောငေါ်နေကြရိုးအမှန်ပေါ့၊ ၊

အဲ-သည်လိုသွေးကြီးမွေးကြီးနှင့် မာန်မာနတွေရောက်ကုန်ကြ

ဘော့၊ခမြာများမှာ၊ သဒ္ဓါတရား နုနုကလေးတွေဖြစ်တော့၊တဖြေး ဖြေးဖိတ်ပေါက်ပြီး၊ "သင်းကမှမောက်လို့ရှိလျှင်၊ငါကကော၊ ဘာ ကြောက်ရမလဲဆိုတဲ့သဘောထားတွေဟာ၊ အတော့မသတ်နိုင် အောင်ဖြစ်ကုန်ကြတာကလား၊ မှားချင်တိုင်းမှားပြီး နှစ်ယောက် သားဟာဝတ်တရားပျက်ကွက်၍ အခက်ကြီးကြုံနေကြတော့တာ ပေါ့၊

လင်ယောကျ်ားကလဲ လိမ်လိမ်မာမာနဲ့၊ အရာရာမှာ မာန်မ တက်ဘဲ၊ဟန်မပျက်အောင်နေထိုင်၊ မယားလုပ်သူကလဲ၊ ဝတ်တ ရားမပျက်မကွက်ဘဲ ဆက်ဆက်ကြီး ပြုမိအောင်ပြု၊ သို့ကလို နှစ် ယောက်ကောင်းဆုံမှုဟာ "သဒ္ဓသဘ" အတော်ပင်ရခဲကြတာက လား၊နှစ်ယောက်လုံးဖြောင့်မှန်စွာသဘောထားပြီး၊တယောက် အ ရေးကိုတယောက်မပျက်ဘဲနေကြရင်အကောင်းဆုံးပေါ့၊မောင်မင်း ကြီးသားတွေက "ဝါသနာတမျိုးနဲ့ အလွန်ဆိုးတဲ့ သူတော့သာများ တယ်ထင်ပါရဲ့"ကြင်ရာသူမယားကလဲ၊ သားအလှကိုမိခင်စောင့် ရှောက်သလို၊ အောင့်အောင့်အီးအီးမဖြစ်ဘဲ၊ စွဲစွဲမြဲမြဲကြီး ဝတ် တရားမပျက်အောင်ပြုပြုကြဘို့ သင့်ပေတယ်၊ ယောကျ်ားများက လဲ၊ ရှုမြေသိက္ခာ ကြီးမြင့်စွာထားပြီး၊အာဇာနည်ပဋိုလ်များနှင့်တူ အောင်၊ မတော်တဲ့အမှုအရာတွေကိုယုတ်မာတဲ့ လူသတ္တဝါတွေ အတုခိုးပြီး၊ အမိုက်မိုးကြီးများ မရွာလိုက်ပါနှင့်လို့ တိုက်တွန်း လိုက်ပါတယ်၊ လင်ယောကျ်ားရဲ့ဝတ်တရားဟာ၊ မယားပြုမှ ကြေပွန်ဘယ်၊ မယားရဲ့ဝတ်တရားကိုလဲ လင်ယောကျ်ားများပြုမှ ကြေပွန်တယ်ဆိုတာကို၊ သိကြပြီမဟုတ်လား၊ အများကြီးသတိ ထားပြီးကြိုးစားအားထုတ်ဘို့သင့်ပေကြတယ်၊

လင့်ဝတ်တရားကြေပွန်လို့၊တမလွန်ဘဝမှာ၊ နတ်ရွာသုဂတိ၌ ထုတိယေဗုဒသ-ဖြစ်လောက်အောင်ကြီးကျယ်ခန်းနားတဲ့၊ နတ်အ များဘ်ရဲ့ စည်းစိမ်တွေခရှိကြောင်းကို၊ ယခုရေးသားဆဲဝတ္ထုဖြင့် ကောင်းကောင်းကြီးသိရပါလိမ့်မယ်၊မယားဖြစ်သူ၊ မယ်ဟာဝါဘို့၊

တကာယ်သဒ္ဓါတရားဖြင့်၊ ကြိုးစားပြီး၊ လင်ယောကျ်ားတို့၏ဝတ်တရားကို ပြုရန်၊ အတုခိုးဘို့အ ုံကြီးကောင်းကြတာပေါ့၊

ကြင်ရာနှစ်ပါးတို့။

တရားသူရန်ရစနာဂါထာ။

ယေ ဧဝယမှတိကာ သမ္မာ၊ကုမ္ဗေယျံ ဝတ္တဝတ္တကာံ၊
ပစ္စ သင္ဂေပမောဒန္တိ၊တေနတေ ဝတ္တထာမသာ။ ။

ဘောဇ္ဇော၊ လုတ္တိုပြည်ရွာ၊ မွှေတာဖြင့်၊ အိမ်ရာတည်ထောင်၊ လူဘို့ဘောင်၌ နေကြကုန်သော၊ အိုသူတော်ကောင်း အပေါင်းတို့၊ ယေဧဝ မှတိကာ၊ လင်နှင့်မယား၊ နှစ်ပါးကြင်ရာ၊ ရုံဘက်ခါဖြင့်၊ ကောင်းစွာနေထိုင်ကြကုန်သောအကြင်လင်မယားတို့သည်၊ ဝတ္တဝတ္တကာံ၊တယောက်နှင့်တယောက်၊မဖေါက်မပြန်၊ကောန်ကျင့်အပ်၊ မြင့်မြတ်လှသော၊ဝတ်ကြီးဝတ်ငယ်၊အသွယ်သွယ်ကို၊သမ္မာ၊ရိုးရိုးသားသား၊ တကာယ်ဖြောင့်မှန်သော စိတ်ထားဖြင့်၊ ကုမ္ဗေယျုံ၊ မယားကလဲဖြောင့်မှန်မှန်၊လင်ယောကျ်ားကလဲမာန်မတက်၊ နှစ်ပါးရုံဘက်ခါ၊ နှစ်နှစ်သက်သက်ကြီးပြုကုန်ငြားအံ့၊ တေ၊ ထို၊လင်နှင့်မယား၊ နှစ်ပါးကြင်ရာ၊ရုံဘက်ခါဖြင့်၊ ကောင်းစွာနေထိုင်ကြကုန်သောလင်မယားတို့သည်၊ပေစ္စ၊ယခုလူ့ဘဝကိုမျက်နှာလွှဲ၍ ရှောင်ပဲကြရာ၊များစွာနန္တ၊တမလွန်ဘဝဟုသမျှတို့၌၊ တေန ဝတ္တထာမသား၊ထိုသို့ပြုရ၊ မြင့်မြတ်လှသော၊ကုသလအကျိုး၊ ဝတ်ကြီးဝတ်ငယ်တန်းခိုးကြောင့်၊ သင္ဂေ၊ ဘုန်းရှင်-ကံရှင်၊ သမ္မာရှင်တို့၊ ပျော်ရွှင်ဝမ်းမြောက်၊ဆိုက်ရောက်ကြရာ၊ခြောက်ရွာဒေဝ၊ တာဝတိံသာစသောနတ်ပြည်ဟုသမျှ၌၊ပမောဒန္တိ၊တခွေ့ ခွေ့ တခုံခုံ၊ ပျော်စရာကောင်းတဲ့ အာရုံတို့နှင့်အပုံကြီးဝမ်းမြောက်ကြရလေကုန်သတည်း၊

အဲသည်ရစနာဂါထာအရ၊နည်းလမ်းကောင်း၊ခမွှကိုနှုယုံးသွင်းပြီး၊ဝတ်တရားမချွတ်ယွင်းရအောင်၊သတိထားကြပ၊ လင်ဝတ်ငါး

ပါး၊မယား၀တ်ငါးပါးဆိုတာတွေ၊ အများပင် သိရှိပြီးဖြစ်ပါ လိမ့်မည်၊ ၊မယားလုပ်သူများကလဲ ကြိုးစားအားထုတ်၍၊ ယောက်ေသာလုံ့လဖြင့်စိတ်ကိုဆုံးမပြီး၊နှစ်လုံးထားလှလှနဲ့ လင်ယောကျ်ားဖြစ်တဲ့ အမေ့ သခင်တို့ရဲ့၊ ၀တ်တရားကိုပြုရကြရမယ် လင်လုပ်သူများကလဲ၊သဘောထားကြီးကြီးနဲ့၊ အမျိုးမျိုးသည်းခံပြီး၊ ယုယုယယ-ကြင်ကြင်နာနာချစ်ခင်၍နေရာတိုင်းအပြစ်မမြင်ကြပါနဲ့လို့။ တောင်းပန်ချင်တာပါဘဲ၊

ကိုင်းဇာတ်လမ်းကိုဖွင့်ကြအုံးစို့ရဲ့။ယခုပြခဲ့တဲ့အမျိုးသမီးကောင်းဖြစ်တဲ့၊ မိန်းမဟာချစ်လင်မြတ်နိုးရာ အမှုမျိုး ကိုသာပြုလုပ်လေ့ရှိတယ်တဲ့၊လင်၏ အနားက၊တဘွားမကွာနေလေ့ရှိတယ်၊ ရိုရိုသေသေနဲ့။ အမျိုးအဆွေကောင်းသွင်းဖြစ်တဲ့အတိုင်း၊ လင်ယောကျ်ားမှာကိုင်းရှိုင်းပြီးနေလေ့ရှိဘယ်တဲ့၊လင်ယောကျ်ားမနှစ်သက်တဲ့အမှုမျိုးကို၊ဘယ်အခါမှပြုလေ့မရှိဘဲ၊ ပိယဝါစာ-သာယာနူးညံ့သင်းပြန့်ကြိုင်လှိုင်တဲ့ စကားများကိုသာ ပြောလေ့ရှိဘယ်တဲ့။ ကြမ်းတမ်းယုတ်မာဘဲ့စကားမျိုးကိုတော့၊ ခပ်ဝေးဝေး ရှောင်ကြဉ်ပြီး၊ ဆင်ခြင်တုံ သတိ တရားနှင့် ပယ်ထားလေ့ ရှိဘယ်တဲ့၊ လင်ယောကျ်ားအလိုလိုက်ပြီး။ စရိုက်နှင့်သိမ်မွေ့တဲ့ဣန္ဒြေရှင်ကလေးဖြစ်တော့။သူလုပ်ပုံ အပြုအမူတွေကို၊ များစွာအတုယူဖို့ကောင်းနေတာပေါ့၊ လင်ယောကျ်ားအပေါ်မှာ၊ မုသာဝါဒ်၊ ပလီကောက်ကျစ်၊ မမှန်သောစကားညစ်များကိုလဲ။ဘယ်အခါမှမပြောတတ်ရှာဘူးတဲ့၊အပေါ်ဉာဏ်လိုက်ပြီး။ ဝစီကံထိုက်၍မိုက်လှတဲ့စကားမျိုးကို၊အကျိုးမဲ့တရားတွေဖြစ်သည့်အားလျော်စွာ။ ပယ်ခွါရှောင်ရှားလေ့ရှိတယ်ဆိုတော့၊တမျိုးချီးမွမ်းစရာပေပေါ့၊ ရတနာသုံးပါးမှာ၊ ယုံကြည်ကိုးစားတဲ့သဒ္ဓါတရားဓါတ်ခံကလဲ အဘောဒ်ပင်ထက်သန်သတဲ့၊မိမိတို့ကြင်ရာနှင့်ရုံမှာ၊ ကုံလုံကြွယ်ဝတဲ့၊ ပစ္စည်းအင်အားအလျောက်၊ ဒါန မိုးပေါက်များကိုလဲ၊ သွန်းလောင်းရွာချလေ့ရှိသတဲ့၊အင်း-သူကလေးရဲ့ အကျင့်အမူတွေဟာ။ မသင့်သောအယူဆန္ဒရယ်လို့ရှာမရအောင်ဖြစ်နေတော့တာပေါ့၊ လင်ယောကျ်ားရဲ့၊

ဝတ်တရားလဲ့ကြပြန်၊ထူးချွန်တဲ့သဒ္ဓါတရားကလဲရှိ၊ သတိရရန်နှင့် ဒါနကိုလဲပြု၊တခုမကျန်၊ ကောင်းမြတ်တဲ့ ဓေခတ်တွေသန်နေတော့၊အလိမ္မာဉာဏ်မှာဖြင့်၊သူဌေးကတော်ကလေး တယောက်လို ဆိုရမှာပေါ့၊ မိမိ ယောက်ျားမှတပါး၊ အခြား ယောက်ျားဘ္ဍာ၊ ပေါက်ပြားရမ်းကား၊ ဆန်းပြားယုတ်မာတဲ့စိတ်ဓါတ်မျိုးလဲ့ မရှိရာဘူးတဲ့၊ (ကာမေသု မိစ္ဆာစာရ) သိက္ခာပုဒ်ကြီးကို၊တသီးတခြား ဂရုထားပြီး၊တရားနှင့်ရှောင်ကြဉ်ရှာပေဒါပေါ့၊ အတော်-တော်တဲ့ စိတ်ထားပုံဘဲနော်၊ မြင့်မြတ်တဲ့စိတ်ဓါတ်ရှိသူမိန်းမပုဒ်းဟာ၊ များစွာအတုယူပြီး၊သူ့အပြုအမူတွေကိုအားကျဘို့သင့်တယ်၊ အမျိုးကောင်းသွီးများမှာဆိုတော့၊ ပင်္ဂိုသန္တေကပင်၊ အမြင်သန်အလိမ္မာဉာဏ်တွေပါ လာတာကလား၊ မိမိရဲ့ချစ်လင်ယောကျ်ားကို၊သားငယ်ကလေးမိခင်ဟာ၊ သားချင်သွေးကလေးကို ပိုက်ထွေးယုယ၊ ချစ်ခင်စွာကြင်နာလှပြီး၊ စောင့်ရှောက်သကဲ့သို့၊ စောင့်ရှောက်ရှာသတဲ့၊ဘယ်အခါဘယ်ကာလမှ၊ လင်ယောကျ်ားအပေါ်မှာ၊မတော်မတရား၊ အမျက်ထား တတ်တဲ့ စိတ်လဲမရှိ ရှာဘူးတဲ့၊ အရာရာမှာသည်းခံပြီး၊ ပြုပြုစောင့်ရှောက်တတ်တဲ့သဘောဟာ၊ သူ့မှာအမြဲပါနေသတဲ့၊ အင်း-လိမ္မာသူများရဲ့ ဂုဏ်ပုဒ်တွေဟာရေးလို့ပင်မကုန်နိုင်အောင်ရှိတော့တာပေါ့လေ၊

အဲသို့ကလို၊သဒ္ဓာသဒ္ဓါတရားနှင့်များမြောင်ပြီးနေတဲ့၊ အလိမ္မာသူဌေးကတော်ကလေးဟာ၊ တနေ့ကျတော့၊ ရောဂါတခုငြိစွန်းငြိး၊ လူ့ဘဝချုပ်ငြိမ်း၍ ယုတ်သိမ်းပြီးသွားရရှာရှေ့တဲ့၊ သေခြင်းတရားဆိုတာမရှောင်သာဘဲ၊တနေ့နေ့မှာ၊ တွေ့ရမြဲပေါ့လေ၊ ဘယ်မှာလွတ်ကင်းတဲ့လူရယ်လို့ရှိမလဲ၊ အမြဲသေရမှာချည်းဘဲပေါ့၊ ၊ သို့ကလိုလူ့ပြေမှ၊ရတော၍သွားပြီး၊ဘွားကနဲ့ဆို၊ တာဝတိံသာနတ်ပြေမှာအလွန်ဆန်းကြယ်တဲ့ ဘုံဗိမာန်ကြီးမှာနတ်သွီးကလေးဖြစ်ရသတဲ့ ''ကုသိုလ်ကံ၊ဓိမံမြောက်ပင့်၊ဘုံအသင့်' ဆိုသလို၊သုဂတိချမ်းသာတွေကို ကုသိုလ်ရှင်မိန်းမမှာကောင်းမွန်စွာ တွေ့ရတာပေါ့လေ၊သူ့ရှိတဲ့ဘုံဗိမာန်ကြီးကအတော်ဘဲဆန်းကြယ်တယ်၊ ရတ

နာချနှစ်ပါးဖြင့်ပြီး၍မငြီးအောင်ရှုဘွယ်ကောင်းတယ်တဲ့၊နတ်တို့၏ တန်ခိုးဖြင့်၊ အမျိုးမျိုးဖြစ်ပေါ်လာတဲ့၊ ကြိုးကြာငှက်တွေကလဲတ သိုက်တမြုံကြီးရှိ၊ အပုံကြီးပျော်စရာ ကောင်းနေတော့ တာပေါ့။ အဲသည်ကြိုးကြာငှက်တွေက၊ ရတနာပြာသာဒ်ကြီးပေါ်မှာ၊ လူး လာပျံခတ်၍ ချပ်တန်နိုးပြီးနေကြသတဲ့၊ ရွှေဥဒေါင်းတွေကလဲ၊အတွေ တွေပေါ်များပြီး၊ နတ်များမှသာရှိနိုင်ဘဲ့ ဟင်္သာငှက်တွေကလဲ၊ သူ့ထက်ငါပြန်သန်း၍၊အဆန်းတကြယ်ကြည့်ရှုလို့မငြီးဘွယ်ကြီး ဖြစ်နေဒါဘဲတဲ့၊အသံသာသာနဲ့တစာစာမြည်တွန်တတ်တဲ့၊ဥဩ ငှက်တွေကလဲအများကြီးဘဲတဲ့၊ရတနာဗိမာန်ကြီးကတော့၊အမျိုး မျိုးလှပအောင်ပွင့်နေကြတဲ့၊"မြဘ်ဖေးဗန်း" တွေ၊ အဆိုင်အပွင့် တွေနဲ့၊တလှိုင်လှိုင်ဆင့်ပြီး၊ဖြန့်ကြဲထားသကဲ့သို့ရှိနေသတဲ့၊စိတ်နှ လုံးပျော်မွေ့ဘွယ်ရာအလွန်ကောင်းအောင်၊ဥယျာဉ်တွေကလဲများ စွာဆန်းကျယ်ပြီး အခြံအရံ နတ်သားနတ်သမီးတွေကလဲအများကြီး ရှိသတဲ့၊အဲသည်အခြံအရံဖြစ်တဲ့ နတ်သမီးနတ်သားတွေကလဲ၊ သူ့ ထက်ငါလုယက်ပြီး၊ပျော်ရွှင်မြူးမြောက်စွာကခုန်ကြသတဲ့၊အလွန် သာယာချိုအေးတဲ့အသံများဖြင့်၊သီချင်းများကိုသီဆိုပြီး၊ စိတ်အ လိုရှိသိုင်း၊ မြူးတူးကခုန်လျက်နေကြသတဲ့၊ ဗိမာန်ရှင်နတ်သမီးက လေးရဲ့စိတ်ခတ်ကိုဖြေဖျော်ကြတာပေါ့၊ ဩော်–ဘုန်းရှင်,ကံရှင်, သဒ္ဓါရှင်,တို့၏စည်းစိမ်ကြီးတွေဟာ၊တယ်ကြည်နူးဘွယ်ကောင်း ပါကလား၊တွေးမိတိုင်းအားကျ၍၊ တရားရပြီး၊ များလှတဲ့ကုသိုလ် တွေကိုအားစိုက်၍ပြုသင့်ကြပေတယ်၊ ၊

အဲသို့ကလိုကြီးကျယ်ခန်းနား–ဆန်းပြားထူးထွေ၊ ကြက်သရေ တလျှပ်လျှပ်နှင့်၊ နတ်တို့၏စည်းစိမ်ကြီးကိုရရှိပြီးနောက်၊ မကြာမီ ကာလ၊"ရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ကြီး" သည်၊တာဝတိံ သာနတ်ပြည်၌၊ဒေသစာရီ၊ကြွချီတော်မူရာ၊အထက်ကပါတဲ့၊ရတ နာဘုံဗိမာန်ကြီးကိုတွေ့မြင်ရလတော့၊မေးမြဲသောအတိုင်း မေးမြန်း တော်မူတယ်၊ ရှေးဦးစွာနတ်သမီးကလေး၏ ကြီးကျယ်များပြားတဲ့ စည်းစိမ်ကြီးကို၊သို့ကာလိုချီးမွမ်းတော်မူတယ်၊

(၁) ကောဉ္စာမယူရာဒိဗိယာစဟံသာ။
ဝဂ္ဂုဿရာကောကိလာသံပတန္တိ၊
ပုပ္ဖာဘိကိဏ္ဏံရမ္မမိဒံဝိမာနံ၊
အနေကစိတ္တံနရနာရိသေဝိတံ။ ။

(၁) ဒေဝတော၊ဘုန်းကံမြင့်ကြီး၊အိုနတ်သမီး၊ ပုပ္ဖာဘိကိဏ္ဏံ၊ အဆင်းအနံ့၊သင်းပျံ့လှိုင်ကြူ၊အထူးထူးသော ရတနာမြတ်လေးပန်းတို့ဖြင့်၊ တဆန်းတကြယ်ဖြန့်ခင်းအပ်ထသော။ ရမ္မံမနောရမံ၊ စိတ်နှလုံးပျော်မွေ့၊ အကြည်တွေ့စရာလည်းဖြစ်ပေထသော၊ အနေကစိတ္တံ၊တပါးမက၊များပြားလှသည့်၊ ဥယျာဉ်ရေကန်၊ ဘုံဗိမာန်မြတ်၊နတ်ပဒေသာ၊စသည်ဖြာ၍၊ အံ့ရာမခန်း၊ ကြီးကျယ်လှသော နတ်စည်းစိမ်ကြွယ်ဝန်းဖြင့်၊အဆန်းတကြယ်ရှိပေထသော၊နရနာရိပသေဝိတံ၊ နတ်သား,နတ်ကညာ၊ အခြွေအရံများစွာတို့ဖြင့်၊ တင့်တယ်ပေထသော၊ဣဒံဝိမာနံ၊ ရတနာခုနစ်လီ၊ ချယ်လယ်စီ၍၊ ရှုဘွယ်ခင်း၊ ဤရတနာဘုံဗိမာန်ကြီးသို့၊ ဒိဗိယာ၊နတ်တို့၏တန်းခိုးဖြင့်၊အမျိုးမျိုးဖြစ်ပေါ်လာကုန်သော၊ ကောဉ္စာစ၊ ကြိုးကြာငေထာင်သောင်း၊ငှက်အပေါင်းတို့သည်လည်းကောင်း၊ မယူရာစ၊ ဥဒေါင်းငှက်များစွာတို့သည်လည်းကောင်း၊ ဟံသာစ၊ ရွှေဟင်္သာငှက်အပေါင်းတို့သည်လည်းကောင်း။ ဝဂ္ဂုဿရာ၊ သာယာမြွက်ကြူး၊ ကြည်နူးဘွယ်သောအသံရှိသော၊ ကောကိလာစ၊ ရွှေဥဩငှက်တို့သည်လည်း၊သံပတန္တိ၊လူးလာမြူးတူး၊ အထူးပျော်ရွှင်၊ကြည်လင်အားရ၊ထက်ဝန်းကျင်၌နမှ၊ကကြတဖုံ၊ ခုံကြတထူးနှင့် မြည်ကျူးပျော်ရွှင်စွာနားနေကြကုန်၏တကား။ ။

ဒီဂါထာက၊နတ်သမီးကလေးရဲ့ စည်းစိမ်ကြီးကိုကြည့်ရှုပြီး ချီးမွမ်းမြှောက်ပင့်ခြင်းဖြစ်ပေတယ်၊ ကြီးကျယ်ခန်းနားတဲ့သဘောကိုတော့၊ အထူးပြောပြစရာမလိုတော့ပါဘူး၊ ပြဆိုခဲ့တဲ့အတိုင်းပင်ထင်ရှားသိသာနိုင်လောက်ပါပြီ။ ။

(၂) တဗ္ဗဏ္ဏသိဒေဝိမဟာနုဘာဝေ၊
ဣဒ္ဓီဝိကုဗ္ဗန္တီ အနေကရူပါ၊

ကုမာရေတာအန္တလိက္ခရာယေ သမန္တတော၊
နဇ္ဇင္ဂ ကာယ ဂါယန္တိ ပမောဒယန္တိ စ၊ ။

(၂) မဟာနုဘာဝေ၊ ဘုန်းကံအရှင့်၊အဆင်သင့်၍၊ ကြီးမြင့်သောအား၊ အလွန်ထင်ရှားလှပေသော၊ပေဝိ၊ အိုနတ်သူ့ကလေး၊ တွံ၊ ဘုန်းရောင်,ကံရောင်၊ ထွန်းပြောင်ထိန်ညီး၊ သင်နတ်သမီးသည်။ ဘဏ္ဍ၊ဖြိုဆိုခဲ့ပြီး၊ရှုမငြီးသည့်၊အံ့ချီးဘွယ်မျှ၊ ကြီးကျယ်လှသော၊ထို ရတနာဗိမာန်ကြီး၌၊ကုဋ္ဋ၊နတ်တို့တန်ခိုး၊အမျိုးမျိုးကို၊အနေကရူပ၊ များပြားလှစွာသော အဆင်းသဏ္ဌာန်၊ အပြန်အလှန် ရှိသည်ဖြစ်၍၊ ဝိကုဗ္ဗန္တိ၊ တခုနှင့်တဖုံ၊ အမျိုးပုံဇာတ်ခင်း၊ စိတ်ရှိတိုင်းဖန်ဆင်းလျက်၊ အန္တလိ၊ တည်တန့်ခိုင်ခိုင်နှင့်၊ ပိုင်ပိုင်ကြီး နေထိုင်ဘိ၏ တကား၊တော၊ဘုန်းရောင်,ကံရောင်၊ ထွန်းပြောင်ထိန်ညီး၊သင်နတ်သမီး၏၊ ကုမာရအန္တလိက္ခရာယော၊ အခြွေအရံ၊ ကြေနန်စင်စစ်၊ ဖြစ်ကြကုန်သောဤနတ်သမီးတို့သည်လည်း၊သမန္တတော၊ ထက်ဝန်းကျင်လည်ပတ်၊ဆယ်မျက်နှာအရပ်မှ၊နစ္စန္တိစ၊ အမျိုးမျိုးအဖုံဖုံ၊ ကခုန်ကြလေကုန်ဘိ၏တကား၊ဂါယန္တိ စ၊ သူတဖုံ,ငါတသင်း၊ အမျိုးပုံဇာတ်ခင်း၍၊ သီချင်းကိုလည်းဆိုကြကုန်ဘိ၏တကား၊ ပမောဒယန္တိ စ၊ ရွှင်လန်းဝမ်းမြောက်၊ ထင်သလောက်ပျော်ရွှင်ကြကုန်ဘိ၏တကား၊

ဤဂါထာကတော့၊နတ်သမီးကလေး၏စည်းစိမ်ကို၊ဒုတိယတဖန်ချီးမွမ်းခြင်းဖြစ်ပေတယ်၊ ။အင်း-ပါဠိတော်ကြီးမှာပင်၊ တိုက်ရိုက်လာရှိတဲ့ဂါထာဖြစ်လေတော့၊ များစွာနှစ်သက်ပြီးအားကျဘို့ကောင်းတာပေါ့၊ အမျိုးသမီးကလေး၏အတုကိုယူပြီး၊ အပြုအမူကောင်းတွေကိုအားကျဘို့သင့်ပေတယ်၊လင်ဝတ်တရား၊တော်မဲ့ပါးချော်ချွတ်ခြင်းမရှိဘဲ၊သတိတရားရရနဲ့၊ လှလှကြီးပြုရဘို့ကောင်းကြတယ်မဟုတ်ဘူးလား၊ ။

(၃) ဒေဝိဒ္ဓိပတ္တာသိ မဟာနုဘာဝေ၊
မနုဿဘူတာ ကိမကာသိ ပုညံ၊

ကေနာသိ ဧဝံ ဇလိတာနုဘာဝေါ၊
ဝဏ္ဏော စ တေ သဗ္ဗဒိသာ ပဘာသတီတိ၊ ။

(၃) မဟာနုဘာဝေ၊အရောင်အသွယ်သွယ်၊လွန်တင့်တယ်၍၊ ကြီးကျယ်ဖွံ့ဖြိုး၊ များပြောင်သောတန်ခိုးရှိပေသော၊ဒေဝီ၊တုန်းကံ မြင့်ကြီး၊ အိုနတ်သမီး၊တွံ့တုန်းရောင်,ကံရောင်၊ထွန်းပြောင်ထိန်ညီး၊ သင်နတ်သမီးသည်၊ဋ္ဌဗ္ဗိပတ္တာ အံ့ဩဘွယ်မျိုး၊အဆင်းရောင်ဝေဖြိုး ၍၊မြင့်မြတ်သောတန့်ခိုးသို့ရောက်သည့်အသိ၊မျက်မြင်ဒိဋ္ဌ၊ကေန္တ အနေဖြင့်၊ဖြစ်ခဲ့ပေ၏တကား၊ မနုဿဘူတာ၊လူသားစင်စစ်၊ ဖြစ်ခဲ့ သော သင်နတ်သမီးသည်၊ ကိံ၊ ဘယ်လိုသဘောရှိသော၊ ပုညံ၊ ကုသိုလ်ကောင်းမှု၊ အားကိုးရာအရကို၊ အကာသိ၊ စေတနာဖြူဖြူ နှင့်၊ပေးလှူပြုလုပ်ခဲ့ဘူးပါသနည်း၊ကေန၊ဘယ်လိုအကျိုး၊ ဘယ်ကဲ့ သို့သောကုသိုလ်မျိုးကြောင့်၊ဧဝံ၊ယခုဖြစ်ရသောအတိုင်း၊ဇလိတာ နုဘာဝေါ၊ထွန်းတောက်ထိန်ဝေ၊ ကြက်သရေကွန့်မြူး၊ အထူးထူး သောတန်ခိုးအစွမ်းရှိသည့်အသိ၊ ဖြစ်ပါသနည်း၊တေ၊ တုန်းရောင် ကံရောင်၊ထွန်းပြောင်ထိန်ညီး၊သင်နတ်သမီး၏၊ဝဏ္ဏောစ၊ ကိုယ်အ ဆင်းအရောင်သည်ကား၊သဗ္ဗဒိသာ-သဗ္ဗဒိသာသု၊လုံးစုံသွယ်ဖြာ၊ နယ်တကာတို့၌၊ပဘာသတိ၊စိတ်ကြည်လင်ဘွယ်၊ လွန်တင့်တယ် ၍ ဆန်းကြွယ်ဖြန့်ရိုး၊တုန်းတန်ခိုးဖြင့်၊ အမျိုးမျိုးတောက်ပပေ၏တ ကား၊ဣတိ၊ဤသို့သောအကြောင်းစကားဖြင့်၊အဟံ၊ငါမထေရ်မြတ် သည်၊ပုစ္ဆာမိ၊သိလိုရေးနှင့်မေးမြန်းပါသည်တကား။ ။

အဲ-သို့ဘလို"ရှင်မဟာမောဂ္ဂလာန်" မထေရ်မြတ်ကြီးကမေး မြန်းတော်မူလိုက်တော့၊နတ်သမီးကလေးကလဲ ဝမ်းမြောက်ဝမ်းသာ ကောင်းမွန်စွာဖြေဆိုလျှောက်ထားတယ်။ ။

(၄) သာဒေဝတာ အတ္တမနာ၊ မောဂ္ဂလာနေန ပုစ္ဆိတာ၊
ပဉှံ ပုဋ္ဌာ ဝိယာကာသိ၊ ယဿ ကမ္မဿိဒံ ဖလံ၊ ။

ဤဂါထာရဲ့အနက်ကိုတော့-ရှေးကရေးခဲ့သလိုဘဲမှတ်သားကြ ပေတော့။ ။

(မှာထားချက်၊ ၊ဤမှနောက်၌ အထပ်ထပ်ပြခဲ့ပြီးသော ဂါထာများ၏၊အနက်ကိုထုတ်ဘော်ရေးသားတော့မည်မဟုတ်ဘဲ၊ လိုရင်းကိုသာဆုတ်နှုတ်၍ရေးသားပါမည်၊)

နတ်သမီးကလေးက ရှင်မဟာမောဂ္ဂလာန်ရဲ့ အမေးကို၊ သို့ကလို ဖြေဆိုလျှောက်ထားတယ်၊ ၊

(၅) အဟံ မနုဿေသု မနုဿဘူတာ၊
ပတိဗ္ဗတာ နညမနာ အဟောသိံ၊
မာတာဝပုတ္တာ မနုရက္ခ မာနာ၊
ကုဒ္ဓါပိဟံ နပ္ဖရုသံ အဝေါစံ၊ ၊

(၅) ဘန္တေ၊ အရှင်မြတ်ကြီးဘုရား၊ မနုဿေသု၊ များစွာသောသင်းသောင်း၊လူအပေါင်းတို့၌၊ မနုဿဘူတာ၊ လူသားစင်စစ်၊ ဖြစ်ခဲ့ရဘူးပါသော၊ အဟံ၊တပည့်တော်မသည်၊ပတိဗ္ဗတာ၊ အရှင်သခင်၊ချစ်လင်ယောက်ျားတို့၌၊မမှားမယွင်းအောင် ပြုရခဲ့ဘူးသော ဝတ်တရားရှိသည်ဖြစ်၍၊ အနညမနာ၊ ယောက်ျားတပါး၌၊ ဖောက်ပြားယုတ်ညစ်၊ ကောက်ကျစ်မိုက်မဲ၊ တပ်စွဲကပ်ငြိသောစိတ်မရှိခဲ့ဘူးသောသူသည်၊ အဟောသိံ၊စင်စစ်ကြောင်း၊ အမှန်ပင်ဖြစ်ပါတော့သည်ဘုရား၊မာတာ၊ကျေးဇူးတော်ရှင်၊ဂုဏ်အင်အနန္တ၊ ရှိကုန်ကြသော၊မွေးမိခင်ဟူသမျှသည်၊ပုတ္တံ၊ရင်၌လွယ်ဖွားငါမိသားကို၊ အနုရက္ခမာနာဣဝ၊ ဘေးဆိုးဒဏ်ဆိုး၊ အန္တရာယ်ဆိုးမှ၊ အမျိုးမျိုးစောင့်ရှောက် တိန်းသိမ်းဘိသကဲ့သို့၊ အနုရက္ခမာနာ၊ ချစ်လင်ယောက်ျား၊ ဝတ်တရား၌၊ မမှားအောင်စောင့်ရှောက်သည်ဖြစ်၍၊ ကုဒ္ဓါပိ၊ တယောက်နှင့် တယောက်၊ စိတ်လိုရာမရောက်၍၊ ရှုံ့ကြောက်ခဲခက်၊ ဘယ်လိုပင်စိတ်ပျက်ခဲ့ပါသော်လည်း၊ အဟံ၊ တပည့်တော်မသည်၊ဖရုသံဝါစံ၊ရုန့်ရင်းကြမ်းတမ်း၊ နားမချမ်းသည့်၊ ဆိုးသွမ်းညစ်ဆိုး၊စကားမျိုးကို၊နအဝေါစံ၊ ချစ်လင်ယောက်ျားအပေါ်၌ပြောဘို့ကိုမဆိုထားပါနဲ့၊ စိတ်အားနှင့်ပင် မဖြစ်မှားမိဘူးပါဘုရား၊ ၊

ဒဲ-သည်ဂါထာဟာ၊ ပါဠိတော်ကြီးမှာ တိုက်ရိုက်လာသော ဂါထာဖြစ်ပေတယ်၊ ၊နှုတ်သွှီးကလေးက "ရှင်မောဂ္ဂလာန်" မထေရ်မြတ်ကြီးအား၊ ရှေးဘဝကအကြောင်းတွေကို၊ ပြန်ပြောင်း လျှောက်ထားတဲ့ဂါထာဖြစ်ပေတယ်၊ ၊ဟိုရှေးဘဝ၊လူမိန်းမဖြစ် စဉ်ကကာလက၊အရှင်သခင်လင်ယောက်ျား၌၊ မမှားသောဝတ်တ ရားနှင့်ကြေပွန်အောင်ပြုရခဲ့ဘူးပါတယ်တဲ့၊ သားသွှီးများ၏အမေ ဟာ၊မိမိသားသွှီးကို၊စောင့်ရှောက်ထိန်းသိမ်းပြီး၊ ချမ်းငြိမ်း အောင် ပြုသလို၊လင်ယောက်ျားအပေါ်မှာဖြင့်၊ လော်မာကောက်ကျစ်တဲ့ စိတ်မထားခဲ့ဘဲ၊ ဝတ်တရားကိုကြေပွန်အောင်ပြုရခဲ့ရိုးမှန်ပါတယ်၊ "လင်နှင့်မယား၊ လျှာနှင့်သွား" ဆိုသလို၊ အကြောင်း အခွင့် အလွဲမသင့်တဲ့အခါမှာ၊ မတော်တဆ၊ စိတ်ဆိုးကြ ပေတယ်သို့၊ ကြမ်းတမ်းယုတ်မာ၊နားမချမ်းသာတဲ့စကားမျိုးကို၊ ဘယ်တော့မှ မပြောခဲ့ပါဘူးတဲ့၊ အစဉ်သဖြင့်လင်ယောက်ျားရဲ့ နားနှစ်ဘက်မှာ၊ "**သကာခွက်ကြီး**"ကိုလောင်း၍ထားသလို၊ ပျားလိုချိုတဲ့စကား များကိုသာပြောကြားခဲ့ ပါတယ်တဲ့၊ "**ပိယဝါစာ**" သာယာနာ လွယ် ချစ်ခင်ဘွယ်သော စကားများ ကိုတော့၊ အားပါးတရလင် ယောက်ျားရဲ့ စိတ်အလို ပြည့်ဝအောင် -သတိရတိုင်း ပြောမိပါ တယ်တဲ့၊

အင်း-ယခုကာလ၊အချို့သော အမျိုးသွှီးမိန်းမကလေးများနှင့် တော့၊အများကြီးကွာခြားနေတာပေါ့၊ယခုကာလ အမျိုးသွှီးမိန်းမက လေးများမှာဖြင့်၊ လင်ယောက်ျားဆိုတဲ့အရှင်သခင်အဲပေါ်မှာလော် မာရောင့်တက်ပြီး၊မနှစ်သက်သောစကားမျိုးတွေနှင့်၊နှုတ်ကျိုးလုမ တတ်ပြောတတ်ကြတာကလား၊လင်ယောက်ျားနှင့်မှ မတွေ့ရင်နေ သေးရဲ့၊တွေ့ကြရင်တော့၊ငေါ့ချင်ရာငေါ့ပြီး၊ မတော်တဲ့စကားသုံး တွေကို၊ထင်သလိုသုံးပြီး၊နှုသုံးနောက်လောက်အောင်ပြောတတ်ကြ တယ်၊ချစ်ခင်ဘွယ်သောစကားများကိုတော့၊ ဘယ်အခါမှမကြား ရဘူး၊ ၊အဲ-သို့ကသိုလွဲမှားတဲ့ သဘောတွေဟာ၊ ငရဲသားသ ဘောသို့ရောက်ချင်ကြလို့လားမသိပါဘူး၊တဒယောက်နှင့်တယောက်

အပြစ်ကောက်ပြီး၊ စေ့စေ့ပေါက်ပေါက် ရှာတတ်ကြသေးတယ်၊ အခန့်မသင့်ထို့ ပြောမှားဆိုမှားဖြစ်ပြီး၊ စိတ်ညစ်ရောတရချန့်တွေလျှင်၊ထစ်ကနဲအမျက်ထွက်ပြီး၊ ရက်စက် ကြမ်းကြုတ်တဲ့စကားလုံးကြီးတွေနဲ့၊ အာဏာပြကုန်ပါရော၊အင်း—အတော်သနားစရာကောင်းတဲ့မိန်းမအာဇာနည်တွေပေါ့။

နတ်သမီးကလေးရဲ့ လျှောက်ထားချက်ဟာ မကုန်သေးဘူး၊ လူဖြစ်စဉ်ကာ၊တတ်စွမ်းသမျှ၊ ဒါန,သီလ,စတဲ့ ကောင်းမှုများကိုလဲ၊ ကြိုးစားအားထုတ်ပြီး ပြုလုပ်ခဲ့ဘူးတယ်ဆိုတာကိုလဲ လျှောက်ထားသေးတယ်၊ ကောင်းမှုကုသိုလ်တွေပေါများလိုက်ထာအလွန်တရာအားကျဘို့ကောင်းတာကလား၊ သဒ္ဓါတရားက ပေါပေါမျိုးများ၊ လင်ယောကျ်ားမှာလဲ ဝတ်တရားကြေ၊ အထွေထွေ များပြားတဲ့ကောင်းမှုတွေကိုအားကျပြီး ပြုလုပ်ခဲ့ပါသေးတယ် ဆိုတာကိုလဲ ဆက်လက်၍၊လျှောက်ထားသေးဘယ်၊ ကဲကဲ-သူ့အပြုအမူကိုအတုယူကာ၊ နှလုံးသွင်းပြီးနားထောင်ရင်းသာ စဉ်းစားကြည့်ကြပေတော့။

(၄) သစ္စေ ဌိတာ မောသဝဇ္ဇံ ပဟာယ၊
ဒါနေ ရတာ သင်္ဂဟိတတ္တဘာဝါ။
အန္နဉ္စ ပါနဉ္စ ပသန္နစိတ္တာ၊
သက္ကစ္စဒါနံ ဝိပုလံ အဒါသိံ၊ ။

(၄) ဘန္တေ၊အရှင်မြတ်ကြီးဘုရား။ သစ္စေ၊ ဖြောင့်စင်းဧကန်၊ ဟုတ်မှန်သောစကား၌၊ဌိတာ၊တရိဘသေ၊ တည်နေအားကျသည်ဖြစ်၍၊မောသဝဇ္ဇံ၊ချွတ်ယွင်းပျက်ချော်၊လှောင်သရော်နှင့်၊မတော်မတရား၊လွန်မှောက်မှားသည့်၊စကားရှိသောသူ၏ သဘောမျိုးကို၊ ပဟာယ၊အဝေးကပင်၊ရှောင်ခွါကြဉ်၍၊ဒါနေ၊ ပေးလှူကြရိုး၊ဒါနမျိုး၌၊ရတာ၊လွန်စွာနှစ်ခြိုက်၊ စိတ်ပျော်ပိုက်သည်ဖြစ်၍၊ သင်္ဂဟိတတ္တဘာဝါ။ မိမိကိုယ်ကို၊ သင်္ဂြိုဟ်စောင့်ရှောက်၊ ချီးမြှောက်ထောက်ပင့်၊ ပြုကျင့်သောအား၊ သူတပါး၌၊ ʻစိတ်ထားကြည်မွေ့၊

ချိုးမြှောက်သောအလေ့သဘောရှိသည်ဖြစ်၍၊ ပသန္နစိတ္တာ၊ ရတနာသုံးပါး၌၊ ကိုးစားယုံကြည်။ တည်တည်တန့်တန့်၊ အလွန်သန့်သောစိတ်ရှိသည်ဖြစ်၍၊ အန္နဥ္စ၊ ဆွမ်းဘောဇဉ်ကိုရင်း၊ ပါနဥ္စ၊ အဖျော်ယမကာ၊ များပြားစွာကိုရင်း၊ သက္ကစ္စ၊ အရေးတယူ၊ အလေးတမူပြုလျက်၊ ဝိပုလံ၊ ခန်းနားတင့်တယ်၊ ကြီးကျယ်မွန်မြတ်သော၊ ဒါနံ၊ ပေးလှူကြရိုး ဒါနမျိုးကို၊ အဟံ၊ တပည့်တော်မသည်။ အဒါသိံ၊ ကြည်လင်သောစေတနာနှင့်၊ ကောင်းစွာပေးလှူခဲ့ဘူးပါသည်ဘုရား၊

သည့်-ဂါထာရဲ့အဓိပ္ပါယ်ကိုတော့ အကျယ်ပြဘို့မလိုတော့ပါဘူး။ သိသာထင်ရှားလောက်ပါပြီ၊ ဆဲ-သို့ကလိုကောင်းမြတ်တဲ့အမှုမျိုးကို၊ ကြိုးကြိုးစားစားအားပါးတထုတ်၊ ပြုလုပ်ပေါင်းရုံးယူခဲ့မှုကြောင့်၊ ယခုဘဝ၊ ဤနတ်ရွာဌာနမှာ၊ ကြီးကျယ်လှတဲ့နတ်စည်းစိမ်ကြီးကိုရရှိပါတယ်ဘုရား လို့ရှင်မောဂ္ဂလာန် မဟာထေရ်မြတ်ကြီးအား။ လျှောက်ထားဖြေကြားခြင်းဖြစ်ပေတယ်၊

တေနမေတာဒိသော ဝဏ္ဏော၊ ။ပ။သော ဂါထာတို့ကိုရှေးနည်းအတိုင်းပင်မှတ်သားကြပါကုန်၊

နတ်သမီးကလေးကလဲ၊ "ရှင်မဟာမောဂ္ဂလာန်" မဟာထေရ်မြတ်ကြီးမေးမြန်းသောအတိုင်း။ မဆိုင်းမတွ၊ ဝမ်းသာအားရစွာ။ လျှောက်ထားဖြေကြားပေတယ်။ "ရှင်မဟာမောဂ္ဂလာန်"မထေရ်မြတ်ကြီးကလဲ။ နတ်သမီးကလေးလျှောက်ထားသမျှတို့ကို ကောင်းစွာမှတ်သားပြီး၊ လူ့ပြည်သို့ပြန်လည်၍၊ ရှင်တော်မြတ်ဘုရားအားလျှောက်ထားသဖြင့်၊ ကြီးစွာသောတရားပွဲကြီးဖြစ်တယ်တဲ့။ သင်္ဂါယနာ အမှုလဲတရားရဲ့အားကျသင့်သောကောင်းမှုမျိုးတို့၌၊ ရှေးကထက်တိုးပြီး၊ ရှာမှီးဆည်းပူးကြလေသတည်း၊

"ရစနာဂါထာ"

ဝေံ ခမ္ဘေသု ပသိတ္တာ၊ သဒ္ဒါ ဉာဏသမာဟိတာ၊
ဒါနာဒီနိ သမေသေတ္တိ၊ ကရေယျ တံပ တိဗ္ဗတံ၊ ။

သဒ္ဓါဥာဏသမာဟိတာ၊ သဒ္ဓါအား ဥာဏ်အား၊ နှစ်ပါးရုံပွါးများပေသောအမျိုးကောင်းသမီးသည်၊ ဇေ၊ ယရပြဆိုခဲ့သောအတိုင်း၊ မြွေသု ရှင်တော်ဘုရား၊ မိန့်မှာထားသည့်၊ တရားတော်စစ်၊ အသီအနှစ်တို့၌၊ ပသိဘွာ နည်းလမ်းမှား၊ စည်းကမ်းအားဖြင့်၊ ဘွားဘွားကြီးမြင်သိသည်ဖြစ်၍၊ ဒါနဒိန္နိ၊ ဒါန၊ သီလ၊ အာဒိကဟု၊ စသည်အကျိုး၊ ကောင်းမှုမျိုးတို့ကို၊ သမေသေ န္တိ၊ တတ်စွမ်းသမျှ၊ ရှာမှီးကြလျက်၊ ဇာံပတိဋ္ဌတာံ၊ ထိုဆိုခဲ့ပြီးသား၊ လင်ယောကျာ်း၌၊ မမှားမချွတ်၊ ကျင့်ရာဝတ်ကို၊ ကရေယျ၊ စိတ်ရောကိုယ်ပါ၊ ဝါသနာဖြင့်၊ အခါမလင့်၊ အခွင့်သင့်တိုင်း၊ ပြုကျင့်အားထုတ်ရာသတည်း၊

နံပါတ်-၁၁-ပတိဗ္ဗတာဝိမာနဝတ္ထုပြီး၏၊

——:ပး:——

ဝတ္ထု-နံပါတ်-၁၂။

"ဒုတိယပတိဗ္ဗတာဝိမာနဝတ္ထု"

မွေးကြုပြန့်လှိုင်း ယနံ့ကြိုင်၍၊ ခြောက်ဆိုင်ဘုန်းပွင့် ဂုဏ်ရောင်မြင့်ကို၊ အသင့်ဆောင်တော်မူသောရှင်တော် မြတ်ဘုရားသည်၊ သာဝတ္ထိပြည်မှာ၊ သိတင်းသုံးမွေ့ လျော် နေထိုင်တော်မူစဉ် အခါ၊ ထိုသာဝတ္ထိပြည်မှာလိမ္မာယဉ်ပါး၍၊ တရားစွဲဘက်လျက်မပြတ်ကြိုးစားအားထုတ်တဲ့အလေ့ ဝါသနာကောင်း ရှိသူမိန်းမ တယောက်ရှိပြန်သတဲ့၊

အဲ သည်မိန်းမဟာလဲဘဲ၊ "ပထမပတိဗ္ဗတာဝိမာနဝတ္ထု" ၌လာသောမိန်းမကဲ့သို့။ လင်ဝတ်တရားကြေပွန်တဲ့ အကျင့်သဘောရှိတယ်။ ၊အရှင်သခင်-လင်ယောကျာ်းရဲ့ဝတ်တရားကို၊ မချွတ်မမှားရအောင် ပြုရစောင့်ရှောက်တဲ့ပြင်၊ ပဉ္စသီလ ငါးပါးကိုလည်း၊ လုံခြုံစွာစောင့်သုံးသတဲ့၊ ရှင်တော်မြတ်ဘုရားအား၊ ကိုးစားယုံကြည်၍၊ တည်ကြည်သောစိတ်ဓာတ်နှင့်မပြတ်ဆည်းကပ်တဲ့ "ဥပါသိကာ" လဲဖြစ်ပေတယ်၊ (၁) သူတပါး၏အသက်ကိုမသတ်ဖြတ်

မသွေ့ဦးဆဲခြင်း၊ ပထမသိက္ခာပုဒ်။ (၂)၊ သူတပါးတို့-ကိုယ်စိတ်နှစ်ပါးဖြင့်။ မြွက်ကြား၍မပေးတဲ့ပစ္စည်းဥစ္စာများကို ဘယ်အခါမှမယူရခြင်း ဒုတိယအဒိန္နဒါနသိက္ခာပုဒ်၊ (၃) ၊လိမ်လည်စဉ်းသဲ-ချွတ်လွဲ့ဖေါက်ပြန်၊ မမှန်သောစကားများကိုမပြောကြားရခြင်း၊ တတိယမုသာဝါဒသိက္ခာပုဒ်၊ (၄)။ မိမိ၏မျစ်လင် ယောက်ျားမှ တပါး၊ တခြားသူတို့၌အမူဖေါက် ပြားငြိး၊ မတရားတဲ့ စိတ်သဘောမရှိခြင်း စတုတ္ထ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်၊ (၅) သေရည်,သေရက်၊ မသောက်စားမမှိဲခြင်း၊ ပဉ္စမသုရာမေရယသိက္ခာပုဒ်။ ဤသို့အားဖြင့် ငါးပါးအရေအတွက်ရှိတဲ့သိက္ခာပုဒ်တို့ကိုလဲလုံခြုံစွာစောင့်တိန်းသတဲ့၊ ငါးပါးပဉ္စသီကို။ ခါးဝတ်ပုဆိုးကဲ့သို့ မြဲတယ်ဟုဆိုလိုတာပေါ့။

လွန်စွာချီးမွမ်းထိုက်တဲ့ စိတ်ထားပေဘဲ၊ ငါးပါးသီလကိုလုံခြုံအောင်စောင့်သုံးနိုင်တဲ့စိတ်ထားဟာ၊ သာမညစိတ်ထားမဟုတ်ဘူး။ အလွန်ကျင့်ကြံနိုင်တာကလား။ ငါးပါးသီလဟာ-လူအများတို့အမြဲစောင့်သုံးရန်၊ ဓမ္မတာသီလကြီးဖြစ်ပေတယ်၊ နိစ္စဂရုဓမ္မသီလရယ်လို့လဲခေါ် ဆိုနိုင်တယ်၊ ခုကာလများမှာ၊ ငါးပါးသီလကျင့်ဝတ်ကိုမချွတ်အောင် ထိန်းသိမ်းနိုင်သူများမှာ၊ အရှားသား ကလား၊ လူဝတ်ဖြင့်နေထိုင်သူများမှာ ငါးပါးသီသတရားတော်ကြီးဟာ အချုပ်ဘဲပေါ့၊ ငါးပါးသီလစောင့်သုံးပြီး၊ စိတ်နှလုံးကောင်းကောင်းထား၍၊ မမှားအောင်ကျင့်သုံးသူများကို။ သူတော်ဂိုဏ်းဝင်၊ သူတော်စင်ဟုမှတ်သားကြရမယ်၊ ။

သည်တွင်မှမကထို ဥပါသိကာမိန်းမဟာ။ ဆွမ်းနှင့်ဘောဇဉ်၊ ချိုချဉ်ခဲသား၊ ယမကာများကိုလဲ့၊ သဒ္ဓါအားရှိသမျှ၊ ပစ္စည်းအားနှင့်ချိန်ဆပြီး၊ ခဏ,ခဏလှူဒါန်းလေ့ရှိပြန်သတဲ့၊ ။ ပင်ကိုယ်စိတ်ရင်းကိုက။ သူတော်ကောင်းသဘောဖြစ်လေတော့၊ ကောင်းတဲ့အမှုငွေကိုသာ၊ ပြုလုပ်ဘို့ဝါသနာပါနေတော့တာပေါ့၊ အဲသို့ကလို၊ ငါးပါးသီလ-စောင့်ထိန်း၍။ သိန်းသန်းမကအဘိုးတန်လှသော၊ လင့်ဝတ်တရား၌ကြွေပြွန်မှုကသိုလ်ကို၊ ဆည်းပူးစောင့်ရှောက်ရင်း၊ လှူခင်းလှူဝတ်ဘို့၌၊ မချွတ်အောင်သတိထား၍၊ အချားကြီးဝါသနာရှိတဲ့

ထိုမိန်းမဟာ။လူ့ရွာသက်တမ်းနေတုန်းက ကုန်ခန်းသဖြင့်၊ တလှမ်းပြောင်းပြီး ဘဝဟောင်းကိုပယ်ခွါ၍ သွားတဲ့အခါမှာ တာဝတိံသာနတ်ရွာမှာ၊ ကြီးကျယ်စွာသော ဘုံဗိမာန်ရှင်ကြီးဖြစ်ရသတဲ့၊ ဖြစ်လာရတဲ့ရတနာဗိမာန်ကြီးရဲ့တိုင်တွေဟာ၊ကျောက်မျက်ရွဲတိုင်တွေဖြစ်ပေတယ်၊ရွှေချင့်စဘွယ်၊များစွာတင့်တယ်ပြီး၊ အရောင်တဖိတ်ဖိတ်နဲ့၊စိတ်နှလုံးငြိမ်စရာတွေပေါ့၊ဥယျာဉ်၊ ရေကန်တွေ၊ ပြ်ရဲဝန်းဝိုင်းပြီးနေလိုက်တာမှာ၊များစွာဘဲဆန်းကြယ်သတဲ့၊ ကြီးကြီး၊ ငယ်ငယ်၊ အသွယ်သွယ်သော ရုပ်အဆင်းသဏ္ဌာန်တွေကိုဖန်ဆင်းပြီး၊နတ်သမီးတို့၏တန်ခိုးဖြင့်၊အမျိုးမျိုးပြသ၍၊ လှလှကြီး ပျော်ရွှင်ပြီးနေတော့တာပေါ့လေ၊ ၊သို့ကလို၊ တာဝတိံသာ နတ်ပြေမှာ၊ကြွက်သရေကွန့်မြူး၍၊ ထူးမြတ်ချမ်းသာတဲ့နတ်စည်းစိမ်တွေခံစားပြီးနေရတဲ့အခါမှာ၊ ရှေးနည်းအတူ "ရှင်မဟာမောဂ္ဂလာန်" မထေရ်မြတ်ကြီးက၊တာဝတိံသာနတ်ပြည်သို့ ဒေသစာရီ၊ခရီးချီ၍၊ လှည့်လည်ကြွမြန်းတော်မူရာ၊ အထက်ပါဗိမာန်ကြီးကို တွေ့မြင်ခဲ့တဲ့အခါမှာ၊နတ်သမီး၏စည်းစိမ်ကိုချီးမွမ်းပြီး၊မေးမြန်းတော်မူတယ်၊ "ရှင်မဟာမောဂ္ဂလာန်"ကြီးချီးမွမ်းတဲ့ဂါထာများကတော့၊ သည်လိုတဲ့။ ၊

(၁) ဝေဠုရိယထမ္ဘံ ရုစိရံ ပဘဿရံ၊
ဝိမာန မာရုယှ အနေကစိတ္တံ၊
တတ္ထစ္ဆသိ ဒေဝိ မဟာနုဘာဝေ၊
ဥစ္စာဝစာ ဣဒ္ဓိ ဝိကုဗ္ဗမာနာ၊
ဣမာစ တေ အစ္ဆရာယော သမန္တတော၊
နစ္စန္တိ ဂါယန္တိ ပမောဒယန္တိ စ။ ၊

(၁) မဟာနုဘာဝေ၊ဘုန်းကံအခွင့်၊ အဆင်သင့်၍၊ ကြီးမြင့်သောတန်ခိုး၊ အမျိုးမျိုးရှိပေထသော၊ဒေဝိ၊ အိုနတ်သမီး၊ တွံ၊ဘုန်းရောင် ကံရောင်၊ထွန်းပြောင်ထိန်ညီး၊သင်နတ်သမီးသည်၊ ဝေဠုရိယထမ္ဘံ၊ရတနာကျောက်မျက်ရွဲတိုင်ဖြင့်၊ ထူးကဲစွာတင့်တယ်သော

တိုင်ရှိပေထသော၊ ရှစ်ရံ၊ ပြိုးပြိုးပြက်ပြက်၊ နှစ်သက်စဘွယ်တင့် တယ်သော၊ အရောင်လည်းရှိပေထသော။ ပဘာဿရံ၊ အလွန် တောက်ပ၍၊ ရှုမဝသောအရောင်လည်းရှိပေထသော၊ အနေကစိတ္တံ၊ နတ်ဥယျာဉ်၊ ရေကန်၊ အတန်တန်နှင့်၊ ဝန်းရန်သွယ်ဖြာ၊ နတ်ပဒေသာတို့ဖြင့်။ ဝေဆာအောင်ဆန်းကြယ်ပေထသော၊ ဝိမာနံ၊ ရတနာရောင်လျှံ။ မြတ်ဗိမာန်သို့၊ အာရုယှ၊ ကြက်သရေထိန်ညီး၊ တက်ခါစီး၍၊ ဥဠာရဝဏ္ဏာ။ ကြီးကြီးငယ်ငယ်။ ဆန်းကြယ်သော သံဒေါ့ရှိကုန်သော၊ ထူဒွိ၊ အမျိုးမျိုးသောတန်ခိုးတို့ကို၊ ဝိကုဗ္ဗမာနာ၊ စိတ်ရှိတိုင်း ဖန်ဆင်းလျက်၊ တဏ္ဍ၊ ထိုရတနာရောင်လျှံ၊ မြတ်ဗိမာန်၌၊ အစ္ဆသိ၊ ကြက်သရေရှိရှိနှင့်၊ နေထိုင်ဘိ၏တကား။ ၊

တေ၊ ဘုန်းကံမြင့်ကြီး၊ သင်နတ်သွီး၏၊ ဌာမာစအစ္ဆရာယော၊ အခြွေအရံ၊ ဇကန်စင်စစ်၊ ဖြစ်ကြကုန်သော၊ ဤနတ်သွီးတို့သည် လည်း၊ သမန္တတော၊ ပတ်လည်ကုန်စင်၊ ထက်ဝန်းကျင်မှ၊ နစ္စန္တိစ၊ အမျိုးမျိုးအဖုံဖုံ၊ ကခုန်ကြလေကုန်ဘိ၏တကား၊ ဂါယန္တိစ၊ သူတဖုံငါတသင်း၊ အမျိုးရံဇာတ်ခင်း၍၊ သီချင်းကိုလည်းဆိုကြကုန်ဘိ၏တကား၊ ပမောဒယန္တိစ၊ တမြူးမြူးတခုန်ခုန်၊ ပျော်မွေ့ဘွယ်အာရုံတို့နှင့်၊ အပုံကြီးဝမ်းမြောက်၍၊ ထင်သသောက် ရွှင်လန်းကြကုန်ဘိ၏ တကား၊ ။

အဲ-သို့ကလိုနတ်သွီးကလေး၏ စည်းစိမ်အရကို၊ ကြည့်ရှု ရွှင်လန်း၍များစွာချီးမွမ်းတော်မူတယ်။ ထိုနောက်တဖန်ဆက်လက်၍ မေးမြန်းပြန်တာကတော့။ ၊

(၂) ဒေဝိဒ္ဓိပတ္တာသိ မဟာနုဘာဝေ၊
မနုဿဘူတာကိ မကာသိပုညံ၊
ကေနာသိ ဇဝံ့ဇလိတာ နုဘာဝေါ၊
ဝဏ္ဏောစ တေ သဗ္ဗဒိသာ ပဘာသတိတိ၊ ။

(၂) မဟာနုဘာဝေ၊ အရောင်အသွယ်သွယ်၊ လွန်တင့်တယ်၍၊ ကြီးကျယ်ဖွံ့ဖြိုး၊ များမြောင်သောတန်ခိုးရှိပေသော။ ဒေဝိ၊ ဘုန်း

ကံမြင့်ကြီး၊ အိုနတ်သွီး၊ တွံ၊ ဘုန်းကံအရောင်၊ ထွန်းပြောင်ထိန်ညီး။ သင်နတ်သွီးသည်၊ ရှေ့ပတ္တာ ဇာ့ံဘြ ဘဝ်မျိုး၊ အဆင်းရောင်ဝေပြိုး၍ မြင့်မြတ်သောတန်ခိုးသို့ရောက်သည်၊ အသိမျက်မြင်ဒ္မ၊ ဇာ့ကနွဲ့ အနေဖြင့်၊ ဖြစ်ခဲ့ပေ၏တကား၊ မနုဿဘူတာ လူသားစင်စစ်၊ ဖြစ်ခဲ့ဘူးသောသင်နတ်သွီးသည်၊ ကံ၊ ဘယ်လိုသဘောရှိသော၊ ပုညံ၊ ကုသိုလ်ကောင်းမှု၊ အားကိုးရာအပုကို၊ အကာသိ၊ စေဘနာပြုမြှုနဲ့ ပေးလှူပြုလုပ်ခဲ့ဘူးပါသနည်း။ ကေန၊ ဘယ်လိုအကျိုး ဘယ်ကဲ့သို့ ကုသိုလ်မျိုးကြောင့်၊ ဇဝံ၊ ယာရှဖြစ်ရသောအတိုင်း။ ဇလိတော၊ ဘုန်းကြက်သရေအဆင်းဖြင့်၊ ထွန်းသင်းတောက်ပသော၊ အာနုဘာဝေါ၊ စွမ်းအန်တန်ခိုး၊ အမျိုးမျိုးသည်၊ အသိ၊ စင်စစ်ကေန်၊ ဖြစ်ခဲ့ပြန်သနည်း၊ တေ၊ ဘုန်းရောင်,ကံရောင်၊ ထွန်းပြောင်ထိန်ညီး၊ သင်နတ်သွီး၏၊ ဝဏ္ဏောစ၊ ကိုယ်အဆင်းအရောင်သည်ကား၊ သဗ္ဗဒိသာ သဗ္ဗဒိသာသုံး၊ လုံးရုံသွယ်ဖြာ၊ နယ်တကာတို့၌၊ ပဘာသတိ၊ စိတ်ကြည်လင်ဘွယ်၊ လွှန်တင့်တယ်၍၊ သွယ်သွယ်ဖြန့်ရိး၊ ဘုန်းတန်ခိုးဖြင့်၊ အမျိုးမျိုးတောက်ပပေ၏တကား၊ ။ ဣတိ၊ ဤသို့သောအကြောင်းစကားဖြင့် အဟံ၊ ငါမဟာထေရ်မြတ်သည်၊ ပုစ္ဆာမိ၊ သိလိုရှိး၊ နှင့်မေးမြန်းပေ၏တကား၊

(၃) သာ ဒေဝတာ အတ္တမနာ၊ ။ စသောဂါထာကိုရှေးကကဲ့သို့ မှတ်လေ၊ ။ ဤကဲ့သို့ ရှင်မဟာမောဂ္ဂလာန် မေးမြန်းတော်မူသည်ကို၊ နတ်သွီးကလေးကဝမ်းမြောက်ဝမ်းသာ၊ သို့ကလို ဖြေဆိုရှာပေတယ်၊ ။

(၄) အဟံ မနုဿေသု မနုဿဘူတာ၊<br>
ဥပါသိကာ စက္ခုမတော အဟောသိံ၊<br>
ပါဏာတိပါတာ ဝိရတာ အဟောသိံ၊<br>
လောကေ အဒိန္နံ ပရိဝဇ္ဇယိဿံ၊ ။

(၄) ဘန္တေ၊ အရှင်မြတ်ဘုရား၊ မနုဿေသု၊ များစွာထောင်သောင်း၊ လူအပေါင်းတို့၌၊ မနုဿဘူတာ၊ လူသားစင်စစ်ဖြစ်ခဲ့ဘူး

သော၊ အဟံ၊ တပည့်တော်မသည်၊ စက္ခုမဲ့တော၊ စက္ခုငါးမျိုး၊ ဘုန်းတန်ခိုးဖြင့်၊ လွှမ်းမိုးပိုင်နင်း၊ မြင်ခြင်း ဌါ ဖွမ်းနိုင်သော မြတ်ဘုရား၏၊ ဥပါသိကာ ၊ သုံးပါးသရဏဂုံ၊ ကြည်ယုံသွတ်ခါ၊ ဒါယကာမသည်၊ အဟောသိ ၊ စင်စစ်အမှန်၊ ဧကန်ဖြစ်ခဲ့ဘူးပါသည်ဘုရား၊ လောကာ၊ လူ့ဘို့လောကာ၊ လူ့ဒေသ၌၊ ပါဏာဘိပါတာ၊ သူ့တပါး၏အသက်ကို၊ ငဲ့ကွက်ညှာတာ၊ ကရုဏာလွတ်ကင်း၍၊ ဖွတ်အတင်းသတ်ဖြတ်ခြင်းမှ၊ ဝိဒ္ဓတာ၊ ခပ်ဝေးဝေးကပင်၊ ရှောင်ကြဉ်ဖယ်လွှဲ၍၊ အမှန်ဘဲစောင့်စည်းခဲ့သည်၊ အဟောသိ ၊ စင်စစ် အမှန်၊ ဧကန်ဖြစ်ခဲ့ဘူးပါသည်ဘုရား၊ အဒိန္နံ၊ ဥစ္စာရှင်ဘို့၊ နှုတ်သွင်ချီအေး၊ ကိုယ်ဖြင့်ပေးခြင်း၊ မရှိကင်းသောဥစ္စာကို၊ ပရိဝဇ္ဇယိသံ၊ အရှင်မသိအောင်ခိုးဘို့ကိုမဆိုထားပါနှင့်၊ စိတ်အားဖြင့်ပင်မပြစ်မှားခဲ့ဘူးပါဘုရား။

(၅) အမဇ္ဇပါနာစ မှသာ အဘာဏိံ။
သကေနသာမိနာ အဟောသိံ တုဋ္ဌာ၊
အန္နဉ္စ ပါနဉ္စ ပသန္န စိတ္တာ၊
သက္ကစ္စ ဒါနံ ဝိပုလံ အဒါသိံ၊ ။

(၆) အဟံ၊ တပည့်တော်မသည်၊ အမဇ္ဇပါနာစ၊ သေရေသေရက်၊ သို့ဇွက်ယစ်မူး၊ သောက်စားကြူးခြင်း၊ မရှိကင်းခဲ့သူတဦးဖြစ်ပါသည်ဘုရား၊ မုသာ၊ မမှန်တိမ်းပါး၊ ယွင်းမှားသောစကားမျိုးကို၊ အဘာဏိံ ,တခါဘူးမျှ၊ မြွက်ကျူး ဖွဲ့နွဲ့၊ မဆိုခဲ့ရိုးမှန်ပါသည်ဘုရား၊ သကေနသာမိနာ၊ ကိုယ့်အရှင်သခင်၊ ကိုယ့်ချစ်လင်နှင့်၊ တုဋ္ဌာ၊ ပျော်ရွှင်ဝမ်းမြောက်၊ ချမ်းသာဘဲစိတ်ဓာတ်တွေ့ပေါ်ပေါက်၍၊ နှစ်သက်ခြင်းသို့ရောက်ရသည်၊ အဟောသိံ၊ စင်စစ်ဧကန်၊ အမှန်ပါဘဲဘုရား။ အန္နဉ္စ၊ ခဲဘွယ်ဘောဇဉ်၊ ချိုချဉ်ရသာ၊ ပြည့်စုံစွာသော၊ လျှာစတမ်းမွန်မြတ်သော ဆွမ်းကိုရင်း၊ ပါနဉ္စ၊ အဖျော်ယမကာ၊ များပြားစွာကိုရင်း၊ သက္ကစ္စ၊ အရေးတယူ၊ အလေးတမူပြု လျက်၊ ဝိပုလံ၊ ခန်းနားတင့်တယ်၊ ကြီးကျယ်မွန်မြတ်သော၊ ဒါနံ၊ ပေးလှူကြရိုး၊ ဒါနမျိုးကို၊ အဒါသိံ၊ စေတနာဖြူဖြူနဲ့ ပေးလှူခဲ့ဘူးပါသေးသည်ဘုရား။ ။

ကိုင်း-နတ်သမီးကလေးလျှောက်ထားတဲ့ဂါထာများကိုကြားကြရဲ့မဟုတ်လား။စဉ်းစားလို့သာကြည့်ကြပေတော့၊အလိမ္မာသတိနှင့်မိမိ၌ရသစ္စာတရားကိုအားကြသင့်တယ်မဟုတ်လား ငါးပါးသီလနဲ့အမြဲပျော်ပြီး၊ ချစ်ခင်တဲ့လင်ယောကျာ်းအပေါ်မှာလဲ၊ မတော်မတရား၊ မှောက်မှားယွင်းဖောက်၍၊ ဝတ်တရားပျက်ကွက်တယ်လို့ မရှိဘူးဆိုတော့အတော်သူမြတ်တဲ့စိတ်ထားပေပေါ့၊ ။

ကေနတေတာဒိသော ဝဏ္ဏော၊ ၊စသောဂါထာများကိုရေးနည်းအတိုင်းမှတ်ပါ။ ။

ရှင်မဟာမောဂ္ဂလာန် မထေရ် မြတ်ကြီးလဲ။ နတ်သမီးကလေးလျှောက်ထားသမျှကိုမှတ်သားပြီးသကာလ၊လူ့ရွာသို့သက်ဆင်းပြီး။ ရှေးကနည်းတူ၊ရှင်တော်ဘုရားအားလျှောက်ထားပြန်တယ်၊ ။

ရှင်တော်မြတ်ဘုရားကလဲ၊တရားဒေသနာတော်ပြောပြီး၊ ခမ္ဘသဘင်၊ ဆင်ယင်ကျော်ပကော်မှုသဖြင့်သူ့နတ်အများမှာ-တရားချပြီးသကာလ၊ဒါနမှုခြများစွာအားကျကြတယ်၊ ။ဤသို့ဒေသနာခဲ့ပြီးသောပုံထုံးကိုနှလုံးထားပြီး၊ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ နည်းယူအတုပြု၍ ကျင့်ကြံကြ၍ များစွာကောင်းကြပေတယ် အမျိုးသမီးများနှင့်သာ၍သက်ဆိုင်တဲ့ဝတ္ထုဖြစ်သဖြင့်၊ တရားကိုချစ်ခင်တဲ့ စိတ်နှလုံးကို လက်သုံးပြုကြတဲ့ အမျိုးသမီးများဟာ၊ တရားချပြီးလွန်စွာအားကျဘို့သင့်ကြပေသပေါ့၊ ။

"ရစနာဂါထာ"

ယာ ခမ္ဘစာရိနီ နာရီ၊ ခမ္ဘေန သကာသာမိကံ၊
သုဝိယာယတိ သာ ဣတ္ထီ၊ ပဉ္စသုဝတ္ထုသမ္ဘနံ၊

ခမ္ဘစာရိနီ၊ရှင်တော်ဘုရား၊ဟောကြားမိန့်မြွက်၊ တရားဘက်၌၊ အားတက်သရော၊ကျင့်ကြံသောသဘောအလေ့ရှိသော ယာနာရီ၊ ပညာသတိ၊ ဥာဏ်မျက်စိဖြင့်၊ မိမိ၌ရ၊ ပြုလုပ်တတ်သောအကြင်မိန်းမသည်၊သကာသာမိကံ၊ရှေးရှေးဘဝ၊ ခါကာလက၊ ဒါနအတူ၊

ကြည်ဖြူသီလ၊ အယူမှ၍၊ ဘဝတခွင်မှာ၊ အတူကျင်လည်သဖြင့်၊ ချစ်ကြည်ရွှင်ရွှင်၊ ပျော်ပွဲဆင်သည့်။ သခင်ယောကျ်ား၊ ကိုယ့်သက်ထားကို၊ မမွေ့နှ၊ တရားသဘော၊ မမှားသောအနေဖြင့်၊ သုဝိယာ ယတိ၊ တကာသ်ဘမ်း၊ အပျော်တမ်း၊ ခွဲနဘာန်းခပ်ကြီးကြီးနှင့်၊ အချစ် ဖိုးတောက်၍နေပေ၏၊ သာနာရီ၊ ကိုယ်နှင့်သက်ဆိုင်။ ကိုယ်သာပိုင် ၍၊ မကျိုင်အသွင်၊ ကိုယ်ချစ်တဲ့လင်ကို၊ ကြည်လင်ပျော်မွေ့။ အ လွန်ကြီးချစ်၍နေသောထိုမိန်းမသည်၊ ပါသီသု၊ အရင်သခင်။ ကိုယ့် လင်ယောကျ်ား၊ ကိုယ့်သက်ထားဘို့၌၊ ဝတ္တသမ္မုခ်၊ ငါးသွယ်ကျင့် ဝတ်၊ ပင့်ပတ်၌၊ မချွတ်ယွင်း၊ ကြေပွန်ခြင်းကို၊ ဆုရွှေ၊ ပညာဉာဏ် ဖြင့်၊ မြော်တောက်ခြင်း၍၊ အခွင့်သီတွာ၊ အပုံကြီးတောင့်တလိုက်ရာ သတည်း။ ။

(၁၂) ဒုတိယပတိဗ္ဗတာဝိမာနဝတ္ထုပြီး၏။

---

ဝတ္ထုနံပါတ် (၁ )

သုဏှာဝိမာနဝတ္ထု။

(၁၃) ဘုန်းတော်ခြောက်ပါး၊ မွေ့မွေ့ထုံ၍၊ သုံးဘုံသခင်၊ ဘုရင်တဆူ၊ ဖြစ်တော်မူသော၊ ဘုရားသခင်ကိုယ်တော်မြတ်သည်၊ သာဝတ္ထိပြည်တွင်၊ ကြည်ရွှင်ပျော်ပိုက်၊ သီတင်းသုံးနေတုန်းက်အခါ မှာ၊ တရသော အိမ်၌၊ သတ္တဝါများ၊ လွန်ပေါများတဲ့ မိန်းမတယောက် ရှိသတဲ့၊ ထိုမိန်းမမှာ၊ မထင်ရှားသော၊ ယာခ အိမ်ရဲ့ ပိုင်ရှင်ဖြစ်သော သူဘွဲ့၏သားနှင့်၊ ခမ္မတာအားဖြင့်–လင်ယောကျ်ားအဖြစ်နဲ့။ နှစ် သက်စွာနေထိုင်ရသူရို၊ ထိုအိမ်ရှင်များရဲ့၊ ချွေးမဖြစ်နေရသတဲ့။ ရှေးအခါက မဋ္ဌိမဒေသမှာ၊ မယားလုပ်သူက၊ ကြည်ဖြူသော စိတ် ထားဖြင့်၊ ယောကျ်ားရဲ့ အိမ်သို့လိုက်နေစမြဲဖြစ်တယ်။ ။

အဲ ပြဆိုခဲ့တဲ့မိန်းမဟာ၊ ရတနာသုံးပါး၌ ညွှတ်ယိုင်း၍၊ ကိုင်း ရှိုင်းတတ်တဲ့ သဘောရှိပြီး၊ အသိအလိမ္မာဉာဏ်ပညာကလဲ အ တော်ပင်ကြွယ်ဝချမ်းသာတာကလား၊ အသျှခံပုဂ္ဂိုလ်များကြွလာ တာမြင်ရင်၊ ဘဝင်မှာအကြည်ဆိုက်ပြီး။ သိုက်သိုက်မြိုက်မြိုက်

ကြီးလှူဒါန်းလေ့ရှိသတဲ့၊ တနေ့သောအခါမှာ။ သူတို့အိမ်သားတွေ တအိမ်လုံးရှိရှိသမျှ မုန့်များကိုကြော်၍ပေးကြသတဲ့၊ ထိုအခါမုန့်ကြော်၍အပြီးတွင် အသီးသီးသောမုန့်များကို၊ အကြီးဖြစ်သူမိဘများကခွဲ၍ပေးရာ၊ ထိုမိန်းမမှာလဲ၊ မုန့်တချပ်ရသတဲ့ တခြားလူများမှာလဲ၊ သူ့သို့ရကြတာပေါ့ ကိုယ့်ဝေစုနဲ့ကိုယ့်ဝေစု၊ တချပ်စီတချပ်စီ တူညီအောင်ဝေပေးရတာကလား၊ ၊အဲသို့ကလိုဝေစုကျရတဲ့ မုန့်ကလေးတချပ်ကို၊ ယုတ်တရက်မစားသေးဘဲ၊ အခြားကိစ္စများကိုပြုလုပ်၍နေရာတွင်၊ ရဟန္တာ အရှင်မြတ်တပါးက ဆွမ်းခံကြွ၍ ဘုရားကနဲ့ ဆိုး အိမ်တွင်းသို့ ဆွမ်းခံလာသည်ကို၊ ထိုမိန်းမကမြင်ပါရော၊ မြင်လျှင်မြင်ခြင်း၊ ကြည်ညိုခြင်းဆိုတဲ့သဒ္ဓါစိတ်တွေနှင့်၊ မြင့်မြတ်တဲ့စိတ်ထားတွေ ပေါ်ပေါက်လာသဖြင့်၊ မိမိအတွက် ဝေစုကျရတဲ့ မုန့်ကလေးကိုထက်ဝက်ခွဲပြီး။ လွန်ကဲသောသဒ္ဓါဟုန်ဖြင့်၊ အာရုံကြည်ဖြူစွာနှင့်ပေးလှူလိုက်သတဲ့၊ ၊

အလှူဝတ္ထုမပြောပလောက်သော်လဲ၊ အကျိုးပေးတဲ့နေရာမှာ၊ ကြီးကျယ်စွာဖြစ်ဘတ်သည်ကိုအထူးပြောဘို့မလိုတော့ပါဘူး၊ထူးခြားသောသဒ္ဓါစိတ်ဖြင့်၊ မွန်မြတ်တဲ့စေတနာတရားတွေဟာ ၊အလွန်အားရှိပြီး၊ ထိထိရောက်ရောက်တွန်းဆောက်၍၊ ဖြစ်မြောက်အောင် အကျိုးပေးနိုင်မှာ အမှန်ပေါ့၊ ရဟန္တာမထေရ်မြတ်ကလဲ၊ ကောင်းစွာ အနုမောဒနာပြုပြီး။ အလှူခံကာကြွသွားတော့မှုတယ်တဲ့၊ ထိုမိန်းမဟာ၊ မိမိပြုလုပ်တဲ့ဒါနကို၊ ကြောခဏနှလုံးသွင်းပြီးနေလေ့ရှိသတဲ့၊ နောက်များမကြာမီ၊ အသက်တမ်းကုန်၍၊ လူ့ဘုံကစခန်းပြောင်းပြီး၊ အဟောင်းဘာဝကိုပယ်ဖြတ်၍၊ တာဝတိံသာနတ်ရွာမှာ၊ ရတနာဗိမာန်ထက်၌။ နှစ်သက်စွာဖြစ်ရသတဲ့၊ အခြွေအရံနတ်သမီးပေါင်းများစွာနဲ့၊ ပျော်ပျော်ပါးပါးကြီး ဘုရားကနဲ့ဖြစ်ပေါ်လာရတယ်ဆိုတော့၊ နဂိုရ်စိတ်ဓာတ်တွေတမျိုးပြောင်းပြီး၊ ကောင်းဆိုသမျှ စည်းစိမ်တွေကိုသာခံစားကြရမှာပေါ့၊ တနေ့တော့ အဲသည့်နတ်သမီးကလေးဟာ၊ နန္ဒဝန် နတ်ဥယျာဉ်ထဲမှာ မြူးတူးပျော်ပါးပြီးနေရာတွင်၊

"အရှင်မဟာမောဂ္ဂလာန်"မထေရ်မြတ်ကြီးကလဲ၊ရှေးကနည်းတူ နတ်သမီးကလေးအား မေးမြန်းတော်မူတယ်၊မေးမြန်းပုံတွေကတော့ ရှေးကပြခဲ့တဲ့(အဘိက္ကန္တေန ဝဏ္ဏေန)စသောဂါထာများပါဘဲ။ တခြားထူးခြားတာတွေတော့မပါပါဘူး၊"ရှင်မဟာမောဂ္ဂလာန်" မထေရ်မြတ်ကြီးရဲ့ အမေးကို၊ နတ်သမီးကလေးက သို့ကလို ဖြေကြားပြီး လျှောက်ထားပေတယ်၊ ။

(၁) အဟံ မနုဿေသု မနုဿဘူတာ၊
သုဂတိ သာ အဟောသိ သသုရဿ ဃရေ။
အဒ္ဒသံ ဝိရဇံ ဘိက္ခုံ၊
ဝိပ္ပသန္နံ မနာဝိလံ။ ။

(၁) ဘန္တေ၊အရှင်မြတ်ဘုရား၊မနုဿေသု၊ များစွာသော ကောင်းသောလူအပေါင်းတို့၌၊မနုဿဘူတာ၊ လူသားစင်စစ် ဖြစ်ခဲ့ရသော၊အဟံ၊ တပည့်တော်မသည်၊ သသုရဿ၊ ယောက္ခမများ၏၊ဃရေ၊အိမ်၌၊သုဂတိသာ၊ချွေးမတယောက်သည်၊ အဟောသိ၊ ဖြစ်ခဲ့ဘူးပါသည်ဘုရား၊ တဒါ၊ ထိုယောက္ခမများ၏ အိမ်မှာနေစဉ်ကာလ၊ထိုဒေသ၌၊ ဝိရဇံ၊ကိလေသာမြူမှုန်၊ အညစ်အကြေးမှကင်းဝေးသည်ဖြစ်တော်မူပြီးသော၊ဝိပ္ပသန္နံ၊ အထူးသဖြင့်၊ ရှိခိုးပင့်၍၊ဖူးမြင့်မာန်လျှို့ အလွန်ကြည်ညိုဘွယ်ကောင်းထသော၊ အနာဝိလံ၊ လောဘစသောအကုသိုလ်အမှုတို့၏၊ နှောက်ကျုခြင်းလည်းမရှိထသော၊ဘိက္ခုံ၊ရဟန္တာအရှင်၊မထေရ်သခင်ကို၊အဒ္ဒသံ၊ စေတနာ ရွှင်ရွှင်နှင့်၊ကြည်လင်စွာဖူးမြင်ခဲ့ရဘူးပါသည်ဘုရား၊

(၂) တဿာ အဒါသဟံ ပူဝံ၊ပသန္နာ သေဟိ ပါဏိဘိ၊
ဘာဂဍ္ဍဘာဂံ ဒတွာန၊မောဒါမိ နန္ဒနေ ဝနေ၊ ။

(၂) ဘန္တေ၊အရှင်မြတ်ဘုရား၊ အဟံ၊ရတနာသုံးရပ်၊ တရားမြတ်၌၊ ဆည်းကပ်ခယ။ တပည့်တော်မသည်၊ တဿ၊ ထိုရဟန္တာသခင်၊ မထေရ်ရှင်အား၊ ပသန္နာ၊ စေတနာ ရွှင်ရွှင်နှင့်၊ ကြည်လင်သောစိတ်ရှိသည်ဖြစ်၍၊ဘာဂဍ္ဍဘာဂံ၊ ဝေစုကျရသော

မုန့်၏ထက်ဝက်ဖြစ်သော၊ပူဝ်၊ ရသာတွေဆန်း၊မုန့်တခြမ်းကို၊သေ ဟိပါဏိဘိ၊ကိုယ်နှင့်သာဆိုင်၊ကိုယ်ပိုင်လက်တို့ဖြင့်၊အဒါသိ၊စေ တနာဖြူဖြူနှင့်၊ ပေးလှူခဲ့ဘူးပါသည်ဘုရား။ ဒတွာန၊ထိုကဲ့သို့ပင်၊ ကြည်လင်စိတ်ဖြူ၊ ပေးလှူခဲ့ရသောကြောင့်၊အဟံ၊ ရတနာသုံးပါး၊ ဝတ္ထုများ၌၊ကိုးစားခယ၊ တပည့်တော်မသည်၊ နန္ဒနေ ခနေ၊သာ ယာရင်၊ပင်မျိုးစုံသည့်။မွေးထုံကြိုင်သင်း၊ နန္ဒဝန်ဥယျာဉ်အတွင်း ၌၊မောဒါမိ၊တသွေ့သွေ့၊တခုံခုံ ပျော် ရွှင်ဘွယ်ကောင်းတဲ့ အခါ ရုံတို့နှင့်၊အပုံကြီးဝမ်းမြောက်ရပါသည်ဘုရား၊

သို့ကလိုလျှောက်ထားပြန်ကြားတဲ့ နတ်သမီးကလေးရဲ့ စကား ကိုကြားကြရဲ့မဟာဘ်သား၊အသျှင်ဒါနဘက်က၊သက်သက်အားကျ ဘို့တွေပေါ့၊ ၊ဤထုံးဝတ္ထုကို အတုယူ၍၊ကြည့်ဖြူသော သဒ္ဒါ တရားနှင့်-ဆွမ်း,ခဲဘွယ်,ဘောဇဉ်,ချို,ချဉ်,ရသာ,များကို၊ကောင်း မွန်စွာလှူဒါန်းသင့်ကြပေတယ်၊ ၊ရှင်မဟာမောဂ္ဂလာန် မထေရ် မြတ်ကြီးလဲ၊ ရှေးကဝတ္ထုများ၌လာသကဲ့သို့ပင်၊လှူပြည့်သို့ကြွလာ ပြီး၊ ရှင်တော်မြတ်ဘုရားအား၊ ကောင်းမွန်စွာ ပြန်ကြား လျှောက် ထားတော်မူသတဲ့၊ ၊

“ရစနံဂါထာ။”

သမ္ဗုဒ္ဓသာသနေ ကာလေ၊နရာ သဒ္ဓမ္မကောဝိဒါ။
အဘိရမန္တု ဒါနေသု၊ဒါနဂါရဝကာမိနော၊ ၊

သမ္ဗုဒ္ဓသာသနေ၊ ရှင်တော်ဘုရား၊ မိန့်မှာထားသည့်၊ သုံးပါး သာသနာ၊ ထင်ရှားရှိစဉ်အခါဖြစ်သော၊ကာလေ၊ သမ္ဗုဒ္ဓသမယ၊ ရကာလ၌၊သဒ္ဓမ္မကောဝိဒါ၊သူတော်တရား၊ရနှစ်ပါး၌၊ လိုလားနှစ် သက်၊လိမ္မာပြီးသောလက်စရှိကုန်သော၊နရာ၊သူငါမဟူ၊ များပြား စွာသောလူတို့သည်။ဒါနဂါရဝကာမိနော၊ပေးလှူကြရိုး၊ ဒါနမျိုး၌၊ ညွတ်ကျိုးဝပ်စင်း၊ရိုသေခြင်းကို၊စိတ်ရင်းမူလ၊ပဓာနဖြင့်၊ အလိုရှိ ကြကုန်သည်ဖြစ်၍၊ဒါနေသု၊သူတော်ဥဒ္ဒါ၊ရတနာဝင်၊ ကြည်လင်

မိတ်ဖြူ၊ပေးလှူကြရိုး၊ဒါနမျိုးတို့ဖြင့်၊အဘိရမန္တု၊ အခွင့်သင့်လျော်။ အဆင်တော်၍၊ပျော်ပျော်ကြီးမွေးမြူနိုင်ကြပါစေကုန်သတည်း၊ ။

နံပါတ်-၁၃-ပထမသုဏ်သာဝိမာနဝတ္ထုပြီး၏။

———○———

## ဝတ္ထုနံပါတ်-၁၄၊

## "ဒုတိယသုဏှိသာဝိမာနဝတ္ထု"

(မှာထားချက်၊ ၊ဤဒုတိယသုဏ်သာဝတ္ထုသည်၊ရှေးဖြစ်သော ပထမသု ဏ်သာဝတ္ထုနှင့် အလုံးစုံတူတော့သည်၊ မဟာယာဆွမ်းကို လှူသည်သာထူးတော့သည်ဖြစ်၍၊ ဝတ္ထုလုံးကိုမဘော်ပြဘဲ၊ ၎င်း ဂါထာ၏ပါဠိ—အနက်ကိုသာရေးသားဘော်ပြပါတော့မည်၊)

ရှေးဖြစ်တဲ့သုဏ်သာဝတ္ထုနှ်လာသကဲ့သို့၊အိမ်တံခါးမှာရပ်လာ တဲ့ ရဟန္တာ အရှင်မြတ်ကိုမြင်သဖြင့်၊ များစွာ ဝမ်းမြောက်ပြီး၊ မဟာယာဆွမ်းများကို လှူဒါန်းလိုက်သတဲ့၊ အလှူရှင်–ချွေးမဖြစ်တဲ့ မိန်းမမှာ၊သေသည့်ကာလ၌ တာဝတိံသာနတ်ရွာမှာကြီးစွာသော နတ်စည်းစိမ်ကြီးကိုရပြီးတဲ့နောက်၊ ရှင်မောဂ္ဂလာန်ကြီးရဲ့ အမေး စကားကို၊သို့ကာလိုဖြေကြားပေတယ်။

(၁) တဿ အဒါသဟံ ဘာဂံ၊ပသန္နာ သေဟိ ပါဏိဘိ၊
ကုမ္မာသပိဏ္ဍံ ဒတွာန၊ မောဒါမိ နန္ဒနေ ဝနေ၊ ၊

(၁) ဘန္တေ၊အရှင်မြတ်ဘုရား၊ တဿ၊ ထိုရဟန္တာသခင်၊ အရှင်မြတ်အား၊ပသန္နာ၊ သဒ္ဓါတရားအဖူးယှဉ်သဖြင့်၊ကြည်လင် သောစိတ်ထားရှိသည်ဖြစ်၍၊အဟံ၊ ရတနာသုံးပါး၊ ဝတ္ထုမှာ၌ ကိုးစားခယ၊ တပည့်တော်မသည်၊ ဘာဂံ၊အဖို့အစု၊ တခုစာမျှ ဖြစ်သော၊ကုမ္မာသပိဏ္ဍံ၊မဟာယာဆွမ်းကို၊ သေဟိပါဏိဘိ၊ကိုယ် နှင့်သာဆိုင်၊ကိုယ်ပိုင်လက်တို့ဖြင့်၊အဒါသိ၊ စေတနာဖြူဖြူနှင့်၊ပေး လှူခဲ့ဘူးပါ၊ သည်ဘုရာ၊ ဒတွာန၊ထိုကဲ့သို့ပင်၊ကြည်လင်စိတ်ဖြူ၊ပေး

လှူခဲ့ရသောကြောင့်၊ နန္ဒနေဝနေ၊ သာယာတင့်တယ်၊ လွန်ဘန်းကြယ်သည့်၊ နတ်နယ်အပွန်၊ နန္ဒဝန်မည်ခေါ်၊ ဥယျာဉ်တော်၌၊ မောဒါမိ၊တဆွေ့ဆွေ့၊တခုံခုံ၊ ပျော်ရောကောင်းတဲ့ အာရုံတို့နှင့်၊ အပုံကြီးဝမ်းမြောက်ရပါသည်ဘုရား၊

ဤမျှသာထူး၍၊ အလုံးစုံပထမသုတ်သာဝတ္ထုနှင့်တူ၏ဟုမှတ်လေ၊

"ရစနာဂါထာ"

ယထာဟိကောဝိဒေါ ပုတ္တော၊ပေါသေယျ သက မာတရံ၊
တထေဝ ဧဒါနန္ဒိ၊ဏုဋ္ဌေယျ ပဏ္ဍိတော နရော၊ ၊

ဟိ၊ဥပမာစကားဖြင့်၊ထင်ရှားစွာပြပါဦးအံ့၊ကောဝိဒေါ၊ အသိအလိမ္မာ၊ဉာဏ်ပညာနှင့်၊ ကောင်းစွာပြည့်စုံသော၊ပုတ္တော၊ ရင်မှသက်ဆင်း၊သားအရင်းဖြစ်သောသူသည်၊သကမာတရံ၊ ကျေးဇူးတော်ရှင်၊ ကိုယ့်မိခင်ကို၊ ပေါသေယျယထာ၊ စေတနာရွှင်ရွှင်နှင့်ကြည်လင်စွာကျွေးမွေးသကဲ့သို့၊တထေဝ၊ထိုနှင့်မခြား၊ အလားတူသာလျှင်၊ပဏ္ဍိတော၊ပညာသတိ၊ ဉာဏ်မျက်စိဖြင့်၊ မိမိရှုရှု၊ ပြည့်စုံထသော၊ နရော၊ သူသူငါငါ၊ များပြားစွာသောသူသည်၊ ဝရဒါနန္ဒိ၊အလှုန်စင်ပြူ၊မှန်မြတ်သောအလှူကိုလည်း၊ ဏုဋ္ဌေယျ၊ စေတနာမွန်မွန်၊သဒ္ဓါခေါတ်ချွန်ချွန်နှင့်၊ အလွန်ကြီး နှစ်သက်ခြသတည်း၊

နံပါတ်-၁၄-ဒုတိယသုတ်သာဝိမာနဝတ္ထုပြီး၏၊

---

ဝတ္ထုနံပါတ် {၁၅}

"ဥတ္တရာဝိမာနဝတ္ထု"

ဘုံသုံးဆိုင်တွင်၊နှုန်းပြိုင်ဘက်ကင်း၊မင်းထက်မင်းစစ်၊ဖြစ်ကြီးဖြစ်တော်မူပေသော၊ မြတ်ရာဇ်ဗွတ်ထား၊ သဗ္ဗညုရှင်တော်ဘုရား

သည်များလှဝေနေ၊ပန်းကြာတွေကို၊ ဖြိုက်ချေဆွတ်ဖျန်း၊ပေးကမ်း လှမ်းလျက်၊ ပွင့်လန်းစေတော်မူသဖြင့်၊ ရာဇဂြိုဟ်ပြည်မွန်၊ ဝေဠု ဝန်ဌ၊ကဲလွန်သတ္တိ၊ဘုန်းဗုဒ္ဓိဖြင့်၊တပည့်များစွာ၊သံဃာတော် အခြွေအရံတို့နှင့်၊သီတင်းသုံးမွေ့လျော်၊နေထိုင်တော်မူစဉ်၊ အခါကာ လမှာ ဒါယကာ,ဒါယိကာမများစွာ၊ဥပါသကာ,ဥပါသိကာဟူသမျှ တို့သည်၊တရားတော်ကိုကြားနာရခြင်းအမြဲဖြစ်၍၊ရှင်ချစ်စောဖျား ဟောကြား အဝ်သော တရားတော်ကြောင့်၊ နိဗ္ဗာန် လမ်းခရီးမှာ၊ သတ္တဝါ-အစည်ကြီးစည်၍နေသတဲ့၊

ယခု-ရေးသားပြောဟောရမဲ့ဝတ္ထုက၊ "**ဓမ္မပဒအဋ္ဌကထာ**" နှင့်"**ပါဠိတော်ကြီး**"များမှာလာရှိတဲ့ "**ဥတ္တရာ**" အမည်ရှိသော၊ ဥပသိကာမရဲ့အကြောင်းအရာများ ဖြစ်ပေတယ်၊ "**ဝိမာနအဋ္ဌက ထာကြီး**" မှာလဲ၊"ဓမ္မပဒအဋ္ဌကထာကြီး" များနှင့် အတူတူပင် လာရှိပေတယ်၊ "**အဋ္ဌကထာကြီး**" နှစ်ခုကို လက်ကိုင်ထားပြီး၊ တရားနည်းကျကျ ရေးသားဘော်ပြရပေလိမ့်မယ်၊ ရှင်တော် ဘုရားရဲ့ဖွေ့လက်ထက်တော်အခါက၊ '**မယ်ဥတ္တရာ-မယ်ဥတ္တရာ**' နှင့်၊ အတော်ပင် ထင်ရှား ကျော်စောတဲ့ ဥပါသိကာမကြီး တ ယောက်ရှိသတဲ့၊ သဒ္ဓါတရား ထက်ထက်နှင့်၊ အလွန်ရက်ရောတဲ့ စိတ်သဘောရှိတဲ့ ဒါယိကာမကြီးပေပေါ့၊ ကိုင်း-နားစိုက်၍သာ ထောင်ကြပေရော့၊ "ဓမ္မပဒအဋ္ဌကထာနှင့်၊ ဝိမာနဝတ္ထု အဋ္ဌက ထာကြီး" နှစ်ခုကိုညှပ်ပြီး၊ သပ်သပ်ရပ်ရပ်၊ ရေးသားဘော်ပြရပေ လိမ့်မယ်၊

## "နွမ်းပါးဆင်းရဲရှာသောမယ်ဥတ္တရာတို့လင်မယား"

ရှင်တော်ဘုရားဖွေ့လက်ထက်တော်အခါက၊ "ဗြဟ္မဏ" ခေါ် တဲ့ပုဏ္ဏားမျိုး၊ "ခတ္တိယ" ခေါ်တဲ့မင်းမျိုး၊ "ဝဿ" ခေါ်တဲ့ကုန် သည်မျိုး၊ "သုဒ္ဒ" ခေါ် တဲ့၊သူဆင်းရဲမျိုးရယ်လို့-လူမျိုးလေးပါးတို့ ပျော်ပါးရာ၊ရှင်တော်ဘုရား၏၊ ဝေဠုဝန်ကျောင်းတော်ကြီး ဒါယ ကာ၊ **ဘာသနာ့နိဂြဟ**၊ မွေရာဇာ၊ ဟောဓိပတိ ဖြစ်တော်မူတဲ့

"ဗိမ္ဗိသရ" အမည်ရှိတဲ့ ဘုရင်မင်းတရားကြီးရဲ့၊နေပြည်တော်တခု ဖြစ်သော ရာဇဂြိုဟ်ပြည်ကြီးဆိုတာကို၊ လူတိုင်းဘဲကြားဘူးပါလိမ့်မယ်၊မင်းနှင့်ပုဏ္ဏား ဆင်းရဲသားနှင့်ကုန်သည်၊ လေးမည်သော အမျိုးတို့၏ ပျော်ပါးနေထိုင်ရာပြည်တော်ကြီးတခု ဖြစ်လေတော့၊ အလွန်အလွန်စည်ကားတဲ့ နေပြည်တော်ကြီးဘဲလို့ဆိုရမှာပေါ့၊

ယခုအခါ ကမ္ဘာပေါ်မှာ အကြီးအကျယ်ဆုံးဖြစ်၍၊လူစည်ကားတဲ့ မြို့ကြီးတွေဟာ၊ အရှေ့ဘက်နိုင်ငံမှာ အရှားသားကလား၊ အနောက်ဘက်နိုင်ငံတွေမှာတော့၊ အမေရိကံပြည်မှာရှိတဲ့"နရူးရော့" မြို့တော်ကြီး၊ပြင်သစ်ပြည်က"ပါရစ်"မြို့တော်ကြီး၊အင်္ဂလိပ်ပြည်က၊ "လန်ဒန်" မြို့တော်ကြီး-တွေဆိုတာဟာ၊အလွန်ကြီးကျယ် စည်ကားတဲ့မြို့တော်ကြီးတွေဖြစ်ပေတယ်၊ ။သို့ပေမဲ့-ရှင်တော်ဘုရား လက်ထက်ကရှိတဲ့ ရာဇဂြိုဟ်ပြည်တော်၊ သာဝတ္ထိပြည်တော်ကြီး တွေနှင့်နှိုင်းစာရင်တော့၊ ယခင်မြို့ကြီးတွေဟာ၊ စည်ကားပုံနဲ့သေး တယ်လို့ဆိုရမယ်၊ ရှင်တော်မြတ်ဘုရားလက်ထက်တော်က၊ သာဝတ္ထိပြည်တော်ကြီးတခုမှာပင်၊လူဦးရေ-ခုနစ်ကုဋေကျော်ကျော်ရှိ တယ်လို့"မွေ့ဒအဋ္ဌကထာ"ကြီးများမှာလာရှိတယ်၊ ။ရာဇဂြိုဟ် ပြည်တော်ကြီးက၊ သာဝတ္ထိပြည်တော်ကြီးထက် အထက်တန်းကျ သေးတာကလား၊သာဝတ္ထိပြည်မှာရှိတဲ့လူဦးရေထက်များတယ်လို့ ဆိုရမှာပေါ့၊ယခုအခါ၊ကမ္ဘာတခွင်လုံးမှာ ဆယ်မြို့,ကိုးမြို့,ပေါင်း၍ ထားသော်လဲ၊လူဦးရေ-ခုနစ်ကုဋေရဖို့ရန်၊အတော်ပင်ခဲယဉ်းမှာ ဘဲ၊ဝိပ္ပတ္တိသမယဆိုတာကွာချင်တိုင်း ကွာစမြဲဘဲ၊ တဖြေးဖြေးလူနဲ့ ပြိုင်ရဲမှာသာပြည့်နေမှာပေါ့၊ ဆဲ-ပြဆိုခဲ့တဲ့ရာဇဂြိုဟ်နေပြည်တော် ကြီးမှာ၊လွန်စွာ ဥတုသပ္ပါယ, ဘောဇနသပ္ပါယ ဖြစ်ပြီး၊ အစာအ ဟာရပေါများ၍၊ဘေးရန်ဥပါဒ်လဲကင်းရှင်းသတဲ့၊ရတနာသုံးပါးက လဲ၊ထင်ရှားရှိတဲ့အခါဖြစ်လေတော့၊သာသနာတော်ရောင်,သင်္ကန်း တော်ရောင်,တွေတလဲ့၊ တပြောင်ပြောင်ထိန်လင်းပြီး၊ တဝင်းဝင်း တောက်နေသတဲ့၊ရှင်တော်ဘုရား၏ အကြာဆုံး၊အများဆုံးဝါကပ် တော်မူရာဌာနကြီးတခုပေပေါ့၊ ယခုအခါ၊မန္တလေးနေပြည်တော်

ကြီးလို၊ သာသနာတော်ရောင်, သက်နီးတော်ရောင်တွေကတဖိတ်ဖိတ်နှင့်၊စိတ်ပျော်စရာအလွန်ကောင်းသပေါ့။ သမ္မတ္တိကာလ-ဖြစ်လေတော့။ အစစ,အရာရာပြည့်ရုံပြီး။ လူဂုဏ်တန်တွေသာ များသတဲ့၊ ရှင်တော်မြတ်ဘုရားထံတရားနာဝင်ရောက်ပြီး၊ ဒါန,သီလ,မိုးသီးပေါက်တွေရွာချနေတဲ့ သူတော်စင်၊ မိန်းမယောကျ်ားတွေကလဲ၊ သိုက်သိုက်မြိုက်မြိုက်နဲ့ အပုံကြီး နှစ်မြိုက်စရာကောင်းသတဲ့၊ သည်သို့ကာလကြီးထဲမှာ၊ တကယ်တမ်းဆိုတဲ့ဖွဲ့မျိုးနှင့် အားကြီးမာန်တက်၊နှစ်နှစ်သက်သက်ကြီး၊ "ဘက်တော်သား" အဖြစ်နှင့်၊ ရှင်တော်မြတ်ဘုရားရဲ့တရားတော်ကို နာကြားပြီး၊ မဂ်ဖိုလ်လမ်းအလုပ်စခန်းကို၊ အမှုတော်ဝင်ထမ်းရလျှင်၊မကြာခင်ကိစ္စချောပြီး၊ တားဖွာဆိုတဲ့အကြောင်းတွေပြတ်ကုန်ကြမှာဘဲ၊

အဲ–သို့ကာလို"ဝိမ္ဘိသာရ"အမည်တော်ရှိတဲ့၊ဘုရင်မင်းတရားကြီးရဲ့နေပြည်တော်ကြီးမှာ။ "သုမန" အမည်ရှိသောသူဌေးကြီးတယောက်ရှိသတဲ့၊ ပစ္စည်း,ဥစ္စာ,ရတနာ,ရွှေ,ငွေ,တွေပေါများပြီးဘုရင်မင်းမြတ်ကသူဌေးဘွဲ့ပေး၍ မြှောက်စားသဖြင့်၊ အမြင့်စားဖြစ်တဲ့အတန်းမှာ၊အတော်ကျော်စောတဲ့သူဌေးကြီးတဦးပေါ့၊ ၊ အဲ–သည်သူဌေးကြီးမှာ၊ ဆင်,မြင်း,ရထား,ကျွဲ,နွား,တိရစ္ဆာန်နှင့် အစေခံယောကျ်ား,မိန်းမ,တွေကလဲ အတော်များသတဲ့၊ သူဌေးကြီးဆိုတော့၊အထူးပြောစရာမရှိပါဘူး၊ အစေခံဖြစ်တဲ့အခြွေအရံတွေကတော့၊ဂုဏ်ရှိသလောက် များပြားပြီး၊ အလွန်အားကြီးမှာပေါ့လေ၊ ၊"သုမန" သူဌေးကြီးမှာ။ အသက်အရွယ်-၂၀-လောက်ရှိသောသားလူပျိုတယောက်လဲရှိသတဲ့၊ကြင်ရာဇနီးမရှိရသေးဘူးဆိုတော့ လူပျိုလို့ပင်ဆိုရမှာပေါ့၊ ၊သူဌေးသားဆိုတဲ့ဂုဏ်နဲ့၊အပုံကြီးများတဲ့ မိန်းမတွေထဲမှာ–စွဲလောက်ထာမရှိသေးဘူး-ဆိုတဲ့ မာနများ ရောက်နေသလားမသိရဘူး၊ "သုမန" သူဌေးကြီးကလဲ၊ အသက် အရွယ်ကလဲ နှစ်ဆယ် လောက်သာရှိသေးတဲ့ လူပျိုကလေးဖြစ်သော မိမိရဲ့သားကို၊ အလွန်အားကိုးပြီး။ အမျိုးမျိုးချစ်ရှာသဖြင့်၊ မိမိသားနှင့် ဂုဏ်ရေတူ

၍၊ချောမောလှပတဲ့အမျိုးသမီးကိုရှာကြံပြီး၊ လက်ထပ်မင်္ဂလာပြုဖို့ ရန်ကို၊ကြံစည်လျက်ပင်နေရှာသဘဲ့၊သို့ကလိုပြောဆိုခဲ့ပြီးတဲ့ သူဌေး ကြီး"သုခန်"ဟာ—ပစ္စည်းဥစ္စာတွေချမ်းသာသော်လဲ၊ဘာသာက တော့မိစ္ဆာဒိဋ္ဌိဖြစ်နေသတဲ့၊ဘုရားကိုလဲမကြည်ညို၊ တရားကိုလဲ မနှစ်သက်၊ သံဃာတော်ကိုလဲငက်ဆုပ်ပြီး၊ အဘက်မဟုတ်တဲ့ အချာဝတ္ထုတွေသို့မှတ်ထင်၊အတော်ပင်လမ်းလွဲနေရှာသတဲ့၊ ၊ အင်း—ပစ္စည်းဥစ္စာတွေ ချမ်းသာတဲ့ သူဌေးကြီးတယောက်ဖြစ်ပါ လျက်နှင့်၊ ရှင်တော်ဘုရား-သက်တော်ထင်ရှား ရှိစဉ် အခါမှာ၊ ရတနာသုံးပါးကို၊ မုန်းထား ရှုံ့ရှာပြီး။ ဘာသာချိုနေတဲ့အတွက်၊ စိတ်ပျက်ပြီးဝမ်းနည်းစရာကြီးပေါ့၊ ၊သာသနာရောင်တွေ၊ တ ပြောင်ပြောင် ထွန်းလင်းနေသော်လဲ၊ သာသနာတွင်းသို့ မသက် ဆင်းနိုင်ရှာဘူး၊အပုံကြီးသနားစရာဘဲ၊ ကုသိုလ်ကိုလဲမပြု၊ အလှူ ဝတ္ထုကိုလဲမစွန့်ကြဲ၊အယူလွဲနေတော့၊ အသနားစရာကြီးပေပေါ့၊ ခုကာလများမှာလဲ၊ ပစ္စည်း ဥစ္စာရှိပြီး၊ မာန်မာနတွေ ဖိနေတာ နှင့်၊ရတနာသုံးပါးကိုသတိမရနိုင်တဲ့ လူတွေအများကြီးရှိလိမ့်မယ် ထင်တယ်၊အဲ-သည်"သုခန်"သူဌေးကြီးကို အမှီပြု၍အသက်မွေး နေတဲ့ကျေးကျွန်အစေခံတွေအထဲမှာ၊ လူမွဲကလေးတယောက်ဖြစ် ရှာသော"ဓသင်ပုဏ္ဏ"ဆိုတဲ့အစေခံ ကျွန်ကလေးတယောက်ရှိ သတဲ့၊သူ့မယားကတော့၊ အထက်ကပြခဲ့တဲ့ "မသိဥဇ္ဈရေ"တဲ့ "ဓသင်ပုဏ္ဏ"နှင့်"မသိဥဇ္ဈရေ"တို့ကြင်ရာဇနီးမှာ၊ သမီးကလေး ကလဲ"မသိဥဇ္ဈရေ"ရယ်လို့ရှိပြန်သဘဲ့၊ သမီးကလေး "မသိဥဇ္ဈ ရေ"ကတော့ အရွယ်ရောက်ပြီး အပျိုပေါက်၊ မက-တက၊၁၉ နှစ်လောက်ရှိရှာမှာပေါ့၊မိဘနှစ်ပါးက၊ ဆင်းရဲနွမ်းပါးတဲ့ အစေခံ များဖြစ်လေတော့၊သမီးကလေး"မသိဥဇ္ဈရေ"မှာလွန်စွာပင်ရုပ်အ ဆင်းလှသော်လဲ၊အဝတ်အစားတွေက၊ စုတ်စုတ်ချာချာနဲ့ကောင်း မွန်စွာမဝတ်ရသည်နှင့်၊ အလွန်လှပနေတဲ့ အဆင်းရုပ်ကလေးကို၊ ဖုံးအုပ်ထားသလိုဖြစ်နေရှာသတဲ့။"ရွက်အုပ်သီး"ကလေးလို၊အ ဆင်းသဏ္ဌာန်ရှိပေမဲ့၊အဝတ်အစားကချွတ်ယွင်းနေတော့၊ ဟချင်

တိုင်းမလှခဲ့ရှာဘူးပေါ့၊ "လူမှာအဝတ်၊ ဖောင်းမှာအကွပ်" ဆိုသလို၊ နဂိုရ်ကအဆင်းမလှသော်လဲ၊ ကောင်းလှတဲ့အဝတ်အစားတွေနှင့်၊ပြင်လိုက်ဆင်လိုက်တော့၊ တမျိုးချောဘယ်လို့ထင်ရတယ်မဟုတ်လား၊ ၊

အဲ-သို့ကလို၊သူတပါးအိမ်မှာ၊အစေခံဘဝနှင့် ဆင်းဆင်း,ရဲရဲ,မွဲမွဲ,တေတေ,ဂုဏ်သရေမရှိ၊ မချိတရိဖြစ်နေရှာတဲ့ "မောင်ပုဏ္ဏ" "မသိဥတ္တရာ" တို့ကြင်ရာအရံမှာ၊ သူဌေးကြီးအိမ်က၊ ကျွဲ,နွား,များယူပြီး၊လယ်ထွန်၍အသက်မွေးရှာရသတဲ့၊ သူဌေးကိုအမှီသဟဲပြု၍၊ကိုယ့်အမှုကိုယ့်ဟာကိုသာ၊ဇွဲရှိယစိုက်ပြီး၊ အားတိုက်သရောပြုလုပ်ရှာကြရတာပေါ့၊ ၊သို့ကလို၊ ပစ္စည်းဥစ္စာမရှိရှာတဲ့၊ ဆင်းရဲသားဖြစ်ပြီး၊မွဲမွဲ,တေတေ,လူ့ဂုဏ်ရေမဝင်၊ လူသွင်မပြီ၊ ကြုံလှီသေးနုပ်၊ ဂုဏ်ယုတ်နွမ်းလျှ၊ ဆင်းရဲကြတဲ့ "မောင်ပုဏ္ဏ" တို့လင်မယားဟာ၊လွန်စွာမှသဒ္ဓါတရားကောင်းလှသဖြင့်၊ရတနာသုံးပါးကိုဝတ်ထားပြီး၊စေတနာအားသန်သန်နဲ့၊ မြဲမြံတဲ့စိတ်သဘောတွေရှိရှာသပေါ့၊ ၊သို့ပေမဲ့၊ "မချမ်းသို့မွဲ၊မွဲသို့မချမ်း" ဆိုတာလို၊ပစ္စည်းဥစ္စာမွဲပြီး၊ဆင်းရဲနွမ်းပါးလေတော့၊ သဒ္ဓါတရားရှိသမျှတွေဟာ၊စိတ်ကူးနှင့်လှူတာတွေသာများနေတာပေါ့၊ အင်း-သနားစရာကောင်းတဲ့ကြင်ရာအရံပေဘဲ၊သဒ္ဓါဟုန်ရှိပါလျက်နှင့်၊ မွဲချက်ကဆိုးဝါးပြီး၊ဆီးတားကန့်ကွက်ထားတော့၊ အားမရှိရှာဘူးပေါ့၊ သို့ပေမဲ့၊ "ဟယ်-တနေ့နေ့ကျတော့၊ ချမ်းသာနဲ့တွေ့ရအုံးမှာဘဲ၊ ထိုအခါကျမှ-အားရ,ပါးရ, စိတ်တိုင်းကျလှူပြီး၊ များများကြီးပူဇော်လိုက်အုံးမယ်" စသည်ဖြင့်စိတ်ကူးပြီး၊ကူးမတတ်ဖြစ်နေကြရရှာသတဲ့၊အင်း-ကြင်ရာနှစ်ယောက်ခဲ့စကားဟာ၊ မှားမယ်မဟုတ်ဘူး၊သဒ္ဓါရတရားတွေဖြစ်တော့၊ ကျွန်အဖြစ်မှ လွတ်မြောက်ပြီး၊ သူဌေးကြီးအဖြစ်သို့ရောက်တို့ရန်လဲ၊ ကုသိုလ်ကံစီမံချင်၊ ပြောမဖြစ်အောင်လွယ်ကူတတ်ထာမျိုးကလား၊ "သစ်ဖုတ်မြင့်ဆုံ၊မြက်မြင့်တုံ၊ ခွေးနှင့်ယုံ၊ တချုံကွယ်ရှေ့၊ တချုံကွယ် နောက်" ဆိုတဲ့စကားလဲအရှိသားကဘဲ၊ ကုသိုလ်မြင့်တော့မမြင့်ဘဲ နေနိုင်

ပါ့မလား၊ တနေ့နေ့မှာ ဘွားကနဲပေါ်ထွက်ပြီး၊ အထက်တန်းသို့ တက်နိုင်မှာအမှန်ပေါ့၊ ကုသိုလ်ကံနဲ့ငြီးငွေ့မွဲနေဖို့ရဲ့ဥပဒေ မရှိပါဘူး။ ၊

ဖြသိုဖြိုးခဲ့ဘဲ့လင်မယားမှာ ယောကျ်ားလုပ်သူ "မောင်ပုဏ္ဏ" ကလဲသဒ္ဓါတရား ထက်ထက် "မသီဥတ္တရာ" ဆိုတဲ့ဇနီးသည်က လဲစေတနာအားသန်သန်နှင့် အမြန်ကြီးအကျိုးပေးတို့ အခွင့်ရှိနေတာပေါ့လေ၊ ၊သို့ဖြစ်သူမယ်ဥတ္တရာလေးကလဲ "သူတောင်ချင်း ချင်း၊ သဘင်းခွေ့ခွေ့၊ ပေါင်းဘက်တွေ့" ဆိုတဲ့စကားလို၊ မိဘနှစ်ပါးကသဒ္ဓါအား ထက်သန်သလောက် စေတနာနှင့်သဒ္ဓါပို မောက်ပြီး၊ရတနာသုံးပါးကို ကိုးစားယုံကြည်တဲ့ စိတ်တွေဖြစ်ပွားပေါ်ပေါက်လျက် "တနေ့နေ့မှာစိတ်ရှိသလောက် လှူဒါန်းပြီး၊ မှန်းတိုင်းပေါက်ရအုံးမှာဘဲ" ဆိုတဲ့စိတ်ကူးနှင့်သာအချိန်ကုန်ဆုံးပြီး၊ အသုံးမဝင်တဲ့ဘဝကိုစိတ်နာရရှာသတဲ့၊ ၊အခင်း-သားအမိသား အဘသုံးယောက်တို့ရဲ့ဖြစ်ပုံကို၊ အာရုံရရနဲ့ဉီးစားလိုက်ရင်၊ အလွန် သနားစရာကောင်းတာဘဲ။ ခမြာများမှာ သဒ္ဓါအားရှိလျက်၊ ရက်စက်ဆိုဝါးတဲ့အတန်းစားဘဝမှာ ဖြစ်ရလေတော့၊ သေသေချာချာ လှူဒါန်းလိုတဲ့သဒ္ဓါတရားတွေ ပေါ်ပေါက်၍ လာလေလေ၊ အခနခက်,အထိုင်ခက်၊ စိတ်ရတက်များပြီး အောက်တန်းစားဖြစ်ဘဲ့ယခုဘဝကိုစိတ်နာလေလေဖြစ်နေကြရရှာတာပေါ့၊ ၊

မယားကလဲလှူလို၊ယောကျ်ားကလဲစွန့်ချင်၊ သမီးကလေးကလဲ ပေးကမ်းလိုတဲ့စိတ်တွေနဲ့သာ အချိန်ဖြုန်းပြီး၊ သုံးယောက်လုံးမှိုင်တွေချလို့သာနေရှာကြသတဲ့၊တခါတရံလှူဘွယ်ဝတ္ထုကလေးတွေ ဘိုလီ,မိုလီရလာပြန်တော့၊ အလှူခံပုဂ္ဂိုလ်နှင့်မကြုံကြိုက်ရှာဘူးတဲ့၊ တခါတရံ အလှူခံပုဂ္ဂိုလ်ကလာ-လှူစရာဝတ္ထုက မရှိပြန်ဘူးတဲ့၊ ကုသိုလ်နဲ့ငြိုးမွဲချင်တော့-ကြံစည်တိုင်းလွဲနေကြတာထင်ပါရဲ့၊ ၊ အဲ-သို့ကသိုပစ္စည်းဥစ္စာမပြည့်စုံလေတော့ လူ့ဘုံနေရတာလုပ်စရာကိစ္စတွေများပြီး၊ ဘုရားကိုလဲဖူးမျှော်ချင်လို့မှအားရှာဘူး၊ တရားကိုနာချင်ရက်ပွက်ပွက်ဆူနေတဲ့ အိမ်ထောင်ရေးကိစ္စ, လောက်

ရေးကိစ္စ, တွေကများနေ၊ သံဃာတွေကိုလဲ အမှတ်တရ အမြဲတမ်းထားပြီး၊ နိုးကြားတဲ့စိတ်နှင့်ဂရုမစိုက်နိုင်၊ ချွေးဖြိုင်ဖြိုင်ယိုစီးအောင်တလုပ်ပြီးတလုပ်၊ လွန်မင်းစွာ ရှုပ်လို့နေကြသတဲ့၊ သူတို့ဖြစ်ပုံအလုံးစုံတွေဟာလွန်စွာသနားစရာကောင်းနေတာပေါ့၊ ၊

## "နက္ခတ်ပွဲသဘင်ပြုလုပ်သောအချိန်။"

အာနောက်ဘက်နိုင်ငံတလွှားမှာ၊ ရှင်တော်ဘုရားလက်ထက်တော်က။ တနှစ်လျှင်တကြိမ် နက္ခတ်ပွဲသဘင်ရယ်လို့ကျင်းပပြုလုပ်လေ့ရှိတယ်၊ ထိုပွဲတော်ကြီးအခါကျတော့၊ အရပ်ရပ် အနယ်နယ်-အာသွယ်သွယ်သောဒေသ၌ရှိသမျှသော လူတွေဟာ၊ သူ့ထက်ငါလာရောက်ပြီးပျော်ပါးကြသတဲ့။ တောရော, မြို့ရော, ဇနပုဒ်ရော, နိဂုံမ်းရော, ရွာသိမ်, ရွာငယ်ကလေးတွေရော, တသောသော တညံ့ညံ့၊ သူထက်ငါအားသန်ပြီး။ အင်မတန်ကြီးပျော်ပါးကြလို့မို့၊ ပွဲသဘင်အရပ်ခုပ်တို့ကိ ဆင်ယင်ကျင်းပတဲ့အခါကြီး ဖြစ်ပေတယ်၊ ။များစွာလူစည်ကားတဲ့ ထိုပွဲတော်ကြီးမှာ၊ သူဌေးရော, သူကြွယ်ရော, မင်းမျိုးတွေရော, ရှင်ဘုရင်ဖြစ်တဲ့ကြေရာဇ်ကြီးတွေရော, ပုဏ္ဏားနှင့်ဆင်းရဲသားတွေရော, အားလုံးကုန်ရောပြီး၊ စိတ်သဘောရှိတိုင်းပျော်ပါးကြတယ်။ ၊ယခုကာလအခါ၊ မြန်မာနိုင်ငံတော်ကြီးမှာ၊ ဘုရားပွဲကြီးတွေ, မီးထွန်းပွဲကြီးတွေ, ကထိန်ပွဲကြီးတွေပြုလုပ်သလိုပေါ့၊ ၊အချို့သူဌေးကြီးတွေက၊ နက္ခတ်ပွဲသဘင်ကြီးကိုဝေါတွေ, ယာဉ်တွေ, နှင့်လာကြတယ်၊ တချို့ကတော့မြင်းရထား, မျှားနှင့်လာကြတယ်၊ တချို့ကဆင်စီးပြီး တသီးပုဂ္ဂလလာကြတယ်၊ တချို့ကမြင်းစီးပြီးအပျော်ကြီးပျော်ကာ ထွက်လာကြတယ်။ ၊မိမိတို့ပစ္စည်းဥစ္စာ-ဂုဏ်ပကာသနရှိသလောက်။ အစွမ်းကုန်မောက်ပြီး၊ ဘယောက်ပြီး တယောက်၊ နက္ခတ်ပွဲသဘင်ကြီးသို့ လာရောက်ကြတယ်။ တချို့ကတော့-မောင်မယ်ရုံ နှဲ့ပြီး ရုံတွဲပြီးလာကြတာပေါ့၊ မိန်းမရော, ယောကျ်ားပါ။ သူ့ထက်ငါ-မသာသာအောင်၊ တန်းဆာဆင်ကြ, ပြင်ကြ, လိမ်းကြ, ဖီးကြပြီး၊ အလွန့်အလွန်ပျော်ပါးကြ

တယ်၊ ၊ထိုနက္ခတ်ပွဲသဘင်ဆင်ယင်ကျင်းပတဲ့အခါမှာ၊ "ဧဇ ဇာ"ဖြစ်တဲ့ကျောဇာဇ်များမှာတော့ ခန်းနားကြီးကျယ်နိုင်သမျှ ကြီး ကျယ်အောင်ပြုလုပ်ပြီး၊ ငါတပ်,ယာတပ်,နှစ်ဘက်ညှင်၍၊ ဆင်မြင်း ရထားတွေမြဲရံပြီး၊ ဆူဆူညံညံဖြစ်နေအောင်–တူရိယာတွေတီး မှုတ်၍၊တီးပမှုတ်နန်းဆန်ဆန်နှင့် အင်မတန်ကြက်သရေရှိစွာ ပွဲသ ဘင်ရှိရာသို့ ထွက်ကြွတော်မူကြသတဲ့၊ ၊တမြို့သုံး, တချာလုံး, အုံးအုံး;ကျက်ကျက်၊ဆူညံပွက်ပြီး၊ နှစ်နှစ်သက်သက်ကြီးပျော်ပါး ကြဘဲ့ပွဲတော်အခါမှာ။ အားလုံးသောလူယောက်ျား,မိန်းမတွေဟာ၊ မလိုက်လို,မသွားလိုတဲ့ပုဂ္ဂိုလ်ရယ်လို့မရှိကြဘူးတဲ့၊ ၊ယခုကာ လူစည်ကားတဲ့ပွဲတော်ကြီးတခုမှာ၊ မလိုက်လို, မသွားလိုတဲ့လူ ရယ်လို့ရှာမရသလိုပေါ့၊ ၊အဲ့သို့ကာလိုပျော်ရွှင်ဘွယ်ကောင်းတဲ့ နက္ခတ်ပွဲသဘင်ကြီး အချိန်အခါဟာ။ ရာဇဂြိုဟ်ပြည်ကြီးမှာ-၇ ရက်လုံးလုံး ပြုလုပ်နေကြဖြစ်တယ်တဲ့။ တနေ့သ၌ရာဇဂြိုဟ်ပြည် ကြီးမှာ–၇–ရက်လုံးလုံးကျင်းပမည့်နက္ခတ်ပွဲသဘင်တော်ကြီးရဲ့ အချိန်အခါဟာ။ ရောက်၍လာသဖြင့်တမြို့လုံးဆူညံပြီး၊"နက္ခတ်ပွဲ သဘင်ကြီးရောက်လာပြီ" ဆိုတဲ့ အသံဖြင့်-သိမ့်သိမ့်လျှံအောင် ကြွေးကြော်နေကြသတဲ့၊ ၊ထိုအခါ"သုမန"သူဌေးကြီးမှာ၊နက္ခတ် ပွဲသဘင်သို့သွားချင်သောစိတ်ဖြစ်ပေါ်လာတာပေါ့ အခြားတပါး များပြားစွာသောလူတွေလဲ။သူ့ထက်ငါသွားလာကြသတဲ့။ ၊ထို နက္ခတ်သဘင် ဆင်ယင်ကျင်းပပြုလုပ်ကြတဲ့၊ အစဖြစ်သော နေ့ မှာ–နံနက်စောစောအချိန်၌၊ အိမ်သို့သာတဲ့အစေခံ "မောင်ပုဏ္ဏ" ကို"သုမန"သူဌေးကြီးကသို့ကာလိုမေးမြန်းပေတယ်၊ ၊

(သူဌေး) လူကလေးမောင်ပုဏ္ဏ"ယနေ့ဘခင်တို့အားလုံးအခြွေ အရံတွေပါပရိုးပြီး၊ နက္ခတ်ပွဲသဘင်သို့အကာစားဝင်ကြမယ်၊ အ မောင်လူကလေးကောနက္ခတ်ပွဲကြီးမှာ မနွဲတော့ဘူလား၊ နေ့တိုင်း လိုအခယူပြီးလုပ်ရော်ရှိဘဲ့အလုပ်ကိုဘဲလုပ်မလား၊ ၊

(ပုဏ္ဏ) ကောင်းပါရဲ့သူဌေးမင်း၊သို့ပေမဲ့၊နက္ခတ်ပွဲသဘင်တော် ကြီးမှာ၊ဥစ္စာ,ပစ္စည်းရှိတဲ့သူများမှာသာနေရာ်ရကျပါတယ်၊ ကျွန်ုပ်

၏အိမ်မှာနက်ဖြန်စားဘို့အတွက်၊ ယာဂုကြို့ချက်စရာဆန်တောင် မရှိသေးပါဘူးသူဌေးမင်း။ ၊

(သူဌေး) တာဖြင့်နက္ခတ်ပွဲသဘင်သို့မလိုက်ဘူးပေါ့။ ၊

(ပုဏ္ဏ) ဟုတ်ပါတယ်သူဌေးမင်း၊ ကျွန်ုပ်ဘို့လိုလူဆင်းရဲလိုက်ဘို့ပွဲသဘင်မဟုတ်ပါဘူး။ နက္ခတ်သဘင်လိုက်လို့ အကျိုးရှိမယ် မထင်ပါဘူး။သူဌေးမင်း။ ၊

(သူဌေး) တာဖြင့်ဘာကိုအလိုရှိပါသလဲ၊ ၊

(ပုဏ္ဏ) နွားများကိုယူပြီးလယ်ထွန်လိုပါတယ်။ ၊

(သူဌေး) သည်လိုဆိုရင်လဲအကောင်းသားဘဲ၊ ကိုင်းနွားတွေထဲမှာကြိုက်ရာနွားများကိုယူပြီးလယ်ထွန်ပေတော့၊ ၊

(ပုဏ္ဏ) ကောင်းပါပြီသူဌေးမင်း။ နက်ဖြန်ထမင်းဟင်းအတွက် လယ်ကွက်သို့ဆင်းပြီးလယ်ထွန်ဘို့ဆုံးဖြတ်ပြီးပါပြီ၊ ။

အဲ-သို့ကလိုစားဘို့,သောက်ဘို့အတွက်။ နေ့ဆက်,ရက်ဆက် ဘယ်အကွက်မှ အေးတယ်လို့မရှိဘဲ။ မချိတရိဆင်းရဲတဲ့မှိုင်းငိုလို့ အတိဒုက္ခကြီးစွာသောဆင်းရဲသို့ ကျရောက်နေတဲ့ မောင်ပုဏ္ဏမှာ သူများတွေပျော်ရွှင်စွာပွဲသဘင်သို့ သွားပေမယ်လို့-နေ့စာ, ညစ(?) စားမရ-ရကြောင်းရှာကြံပြီး စားသောက်ရသူမို့၊ နက္ခတ်ပွဲသဘင်ကြီးသို့ မလိုက်နိုင်ရှာဘူး၊ ၊ပစ္စည်းဥစ္စာ၌ ကပ်ငြိတဲ့ လောဘကြောင့်မဟုတ်ရှာပါဘူး။တကယ့်ကိုစားစရာမရှိလို့-လိုက်ချင်ရက်သားနဲ့နေရစ်ရှာတာပါဘဲ၊ ။“သုခနေ” သူဌေးကြီးများမှာတော့ သူဌေးတို့၏ဘင့်တယ်ခြင်းဖြင့်ကြီးကျယ်ခန်းနားစွာ ပွဲသဘင်ရှိရာသို့ပျော်ရွှင်စွာသွားကြသတဲ့။ ။ပစ္စည်းဥစ္စာရှိလေတော့ အလွန်ဘဲပျော်နိုင်ကြတာပေါ့၊ ၊

ဆင်းရဲသားအဖေခံ “မောင်ပုဏ္ဏ” မှာလဲ။ သူဌေးကြီးအိမ်က ဝမ္ပိုးတဲ့နွားကြီးများကိုယူပြီး။ထွန်တုံး-ထမ်းပိုးတုံးတို့ပါ၊ အပြည့်အစုံဆောင်ကြဉ်း၍ မိမိအိမ်သို့ပြန်လာကာ။ မယားဖြစ်တဲ့ “ဥတ္တရာ” ကိုသို့ကလိုမှာရှာတယ်၊ “ချစ်နှစ်မ ဥတ္တရာ၊ မင်းနှင့်ငါတို့မှာတော့-လွန်စွာဆင်းရဲတယ်ဆိုတာသိပြီးသားပါဘဲ၊ မြို့ထဲမှာ

ရှိတဲ့လူတွေ-နက္ခတ်ပွဲသဘင်သို့ အကစား ဝင်ကုန်ကြတယ်၊ တို့ကြင်ရာပုံနှစ်ယောက်မှာတော့ မီးတောက်အောင် ဆင်းရဲနေတာကြောင့်၊ သူတကာတွေလိုပွဲသဘင်သို့ အကစားမဝင်နိုင်ကြဘူး၊ နက်ဖြန်ကစားဖို့အတွက်၊ လယ်ထွန်ရအောင် တောသို့သွားရမယ်၊ မင်းလဲဘဲ ပွဲသဘင်သို့ မသွားချင်ပါနှင့်တော့"၊ သို့ကလိုမှာရှာတယ်။ ။မယားလုပ်သူ"မယ်ဥတ္တရာ"ကလဲ၊ "ကောင်းပါပြီမောင်ဇ-ချစ်နှစ်မလဲဘဲ၊ မောင်မပါလျှင်-ပွဲသဘင်သို့နဲ့နဲကလေးမှ မသွားချင်ပါဘူး"လို့ပြောကြားရှာတယ်၊ ။မောင်ပုဏ္ဏက ဆက်လက် ပြောပြန်သည်မှာ၊ "ကောင်းလိုက်ထာကွယ်၊ စိတ်တူ, သဘောတူ၊ အမှုမကွဲဘဲနေရှာတာကို အထူးဘဲ ဝမ်းသာပါတယ်၊ ယနေ့ မောင့်အတွက်ထမင်းချက်ပြီး၊ တောထဲသို့ဆက်ဆက်ပို့လှဲ့ပါ၊ အိမ်မှာတော့သ္မီးကလေး"ဥတ္တရာ"အရှိသားဘဲ၊" သို့ကလိုမှာကြားပြီး၊ဆင်းရဲသား "မောင်ပုဏ္ဏ" မှာလယ်တောသို့ထွက်သွားရှာတယ်၊ ။"မယ်ဥတ္တရာ"ကလဲ၊ချစ်လင်ပြောခဲ့တဲ့စကားတွေကို မှတ်သားပြီး၊ တောသို့သွား၍ထမင်းပို့ရန်စီမံပြုလုပ်၍ တင်အားသမ္မျကလေးကိုပင်ချက်ပြုတ်၍ နေရှာသတဲ့၊ ။သ္မီးကလေး"မယ်ဥတ္တရာ"ကတော့အိမ်မှာနေရစ်ရရှာမှာပေါ့၊ ။

ဩဝါဒ-လောကကြီးတခွင်မှာ၊ ပစ္စည်း,ဥစ္စာတွေက ရှင်ဘုရင်ဖြစ်နေတာဘဲ၊ ကြည့်ပါလား-ပစ္စည်း,ဥစ္စာ, ရွှေ,ငွေ, ရတနာတို့နှင့် ပြည့်ပြည့်စုံစုံရှိတဲ့သူများမှာတော့ အစစ,အရာရာဂုဏ်ရောက်ပြီး၊ လူ့မာက်ကြီးတွေဖြစ်ပြီး အလိုရှိရာပြည့်စုံ၍၊ ကုန်လုံပေါများတဲ့ ပစ္စည်းတွေကြောင့်၊ အေးချမ်းသာယာစွာ ဘယ်နေရာမှ ပူပင်ရတယ်လို့မရှိဘူး၊ ပစ္စည်းဥစ္စာမရှိဘဲ အတိဒုက္ခ အလွန်ဆင်းရဲပြီး၊ မွဲပြာကျနေတဲ့သူတွေမှာတော့၊ဘယ်နေရာကမှမပြည့်စုံနိုင်ဘဲ အနှရှိဘိုင်းစိတ်ဆင်းရဲပြီး၊ "လူမွဲဖြစ်ရလေခြင်း" လို့စိတ်တွင်ငြီးငြူ၍၊ အသည်းအူတွေ ဆုပ်ပွက်လျက်ပူဒုတက်သာများနေကြရတော့တာပေါ့၊ ။"ငွေ့သို့ရှိ-ရှိသို့ငွေ့"ဆိုတာလို၊ပစ္စည်း,ဥစ္စာ, ရတနာရွှေ, ငွေ,နှင့် လိုလေသေးမရှိရအောင်၊ ပြည့်ဝစုံလင်တဲ့ သူများမှာတော့

သည်ဘဝမှာလဲ၊ လှူလိုလှူ-ဒါန်းလို့ဒါန်း၊ စိတ်မှန်းတိုင်းပြီးမြောက်ပြီး၊ လိုသလောက်ခရီးပေါက်နေတာပေါ့၊ 'မျှော့ထိုးပွဲ-ငွဲလိုမျှော့'' ဆိုတာလို၊ ပစ္စည်းဥစ္စာမရှိတဲ့သူများမှာတော့ ရတနာသုံးပါး-ထင်ရှားစွာရှိသော်လဲ၊ လှူဒါန်းဖို့ဥစ္စာကမရှိရှာတော့ မလှူဒါန်းနိုင်ဘူးပေါ့၊ အစစအရာရာ-လွန်စွာဂုဏ်ယုတ်ပြီး၊ သေးနုပ်လှတဲ့ ဘဝမျိုးမှာ ဖြစ်နေရတာကလား၊ ။

အဲ-သို့ကြောင့်''ထီးနှင့်ဘိနပ်မပါလျှင်၊ နွေအခါမှသိလိမ့်မည်၊ ဒါနနှင့်သီလမပါလျှင် သံသရာကျမှသိလိမ့်မည်'' လို့ရှေးစကားပုံ တခုကို ပညာရှိကြီးများမှာထားခဲ့ပေတယ်၊ လွန်စွာမှန်ကန်တဲ့စကားကြီးတခုပေပေါ့၊ ဒါနကုသိုလ်နဲ့တဲ့ သူတွေမှာ-လူမွဲနှင့်လူဆင်းရဲဖြစ်ရတယ်''ဆိုတာဟာအမှန်ပါဘဲ၊ ။ယခု''**မောင်ပုဏ္ဏ**'' နှင့် '**မယ်ဥတ္တရာ**'' တို့လင်မယားနှစ်ယောက်မှာ၊ရဲဆင်းမီးတွေတောက်ပြီး၊လူသွန့်မပေါက်နိုင်ကြရှာလို့- ပျော်ရွှင်ဘွယ်ကောင်းတဲ့နက္ခတ်ပွဲသဘင်ကြီးကို နွဲ့ချင်,ဝင်ချင်ရက်သားနှင့်စားစရာအတွက်၊ ပျော်ဘို့ဘက်ကို စိတ်မသက်နိုင်ကြရှာဘဲ ကိုယ့်လုပ်ခင်းဆောင်တာကို သာဂရုပြုပြီး၊ ယုယုယယနှင့် အပင်ပန်းခံ ဘာလုပ်ကိုင်နေကြရရှာတော့ဘယ်။ ။

## ''ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကြွလာခြင်း''

ရှင်တော်မြတ်ဘုရား၏၊များပြားစွာသောသာဝကအပေါင်းတို့တွင်၊ပညာ့အရာ၊မဟာဧတဒဂ်၊ ဘွဲ့ထူးဆက်၍၊ထက်အောက်ဘုံတွင်၊ပေါ်ထင်ကျော်ကြား၊ အဂ္ဂသာဝကကြီးတပါး ဖြစ်တော်မူသော၊ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကလဲ၊ နိရောဓသမာပတ်ချမ်းသာကို၊ ဝင်စား၍နေရာမှ၊ ခုနစ်ရက်စေ့ မြောက်သောရက်ဖြစ်၍၊ ထိုနေ့အခါမှာ၊ ယခင်နိရောဓသမာပတ်မှ-ထတော်မူသောအခါဖြစ်ပေတယ်၊ ။အဲ-ဤကဲ့သို့၊ နိရောဓသမာပတ်ချမ်းချမ်းသာမှ-ထပြီးနောက်၊ အရှင်ကိုယ်တော်မြတ်ကြီးသည်၊''ငါသည် ယနေ့-မည်သူ့အား ချီးမြှောက် ထောက်ပံ့ခြင်းကို ပြုရပါမည်

နည်း''ဟု ဆင်ခြင်ကြည့်ရှုတော်မူသတဲ့၊ ၊ထိုအခါ ကာလ၌၊ ''ဒိဗ္ဗစက္ခု'' တန်ခိုးဖြင့်၊ဆင်းရဲသားဖြစ်တဲ့ သူရင်းငှါးမောင်ပုဏ္ဏကိုမြင်တော်မူရသဖြင့်၊ ထပ်မံ၍ဆင်ခြင်ပြန်သည်မှာ၊ ''ယခုငါ၏ဒိဗ္ဗစက္ခုတည်းဟူသောဉာဏ်ကွန်ရက်၌ထင်လာသော မောင်ပုဏ္ဏသည်၊ရတနာသုံးပါး၌ကိုးစားယုံကြည်နိုင်တဲ့သဒ္ဓါတရားအားသန်သန်ရှိပါရဲ့လား၊ ငါကိုယ်တော်မြတ်သည်၊ထိုသူရင်းငှါး ''မောင်ပုဏ္ဏ''အားချီးမြှောက်ထောက်ပံ့ဘို့ သင့်လျော်ပါမည်လား'' လို့ဆင်ခြင်ကြည့်ရှုတော်မူပြန်တယ်၊ ၊သို့ကလို ဆင်ခြင်ကြည့်ရှုတော်မူပြန်တော့၊ ဆင်းရဲသားသူရင်းငှါးဖြစ်တဲ့ မောင်ပုဏ္ဏသည်၊ သဒ္ဓါတရားနှင့်လဲပြည့်စုံ၊ ချီးမြှောက်ထောက်ပံ့ဘို့ကလဲ့ အခွင့်ကြုံနေတာတွေကို၊ သေချာစွာ သိမြင်တော်မူတယ်၊ကိုယ်တော်မြတ်ချီးမြှောက် ထောက်ပံ့သော အကြောင်းကြောင့် ''မောင်ပုဏ္ဏ''မှာ၊ကြီးကျယ်များပြားအံ့တပါးဖြစ်လောက်တဲ့ စည်းစိမ်တွေကိုယခုမျက်မှောက်ဘဝမှာပင်၊ မကြာချက်ခြင်း၊ ရနိုင်ခြင်းသဘောများကိုလဲ၊အကွင်းသားထင်မြင်တော်မူတယ်၊ •

အဲ သို့ကလိုဆင်ခြင်ပြီး၊ပြဆိုခဲ့တဲ့အကြောင်းများကိုမြင်တော်မူတဲ့အခါ၊ ''ရှင်သာရိပုတ္တရာ'' မဟာထေရ်မြတ်ကြီးသည်၊ သပိတ်,သင်္ကန်း,စသောပရိက္ခရာများကိုယူ၍၊ ကောင်းကင်ခရီးဖြင့်၊လယ်ထွန်နေရှာတဲ့သူရင်းငှါး''မောင်ပုဏ္ဏ''ရှိရာသို့ကြွသွားတော်မူပြီးလျှင်၊တခုသောလယ်ကံသင်းပေါက်မှာရပ်တန့်လျက် သစ်ပင်ငယ်ကလေးတခုကိုကြည့်ရှု၍ နေတော်မူသတဲ့၊ ၊သူရင်းငှားဖြစ်တဲ့''မောင်ပုဏ္ဏ''ကလဲ၊ ဘွားကနဲကြွလာတော်မူတဲ့ ''ရှင်သာရိပုတ္တရာ'' မဟာထေရ်မြတ်ကြီးကို မြင်ပါရော၊ ၊သို့ကလိုမြင်သည်နှင့်တပြိုင်နက်၊ ထွန်လျက်ရှိတဲ့နွားများနှင့်တကွ၊ ထွန်သွား,ထွန်ဘုံး,တို့ကိုထားခဲ့ပြီး၊ ''ရှင်သာရိပုတ္တရာ'' ရှိရာသို့သွား၍၊ငါးပါးသောထိခြင်းဖြင့်၊ ဝပ်စင်းကာညွှတ်ကျိုး၍၊ ရိုသေစွာရှိခိုးရှာသတဲ့၊ ၊ရှိခိုးပြီး၍၊ ''မထေရ်မြတ်ကြီးရပ်တန့်ပုံမှာ၊ တခုသောသစ်ပင်ငယ်ချုံကလေးကိုကြည့်ရှု၍ ရပ်တန့်တော်မူတယ်၊ ဧကန်

ဒန်ပူကိုအလိုရှိလို့ဘဲ''ဆဲသို့ကလိုတွေးတောပြီး၊ ဒန်ပူများကို ကပ်ပြီ၍လှူဒါန်းဆက်ကပ်ရာသဘဲ့၊ ၊သို့ကလို၊ဒန်ပူကိုဆက်ကပ်လှူဒါန်းလိုက်တဲ့အခါမှာ၊ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက၊ မောင်ပုဏ္ဏားအား၊သပိတ်နှင့်ရေစစ်ကိုပေးသနားလိုက်ပြန်တယ်။ ၊ ထိုအခါမောင်ပုဏ္ဏားကလဲ၊အလွန်ထက်မြက်သောသဒ္ဓါတရားဖြင့်၊ သပိတ်နှင့်ရေစစ်ကိုယူထားပြီး၊သို့ကလိုစဉ်းစားပြန်တယ်၊''ကိုယ်တော်မြတ်ကြီးက သပိတ်နှင့် ရေစစ်ကို ပေးတဲ့ အလိုထောက်တော့ ကေန်မျက်နှာသစ်ဘို့ရေကိုအလိုရှိတော်မူတာဘဲ'' သို့ကလို တွေးတောပြီး၊သဒ္ဓါတရားခပ်သန်သန်နှင့်အမြန်ပင်ရေရှိရာသို့သွား၍၊အမှုန်နှင့်ပိုးလောက်များမပါအောင်၊ ကောင်းမွန်စွာရေကိုစစ်၍၊ ရှင်သာရိပုတ္တရာမထေရ်မြတ်အား၊ ဆက်ကပ်ပြန်တယ်၊အလိုက်သိစွာနှင့်၊သဒ္ဓါအားထက်မြက်ပြီး၊ဆက်ကပ်လိုက်ရတဲ့အလှူဝတ္ထုဟာ၊သာမညမမှတ်ကြနဲ့နော်၊ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကလဲ၊နိရောဓသမာပတ်မှ-ထစအခါ၊ ရဟန္တာလဲ ဖြစ်ပြန်သဖြင့်၊အလှူခံပုဂ္ဂိုလ်ကတော့ အပြစ်အကင်းဆုံးဖြစ်ပေတယ်။ ၊ လှူဘွယ်ဝတ္ထုကလဲ၊သဒ္ဓါဒေယျ၊ကပ္ပိယဝတ္ထုဖြစ်သဖြင့်၊ သန့်ရှင်းစင်ကြယ်၊ဘယ်အပြစ်မှမငြိတွယ်ဘူးလို့ဆိုရမှာပေါ့၊ လှူတဲ့ဒါယကာကလဲ၊ထက်မြက်သောသဒ္ဓါ၊ ကြည်လင်စွာသော စေတနာရှိတော့အထူးပြောဘို့မလိုပါဘူး၊ ''သန္ဒိဋ္ဌိက'' မျက်မှောက်ဘဝ၌၊ အကျိုးပေးနိုင်တယ်ဆိုတာဟာ၊ ဤကဲ့သို့သော အင်္ဂါများနှင့်ညီညွတ်မှပေးနိုင်တာကလား။ ၊

''ရှင်သာရိပုတ္တရာ''မထေရ်မြတ်ကြီးလဲ၊ဆင်းရဲသား ''မောင်ပုဏ္ဏား'' လှူဒါန်းတဲ့ဒန်ပူနှင့်ရေများကို ကောင်းမွန်စွာ အလှူခံပြီး၊သို့ကလို အကြံဖြစ်တော်မူတယ်၊ ၊''ယခုအလှူဒါယကာ-သူရင်းငှါးမောင်ပုဏ္ဏားသည်၊သူတပါးအိမ်မှာ၊ နောက်ကအသွယ်ချ၍နေရသူတယောက်ဖြစ်ပေတယ်၊ ၊အကယ်၍၊ငါသည်သူ့ဘို့နေရာအိမ်သို့ကြွသွားက မောင့်ပုဏ္ဏားရဲ့မယားသည်၊ ငါ့အားဖူးမြင်ခွင့်ရမှာမဟုတ်ဘူး၊ သို့အတွက်၊အကြင်မျှလောက်အတွင်းမှ၊ မောင်ပုဏ္ဏား

ရဲ့ကြင်ရာ"**မယ်ဥတ္တရာ**"သည်၊ ထမင်းကိုယူ၍ လင်ယောကျ်ား စားရန်၊အပို့လာလတ်၊ထိုအချိန့်အတွင်းကျအောင်၊ ၎င်းနေရာအ ချပ်ကာငါ စောင့်စား၍နေမည်၊ ယနေ့ဆင်းရဲသော လင်မယားနှစ် ယောက်တို့အားချီးမြှောက်ဖို့အခါ ဖြစ်ပေတယ်"၊ သို့ကာလ အကြံ ဖြစ်ပြီး၊မောင်ပုဏ္ဏရဲ့လှူဒါန်းပုံများကို၊ အနုမောဒနာပြု၍ ရောင်လွှဲ ပြီး၊ မြို့ထဲသို့သွားသောခရီးလမ်းကြီးကို ဖြောင့်တန်းစွာကြွသွား တော်မူတယ်၊

"မယ်ဥတ္တရာနှင့်တွေ့ကြုံခြင်း"

"မောင်ပုဏ္ဏ"ရဲ့ကြင်ရာ-"မယ်ဥတ္တရာ"ကလေးကလဲ၊ မိမိ ယောကျ်ားမှာထားခဲ့သောအတိုင်း၊မဆိုင်းမတွဲထက်သန်တဲ့ လို လဖြင့်၊ရှိသမျှကလေးတွေကိုစုဆောင်းပြီး အကောင်းဆုံးအနေဖြင့်၊ မိမိကိုယ်တိုင် ချက်ပြုတ်လာခဲ့တဲ့ ထမင်းတောင်းကလေးကို၊ ဦး ခေါင်းမှာတင်၍၊ လင်ယောကျ်ားရှိရာသို့၊ ထမင်းပို့ထွက်လာရာ တယ်၊အိမ်မှာတော့၊သွားကလေးမယ်ဥတ္တရာနေရစ်ရှာတာပေါ့၊ ၊

"မယ်ဥတ္တရာ"ကလဲ၊အိမ်ကတောသို့အလာ၊"ရှင်သာရိပုတ္တ ရာ"ကလဲ၊မြို့ဆီသို့ကြွအသွား၊ လမ်းခရီးအကြားမှာ၊ ဘွားကနဲ တွေ့ဆုံကြပါရော၊ ၊သည်တော့"မယ်ဥတ္တရာ"မှာ "ရှင်သာရိ ပုတ္တရာ"မထေရ်မြတ်ကြီးကိုဖူးမြင်ရသည်နှင့် တပြိုင်နက်ထက် မြက်သောသဒ္ဓါအားကြောင့် သို့ကာလိုစိတ်ထားဖြင့်၊ဘွားကနဲ အ ကြံအစည်ဖြစ်ရှာသတဲ့၊ ၊"သြော်-ရှေးရှေးကာလ၊ တကြိမ်တ ခါသမယမှာ၊မြတ်လှတဲ့ အလှူခံအရှင်မြတ်တွေကို၊ ပင်ပင်းပါတွေ့ ကြုံရသော်လဲ ငါ့မှာလှူဘွယ်ဝတ္ထုတရုတ်ချမျှမရှိသည်နှင့် လှူဒါန်း ဘို့ရာအသမြောက်ခဲ့ဘူးဘာခါတလေတော့လဲ၊ လှူဘွယ်ဝတ္ထု၊ တဂုံတရလက်ထဲရှိပါရဲ့၊အလှူခံအရှင်မြတ်တွေကို၊ ယခုလိုမတွေ့ ကြုံရဘူး၊ယနေ့ဖြင့် ငါ့မှာလှူစရာဝတ္ထုလဲပါတယ်၊ အလှူခံအရှင် မြတ်ကိုလဲဆတ်ဆတ်ပင် ဖူးမြင်တွေ့ကြုံရတယ်"၊ ၊အဲ-သို့က လိုအကြံအစည်ဖြစ်လာရှာသတဲ့၊သဒ္ဓါတတ်နိုးဆော်တော့၊ သင့် လျော်တဲ့အကြံတွေဟာ၊ အမြန်ကြီးပေါ် ပေါက်လာတာပေါ့၊ ၊

## မယ်ဥတ္တရာ အကြီဖြစ်သော "ရုစနာဂါထာ"

ကောဒါ ဒေယျဓမ္မောပိ၊ နယျော ပသာဒမိ သာဒ အဟံ။
ပသာဒ္ဒိ အယျောကော ပုဗ္ဗေ၊ ဒေယျဓမ္မော နုပိဋ္ဌတိ။
အဇ္ဈ မေ အယျား ကာ ဒိဗ္ဗော၊ ဒေယျခမ္မော စ ပိဋ္ဌတိ။

ကောဒါ၊ အခွင့်သင့်လျော်၊ အကြောင်းတော်၍၊ ပေါင်းဘော်တွေ့ပြန်၊ တခါတရံ၌၊ သာအဟံ၊ ဆင်းရဲစွာလှ၊ ထိုကျွန်တော်မသည်၊ ဒေယျဓမ္မောပိ၊ လှူဘွယ်ဝတ္ထု၊ တခုရှိပါသော်လည်း၊ အယျေ၊ အလှူခံဘတ်၊ အရှင်မြတ်တို့ကို၊ နပသာဒမိ၊ အကြောင်းမတော်၊ ခွင့်မလျော်၍၊ ဖူးမျှော်တွေ့ကြုံခွင့်မရခဲ့ပေ၊ ပုဗ္ဗေ၊ ရှေးရှေးကာလ၊ သမယကာ၊ အသျှကော၊ အလှူခံဘတ်၊ အရှင်မြတ်တို့ကို၊ ပသာဒ္ဒိ-ပသာဒ္ဒိ၊ ပို၊ ပက်ပင်းပါပင်၊ ဖူးမြင်တွေ့ကြုံရ ပါသော်လဲ၊ ဒေယျဓမ္မော၊ လှူဘွယ်ဝတ္ထု၊ တခုခုမျှ၊ နုပိဋ္ဌတိ၊ မရှိခဲ့ရိုးမှန်ပါသည်တကား၊ အဇ္ဈ၊ မျက်မြင်ကြုံတွေ့၊ ယခုနေ့၌မူကား၊ မေ-မယာ၊ ဆင်းရဲစွာလှ၊ ကျွန်တော်မသည်၊ အယျကောစ၊ အလှူခံတတ်၊ အရှင်မြတ်ကိုလည်း၊ ဒိဗ္ဗော၊ ပက်ပင်းထင်ထင်၊ ဖူးမြင်ရပြီတကား၊ ဒေယျဓမ္မောစ၊ လှူဘွယ်အခင်း၊ ဆွမ်းနှင့်ဟင်းသည်လည်း၊ ပိဋ္ဌတိ၊ ယခုအမှန်၊ ကောင်းရှိပေ၏တကား။

ဆဲ-သို့ကလိုအကြီအစည်ဖြစ်ပေါ် လာခြင်းဟာ၊ သဒ္ဓါအားနှိုးဆော်သဖြင့်၊ သင့်လျော်သော အကြီဖြစ်ပေါ်လာခြင်းလို့မှတ်ရမယ်၊ သို့ကလိုကြံစည်ပြီးနောက်၊ ယနေ့ဖြင့်လွန်စွာ အကြောင်းညီညွတ်ပေတယ်၊ ရှေးအခါကတော့၊ တခါမျှအကြောင်းမညီညွတ်ခဲ့ဘူး၊ အလှူဝတ္ထုနှင့်အလှူခံ၊ သူတပြန်ငါတလှဲ၊ လွဲချင်တိုင်းလွဲခဲ့ပြီး၊ မွဲဘဲ့ကံဇာတာဘဲမကုန်နိုင်ဘူး၊ ယနေ့တော့၊ အလှူခံပုဂ္ဂိုလ် အရှင်ကိုလဲ့၊ ဖူးမြင်ကြုံတွေ့ရပြီ၊ လှူဘွယ်ဝတ္ထုကလဲပါရှိဘယ်၊ "ကဲ-မယ်ဥတ္တရာ၊ ဆင်းရဲတဲ့နင့်ဘဝကိုသနားညှာတာကရုဏာရှိဘဲ့ သဘောရှိတာဖြင့်၊ ဟောဟိုကကြွလာတဲ့ အလှူခံပုဂ္ဂိုလ် "အရှင်သာရိပုတ္တ

ရာ'' သေရိသခင်ကို ကြည်လင်တဲ့ စိတ်ထားဖြင့်၊ ဝပ်တွားကာ ပဏာမကြေ ရှိခိုး သာဓုကာနတော့ပြီး၊ မောင်လျှော ဦးညွှတ်ခါ၊ ပါလာတဲ့ထမင်းဘောင် ...ကို လှူဒါန်း ...ကင်လိုက်ပေတော့'' လို့ မိမိစိတ်ကိုသဒ္ဓါအားရနှင့် အားပေးကုညီပြီးနောက်၊ အနီးသို့ရောက်လာတဲ့ရှင်သာရိပုတ္တရာမထေရ်မြတ်အား၊ ငါးပါးသောထိခြင်းဖြင့်၊ ရှိသေစွာရှိခိုးပြီး၊ သို့ကလို လျှောက်ထားရှာတယ်၊ ။ ''အရှင်ဘုရား၊ ဤဆွမ်းခဲဘွယ်များကို၊ ယုတ်ညံ့သည်၊ မွန်မြတ်သည်၊ ဘယ်သို့မျှမကြံစည်ဘဲ၊ ခင်းခင်းရဲရဲ မွဲမွဲတေတေသူများအိမ်မှာနေပြီး အခြေလှုပ်ရတဲ့၊ ကျွန်အနုပ်များကို သနားသဖြင့် ချီးမြှောက် ထောက်ပံ့ခြင်းကို ပြုတော်မူပါဘုရား''၊ အဲသို့ကလို လျှောက်ထားသတဲ့ ''ရှင်သာရိပုတ္တရာ''မဟာထေရ်မြတ်ကြီးကလဲ၊ သပိတ်တော်ကိုအသာဖွင့်ပြီး၊ ပေးလှူအပ်ကင်သောဆွမ်းကို အလှူခံရှာတယ်၊ ။ ဆွမ်းလောင်းလို့ ထက်ဝက်လောက် ကုန်တော့၊ ''ရှင်သာရိပုတ္တရာ'' မထေရ်မြတ်က၊ ခင်းရဲရှာသည်ကို ထောက်ထားညှာတာ—ကရုဏာရှိတော်မူသဖြင့်၊ ''တော်ပြီ'' ဟု တားမြစ်၍သပိတ်ကိုလက်ဘော်နှင့်ပိတ်တော်မူတယ်ကွဲ၊ ။ ထိုအခါ၊ ''သေဋ္ဌဦးအဖြူ'' ... က၊ ''အရှင်ဘုရား၊ တယောက်စာအတွက်ချက်ပြုတ်၍လာတဲ့ဆွမ်းကို၊ နှစ်ဝမ်းစာခွဲပြီးတာက်လဲကိုသာ အလှူခံတော်မမူပါနှင့် အရှင်မြတ်ဘုရားတို့သည် ခင်းရဲသားတပည့်တော်မတို့အား၊ ဤယခုဘဝအတွက်၊ ချည်ရှုချက်ရှိ၍၊ ချီးမြှောက်ထောက်ပံ့ တော်မမူပါနှင့်၊ သံသရာတခွင်၊ နောက်နောက်သော ဘဝ အခွင့်၌၊ ကျင်လည်ရတဲ့ အခါမှာသာ၊ ချီးမြှောက်ထောက်ပံ့တော်မူပါဘုရား'' လို့လျှောက်ထားပြန်သတဲ့၊ ။ ... ရာခဲ့စကားကို၊ ကြားကြရဲ့မဟုတ်လား သူ့ အဇ္ဈာသယ်သဘောကို၊ အများကြီးအတုယူကြကောင်းတယ်၊

လျှောက်ထားချင်းကတော့ ''အရှင်ဘုရား၊ ယခုလှူတဲ့ဆွမ်းက၊ တယောက်စာမျှ ချက်ပြုတ်၍လာခဲ့သော ဆွမ်းဖြစ်ပါသည်၊ ဤကဲ့သို့တယောက်စာမျှချက်ပြုတ်၍လာခဲ့တဲ့ဆွမ်းကို၊ နှစ်ဝမ်းစာ

ခွဲ၍တဝက်ထဲကိုသာအလှူခံတော်မမူပါနှင့်၊ တပည့်တော်မ-ယခုလှူခြင်းမှာ၊ မျက်မှောက်ကာလ၊ ယခုဘဝအတွက်၊ ရည်ရွယ်ချက်ရှိ၍လှူဒါန်းသည်မဟုတ်ပါဘုရား၊ ယခုဘဝမှာတော့-ဘာသ်လိုပင် လှူလှူ၊ ကြည်ဖြူတဲ့သဒ္ဓါတရားနှင့်ဘယ်လိုပင်ပေးပေး၊ ချမ်းအေးဘို့အကျက်ကဖြင့်အတော်ဘဲခက်လှပါတယ်ဘုရား၊ သို့ကြောင့်၊ ယခုဘဝကိုချီးမြှောက်သောအနေဖြင့် ပြုတော်မမူပါနှင့်၊ နောင်တလွှန့်သံသရာမှာ-ဤကဲ့သို့ရတ်ရတ်,ချာချာနှင့်၊ ကျွန်ဇာတာမပါစေခ်နဲ့ရည်သန်ငြိုးလှူဒါန်းခြင်းဖြစ်ပါတယ်ဘုရား၊ နောင်သံသရာအတွက်ကိုသာချီးမြှောက်ထောက်ပံ့တော်မူပါဘုရား၊'' အဲ-သို့ကလိုလျှောက်ထားလိုရင်းဖြစ်ပေတယ်၊ ၊

အင်း''ဥတ္တရာ''ရဲ့စကားက၊ယခုဖြစ်ရတဲ့ဘဝဟာအလွန့်အလွန်သေးနုပ်၍၊ လူရုပ်,လူရည်မပြီသသောဘဝဖြစ်သဖြင့် အတော်ဘဲမနှစ်သက်ပုံရတယ်၊ ကိုယ့်ဘဝအတွက်-ကိုယ့်ကံကဆိုးချက်ကို၊ အတော်ကြီးညှိုးလျက်''ယခုဘဝမှာတော့ငါတို့ဘယ်လိုပင်လှူဒါန်းသော်လဲ၊ ချမ်းသာဆိုတဲ့ပွဲကြီးကိုဖြင့်နိုးရမှာမဟုတ်တော့ပါဘူး''လို့စိတ်နှလုံးကို ဖိုးဒိုးချထားလို့သာ၊သို့ကလိုလျှောက်ထားခြင်းဖြစ်ပေတယ်၊ ၊အဲ-သို့ကလိုလျှောက်ထားပြီး၊''တပည့်တော်မသည်ရှိသမျှဆွမ်းတွေကိုအကုန်လှူလိုပါတယ်'' လို့လျှောက်ထား၍၊ ပါလာသမျှဆွမ်းကလေးကို အားလုံးပင် လှူဒါန်းလိုက်သတဲ့၊ တယ်တော်တဲ့ စေတနာတွေပေါ့၊ ချီးမွမ်းထိုက်ပါပေတယ်၊ ရက်ရက်ရောရော-အနှမြောမရှိဘဲ၊ လှူဒါန်းလိုက်ပုံဟာ အပုံကြီးအံ့သြဘို့ကောင်းသပေါ့၊ ၊သို့ကလိုလှူဒါန်းပြီးမှ ''ဥတ္တရာ'' ကလျှောက်ထားပြန်သည်မှာ၊ ၊''အရှင်ဘုရား၊အရှင်ဘုရားတို့၏မျက်မှောက်မှာပင်ကုသိုလ်ရှင်များ၏အကျိုးတရားထင်ရှားစွာဖြစ်ပါစေဘုရား''လို့ဆုတောင်းလိုက်ပြန်တယ်၊ ၊''ရှင်သာခရိပုတ္တရာ''မထေရ်မြတ်ကြီးကလဲ့၊''သင်လျှောက်ထား ဆုတောင်းသောအတိုင်း ဖြစ်စေသတည်း'' လို့မိန့်မြွက်ပြီး၊ မတ်မတ်ရပ်လျက်ပင်ဆွမ်းသွတ်တဲ့ကုသိုလ်ရှင်''ဥတ္တရာ''ကလေးအား၊ အနုမောဒနာပြု၍ သောက်ရေ,သုံးရေ

တို့ဖြင့်ပြည့်ရုံတဲ့နေရာတခုမှာ၊ "ဥတ္တရာ" ဟူလိုက်တဲ့ဆွမ်းကိုချမ်းသာစွာသုံးဆောင်တော်မူသတဲ့။

### မယ်ဥတ္တရာဘိမာန်သို့ပြန်သွားရပြန်ခြင်း။

ဆင်းရဲသူ "မယ်ဥတ္တရာ" ကလေးလဲ၊ မိမိ၏ချစ်လင်သခင် "မောင်ပုဏ္ဏ" အတွက်၊ ချက်ပြုတ်၍ယူလာတဲ့ထမင်းဟင်းများကို "ရှင်သာရိပုတ္တရာ" မထေရ်မြတ်အား၊ သဒ္ဓါတရားထက်ထက်နှင့် နှစ်သက်စွာလှူဒါန်းလိုက်ရသဖြင့် အိမ်သို့ဘခါပြန်ပြီး၊ ဆန်များကိုရှာဖွေ၍ထမင်းချက်ရပြန်ရှာတယ်၊ နောက်တခါချက်ပြုတ်၍နေရတယ်ဆိုတော့ အတော်ဘဲနေမြင့်ပြီးအချိန်နတော့ဖြင့်ကုန်ရောပေါ့၊ နေ့စာစားချိန်ကကျော်လွန်ပြီးနေတော့-နံနက်ကထဲက ဘာမှမစားရသေးတဲ့ "မောင်ပုဏ္ဏ" မှာဖြင့်အတော်ဘဲဆာရှာတော့မှာဘဲ၊ သူ့ခမြာကလေးလဲ-သုတ်သီး၊ သုတ်ပြာ ကပျာကရာနှင့်ထမင်းများကိုချက်ပြုတ်ပြီး၊ ခတ်သုတ်သုတ်ကလေး "မောင်ပုဏ္ဏ" ရှိရာသို့ထမင်းပို့ရန် သွားရှာပြန်တယ်၊ တောထဲမှာ လယ်ထွန်နေရှာတဲ့ "မောင်ပုဏ္ဏ" မှာဖြင့် ဂ)ကရိသလောက်ရှိတဲ့လယ်[illegible]ကိုထွန်ပြီး၊ အချိန်လွန်သော်လဲ ထ[illegible]ပို့မလာသေးတဲ့၊ မယ်ဥတ္တရာကိုသာမြှော်လင့်ပြီး အလွန့်အလွန်ဆာလောင်မွတ်သိပ်လှသဖြင့်သည်းမခံနိုင်ဘဲရှိနေရှာတယ်၊ ဘယ်သို့ပင်ဖြေသော်လဲ-မပြေတဲ့မွတ်သိပ်ခြင်းက၊ အတင်းပင်နှိပ်နင်းလျက်ရှိသဖြင့်နွားများကိုဖြုတ်ပြီး၊ တခုသောသစ်ပင်ရိပ်မှာနေ၍ "ဥတ္တရာ" လာမဲ့လမ်းကိုသာ တန်းတန်းမတ်မတ်၊ မပြတ်အောင်ကြည့်ရှု၍နေရှာသတဲ့၊ အူတွေက ဝမ်းတွင်းမှာတလှိုက်လှိုက်[illegible]ကြိုက်ကြိုက်ဆူမလောက်ဖြစ်နေတော့၊ ဘြာမှာမပေါ်လာသူကိုသာအမြော်ရိုက်ပြီးနေတော့တာပေါ့၊

"မယ်ဥတ္တရာ" ကလဲထမင်းတောင်းကို ဦးခေါင်းမှာရွက်ခါ သွက်သွက်ကြီးလာ[illegible] မကြာမီ "မောင်ပုဏ္ဏ" ယာထွန်ရာသို့ရောက်သွားသတဲ့၊ ထိုအခါ "မယ်ဥတ္တရာ" ကသူ၏သခင်-ချစ်လင်မောင်ပုဏ္ဏမှာ၊ အလွန့်အလွန်ဆာလောင်မွတ်သိပ်၍စိတ်မသာ

ပုံသဏ္ဌာန်နှင့်လာမဲ့လမ်းကို ဖြောင့်တန်းစွာမြော်လင့်နေရှာသည်
ကိုမြင်လေတော့၊ "သြော်ငါ့သခင်-ချစ်လင် "ကဒိုပုဏ္ဏား"မှာ များ
စွာဆာလောင်ပြီးနေရှာရော့ထင်ပါရဲ့၊ ငါ့ကို စိတ်ဆိုးပြီး "အမျိုး
ယုတ်မ၊ ဘာကြောင့်သည်လောက်တောင်နေမြင့်ပြီးဖင့်ဖင့်နွဲ့နွဲ့ ပြု
လုပ်နေရတာလဲ" စသည်ဖြင့်ငြိမ်းချောက်၍' တဗျာနှင်တန်ကြိမ်န
ကန်ဖြင့်အမှန်ရိုက်တော့မှာဘဲ၊ ငါ့ကိုရိုက်မှဖြင့်-ငါပြုခဲ့တဲ့ ကုသိုလ်
တွေဟာအလကားဖြစ်ကုန်တော့မှာပေါ့ဘဲ၊ ငါ့ကိုမရိုက်မီ စော
စောကကြိုတင်ပြီး၊ချစ်လင်"ကဒိုပုဏ္ဏား"ကိုပြောမှဘဲ" ဟုနှလုံးပိုက်
၍၊ သို့ကလိုပြောလိုက်ရှာသတဲ့၊ ။"အိုကျွန်မသခင်ချစ်လင်ကို
ကိုပုဏ္ဏား၊ ယနေ့တော့-တနေ့လုံးစိတ်နှလုံးကြည်ကြည်နှင့် ခင်တည်
တည်ကလေးနေပါ၊ ကျွန်မပြုခဲ့ဘဲ့ ကုသိုလ်အမှုကို အကျိုးမရှိ
အောင်မပြုပါနှင့်နော်၊ ကျွန်မပြောပြပါအုံးမယ်၊ ဟိုနေ့က စားချိန်
ခပ်စောစောကဘဲ၊ ရှင့်အတွက် ထမင်းရော,ဟင်းရော, ချက်ပြီး
ရွက်ဆောင်လာခဲ့၊ လမ်းခရီးအကြားမှာ တရားစေ်သူကြီးဖြစ်တဲ့
"ရှင်သာရိပုတ္တရာ"ကိုယ်တော်မြတ်ကြီးနှင့် အဆင်သင့်ကြုံတွေ့ရ
သဖြင့်၊ ကျွန်မ်လဲသဒ္ဓါတရားများများနှင့်ရှင့်ဖို့ချက်လာဘဲ့ ထမင်း
တွေကိုလှူဒါန်းလိုက်ရကုန်သွားသဖြင့်၊အိမ်သို့တခါပြန်ပြီး မြန်မြန်
ချက်ပြုတ်၍ ခတ်သုတ်သုတ် လာခဲ့ဘာဘဲ၊ အဲဒါကြောင့်—ယနေ့
တော့တနေ့လုံးစိတ်ကြည်ကြည်နှင့်ခင်တည်တည်ကလေးနေပါ"၊အဲ
သို့ကလိုပြောကြားလိုက်သော အခါမှာ၊ လွန်စွာမောပန်းပြီး ဝမ်း
တွင်းကတကြုတ်ကြုတ်နှင့်ကလျှပ်လျှပ်နေဘဲ့ "ဓမ္မဒိန်ပုဏ္ဏား"မှာ လွန်
စွာသာယာဘဲ့သဘောနှင့်သို့ကလိုပြောလိုက်တယ်၊ ။"အိုချစ်နှမ
ဥတ္တရာ၊ ယခုပြောလိုက်ယာကုန်ကောင်းစွာ နားမလည်လိုက်ဘူး၊
ဘာကိုပြောတာလဲ"ဟုမေးတော့၊ဥတ္တရာက-ယခင်အကြောင်းများ
ကိုပြန်လှန်ပြောဆိုသောအခါမှ၊ မောင်ပုဏ္ဏကကောင်းစွာကြားသိ
ရသဖြင့်သို့ကလိုပြောကြားပြန်သတဲ့ ။"အိုချစ်နှမဥတ္တရာ၊ သင်
ပြုလုပ်သာခဲ့တဲ့အမှုဟာလွန်စွာကောင်းတာဘဲ၊ကျွန်ုပ်ဘို့ချက်ပြုတ်
လာတဲ့ထမင်းတွေကို "ရှင်သာရိပုတ္တရာ" အားလှူဒါန်းလိုက်ထာ

ပါး လွန်စွာဝမ်းသာရကြီးပေါ့၊ ... လဲ ... သည် "ရှင်သာ
ရိပုတ္တရာ" အရှင်မြတ်ကြီး အား ... ဘောင်ဘောင်-ဒါနပူဇော်မျက်
နှာသစ်ရေများကို လှူဒါန်းလိုက်ပါတယ်" လို့ပြောကြားပြီး၊ နှစ်
ယောက်သား ... တာ ... ကားကို တယောက် အပုံကြီးဝမ်း
မြောက်၍ ... သိလမ်း ... ကြသတဲ့၊ ။ "မောင်ပုဏ္ဏ" မှာ၊ အ
လွန်ရှုမြင့်မှ ထမင်း ... ရသဖြင့်-ပင်ပန်း နွမ်းချိသော ကိုယ်စိတ်
ကြော ဘိမှိတ်လောက်အိပ်လိုသည့်အတွက် "မယ်ဥတ္တရာ" ရဲ့
ရင်ခွင်ထက်မှာဦးခေါင်းတင်ပြီး၊ စိတ်ကြည်လင်စွာထား၍ အိပ်ရှာ
သတဲ့၊ ။

"ရစနာဂါထာ"

ဥတ္တရာသာမိကော ပုဏ္ဏော။ လဒ္ဓဘတ္တာသယ ဥဿုရေ။
တာသာ အင်္ကေ သိရံကတွာ။ နိဒ္ဒံ ဩက္ကမိ တင်္ခဏေ၊ ။

ဥတ္တရာသာမိကော၊ ဥတ္တရာမည်ရှိ ထိုမိန်းမ၏။ သာမိကု သခင်
ချစ်လင်ယောကျ်ားဖြစ်သော၊ ပုဏ္ဏော၊ ပုဏ္ဏခေါ်ငြား။ ဆင်းရဲသား
သည် ဥဿုရေ၊ စားချိန်တန်ဖြင့်၊ အခါလွန်၍၊ နေမြင့် သောကာလမှ၊
လဒ္ဓဘတ္တာသယ၊ ရအပ်သောထမင်းရှိသည်၏အဖြစ်ကြောင့်ပါ၊ ထ
မင်းကိုစားရသည်၏အဖြစ်ကြောင့်၊ တာသာ၊ ထိုမယ်ဥတ္တရာ၊ သူ့
ကြင်ရာ၏။ အင်္ကေ၊ ယဉ်အသွင်၊ ထက်ရင်ခွင်၌၊ သိရံကတွာ၊ ဦး
ခေါင်းကိုအသာကလေးထား၍ တင်္ခဏေ၊ စားပြီးသည်မှ၊ ထိုခဏ၌၊
နိဒ္ဒံ၊ ပင်ပန်းရှာသောစိတ်ခြင်းကြောင့်၊ အိပ်ပျော်ခြင်းသို့၊ ဩက္ကမိ၊
သောသျှင်မကြာ ... ကျရှာလေတော့သတည်း။ ။

"ထူးဆန်းသောရွှေဒိုင်ခဲများ။"

အဲ-သို့ကလို "မောင်ပုဏ္ဏ" မှာ၊ ပင်ပန်းကြီးစွာနှင့်ဆင်းရဲရှာသည့်
အတွက်-ခဏတွင်ပဲ့အိပ်ပျော်နေတုန်း။ ဖြုန်းကနဲဆို-နံနက်စောစော
က "မောင်ပုဏ္ဏ" ထွန်ထားတဲ့မြေသား၊ မြေစိုင်တွေက၊ တဖြိုင်ဖြိုင်အ
ရောင်ထွက်ပြီး။ တလက်လက်ထိန်လင်း၍ရွှေအဆင်းတွေဖြစ်နေသ
တဲ့၊ မြေမှုန့်ကလေးတွေကစပြီး၊ အလွန်ကြီးမားတဲ့မြေစိုင်,မြေခဲတွေ

ကျေးအောင်၊ယာတပြင်လုံးမှာနီမြန်းပြီး၊ မဟာဇော်ကားပန်းတွေပွင့်၍နေသလို၊ ကြက်သရေတင့်လျှမ်း၍ အလွန်ဆန်းကြယ်စွာ တင့်တယ်၍နေသတဲ့။ ။ယာတပြင်လုံးရှိသမျှ များပြားလှတဲ့ မြေမိုင်,မြေခဲတွေဟာ၊အလုံးရုံရွှေမိုင်,ရွှေခဲတွေဖြစ်၍နေတယ်လို့ဆိုလိုတာပေါ့၊ "မောင်ပုဏ္ဏ" ဆင်းရဲသားလဲ အိပ်ရာကနိုးလာတဲ့ အခါမှာ၊ တင့်တယ်စွာတောက်ပ၍များပြားလှတဲ့အရောင်တို့ဖြင့်၊ တပြောင်ပြောင်ထွန်းလင်းပြီး၊တဝင်းဝင်းထိန်ကြည်ပုံများကိုမြင်တော့၊ မိမိရဲ့ချစ်နှမ "မဥတ္တရာ" အားသို့ကလို ပြောကြားတယ်၊ ။"အိုချစ်နှမ-မဥတ္တရာ၊ လယ်ယာပြင်တခုလုံးမှာ ရွှေတုံးတွေဖြန့်ကြဲထားသလို၊ များပြားလှတဲ့အရောင်တို့ဖြင့် တပြောင်ပြောင် တောက်ပနေတယ်လို့ထင်တယ်၊ မောင်တော်လဲနေမြင့်မှထမင်းစားရ၊ လှိုင်ပင်ပန်းသည်နှင့် ခေတ္တမျှအိပ်ပျော်မိတယ်" လို့ပြောကြားတယ်၊ ။ကြင်ရာဖြစ်သူ "မဥတ္တရာ" ကလဲ၊ "ကိုပုဏ္ဏ" ထင်သလိုကျွန်မရဲ့စိတ်မှာလဲ၊ ယာတပြင်လုံးမှာ ရွှေတုံးတွေချည်းဘဲလို့ ထင်နေပါတယ်" ဟုပြောကြားပြန်တယ်။ ။

"ရှင်သာရိပုတ္တရာ" မထေရ်မြတ်ကြီးအား ပြုလိုက်ရတဲ့ ကုသိုလ်အဟုန်ကြောင့် "မောင်ပုဏ္ဏ" နှင့် "မယ်ဥတ္တရာ" တို့မှာ၊ ချမ်းသာပေါက်တိုးပြီး၊ကုသိုလ်တန်ခိုးကြောင့်၊ထူးဆန်းတဲ့အကျိုးတရားတွေဖြစ်၍၊ စင်စစ်တကယ်တွေးလိုက်လျှင်၊သူဌေးဖြစ်မှန်းမသိဖြစ်လာတာပေါ့၊ ။"မောင်ပုဏ္ဏ" တို့မောင်မယ်ပုံမှာ၊ထီရုံကြီးတခုလုံးပေါက်လာသည်ထက်ဆယ်ခါပြန်ဆတက်အောင်၊ အကျိုးစက်ပြမှန်းမသိဖြင့်ပြီး၊ချမ်းသာစန်းပွင့်လာသတဲ့၊ ။နံနက်ကပင်၊ ကြည်လင်စွာပြုလုပ်လိုက်တဲ့ကုသိုလ်စေတနာကြောင့်၊ ပဒေသာပေါက်သကဲ့သို့၊မျက်မှောက်ချက်ခြင်း၊လက်ငင်းအကျိုး ပေးပုံများကို၊ "သန္ဒိဋ္ဌိက" ရယ်သို့ခေါ် ဆိုရတယ်၊ဆန်းကြယ်တဲ့ အကျိုးပေးကို၊ အများကြီးအားကျပြီး၊ တဘုန်းရှုရနှင့် ဒါနဘက်စခန်းကို၊ ရှင်လန်းစွာပြုကြဘို့သင့်တယ်မဟုတ်လား။ ။အဲ-သို့ကလို၊ယာတပြင်လုံးမှာ၊ထိန်ထိန်ဝင်းဝင်း၊ အရောင်လင်း၍နေကြသော အ

ဖြစ်ကိုမြင်ရှာကြတဲ့ "မောင်ပုဏ္ဏ" တို့ လင်မယားနှစ်ယောက်မှာ၊ သေချာစွာမသိနိုင်ကြသဖြင့်။ ယုတ်တရက် အံ့အားသင့်နေရာမှ၊ "မောင်ပုဏ္ဏ" ကထပြီး။ လယ်ယာထဲသို့သွား၍၊ ရွှေအဆင်း၊ ရွှေအရောင်ရှိတဲ့ မြေပိုင်ခဲတခဲကို ကောက်ယူပြီး ထွန်တုံးမှာရိုက်ခွဲပြီး ကြည့်တာပေါ့၊ ထိုအခါကျမှ၊ ရွှေစစ်၊ ရွှေမှန်၊ အလွန် အဘိုးတန်တဲ့ရွှေရတနာတွေမှန်းသိသဖြင့်၊ ။ "ပြည်-ရှင်သာရိပုတ္တရာမဟာထေရ်မြတ်ကြီးအားပူဇော်လိုက်တဲ့ ကုသိုလ်စေတနာဟာ မကြာချက်ခြင်း၊ လက်ငင်းပင်အကျိုးပေးပေတယ်၊ အံ့သြဖွယ်ရှိပေစွ့တကား" ဟုဆိုပြီး။ မယားဖြစ်သူ၊ "မဥတ္တရာ" အား၊ သို့ကလိုပြောကြားတယ်၊ ။ "အို-ချစ်နှစ်မ၊ ဥတ္တရာ၊ ယာတပြင်လုံးမှာ၊ ရွှေတုံး၊ ရွှေခဲတွေချည်းဖြစ်နေပြီ၊ ဤမျှလောက်များပြားတဲ့ ရွှေရတနာတွေကို၊ မသေမချာသဘောဖြင့်၊ ဖုံးအုပ်၍မထားသင့်ပေဘူး" လို့ပြောကြားတယ်။ ။မယ်ဥတ္တရာကလဲ၊ ဝမ်းမြောက်ဝမ်းသာနှင့် "ကိုပုဏ္ဏပြောသလို သည်လောက်များပြားတဲ့ ရွှေရတနာတွေကို ဖုံးအုပ်၍ထားသော်လဲ၊ မကြာမီ၊ ဘုရင်ဧကရာဇ်ကြီးကြားသိတော်မူမှာဘဲ၊ စောစောကဘဲ။ ဘုရင်မင်းမြတ်ကြီးအား၊ လျှောက်ထားမှတော်မယ်ထင်တယ်" အဲ-သို့ကလိုပြောကြားတယ်၊ ။ "မောင်ပုဏ္ဏ" တို့ လင်မယားနှစ်ယောက် ဝမ်းအမြောက်ကြီးမြောက်ခါ၊ နှစ်ယောက်သားတိုင်ပင်နှီးနှောပြီး၊ မယ်ဥတ္တရာ ထမင်းလာပို့တဲ့ တောင်းကလေးနဲ့၊ ရွှေတွေကို အပြည့်ထည့်ပြီး။ "မောင်ပုဏ္ဏ" ကိုယ်တိုင်ယူဆောင်၍၊ ရှင်ဘုရင်ကြီးရဲ့နန်းတော်သို့သွားသတဲ့၊

ဝင်စေအခွင့်ရပြီးနောက်၊ ရှင်ဘုရင်ကြီးမျက်မှောက်သို့။ အဖူးအမြင်ရောက်ရှိရာ၊ မဟာဧကရာဇ်မင်းကြီးကလဲ "အမောင်ဆင်းရဲသား၊ ဘာအကြောင်းရှိသလဲ" ဟုမေးတော်မူရာတွင်၊ မောင်ပုဏ္ဏက လျှောက်တင်သည်မှာ၊ "အရှင်မင်းကြီးဘုရား၊ ယနေ့ဘုရားကျွန်တော်မျိုးထွန်တဲ့ယာပြင်တခုလုံးမှာ။ ရွှေတုံး၊ ရွှေခဲတွေချည်းဖြစ်နေပါတယ်ဘုရား၊ ၎င်းရွှေများကိုအရှင်မင်းကြီးများ ဆောင်ယူဘို့သင့်ပါတယ်ဘုရား" ဟုလျှောက်တင်တယ်၊

(မင်းကြီး) သင်၏အမည်ဘယ်သူတဲ့လဲ။
(ပုဏ္ဏ) ပုဏ္ဏလို့ခေါ်ပါတယ်ဘုရား။
(မင်းကြီး) ဖြစ်ပုံကလွန်စွာဆန်းကြယ်လှပါကလား။ သင်ယနေ့ဘယ်အမှုမျိုးကိုပြုလုပ်သလဲ။ ။

(ပုဏ္ဏ) ဘုရားကျွန်တော်မျိုးသည် ယနေ့၊ "ရှင်သာရိပုတ္တရာ" မထေရ်မြတ်ကြီးအား၊ ဒန်ပူနှင့်မျက်နှာသစ်ရေများကို လှူဒါန်းပါတယ်ဘုရား။ ဘုရားကျွန်တော်မျိုး၏မယားဖြစ်သူက၊ ဘုရားကျွန်တော်မျိုးအတွက်ချက်ပြုတ်၍ယူလာတဲ့ထမင်းများကိုလဲ လှူဒါန်းပါတယ်ဘုရား။

ထိုသို့လျှောက်တင်တဲ့ စကားကိုကြားသိရတဲ့ "ဗိမ္ဗိသာရ" မင်းမြတ်ကြီးက၊ ယနေ့ပင်၊ "ရှင်သာရိပုတ္တရာ" မထေရ်မြတ်ကြီးအား၊ လှူဒါန်းတဲ့အကျိုးဆက်ကြောင့်၊ ကြီးကျယ်များပြားတဲ့ အကျိုးတရားကိုမြင်ရပါကလား" လို့၊ မြွက်ကြားပြီး၊ "အမောင်ပုဏ္ဏ၊ ဘယ်ကဲ့သို့ပြုလုပ်ဘို့ကြံသလဲ" လို့မေးတော်မူပြန်ရာ၊ မောင်ပုဏ္ဏက "အရှင်မင်းကြီးဘုရား၊ လှည်းစီးရေ—ထောင်ပေါင်းများစွာကိုစေခိုင်း၍၊ ရွှေတုံး၊ ရွှေခဲ များကို သောင်ကြည်းရန် လွှတ်တော်မူပါဘုရား" လို့လျှောက်တင်တယ်၊ ။မင်းကြီးကလဲ၊ "မောင်ပုဏ္ဏ" လျှောက်တင်တဲ့အတိုင်း၊ လှည်း-အထောင်ပေါင်းများစွာတို့ဖြင့်၊ မင်းချင်း ယောကျ်ားတို့ကို စေခိုင်းတော်မူတယ်၊ ။မင်းချင်း ယောကျ်ား၊ လှည်းသမားတွေက၊ ငါတို့အရှင်သခင်၊ ဘုန်းတော်ကြောင့်ဖြစ်ပေါ်လာတဲ့ ရတနာတွေ၊ ငါတို့မင်းကြီးရဲ့ ဥစ္စာတွေ၊ ဘဲ လို့ဆိုပြီး၊ လှည်းပေါ်သို့တင်တဲ့အခါ၊ ယူလိုက်တိုင်း ရွှေခဲတွေဟာ၊ ရွှေမဟုတ်ဘဲ၊ မြေစိုင်၊ မြေခဲတွေချည်းဖြစ်ကုန်သတဲ့၊ ။မင်းကြီးရဲ့ ဘုန်းတော်ကြောင့်ဖြစ်ပေါ်လာတဲ့ ပစ္စည်းတွေမှမဟုတ်ဘဲကလား၊ မြေစိုင်မြေခဲတွေဖြစ်ကုန်မှာပေါ့၊ ။

မင်းချင်းယောကျ်ား-လှည်းသမား အပေါင်းတွေဟာ၊ ယခင် အကြောင်းကို၊ နန်းတော်ကြီးသို့ပြန်၍၊ "ဗိမ္ဗိသာရ" ဘုရင်မင်း

မြတ်ကြီးအံ့အားသျှောက်ထားကြတယ်၊ ။ထိုအခါ၊ ဘုရင်မင်းကြီးက"သင်တို့ဘယ်ကဲ့သို့ဆို၍ယူကြသလဲ" ဟုမေးတော်မူရာ၌ မင်းချင်းယောကျ်ား-လှည်းသမားတွေက၊ "အရှင်ဘုရား၏ပစ္စည်းတွေဘဲဟုဆိုပြီး၊ ကောက်ယူပါတယ်ဘုရား"ဟုသျှောက်တင်ကြသတဲ့။ "ဥဒ္ဒိသရေ" မင်းကြီးက"မင်းခယောကျ်ား—လှည်းသမားတို့၊ငါ၏ဥစ္စာဟုဆို၍ယူကဘယ်မှာရမလဲ၊ ငါနှင့်မည်သို့မျှမသက်ဆိုင်ပါဘဲကလား၊"မောင်ပုဏ္ဏ" ရဲ့ပစ္စည်းဥစ္စာတွေဟုဆို၍ယူကြကုန်" လို့အမိန့်တော် ရှိလိုက်တယ်၊ ။မင်းချင်းယောကျ်ားလှည်းသမားတွေလဲ၊မင်းကြီးအမိန့်ရှိသောအတိုင်း၊"ပုဏ္ဏ"ရဲ့ဥစ္စာတွေဟုဆို၍ယူကြတယ်၊ ယူတိုင်း,ယူတိုင်း ရွှေပိုင်,ရွှေခဲတွေချည်းဘဲဖြစ်နေသတဲ့၊ သူနှင့်သာသက်ဆိုင်၍ သူပိုင်တဲ့ ပစ္စည်းတွေပေကိုး ဥစ္စာရှင်မှန်တော့၊ကောက်ရလိုက်ထာပေါ့၊ မင်းချင်းယောကျ်ားတွေလဲ၊ ရှိသမျှရွှေရတနာတွေကိုမြေမှာမကျန်ရစ်စေဘဲ၊ အလုံးစုံကောက်ကြည့်ပြီး၊နန်းရင်ပြင်မှာ ရပုံ၍ထားသတဲ့၊ ရသမျှရွှေတွေရပုံထားလိုက်တော့၊ရွှေပုံကြီးဟာ၊ အတောင်ရှစ်ဆယ် တိုင်တိုင်၊အထက်သို့မြင့်မောက်သတဲ့၊ ။ပိဿာပေါင်းမည်မျှ ရှိတယ်လို့ဘယ်မှာရေတွက်နိုင်တော့မလဲ၊ အလွန့်အလွန်များပြားပြီး၊ပုံထားလိုက်တဲ့အခါမှာ၊ အတောင်ရှစ်ဆယ်ရှိတယ် ဆိုတာကိုသာခြင့်ချိန်ကြည့်ကြပေတော့၊ ။ဆင်းရဲသားဘဝမှ၊ သူဌေးကြီးဘဝသို့ရောက်လုနီးနီးဖြစ်တဲ့၊သူဌေးလောင်း "မောင်ပုဏ္ဏ"နှင့်သူဌေးကတော်လောင်း "မဥတ္တရာ"တို့မှာတော့၊ လူ့ဘဝမှာ၊ တခါမှမတွေ့ဘူးတဲ့ စည်းစိမ်ဥစ္စာတွေကိုတွေ့ကြရသဖြင့်၊ ဝမ်းအမြောက်ကြီးမြောက်ပြီး၊အထူးသဖြင့်ပျော်ရွှင်ခြင်းသို့ ရောက်နေကြတော့မှာပေါ့၊

## သူဌေးဘွဲ့ထူးကိုပေးသနားခြင်း။

ကုသိုလ်ကံမြောက်၍-ထောက်ပင့်လိုက်တော့၊ မမြောက်ချင်ပေမဲ့မနေတော့ဘူး၊ "မောင်ပုဏ္ဏ" တို့လင်မယားမှာ၊ ရွှင်အား

တော်သန်သန်နဲ့၊ ချမ်းသာရန် အကြောင်းကဖြင့်၊ အခွင့်ကောင်းကြီးကြုံနေတော့တာဘဲ၊ ။ အဲ–သို့ကလို "မောင်ပုဏ္ဏ" နှင့် "မယ်ဥတ္တရာ" တို့ရဲ့ကုသိုလ်ကြောင့်။ အလိုအလျောက်၊ မြေမှပေါ်ပေါက်လာတဲ့ရွှေပုံကြီးကို၊ ရာဇဂြိုဟ်ပြည့်ရှင်၊ ဘုရင်"ဗိမ္ဗိသာရ" မင်းကြီးကမြင်လေတော့၊ နေပြည်တော်သား၊ နေပြည်တော်သူ၊ ရှိသမျှမိုလ်လူတွေကို၊ စုယူစည်းဝေးစေပြီး၊ သို့ကလို-မေးမြန်းပေတယ်၊ "ယခုရာဇဂြိုဟ်ပြည်တော်ကြီးမှာ၊ ဤမျှလောက်များပြားတဲ့၊ ရွှေသား၊ ရွှေစစ်တွေ၊ ဘယ်သူတဦးတယောက်မှာရှိသလဲ" တဲ့၊

ထိုအခါ-များစွာသောသူဌေး၊ သူကြွယ်၊ ကုန်သည်၊ လယ်သမား၊ ဆင်းရဲသား၊ အပေါင်းတို့က၊ ဦးခေါင်းမှာလက်တင်၍၊ "မြတ်သော အရှင်မင်းကြီး၊ ရာဇဂြိုဟ်ပြည်သာဝယ်၊ ဤမျှလောက်များပြားတဲ့ ရွှေရတနာရှိသောသူ၊ တဦးတယောက်မှမရှိရိုးမှန်ပါတယ်ဘုရား၊" လို့လျှောက်ထားကြတယ်။ ။ "ဗိမ္ဗိသာရ" မင်းကြီးက- သို့ဖြစ်လျှင်၊ "မောင်ပုဏ္ဏ" အမည်ရှိသောဥစ္စာရှင်အား၊ ဘယ်လိုဘွဲ့ထူးရာထူးများကိုပေးသင့်ပါသလဲ" လို့မေးမြန်းပြန်တော့၊ ပြည်သူပြည်သား၊ လူအများတို့က၊ "မြတ်သော အရှင်မင်းကြီး၊ သူဌေးတို့၏ ထီးဖြူကိုပေးပြီး၊ သူဌေးကြီးတည်းဟူသော ဘွဲ့ထူးကို ပေးသနားသင့်ပါတယ်ဘုရား" လို့လျှောက်တင်တဲ့အခါ၊ သာသနဒါယကာ မဟာဇကရာဇ် ဖြစ်တော်မူတဲ့ ဗိမ္ဗိသာရမင်းကြီးကလဲ၊ သင်တို့လျှောက်တင်သောအတိုင်း၊ "ကောင်းပြီ" ဟုမြွက်ကြားပြီး၊ သူရင်းငှါး "မောင်ပုဏ္ဏ" ကို၊ ကျွန်ဘဝမှထုတ်နုတ်၍၊ များပြားစွာသော စည်းစိမ်အစုဖြင့်၊ သူဌေး၏ထီးဖြူတော်ကိုပေးသနားပြီး၊ "ဗဟုဓန" သူဌေးကြီးဟူသော ဘွဲ့အမည်ထူးဖြင့်၊ ချီးဘျူးတော်မူ၍၊ သူဌေးမြတ်အရာကိုပေးသနားတော်မူပေတယ်၊

ကိုင်း–စဉ်းစားကြည့်ကြစမ်းပါ၊ ကုသိုလ်လမ်းပွင့်ပြီး၊ အခွင့်ကြုံလေတော့၊ မွဲမွဲတေတေနှင့် ကြက်သရေမရှိဘဲ နေခဲ့ကြရတဲ့၊ "မောင်ပုဏ္ဏ" တို့ကြင်ရာအပံမှာ၊ "ဗဟုဓနေ" ဟူသောသူဌေးကြီး

တို့၏၊ ဘွဲ့အမည်ဂုဏ်နှင့်၊ အပုံကြီးလိုက်လျော့ပြီး၊ သဘောကျစရာ မကောင်းဘူးလား၊ "ဗဟုခနေ" ဆိုတာက၊ ပစ္စည်း,ဥစ္စာ-လွှန်စွာများ ပြားတဲ့အမည်ကိုဆိုလိုတယ်၊ ၊သည်တခါမှ၊ "မောင်ပုဏ္ဏား" တို့ ကြွင်ရာနှစ်ယောက်မှာ၊ ဝမ်းမြောက်ဝမ်းသာ၊ သဘောကျရာကို၊ ရွေးချယ်ရှာကြံပြီး၊ မဟာအပျော်တော်ပွဲကြီးတွေကျင်းပနေတော့ မှာပေါ့၊ ၊"ဆင်းရဲပူဆွေး၊ဘယ်လိုတွေ့လည်း၊ချမ်းမြေ့သုခ၊ ကြုံပြန် ရမူ၊ဒုက္ခအခဲ၊စိတ်မစွဲဘဲ၊ပျော်ပွဲအာရုံ၊အလုံးစုံ၌၊အကုန်ပျောက်ဆုံး ပြိုပျက်ပြုံး၏" ဟူ၍၊ ရှေးဆရာကြီးများ ရေးသားမှာထားခဲ့တဲ့စာ တွေအရှိသားဘဲ၊ ၊နောက်နောက်က၊ဘယ်လိုပင်ဆင်းရဲတွေနှင့် တွေ့ကြုံပြီးအပုံကြီးပင်ပန်းခံခဲ့ရသော်လဲ၊ချမ်းသာဘလေးတခုနှင့် တွေ့ပလားဆိုတော့၊စိတ်အားတွေ ရွှင်ပြုံပြီး၊အရင်ကပင်ပန်းဆင်း ရဲတာတွေ၊တခါထဲပျောက်ကုန်တာပေါ့၊ ၊အဲ-သို့ကလို၊သူဌေးကြီး ရဲ့ဘွဲ့ထူးများကို ရရှိပြီးနောက်၊ "မောင်ပုဏ္ဏား" က၊ လျှောက်တင် သည်မှာ၊ "အရှင်မင်းကြီး၊ ဤမျှလောက်သော အခါ၊တိုင်အောင်၊ ကျွန်ုပ်မှာ အိမ်ပိုင်မရှိပါ၊ သူတပါးအိမ်မှာ၊ နောက်ကအဆွယ်က လေးချ၍နေရပါသည်၊ ကျွန်တော်မျိုးများအား၊ နေရာအရပ်ကိုလဲ ပေးသနားပါဘုရား" လို့လျှောက်တင်ပြန်တယ်၊ ၊မင်းကြီးကလဲ၊ "ကောင်းပြီ" ဟောသည်အရပ်ဟာ၊ ရှေးက-သူဌေးတယောက်နေ ဘူးတဲ့နေရာဘဲ၊ ယခုသစ်ပင်ချုံငယ်ကလေးတွေ ပေါက်ရောက်ပြီး၊ ချောက်တောက်တောက်ဖြစ်နေတယ်၊သည်နေရာအရပ်ကို၊အထပ် ထပ်သုတ်သင်ပြီး၊စိတ်ထင်သလိုအိမ်ဆောက်၍၊ဝမ်းမြောက်စွာနေ ကြပါ၊" လို့အမိန့်ရှိတော်မူပေတယ်၊ ၊"မောင်ပုဏ္ဏား" ကလဲ၊ အ ရှင်သခင်၊ ဘုရင်မင်းမြတ်ကြီး ပေးသနားတော် မူသောအားဖြင့်၊ ယခင်မြေကွက်လပ်ကြီးကို၊ နှစ်ရက်,သုံးရက်နှင့်ပြီးအောင်၊ သုတ် သင်ရှင်းလင်းတယ်၊ ၊သုတ်သင်ရှင်းလင်းတဲ့အခါမှာ၊ယခင်မြေ နေရာတွေ့ရှိသမျှတွင်၊ရွှေအိုးချင်းထိပြီး၊ တလုံးနှင့်တလုံးငြိနေတာ ကိုတွေ့ရပြန်သဘဲ့၊ သူ့ဘုန်း,သူ့ကံကြောင့်၊ မြေကိုလှန်တိုင်း,လှန် တိုင်းပင်၊ ရွှေအိုးတွေပေါ်ပေါက်နေတာကလား၊ "ကောင်းစရှိ

လျှင်။ကောင်းချင်ချင်'' ဆိုသလို၊ကုသိုလ်တန်ခိုးဟာအကျိုးပေးမိ
တော့၊ တော်တော်နှင့် မညှိုးနိုင်ဘူးပေါ့။ 'ရတနာနဂ္ဂိရေ ရတနာခရ''
ဆိုတာလို၊ တိုး၍ချမ်းသာဖို့သာ ဖြစ်ပေါ်လာတတ်တယ်။ ကိုင်း
ဘယ်လောက် ဝမ်းမြောက် စရာ ကောင်းပြန်သလဲ၊ အိမ်နေရာကို
သုတ်သင်ရှင်းပင်း၊ ဆွေအိုးချင်းထိလောက်အောင်။ ပေါများစွာဖြစ်
ပေါ်လာပြန်ပြီ။ ။အဲ-သည်လိုတွေ့ရှိတော့။ ''မောင်ပုဏ္ဏ''က၊
ဘုရင်မင်းမြတ်ကြီးထံသွားပြီးအကျိုးအကြောင်းကိုလျှောက်ထား
၍၊ ဆွေအိုးများယူလျက်ဆက်သပြန်တယ်၊ မင်းကြီးကလဲ၊ ''သင်
၏ဘုန်းကံကြောင့်ဖြစ်ပေါ်လာတာဘဲ၊သင်သာယူထိုက်ပေတယ်''
လို့မိန့်ကြားတော်မူတယ်၊ ။''မောင်ပုဏ္ဏ''မှာ။ရှေးကထက်ချမ်း
သာပြီး၊ သာ၍ပင်ကြီးကျယ်တဲ့ စည်းစိမ်တွေကို ရပြန်သပေါ့၊
ထိုနောက်—ကောင်းမွန်ကြီးကျယ်ဘဲ့ အိမ်တော်ကြီးကိုဆောက်
လုပ်ပြီး၊အိမ်ထက်မင်္ဂလာပွဲကြီးနှင့်၊ ထီးဆောင်းမင်္ဂလာပွဲကြီး နှစ်ရ
ကိုတပြိုင်ထဲပြုလုပ်ပေတယ်။ ထိုပွဲကြီးနှစ်ရအတွင်းမှာ။ ၇ ရက်
လုံးလုံးဘုရားအမှူးရှိတဲ့ သံဃာတော်အပေါင်းအား။ ကြီးကျယ်
စွာသောဒါနပွဲကြီးကိုလှူဒါန်းပြုလုပ်ပေတယ်။ ။ထိုပွဲတော်ကြီး
မှာ၊ရှင်တော်မြတ်ဘုရားက၊ဆွမ်းအနုမောဒနာပြုတော်မူပြီး၊တရား
ဒေသနာများကိုဟောကြားတော်မူတယ် တရားတော်၏အဆုံးမှာ၊
''မောင်ပုဏ္ဏ''တို့ကြင်ရာစုံနှစ်ယောက်နှင့်၊သမီးကလေး ''မဥတ္တ
ရာ'' ပါ၊ သားအမိသားအဘတို့သုံးယောက်စလုံး၊ သောတာပန်
ပုဂ္ဂိုလ်တွေချည်းဖြစ်ကုန်ကြသတဲ့။ ။ဩော်-ပါရမီဘုန်းကံ၊ဝင်း
လျှံထိန်ညီး၊ တောက်ပြောင်ပြီးသောသူတို့မှာ၊ ဘယ်လိုပင်ဆင်းရဲ
နွမ်းပါးစေကာမူ၊တနေ့နေ့မှာ၊ချမ်းသာတွေနှင့်တွေ့ပြီးတရားမွေ့တဲ့
အရိယာစင်းသူတော်ဝင်ပုဂ္ဂိုလ်တွေသာဖြစ်ကုန်ကြတာဘဲ။အလွန်
ပင် အားကျ စရာကောင်းပေ သပေါ့၊သုံးယောက်သော သားအမိ
သားအဘတို့မှာ ''မီးခဲပြာဖုံး''ဖြစ်နေခိုက်မှာ၊မိုက်လှတဲ့ကံတရား
တွေက နှိပ်စက်နေခဲ့ကြတာ၊ဟောယခုတော့-အရိယာအစစ်၊ သူ
တော်ကောင်းကြီးတွေဖြစ်ကုန်ကြပြီ၊

## "ထိမ်းမြားမင်္ဂလာပြုခြင်း။"

ဆဲ-သို့ကလိုဖြစ်ကုန်ကြပြီးနောက်၊တနေ့သောအခါမှာ၊ "ဗဟုနေ" အမည်ရှိတဲ့သူဌေးကြီး၏ဆင်းရဲသား၊မောင်ပုဏ္ဏဘဝကၤ၊အဓိပြုပြီးနေထိုင်ခဲ့တဲ့"သုမန" သူဌေးကြီးက၊သူ၏သားနှင့်"ပုဏ္ဏ" သူဌေးကြီးတို့ရဲ့သမီး၊"ဥတ္တရာ"ကို၊ လောကဓမ္မတာအတိုင်း၊ လက်ထပ်ထိမ်းမြား သိုကြောင်းကိုပြောပြတဲ့"ပုဏ္ဏ"သူဌေးကြီးက၊သမီးကလေးမယ်ဥတ္တရာကိုမပေးနိုင်ကြောင်းနှင့်ငြင်းပယ်ရာတွင်၊သုမနသူဌေးကြီးက၊ "ဤကဲ့သို့မပြုပါနှင့်" ဤမျှလောက် ကာလပတ်လုံးငါတို့ကိုအမှီပြု၍နေသဖြင့်၊သင်သည်စည်းစိမ်ချမ်းသာတွေကိုရရှိပါတယ်၊မငြင်းပယ်ထိုက်ပါဘူး၊သင်၏သမီးဥတ္တရာကို၊ကျွန်ုပ်သားနှင့်"ထိမ်းမြားပါ"ဟုပုဏ္ဏသူဌေးကြီးအားပြောပြပြန်သတဲ့၊ သို့ကလိုပြောကြားပြန်တော့၊ပုဏ္ဏသူဌေးကြီးက"ကျွန်ုပ်သမီးချောကလေးကိုမပေးနိုင်ဘူး၊သင်တို့က ရတနာသုံးပါးကို ယုံကြည်စိတ်မရှိတဲ့ဒိဋ္ဌိလူမျိုးတွေဖြစ်ပေတယ်၊ကျွန်ုပ်သမီးက၊ရတနာသုံးချပ်မှာ၊ ဆည်းကပ်ကိုးကွယ်ပြီး၊အရိယာနွယ်ကလေးအစစ်ဖြစ်ပေတယ်၊ ကျွန်ုပ်သမီးကလေးမှာ "ရတနာသုံးပါးနှင့် ကင်းကွာ၍ ဖြစ်နိုင်ပါ့မလား၊" ကျွန်ုပ်သမီးကလေး "ဥတ္တရာ"ကို၊သင်တို့သားနှင့် ထိမ်းမြားခြင်းမပြုနိုင်ဘူး"လို့ငြင်းပယ်နေပြန်တယ်၊ ။အင်း—ငြင်းမယ်ဆိုရင်လဲငြင်းထိုက်စရာပေါ့၊ ၊"အိမ်ထောင်မှုဘုရေးတည်း၊ ဆေးမှင်ရည်စုတ်ဆိုး" ဆိုတာလို၊အိမ်ထောင်မှုတခါလွဲရင်-ပြုပြင်ဘို့အပုံကြီးခက်ခဲတာကလား၊မိဘဖြစ်သူများက၊ ကိုယ့်သမီးသားများကို၊နေရာချထားပြီး၊ ကြီးပွားစေချင်တဲ့ဆန္ဒနှင့်၊ ကိုယ်စိတ်နှစ်ပါးချမ်းသာစေဆိုတဲ့ဆန္ဒသာရှိကြတာကလား၊ယခုတော့"မဥတ္တရာ"က၊သောတာပန်၊ သုမနသူဌေးသားကမိစ္ဆာဒိဋ္ဌိ၊ ဘာသာချင်းကိုက၊အများကြီးဆန့်ကျင်နေသဖြင့်၊ အကယ်၍ပေါင်းမိကြလျှင်၊ အတော်ပင်အနေခက်ကြမှာကလား၊ လွဲချင်တိုင်းလွဲပြီး၊ စိတ်ထဲမှာချမ်းသာခွင့်ရဘို့ရန်ဖြင့်ခက်ပါရဲ့၊သို့ကြောင့်၊ "ပုဏ္ဏ"သူဌေးကြီး

ကား၊ ရှေ့ရေးတွေကိုတွေးပြီး၊ သွီးကလေးရဲ့အိမ်ထောင်မှုမှာ၊ ကရု တခုပြု၍ငြင်းပယ်ရှာပေတာပေါ့၊

အဲ-သို့ကလို၊ "ပုဏ္ဏ"သူဌေးကြီးမှာ အဖန်ဖန်,အထပ်ထပ်၊ သားသွီးရေးနှင့်စပ်ပြီး၊မပြတ်အောင်ပြောသော်လဲ၊ သဘောတော် မဝင်နိုင်သဖြင့်၊ အခိုင်အမာကြီးလုပ်ပြီး၊ ငြင်းလုံးထုတ်နေတော့၊ ရာဇဂြိုဟ်မှာရှိတဲ့၊သူဌေးသား၊သူဌေးမျိုးတွေက၊ ရရုံးငြီး၊ "ပုဏ္ဏ" သူဌေးမင်း၊သည်လောက်မငြင်းဆန်ပါနှင့်၊ "သုမန"သူဌေးကြီးနှင့် မိတ်ဆွေအဖြစ်ကိုမဖျက်သင့်ပါဘူး၊ သင်၏သွီးကလေးဥတ္တရာကို သုမနသူဌေးကြီးရဲ့သားနှင့်၊ ထိမ်းမြားသင့်ပါတယ်"လို့ဝိုင်းဝန်း၍ ပြောကြတယ်၊ အဲသို့ကလို၊များစွာသောသူဌေးတွေက ဝိုင်းဝန်းငြီး၊ တောင်းတောင်းပန်ပန်နှင့်၊ အဖန်ဖန်ပြောဆိုကြသဖြင့်၊ "ပုဏ္ဏ" သူဌေးကြီးကလဲ၊မငြင်းဆန်တော့ဘဲ၊ တောင်းပန်တဲ့အတိုင်းဝန်ခံ ပြီး၊ ဝါဆိုလပြည့်နေ့ကြီးမှာ မိမိရဲ့သွီးကလေး၊ "မယ်ဥတ္တရာ" ကို၊ သုမနသူဌေးကြီးရဲ့သားနှင့် လက်ထပ်ထိမ်းမြားပွဲကြီးကိုပြု လုပ်ပေတော့၊ "အသားနာသနို့၊အသားပါ"ဆိုတာလို၊ တကယ်ပင်မ ပေးချင်သော်လဲ၊ဝိုင်းဝန်း၍ တောင်းပန်ကြတာကို ထောက်ထား ပြီး၊သွီးကလေး 'မယ်ဥတ္တရာ' အားလက်ထပ်ထိမ်းမြား၍ပေးခြင်း ဖြစ်ပေတယ်၊

## မယ်ဥတ္တရာမပျော်ပိုက်နိုင်ခြင်း၊၊

အဲ-သို့ကလို၊သွီးကလေး"မယ်ဥတ္တရာ"နှင့်၊သုမနသူဌေးသား တို့ထိမ်းမြားမင်္ဂလာပြုပြီးနောက်၊ ထုံးတမ်းမွေတာအတိုင်း၊ မယ် ဥတ္တရာမှာ၊ ယောက်ျားရှိရာ၊ လင်၏နောက်သို့ လိုက်ပါသွားရသ ပေါ့၊ ၊ချစ်လင်ယောက်ျားသူဌေးသားဖြစ်သူနှင့်၊အယူဝါဒ၊မဝ၍ မျှဘဲ၊လွဲချင်တိုင်းလွဲပြီးနေလေတော့၊မိန်းမလုပ်သူ-ကြင်ရာဇနီးမှာ သခင်ယောက်ျားရဲ့ အလိုသို့လိုက်ပြီး, လင့်အကြိုက်ကိုသာ ပြုရ ၍နေရှာသဘဲ့၊မိန္တာဝါဒကိုမနှစ်သက်နိုင်သော်လဲ မိမိကြည်ညိုပြီး ဖြစ်တဲ့ ရတနာသုံးရပ်မှာ၊ ဆည်းကပ်ကိုးကွယ်ခွင့် မရရှိဘူးပေါ့၊

သောတာပန်ဖြစ်လေတော့၊ ဒိဋ္ဌိကိုပယ်သတ်ပြီးသားဖြစ်သဖြင့်၊ အဘယ်မှာမိစ္ဆာဒိဋ္ဌိဖြစ်နိုင်ပါ့မလဲ။ ။ထို့ကြောင့် "မဿဥ္စရာ" မှာ လင်ရှိရာသို့ လိုက်ပါသွားတဲ့နေ့ကစပြီး၊ ရတနာသုံးပါးဆည်းကပ်ကိုးကွယ်ခွင့်မရတော့ဘူး၊ ရဟန်းယောကျ်ားများကိုလဲမဖူးမြင်ရ၊ ရဟန်းမိန်းမများကိုလဲမတွေ့ကြုံရ၊ ရဟန်းယောကျ်ား ရဟန်းမိန်းမများရဲ့ အနီးသို့ချဉ်းကပ်ပြီး၊ ရှေးကလို-အလှူပေးဘို့၊ တရားနာဘို့၊ အခွင့်ကိုမရရှာတော့ဘူး၊ လင်ယောကျ်ားရဲ့အလိုသို့လိုက်ရသဖြင့်၊ ကျင့်မြဲဖြစ်တဲ့သုစရိုက်မှုတွေ ချွတ်ယွင်းကုန်တာပေါ့၊ သို့ကလိုနှင့်ပင်၊ လက်ထပ်ထိမ်းမြားသော ဝါဆိုလပြည့်နေ့ကစ၍၊ တနေ့မှရတနာသုံးရပ်ကို၊ ဆည်းကပ်ကိုးကွယ်ခွင့်မရဘဲနေခဲ့ရာ။ ၂-လခွဲတိုင်တိုင်ကြာသွားသတဲ့၊ နှစ်လခွဲကြာတယ်ဆိုတော့၊ တော်သလင်းလကုန်ဆုံးသောတော်သလင်းလကွယ်နေ့လို့မှတ်ရမှာပေါ့၊ ။အစစအရာရာကိုလှူဒါန်းပြီး၊ တရားနာချင်ရက်နှင့်၊ အခက်ကြုံနေတဲ့ "မဿဥ္စရာ" ကလေးကိုတွေးကြည့်ကသနားစရာပေဘဲ၊ အဲ-သို့ကလိုနှစ်လခွဲတိုင်တိုင်ကြာမြင့်ပြီး။ "တော်သလင်းလကွယ်နေ့" အရောက်မှာ မိမိ၏အလုပ်အကျွေးမကို "ရှင်မ၊ ဝါတွင်းသုံးလရှိသည့်အနက်၊ ယခုအခါ၊ ဝါတွင်းဖြစ်တဲ့ ရက်လများဘယ်လောက်ကျန်ရှိသေးသလဲ" လို့မေးမြန်းရှာသတဲ့၊ ။အလုပ်အကျွေး မကလဲ၊ "သခင်မ၊ ၁၅-ရက်လောက်သာ ဝါတွင်းရက် ရှိတော့တယ်" လို့ပြန်၍ပြောကြားတယ်၊ ။ထိုစကားကိုကြားရတဲ့ "မဿဥ္စရာ" ကလေးမှာ၊ "သြော်-အချိန်းအလကား၊ ကုန်သွားတဲ့ရက်လတွေဟာ၊ အတော်ဘဲများသွားပါပေါ့ကလား။ သည်အကြားမှာ၊ ဘယ်တရားကိုမျှလဲမနာရ၊ ဘယ်ဒါနကိုမျှလဲ မလှူဒါန်းရဘဲဖြစ်ကုန်ပါပေါ့ကလား" လို့-စိတ်တွင်းက၊ အလွန့်အလွန်ဝမ်းနည်းပြီးသွားရှာသတဲ့၊ ရတနာသုံးပါးနှင့်၊ လက်လွတ် မထားနိုင်ရှာဘူး၊ သနားစရာ ဖြစ်နေတာပေါ့၊ ကိုယ်အလိုရှိရာကို မပြုလုပ်ရတော့ဘယ်မှာပျော်ရွှင်နိုင်တော့မလဲ၊ အမြဲပင်စိတ်ညစ်ပြီး၊ အပြစ်ကိုသာမြင်နေတော့မှာပေါ့။

## မိခင်ဘခင်ထံသတင်းစကားစေလွှတ်ခြင်း။

ထိုအခါကျတော့“မယ်ဥတ္တရာ”က လင်ယောကျ်ားအိမ်ကနေပြီး။မိမိဘခင်‘ပုဏ္ဏ’သူဌေးကြီးနှင့်မိခင်တို့ထံ သတင်းစကားများကို စေလွှတ်လိုက်တယ်။ ။“အို-ကျေးဇူးတော်ရှင်၊ဘခင်နှင့်မိခင်တို့၊ ကျွန်တော်မကိုဘယ်လိုအကြောင်းကြောင့်၊ သည်လိုမကောင်းစားတဲ့အချုပ်ထောင်အိမ်မှာထည့်သွင်းထားကြပါသလဲ၊ သို့ကဲ့လိုအချုပ်ထောင်-အိမ်အတွင်းမှာ နေရခြင်းထက်၊ ကျွန်တော်မရဲ့နှဖူးပြင်ကို စာတမ်းတင်၍ အစည်းအလား၊ သူတပါးတို့ထံပါးတွင်-နှိုင်းစေချန်ထားတဲ့ကျွန်သတ္တဝါမဘဲလို့၊ လူအများကြားအောင်ပြုလုပ်ခြင်းကိုခံရတာက မြတ်ပါသေးတယ်၊ သည်ကဲ့သို့သောမိစ္ဆာဒိဋ္ဌိအဘို့ရှိပြီး၊ အဓိပတိအမိုက်ကြူးနေတဲ့သူများထံမပေးသင့်ပါဘူး၊ ယခုကျွန်တော်မမှာ-ကျေးဇူးတော်ရှင်၊ မိခင်,ဘခင်တို့ထံမှခွဲခွါ၍ အရှင်သခင်ချစ်လင်ယောကျ်ားရှိရာသို့ လိုက်လာခဲ့ရတဲ့နေ့ကစပြီး၊ ယနေ့အထိ-ရဟန်းသံဃာတော် တွေကို။ ဖူးမြင်ရခြင်း-အစရှိတဲ့ ကုသိုလ်ကောင်းမှုတို့တွင်-ဘာတခုကိုမျှ မပြုရပါ၊ ကြီးစွာသော ဆင်းရဲဖြင့် အမြဲပင်ပန်းပြီး၊ မရွှင်မလန်းဘဲ ဖြစ်နေရပါတယ်၊” အဲ-သို့ကလိုမိဘနှစ်ပါးထံ။စေတမန်သတင်းစကားပြောကြားလိုက်တယ်။ကဲ နားထောင်ပြီးစဉ်းစားကြစမ်းပါ၊“ဥတ္တရာ”ကလေးရဲ့ဖြစ်ပုံကို စနစ်ကုန်တွေးကြည့်လျှင်၊ အမိ,အဘမတော်သူ များကပင် သနားစရာဖြစ်နေတာပေါ့။ ချစ်လင်ရှိရာ-အိမ်ဂေဟာသို့ လိုက်လာတဲ့နေ့ကစပြီး၊ ဘာမှမပြုရတဲ့ကုသိုလ်ကောင်းမှုတွေအတွက်၊ အခက်အခဲတခုနှင့်တွေ့နေရပါတယ်-လို့ပြောလိုရင်းဖြစ်ပေတယ်။သူ့မိဘထံစေလွှတ်လိုက်တဲ့ သတင်းစကားကို ထောက်ကြည့်တော့ အတော်စိတ်ဆင်းရဲပြီး၊ မှုပွဲကြီးတွေ့နေရရှာတာပေါ့၊ စိတ်မကြည်တဲ့နေရာမှာ-ချစ်ခင်သူရှိသော်လဲ၊ ဘယ်အခါမှပျော်နိုင်မှာမဟုတ်ပါဘူး၊ ကိုယ်အလိုရှိခဲ့နတဲ့အမှုကို မပြုရတော့ နေ့ရှိသမျှဒုက္ခခံဘို့ချည်းပေါ့။ ။“ရောင်နေဘက်ဆံထုံးဝါမြဲထုံး” လို့ဆိုတဲ့လောက

စကားအရ၊ လင်ယောကျ်ားနှင့် ပျော်ပါးစွာနေနိုင်ခွင့် ရှိရှာမှာမ ဟုတ်ပါဘူး၊ ကုသိုလ်ရေးအတွက်က အပုံကြီး ခဲ့ပြီး၊ အသက်မ ရှည်သာအောင်ဖြစ်နေရှာတာကလား။

"ဥတ္တရာ" ရဲ့မိဘနှစ်ပါးလဲ၊ မိမိတို့သမီးကလေးစေလွှတ်လိုက်တဲ့ သတင်းစကားများကိုကြားသိရတော့ အပုံကြီးဝမ်းနည်းပြီး၊ သမီးက လေးအတွက်စိတ်ရတက်ပွေ၍၊ အနောက်၊ အထိုင်ခက်ဖြစ်ကုန်ကြ သပေါ့၊ မှုက်စိအောက်မှာအပျောက်မခံနိုင်လောက်အောင် ချစ်ခင် စွဲလမ်းပြီး၊ အမြတ်တနိုးအတူတကွသာနေလိုတဲ့ တယောက်ထည်း သောသမီးကလေးပေကိုး၊ အမျိုးမျိုးအချစ်စွဲပြီး ထင်ကနဲ့ဆိုရင် မ ရှင်တဲ့ဗိတ်တွေဖြစ်ပေါ်လာကြရတာပေါ့။

မယ်ဥတ္တရာကြီးရခြင်း။

အဲ-ပြဲဆိုခဲ့တဲ့အတိုင်း၊ သူဌေးကြီးနှင့် သူဌေးကတော်တို့မှာ။ သမီးကလေး "မယ်ဥတ္တရာ" ထံကစေလွှတ်လိုက်တဲ့သတင်းစကား များကိုကြားသိရ၍များစွာဝမ်းနည်းပြီး ပူပွဲကြီးနှင့် တွေ့ကြုံကြရသ ဖြင့်၊ သမီးကလေး၏စိတ်အေးချမ်းသာရန်ကို နှစ်ဦးသားကြံဘန်တိုင် ပင်ကြပြီးသည့်နောက်၊ အဘဖြစ်သူ 'ပုဏ္ဏ' သူဌေးကြီးက၊ မိမိသမီးက လေးထံ-သို့ကလိုသတင်းစကားပြန်ကြားလိုက်တယ်၊ "အို-ချစ် လှစွာသောသမီးကလေး၊ ရင်သွေးအလှခဲ့စကားကိုအဘတို့ကြားရ သဖြင့်အချားကြီးဝမ်းနည်းတယ်၊ ယခုငွေအသပြာ "တသောင်း ငါးထောင်" တိတိပေးလိုက်ပါတယ်၊ သည်ငွေနှင့်-ယခုအဘတို့နေ တဲ့ရာဇဂြိုဟ်ပြည်တွင်းမှာ "သိရိမာ" အမည်ရှိတဲ့ ပြည့်တန်းဆာမ တယောက်ရှိပါတယ်၊ အဲသည်ပြည့်တန်းဆာမကို-တနေ့လျှင် တ ထောင်ကျပေးပြီး၊ သူဌေး၊ သူကြွယ်၊ မင်းနွယ်၊ မင်းမျိုး လူ့အတိုးတန် တွေမှသာပေါင်းဘော်ပျော်ပါးနိုင်ကြပေတယ်၊ အဲသည်ပြည့်တန်း ဆာမ "မယ်သိရိမာ" ကိုခေါ်ပြီး၊ တနေ့လျှင်ငွေတထောင်ကျပေး၍၊ သင်၏ချစ်လင်-သခင်ယောကျ်ားအပါးမှာ၊ ခစားပြုစု ပျော်ပါးမှုအ တွက်အိမ်မှာနေပါစေ၊ တနေ့လျှင် တထောင်ကျ-ဆိုတော့နက်ဖြန်

ခါ။ သီတင်းကျွတ်ဆွန်း—၁—ရက်နေ့ဖြစ်ပေတယ်၊ သီတင်းကျွတ် လပြည့်နေ့အထိ-၁၅-ရက်လုံးလုံး အတွက်၊ ငွေတသောင်း ငါး ထောင်ပေးရပေလိမ့်မယ်။ သို့ကြောင့် "ငွေတသောင်းငါးထောင်" ပေးလိုက်ပါတယ်။ ချစ်လှစွာရှင်သွေးသွီးကလေးက၊ သည်ရက် အ တွင်းမှာ-ရတနာသုံးပါး၌၊ များပြားသော ကောင်းမှုကုသိုလ်ကို ပြု လုပ်ပါ" သို့ကလိုစေခိုင်းပြီး၊ သတင်းစကားပေးမှာလိုက်သတဲ့၊ ။

အင်း သူဌေးကြီး"ဦးပုဏ္ဏ"က၊ သွီးကလေးအလိုလိုက်ပြီး၊ နှစ် မြိုက်အောင်ပြုလုပ်၍အကြံပေးလိုက်ထာတော်ပါပေရဲ့၊ "ဥတ္တရာ" ရဲ့သခင် ချစ်လင်ယောက်ျားမှာလဲ၊ စိတ်အားပြည့်ရုံ ပျော်ရွှင်တို့ အာရုံလဲ့ရ၊ 'ဥတ္တရာ' အိမ်ရှင်မကလေးမှာလဲ၊မိမိပြုလိုတဲ့ကုသိုလ် ကောင်းမှုကိုစိတ်သဘောရှိတိုင်းပြုလုပ်ရရော၊ ။အင်း-ယခုကာလ များမှာလဲ ဘာသာခြားတဲ့ကုလားတရုပ်ကိုယူမိတဲ့မိန်းမများဟာ၊ တချို့ဖြင့် "ဥတ္တရာ" ကလေးလိုဖြစ်နေကြမှာဘဲ။ မိမိကလဲ—ဒါန ကုသိုလ်ကိုပြုလိုတဲ့ စိတ်နှင့်သိတ်ပြီး ပင်ပန်းနေ၊ စေတနာသဒ္ဓါ တရားမဲ့ဘဲ့လူမျိုးခြားကိုလဲယူမိရက်သားဖြစ်ပြန်။ လင်ယောက်ျား မြည်တွန်သံဇခိုလဲ့ကြောက်၊ ချမ်းသာပေါက်ခရီးကဖြင့် အပုံကြီး ဝေးနေတာကသား၊ သို့ကြောင့်-ရတနာသုံးပါး၌နှသုံးထားခတ်ခံရှိ တဲ့အမျိုးသွီးကလေးတွေမှာ၊ ထိုအချက်ကိုအထူးပင် သတိထား သင့်ကြပေတယ်၊ ဖွေစိတ်တော်အညှာလွယ်ပြီး ပါမယ်များမကြံ လိုက်ကြနှင့်၊ လူမျိုးခြားလက်တွင်းသို့ သက်ဆင်းမိပလားဆိုတော့ ဘုရားကိုလဲမပူဇော်ရ၊တရားဓမ္မနှင့်လဲမပျော်နိုင်၊ သံဃာတွေ မြင် မြိုင်နှင့်ရင်ဆိုင်တွေ့ရသော်လဲ "ကုသလ" ဆိုတဲ့တရားတွေကိုစိတ် ရှိသလောက်မပြုအားပေဘူး၊ သတိကြပ်ကြပ်ထားပြီး၊ လူမျိုးခြား ကိုတော့ရှောင်နိုင်သမျှရှောင်ကြပါ၊ ။

"ဖိဘ်ခြင်းဖိဘ်၊အိတ်ဘွင်းမှာဖိတ်" ဆိုသလို၊ အရှင်သခင် ချစ်လင်ယောက်ျားကိုရှာမှီးပြီး၊ အပျိုကြီးအဖြစ်နှင့်မနေလိုကြတဲ့ အမျိုးသွီးကလေးတွေဟာ ဘာသာဝါဒ-တူညီမျှတဲ့ မြန်မာအနွယ် များကိုသာကောင်းမွန်စွာပေါင်းဘက်သင့်ကြပေတယ်၊သို့မှ "လင်

နှင့်မယောဇ။ အတူသွားအတူနေ'' ဆိုသကဲ့သို့၊စိတ်ထားခြင်းညီမျှပြီး၊ဒါနပြုရာမှာလဲအတူတူ၊သီလယူရာမှာလဲတူရုံတဲ့၊ကျောင်းထဲဘုရားထဲသွားပြန်ရင်ရွှေနောက်ညီ၊ စိတ်သဘော ကြည်ကြည်နှင့်အတည်တကျ၊ ဖြစ်ရာဘဝမှာ ယှဉ်ယှဉ်ရုံမင်ချစ်ခင်တဲ့သဘောထားနှင့်ကြင်ရာနှစ်ပါးတွဲဘက်ပြီး နေကြရမှာကလား။ ။ကဲ-ယခု''မယ်ဥတ္တရာ'' ကလေးရဲ့ဆင်းရဲပုံတွေကို၊ အသေအချာသိကြပြီမဟုတ်လား၊ သူ့ကိုအကျဉ်းထောင်ထဲမှာ ထားပြီး၊ အတွင်းသာညှဉ်းဆဲနေသလို၊ဆင်းရဲလှပါတယ်ဆိုတဲ့စကားဟာ၊ မိဘနှစ်ပါးရဲ့နားနှစ်ဘက်ကိုသံချွန်နှင့်နှက်လိုက်သလို၊ ကြင်နာလာအောင် ပြောလိုက်ထာဖြစ်သော့ သူဌေးကြီး ''ဦးပုဏ္ဏ''က ''သိရိမာ'' ဆိုတဲ့ပြည့်တန်ဆာမကိုခေါ်ပြီးခေါ် ထားချိန်၊ အကြံဉာဏ်ပေးလိုက်ပြီး။ ဝါတွင်းရက်နှင့်ကိုက်၍ငွေတသောင်းငါးထောင်ပေးလိုက်တယ်၊ ။

''သိရိမာ''ဆိုတာဟာလဲ၊ တခြားကမဟုတ်ပါဘူး၊မဂဓတိုင်း တခွင်မှာ၊ ရုပ်အသွင်အဆင်းဖြင့်၊ အလွန်ကျော်စောခြင်းရှိတဲ့ ပြည့်တန်ဆာမကြီးတဦးပေပေါ့၊ ဆေးဆရာကြီး ''ဇီဝက'' ရဲ့မိခင်အရင်းပါတဲ၊ရုပ်ဆင်းအင်္ဂါ၊လက္ခဏာနှင့်၊ လွန်စွာပြည့်ရပြီး၊အစွမ်းကုန်ချောတာ,ငှတာနှင့် မဘာ့အမြုတေ၊ ကြက်သရေတွေပိတ်ဖုံးပြီး၊ကြက်သရေတုံး ကြက်သရေခဲကြီးဖြစ်နေလို့ ''သိရိမာ''ရယ်လို့ခေါ်ဆိုရတယ်၊''ဗိမ္ဗိသာရ''မင်းမြတ်ကြီးကိုယ်တိုင်အလှပြိုင်ဆိုင်နိုင်တဲ့အကျော်အမော်မိန်းမထဲက၊ လွန်ကဲတဲ့ရုပ်အဆင်းရှိတော့၊သူ့ကို''ပြည့်တန်ဆာမ''ပြည့်ကံကျေးမ (ပြည့်မျက်စိမ) ရာထူးနှင့်၊ တကူးတကလုပ်ပြီး၊ တင်မြှောက်ထားတော့တာကလား၊ ပျော်ပါးလိုသူများမှာ၊တနေ့လျှင်၊ အသပြာတထောင်ပေး၍၊ ပျော်ပါးကြရသတဲ့၊

''သိရိမာကိုခေါ်ယူခြင်း''

''မယ်ဥတ္တရာ'' သောတာပန်မကလေးလဲ၊ မိမိ၏ဘခင်ထံမှ၊ ဘတင်းစကားပြန်လိုက်ပုံများနှင့် ငွေသားအသပြာ ''တသောင်းငါးထောင်''ပေးလိုက်သည်များကိုယူပြီးအယောက်ကပြခဲ့တဲ့ ပြည့်

တန်းဆာမ "မယ်သီရိမာ"ကိုမိမိအိမ်သို့ခေါ်ယူတယ်တဲ့၊သည်အကြောင်းအရာတွေကိုတော့၊ "သီရိမာ"နှင့်တကွ၊ဘယ်သူမှမသိဘူးပေါ့ ဥတ္တရာရဲ့ယောကျ်ားလုပ်သူလဲမသိရှာဘူးတဲ့၊ ၊"သီရိမာ"လဲ ဥတ္တရာဘို့အိမ်သို့ရောက်လာတာပေါ့လေ၊ "မယ်ဥတ္တရာ"က"သီရိမာ"ကိုဘယ်လိုပြောသလဲဆိုတော့သည်လိုတဲ့"အိုချစ်ဆွေသူငယ်ခြင်း၊ဟောသည်၊ ငွေ"တသောင်း ဝါးထောင်,,ကိုယူပြီး၊တနေ့လျှင်တထောင်ကျနှင့်၊ ယခုသီတင်းကျွတ်လဝက်ပတ်လုံး၊ဟောသည်ကသူဌေးသားနှင့် ပျော်ပျော်, ရွှင်ရွှင်၊ကြည်လင်စွာနေပြီး၊မငြီးမငြူ-ပြုရလုပ်ကျွေးပါ,,သို့ကလိုပြောကြားတဲ့အခါ၊ "သီရိမာ"ကလဲ၊ ဝမ်းမြောက်ဝမ်းသာနှင့် ကောင်းပါပြီရှင်-သူငယ်ခြင်းမပြောသောအတိုင်း၊ဝတ်တရားမပျက်ရအောင်၊ ဆက်ဆက်ကြီးပြုရလုပ်ကျွေးပါ့မယ်,,လို့တာဝန်ခံရှာတယ်၊ ၊"မယ်ဥတ္တရာ"ကလေးကဖြင့်၊ ဘယ်လောက် ဝမ်းမြောက်ကြည်နူးစွာ၊ ကျေးဇူးတင်ရှာမလဲဆိုတာကိုသာ၊ စဉ်းစားကြည့်ကြပေတော့၊ သူ့အတွက်ကြောင့်၊ ကိုယ်နှစ်သက်တဲ့ဘုသိုလ်ကောင်းမှုများကို၊ အားပါးတရ၊စိတ်သဘောကျပြုရရမယ်ဆိုတော့၊ကျေးဇူးလဲတင်ထိုက်ပါပေတယ်၊ ၊အဲ-သို့ကလို၊ "သီရိမာ"က၊ တာဝန်ခံစကားကိုပြောကြားသောအခါ၊"မယ်ဥတ္တရာ"ကလေးကလဲ ချမ်းအေးကြည်လင်ပြီး၊အတော်ပင် ရွှင်ပြဘဲ့စိတ်သဘောနှင့်၊ကျေးဇူးတင်၍၊အထူးပင်ဝမ်းမြောက်ကြောင်းများကို ပြောကြားပြီးနောက်သီရိမာ ကိုခေါ်ပြီးမိမိရဲ့ အရှင်၊ချစ်လင်ယောကျ်ားထံ နှစ်ယောက်စလုံးပင်သွားကြသတဲ့၊ ၊သူဌေးသားကလဲရုပ်ဆင်းအင်္ဂါးလွန်စွာယဉ်ကျေးတဲ့ "သီရိမာ"ကိုမြင်တော့၊ ဘဝင်ကတလှုပ်လှုပ်နှင့်၊ ဩော်ရုပ်ကလေးနှယ်၊ သည်လောက်ဘဲ၊ လှမှလှရက် ရှာပလေတယ်ဟု-အောက်မေ့ပြီး၊ မိမိရဲ့ကြင်ရာ"မယ်ဥတ္တရာ"ကို၊ဘယ်သူလဲ့ဟုမေးရာတွင်၊"မယ်ဥတ္တရာ"ကလဲ "ကျေးဇူးအရှင်၊အိုသခင်၊ယခုမြင်ရတဲ့သူဟာတခြားမဟုတ်ပါဘူး၊ ကျွန်မရဲ့သူငယ်ခြင်းမဖြစ်ပါတယ်၊ ယခုသီတင်းကျွတ်လပြည့်နေ့အထိ၊ လဝက်တိုင်

ဘိုင်ကျွန်မရဲ့သူငယ်ချင်းမကာ၊ အရှင့်ကိုလုပ်ကျွေးပြုရပါလိမ့်မယ်၊ ကျွန်မမှာတော့၊ ယခုလဝက်အတွင်းမှာ၊ ကြည်ညိုချင်းရှိပြီးသား ဖြစ်တဲ့ရတနာသုံးပါးကို၊ ဆည်းကပ်ပြီး၊ အလှူကိုလဲ ပေးလှူလိုပါ တယ်၊ တရားတော်များကိုလဲ နာကြားလိုပါတယ်" အဲ-သို့ကလို၊ အခွင့်တောင်းရာတယ်၊ ၊သူဌေးသားကလဲ "သီရိမာ"ကို မြင် ကထဲက၊ရင်ထဲမှာတမိမိနှင့် အလိုလိုနှစ်ခြိုက်ပြီးသား ဖြစ်တော့၊ ရတနာသုံးပါးကိုမနှစ်သက်သော်လဲ၊ "ဥတ္တရာ" ရဲ့စကားကို အ များကြီးသဘောကျပြီး၊ "ကောင်းလှပါပြီချစ်နှစ်မ-အလိုတော်ရှိသ လိုပြုတာပေါ့"လို့အခွင့်အရေးကို ကြည်သာစွာ ပေးလိုက်သတဲ့၊ အင်း—သူဌေးသားမှာဖြင့်"သီရိမာ"ရုပ်အဆင်းကြောင့်၊ မငြင်းမ ပယ်ဘဲ၊ အဟုတ်တကယ်ကြည်သာတဲ့သဘောနှင့် "ဥတ္တရာ"က လေးအား၊အခွင့်ပေးလိုက်တာဟာ၊ လွန်စွာဝမ်းမြောက်ဘို့ပေါ့၊ ၊ ယောကျာ်းဆိုတဲ့ သတ္တဝါမျိုးဟာ၊ အလွန်ဆိုးဝါးတယ်၊ ရုပ်အ ဆင်း ကလေးက၊ လှလှပပ၊ ပီယဝါစာနှင့်၊ ချိုသာစွာရှိတဲ့ အ မျိုးသမီးကလေးများကိုမြင်ပြီဆိုရင်၊ဟို-အရင်က အဟောင်းဖြစ်သူ များကိုမေ့ပြီး၊ မေတ္တာငွေ့ကုန်ခန်း၍၊ အသစ်အဆန်းတို့နှင့်သာ ပျော်ချင်ကြတာကလား၊ကြင်ရာဇနီးရှိပြီးသားပေမဲ့၊ ပေါ့ရွှဲ့ရွှဲ့ရုပ်အ ဆင်းနှင့်ဝင်းဝင်းတောက်သူတာကိုမြင်ရင်၊ ဘဝင်မှာလေ ရိုက်ပြီး၊ အရှိက်ကိုတခါထဲထိကုန်ပါရော၊ "ဒေါ်စိမ်းမြင်၊ ဒေါ်ကင်ပစ်" ဆိုတာလို၊ကိုယ်လိုရာစိတ်အကြိုက်နှင့် အပုံကြီးပျော်မိုက်နေကြ တော့တာဘဲ၊သည့်လိုဖြစ်တတ်တဲ့သဘောတွေကို၊ ခပ်စောစောက ကြိုတင်ပြီး၊ကုန်စင်အောင်သိဘို့အရေးကို၊ အိမ်ရှင်မကလေးများ ကသတိထားသင့်ကြပေတယ်၊ ၊သို့မဟုတ်က၊ မောင်မင်းကြီး သားတွေက၊စိတ်ထလတိုင်းအကုန်ရှုပ်ပြီး၊မဟုတ်တဲ့ အလုပ်တွေကို ပြုလုပ်ကုန်ပါရော၊သည့်တော့အဟောင်းဖြစ်တဲ့အိမ်ရှင်မ၊ ကြင်ရာ ကလေးများမှာ၊ ပူဆွေးဒုက္ခ၊ သောကဘေးရောက်ပြီး၊ အပူမီး တောက်၍၊ ဒုအသည်းခြောက်မတတ်ဖြစ်ကုန်တတ်ထာကလား၊ ယောကျာ်းလုပ်တဲ့ မောင်မင်းကြီးသားများကိုတော့ အတော်ဘဲ

ခက်ပါတယ်၊သဘောနက်နက်နှင့်အကွက်ကျကျ စဉ်းစားလိုက်ပြီ ဆိုတော့၊ သူတို့ဆော့ပုံကမြော့ပုံတွေဟာအကုန်လုံးပေါ်ပေါက်ပြီး၊ စိတ်နောက်စရာဖြစ်လာတတ်တယ်၊ ။ယခု "မယ်ဥဇ္ဇရာ" တို့ မှာတော့တမျိုးစီဖြစ်နေတာပေါ့၊ ခင်ပွန်းဖြစ်သူ လင်ယောကျ်ားက။ စိတ်အား ရှိသလောက် ပျော်မြူးတဲ့ မိုးပေါက်တွေနှင့် မခြောက် အောင်ရွှဲသွန်း၍နေလေလေ "ဥဇ္ဇရာ" မှာဖြင့်အကြည်ခေတ်ဆိုက် ပြီး၊ အကြိုက်ကိုကျလေလေပါဘဲ၊ သူကိုယ်တိုင်ကဘဲ-ငွေအသ ပြာပေးပြီး၊အဝေးက "သီရိမာ" ကိုကြင်ရာတော်အဖြစ်နှင့် ခေတ္တမျှ ပြုလုပ်ထားတာကြည့်ပါလား။ သူ့မှာတော့ ဝါသနာရှိတဲ့အတိုင်း ရတနာသုံးပါးမှာပျော်မွေ့ပြီး၊ အလှေအထရှိသလိုလုပ်ရလျှင်ကြေ နပ်ထားဘဲ၊ ယောကျ်ားလုပ်သူမှာဖြင့်ကြင်ရာသစ် "သီရိမာ" နှင့် လွန်စွာပျော်မွေ့၍ နေပေစေဆိုတဲ့သဘောနှင့် ပြုလုပ်ထားတာက လား၊ အကြောင်းတခုကတော့-ယခု "သီရိမာ" ဟာအငှဉ်ထားမဲ့ မယားမှမဟုတ်ပါဘဲနှင့် "ဥဇ္ဇရာ" ကအထင်လွဲပြီး ပူပွဲဆင်စရာမရှိ ပါဘူး၊ ငွေအသပြာပေးပြီးခေတ္တကလေးထားတာဖြစ်တော့နှစ်နှစ် သက်သက်နေနိုင်ရှာတာပေါ့၊ ။ချစ်လင်အရှင်-သခင်ယောကျ်ားထံ မှအခွင့်ပန်၍ကောင်းစွာရလာတဲ့ "ဥဇ္ဇရာ" အရိယာမကလေးမှာ၊ ကိုင်း-တခါဖြင့်စိတ်အေးပါပေါ့။ ကိုယ်တွေးမိတဲ့အတိုင်း ကုသိုလ် ဂိုဏ်းကြီးကို အလှိုင်းတကြီးအားထုတ်ပြီး ပြုလုပ်မယဲ့-ဆိုတဲ့စိတ် ထားနှင့်ရှင်တော်မြတ်ဘုရားနှင့်တကွ၊ သံဃာတော် ပေါင်းများစွာ တို့ကိုပင့်ဘိတ်ပြီး၊ "အရှင်ဘုရားတို့-ယနေ့မှစ၍ လပြည့်နေ့တိုင် အောင်လဝက်တိတိ၊ အခြားအရပ်သို့မကြွကြဘဲ တပည့်တော်မ အိမ်မှာသာလျှင် ဆွမ်းခံတော်မူကြပါဘုရား" လို့လျှောက်ထားသ တဲ့၊ရှင်တော်မြတ်ဘုရားကလဲသဒ္ဒါတရားကိုငဲ့ကွက်ပြီး၊ပဋိညာဉ် ပေးတော်မူတယ်၊ "မယ်ဥဇ္ဇရာ" ကလေးမှာတော့ သီတင်းကျွတ် လဆန်း-၁-ရက်နေ့ကစပြီး၊ခုဟာန်းတော်များ "ပဝါရဏာ" ပြုလုပ် တဲ့ လပြည့်နေ့တိုင်အောင်-၁၅-ရက်လုံးလုံး၊ သုံးလူ့သခင်-ရှင် တော်မြတ်ဘုရားအား၊လုပ်ကျွေးဆည်းကပ်ဘို့နှင့် တရားတော်နာ

ကြားတို့အခွင့်ကိုကောင်းစွာခံရှိပြီဆို၍ အလွန့်လွန် ဝမ်းမြောက် ဝမ်းသာဖြစ်ရာသတဲ့၊မိမိပြုလိုတဲ့အမှုများကို စိတ်ရှိ,သဘောရှိပြု လုပ်ခဲ့ရတယ်ဆိုတော့ ဝမ်းမြောက်မယ်ဆိုရင်လဲ၊ ဝမ်းမြောက်ထိုက် ပါပေတယ်၊ ပြဆိုခဲ့တဲ့ "မယ်ဥတ္တရာ" ကလေးဟာ၊သီရိမာကိုလဲ များစွာကျေးဇူးတင်ရာသတဲ့၊ဘယ်လိုတင်သလဲလို့ဆိုတော့ 'ဪ ငါ့မှာ "သီရိမာ" ကိုအကြောင်းပြု၍ကောင်းမှုကုသိုလ်အမျိုးမျိုးကို ပြုလဲလုပ်ခဲ့ရတယ်၊ကုန်ခဲ့တဲ့ဝါတွင်းကာလမှာ-ဒါနကိုလဲပြုခဲ့ရ၊ သီလကိုလဲမဆောက်တည်အား၊တရားတော်ကိုလဲမနာနိုင် အလကား ဖြစ်တဲ့အချိန်တွေသာမြိုင်မြိုင်ကြီးကုန်လာခဲ့တယ်၊ယခုတော့ "သီရိမာ" ကလေးရဲ့ကျေးဇူးကြောင့်၊ အထူးထူးသောကုသိုလ်တွေကို စိတ်ရှိတိုင်းပြုရပြီ၊ သူ့ကိုမှီ၍ သီလများကိုလဲ ဆောက်တည်ခဲ့ရတော့မယ် ဪ–တကယ်စဉ်းစားတော့အများကြီးကျေးဇူးကြီး ကျယ်ပါပေတယ်၊စကြာဝဠာ,ကမ္ဘာအပြင်ကြီးဟာဘယ်လောက် ပင်ကျယ်ဝန်းသော်လဲ၊တကယ်တမ်းဆိုရင်"သီရိမာ" ကလေးရဲ့ ကျေးဇူးအပြင်လောက် မကျယ်ဝန်းသေးပါဘူး၊ "သီရိမာ" ရဲ့ ကျေးဇူးတွေနှင့်နှိုင်းစာလိုက်တော့ကျယ်ဝန်းလှတဲ့စကြာဝဠာဟာ လွန်စွာကျဉ်းမြောင်း သွားတာပါဘဲ၊ ဘဝဂ်ဘုံခေါ်တဲ့ အထက်ဆုံး ဗြဟ္မာ့ပြည်ကြီးဟာ၊ လူ့ပြည်ကနေပြီး-ခရီးယူဇနာ ကုဋေ, ကုဋာကွာခြားငြား၊ အများကြီးမြင့်နေပေတယ်လို့ "သီရိမာ" ရဲ့ ကျေးဇူးနှင့် စာလိုက်တော့ အလွန်ပင်နိမ့်ကျငြားနေတာဘဲ၊ သူကလေးရဲ့ကျေးဇူးတွေဟာ ဖော်တွက်၍ပင်မကုန်နိုင် လောက်အောင် များပြားနေတာအမှန်ပါဘဲ" စသည်ဖြင့်၊"သီရိမာ"ရဲ့ကျေးဇူးတွေ ကိုအထူးသဖြင့်အောက်မေ့ပြီး၊သိတတ်မြင်တတ်ရာသတဲ့၊ ။

ချီးမွမ်းမြောက်တင်ပြီး ကျေးဇူးရှင်မကြီးရယ်လို့လဲ ခေါ်ထိုက်ပေတယ်၊ "သီရိမာ"သာမရှိက–သည်ကုသိုလ်တွေကိုလဲပြုနိုင်မှာ မဟုတ်ဘူး၊သီလကိုလဲဆောက်တည်နိုင်ဘို့ဝေးလေစွ၊ ဒါနဆိုတာ နှင့်ဆန့်ကျင်ဘက်၊ အပုံကြီးအခက်ကျနေမှာကလား၊ ယခုတော့ "သီရိမာ"ရှိပေလို့သာ"ဥတ္တရာ"မှာ၊အချုပ်အခြာဖြစ်တဲ့ ကုသိုလ်

ရတွေကိုပြုလိုပြုးဒါနမှုကိုလဲသဘောကျလုပ်၊ အလုံးစုံချင်ပြီး အဟုတ်အဘိုးတန်ဘဲ့အမျိုးမှန်ကုသိုလ်တွေကို၊အထွေထွေပြုလုပ်နိုင်တာပေါ့၊အင်း—အရိယာနွယ်ဝင်၊သူတော်စင်“ဥတ္တရာ” ကလေးရဲ့တွေးတော၍ကျေးဇူးတင်ပုံများနှင့် ဘုရား,တရား,သံဃာများကိုလက်ကိုင်ထားပြီး၊ သဒ္ဒါအားထက်သန်ပုံများကို အလုံးစုံ အတုရိုးပြီး၊ အမျိုးမျိုးအားကျသင့်ကြပေတယ်၊ သူတော်ကောင်းကလေး“မယ်ဥတ္တရာ” မှာ၊လွန်မင်းစွာဝမ်းမြောက်ပြီး ပီတိလှိုင်းတွေပေါ်ပေါက်၍စိတ်နောက်ကိုယ်ပါ၊ သဒ္ဒါနှင့်စေတနာတွေဟာ ဝေဝေဆာဆာကြီးဖြစ်နေပုံများကိုလဲ၊ လွန်စွာအားကျဘို့သင့်ကြပေတယ်မဟုတ်လားအဲ-သို့ကလိုသူတော်စင်ဖြစ်တဲ့‘ဥတ္တရာ’ကလေးမှာ၊သီတင်းကျွတ်သွန်း—၁-ရက်နေ့ကစပြီး၊ဒါနမှုနှင့် တရားနာခြင်းအလုပ်ကြီးများကိုဖွင့်လှစ်ရန်အတွက်၊ ရှင်တော်မြတ်ဘုရားထံမှလဲအခွင့်ရပြီးဖြစ်၍၊နှစ်နှစ်,သက်သက်ကြီး ဘုရားအမှူးရှိတဲ့ရဟန်း,သံဃာတော်တို့အား-ပြုရလုပ်ကျွေး၍၊ စေတနာ ရွှန်း ရွှန်းနှင့်အမျိုးမျိုးသောကုသိုလ်တရားတို့ကို၊ ကြိုးစားအားထုတ်၍ပြုလုပ်ဆောင်ရွက်ခါကောင်းစွာနေရှာတော့သတည်း၊ ။

## သိရိမာအထင်လွဲခြင်း၊၊

အထက်ကပြခဲ့တဲ့ ပြည့်တန်းဆာမ “မယ်သိရိမာ” သည်၊ “ဥတ္တရာ”ကလေးရဲ့ယောကျ်ား-သုမနသူဌေးသားနှင့် ပျော်ပါးနှစ်ခြိုက်၍ စိတ်ကြိုက်သလိုနေစဉ်ကာလမှာ “ဥတ္တရာ”နှင့်တွေ့၍၊ သူဌေးသားကလေးနှင့်ပျော်မွေ့တဲ့နေ့ကစပြီး၊ မိမိကိုယ်ကို မိမိကအတွင်းသူ “အိမ်ရှင်မ”ဟူ၍မှတ်ထင်နေသတဲ့၊ ၊ခေတ္တမျှငှါးတဲ့မယားပင်ဖြစ်သော်လဲ၊သူဌေးကလေးမှာ“ကြင်ရာဇနီးပိုင်မရှိသေးဘူး” လို့မှတ်ထင်ရှာသတဲ့၊ သူဌေးသားရဲ့ ကြင်ရာတော်သူဌေးကတော်ကလေးရယ်လို့မတွေးမိရှာဘူးပေါ့၊ အင်း-သနားစရာကလေးဘဲ‘သိရိမာ”မှာ၊ခေတ္တပင်ဖြစ်သော်လဲ-၁၅-ရက်အတွင်းမှာဖြင့်၊ သူဌေးကတော်ဖြစ်နေရတဲ့အတွက် မာန်မာနတက်ပြီး၊ သူ့ကိုသူ

အထက်လူကြီးဟူ၍ မှတ်ထင်ရှာသပေါ့၊ ခေတ္တမျှပေါင်းဘော်ပျော်ပါးရတဲ့လင်ယောကျ်ားကိုလဲအများကြီးချစ်ခင်ပြီး၊ ကြင်ကြင်နာနာရှိရှာသတဲ့၊ငါဟာသူဌေးကတော်ကလေးဘဲလို့ အထင်ရောက်ပြီး၊ စိတ်ထားတော်များလဲ မြောက်နေရှာမှာပေါ့၊ ၊သူဌေးကတော်ရယ်လို့မသိရှာဘဲ၊ အပြင်အပကမဆိုင်မစပ်တဲ့ မိန်းကလေးရယ်လို့အောက်မေ့မှတ်ထင်နေသတဲ့။ ကဲ-စဉ်းစား ကြည့်ကြစမ်းပါ၊ "သိဒ္ဓိဖွ"ရဲ့ဖြစ်ပုံဟာ၊အရှုတုန်အော်င်ရယ်စရာမကောင်းဘူးလား၊ ခေတ္တမယားဖြစ်ရတာတောင် ရွှေသွေးတော်မြောက်ပြီး၊ သူဌေးကတော် စိတ်ပေါက်နေတော့တယ်၊ မငြါးမရမ်းဘဲ သူဌေးသားကလေးရဲ့စိတ်သဘောနှင့် ချောမောလှပတဲ့အတွက်၊ နှစ်သက် ချစ်ခင်ပြီး၊ အသိုလိုမျှားကြင်နာ၍ ကြင်ရာသူကလေးဘဝများမတော်တဆ ရောက်သွားခဲ့ပါလျှင်၊ ထောက်ထား ညှာတာတဲ့ ဝါသနာကောင်းတွေမရှိဘဲ၊ သူ့သဘောအတိုင်း၊ ဘယ်ကလောက်စေခိုင်းပြီး ညွှန်ကြားပေးလိုက်မယ်ဆိုတာကိုသာကြည့်ကြပေတော့၊ ။ ခြေဖျားကသွေး နဖူးရောက်ပြီး၊ ရူးမလောက်ကို မြှောက်မာတော့မှာပေါ့၊ ဪ-သနားစရာလဲကောင်းပါရဲ့၊သူ့ကိုယ်သူ-သူဌေးကတော် ဘဝနှင့်၊ အိမ်ရှင်မ ဖြစ်ရ ပြီလို့ အမှတ်ထားပြီး၊ လင်ယောကျ်ားရဲ့စည်းစိမ်တွေကိုခံစားလျက်၊ မာန်အားတက်ခါ၊သွေးကြီးပြီးနေတော့တာဘဲဘဲ့၊ လင်ယောကျ်ားကိုလဲ အားကိုးပြီး၊ အမျိုးမျိုးစိတ်အားလျက် အချစ်သွေးတက်နေသတဲ့၊

မယ်ဥတ္တရာကလေးမှာတော့ ဝမ်းမြောက်ဝမ်းသာနှင့်၊ဧဗိုအိမ်မှာကိုယ်တိုင်သွားပြီး၊ မိမိရဲ့ ကျွန်မပေါင်းများစွာနှင့်၊ "ယာဂုကိုကျိုကြပဲ့၊ ဆွမ်းကိုချက်ကြဟဲ့"မုန့်ကိုကြော်ကြပဲ့"သည်ဆွမ်းကိုသည်လိုချက်ပါ၊သည်ဥစ္စာကိုသည်သို့လုပ်"စသည်ဖြင့် ညွှန်ကြားပေး၍၊ သူဌေးကတော်တယောက်ဖြစ်သောအတိုင်း၊ သူ့ဘပါးကိုလဲစေခိုင်း၊ကိုယ်တိုင်ကလဲပြုလုပ်၍၊ "မိဒ္ဓတင်းကုတ်"ခေါ်တဲ့ ဧဗိုအိမ်မှားဆူညံမြမရဘဲ၊လူးလာပျံခတ်၊ လှည့်ပတ်ပြီးနေရှာသတဲ့၊ ၊ ရှင်တော်ဘုရားနှင့် သံဃာများကို လှူဒါန်းရန်ဖြစ်၍၊ နှစ်နှစ်သက်

သက်ကြီး ချက်ပြုတ်-ဖုတ်ကင်နေကြတာပေါ့၊ "ဥစ္စရာ" ကလေး မှာ စဖိုအိမ်နားကမခွါဘဲ၊ ဩဇာ အာဏာနှင့်လဲသူတပါးကို ခိုင်း စေ၊ ကိုယ်တိုင်လဲချက်ပြုတ်လုပ်ကိုင်ရတယ်ဆိုတော့၊ ခမြာကလေး မှာ ချွေးတွေ ဒီးဒီးကျပြီး ပြာမှုန့်တွေလိမ်းကပ်၍၊ မီးကျီးကလူးထား တဲ့ အိုးမဲတွေကလဲ အကွက်အကွက်၊ အလွန်ဆင်းရဲတဲ့ မျက်ခွက် ကြီးလိုဖြစ်နေရှာသတဲ့၊ ။သို့ကလို ရှင်တော်ဘုရားနှင့်၊ တပည့် သား သံဃာတော်များကို၊ နေ့စဉ် ဝတ်ထား၍၊ ပြုရကျွေးမွေးလာခဲ့ ရာ၊ သီတင်းကျွတ်လပြည့်၊ အဘိတ်နေ့သို့ ရောက်လာသတဲ့၊ သီ တင်းကျွတ် လပြည့်နေ့မှာ၊ ရဟန်းတော်များရဲ့ "ပဝါရဏာ" ပွဲ တော်ကြီးရယ်လို့ရှိတယ်၊ "ပဝါရဏာ" ပွဲနေ့ကြီးဆိုတော့၊ တကာ, တကာမတွေလဲ၊ အထူးသဖြင့်ဂရုပြု၍၊ သီလစသည်ကိုစောင့်ထိန်း ပြီး၊ ဒါနမှုများကိုကြိုးစား၍ပြုလုပ်ကြတာပေါ့၊ ထိုအခါ-ရာဇဂြိုဟ် ပြည်သူ ပြည်သားများမှာ၊ နက်ဖြန်ခါ "ပဝါရဏာ" ပွဲတော်ရက် ဟူ၍အားလုံးပင်သိကြတယ်။

## "သူဌေးသားက–ပျက်ရယ်ပြုခြင်း။"

"ဥစ္စရာ" ရဲ့ယောက်ျား၊ သူဌေးသားကလေးကလဲ၊ နက်ဖြန်ခါ ပဝါရဏာပွဲလို့ပြောကြပါတယ်၊ "ဥစ္စရာ" ကော ဘာများလုပ်နေ ပါလိမ့်မလဲဟု- ကြံစည်ပြီး၊ လေသာတံခါးကိုဖွင့်၍၊ ဥစ္စရာတို့ ချက် ပြုတ်နေတဲ့စဖိုအိမ်ဆီသို့ကြည့်လိုက်တယ်၊ ထိုအခါ "သီရိမာ" -လဲ အနားကရှိသတဲ့၊ ။သူဌေးသားက၊ စဖိုအိမ်ဆီသို့ ကြည့်လိုက် တော့၊ ချွေးတွေစီးယို၍၊ မီးဖိုကပြာတွေနှင့်လိမ်းကပ်ပြီး၊ မီးသွေး တွေလူးလဲ၍၊ မဲနေတဲ့ ကြင်ရာဖြစ်သူ "ဥစ္စရာ" ကလေးကိုမြင် တော့ သူ့စိတ်တွင်းက-"ဩော် ရိုက်လိုက်တဲ့မိန်းမနှယ်၊ ယခုလို ကြီးကျယ်ခန်းနားတဲ့-ချမ်းသာတရား၊ စည်းစိမ်များကိုတော့ မခံ စားပါဘဲ၊ ကတုံးဦးပြည်း–ရဟန်းကြီးတွေကိုသာ၊ လုပ်ကျွေးပြုရ မယ်ဆိုတဲ့သဘောနှင့်၊ မပြောနိုင်အောင်နှစ်သက်ပြီး၊ ချက်ပြုတ်ရာ မှာ လူးလာပျာခတ်၍လှည့်ပတ်နေလိုက်ထာ၊ တော်နိုင်ပါရဲ့လား"

ဟုတွေးတောမိပြီး၊ "ဥတ္တရာ" ကလေးအား၊ ပျက်ရယ်ပြုသောအား ဖြင့်၊ သွားပေါ်အောင်ပြုံး၍ ရယ်ပြီး၊ လေသာပြူတင်းမှ ရှောင်ကွင်း ဘဲကြည့်၍သွားသတဲ့။ ဘာသာခြားသဖြင့်၊ အထင်တော်ခေါက် များပြီး၊ ပြုံးရယ်တဲ့သဘောထားကိုတော့၊ အထူး အံ့သြစရာမ ဟုတ်ဘူးပေါ့။

"သီရိမာမိုက်မဲခြင်း။"

အဲ-သို့ကလိုသူဌေးသားကပြုံးရယ်လိုက်ထာကို၊ အနီးမှာရှိတဲ့ "သီရိမာ" ကလဲမြင်မိတယ်။ ဘာအကြောင်းကြောင့် ပြုံးတယ်ဆို တာကိုတော့မသိဘူးပေါ့၊ သည်တော့ "သီရိမာ" က၊ ဘာကြောင့် ပြုံးပါလိမ့်မလဲလို့ တွေးတောပြီး၊ ယခင်လေသာပြူတင်းပေါက်က အောက်သို့ကြည့်ရှုတော့-စဖိုအိမ်မှာလူးလာခတ်နေတဲ့ "ဥတ္တရာ" ကိုမြင်တာပေါ့လေ။ ထိုအခါ "သီရိမာ" ကား၊ ဧကန္တငါ၏ယောကျ်ား ဟာ၊ "ဥတ္တရာ" ကိုမြင်လို့သာပြုံးတာဘဲ၊ စင်စစ်မလွဲ "ဥတ္တရာ" နှင့် ချစ်လင်ယောကျ်ား၊ နှစ်ယောက်သားမှာ၊ အကျွမ်းတဝင်၊ ချစ်ခင် ခြင်းလက်စရှိကြပြီအမှန်ဘဲလို့တွေးပါရော၊ သည်လို တွေးတောမိ သည်နှင့်တပြိုင်နက်၊ ခေတ္တအငှားဖြစ်တဲ့လင်ယောကျ်ားနှင့် "ဥတ္တ ရာ" ချစ်ခင်နေတယ်ဆိုတော့၊ ငါ့ကိုချစ်ခင်တော့မှာမဟုတ်ဘူးဟု ဓမ္မတာသဘောအတိုင်းအလောသုံးဆယ်ဖြစ်ပြီး၊ အချစ်မီးတောက် လျှက်၊ "ဥတ္တရာ" ရဲ့ အပေါ်မှာ၊ လွန်စွာမနာလို ဝန်တိုတဲ့စိတ်တွေ ပေါ်ပေါက်လာတာပေါ့၊ သူ့ကိုယ်သူ-သူဌေးကတော်အစစ်၊ အိမ် ရှင်မဖြစ်နေပြီဟု အထင်လွဲပြီး၊ သွေးကြီး၍နေတုန်း၊ ဖြုန်းကနဲယခု လိုတွေ့လိုက်တော့၊ ဒေါသမီးငြိုးတိုက်ပြီး၊ အမိုက်ကိုခေါ်ယူသလို ဖြစ်သွားတာပေါ့။

သူဌေးသားနှင့် "ဥတ္တရာ" ဟာ၊ ငယ်ချီးစားလေလား၊ ယခုမြင်မှ ချစ်ခင်ကြတာလေသလားစသည်ဖြင့်၊ မှားချင်တိုင်းမှားပြီး၊ အလကား ထင်ရာကိုတွေးလျှက်၊ "ဥတ္တရာ" ရဲ့ အပေါ်မှာ၊ အများကြီးမနာလို ဘဲ၊ ရန်ငြိုးဖွဲ့ပြီး၊ တကယ့်ကို ဆင်းရဲအောင်ပြုလိုက်မဘဲ့ဆိုတဲ့

စိတ်သဘောတွေဖြစ်ပေါ်လာသဘဲ့၊ ။ကိုင်း- စဉ်းစားကြည့်ကြစမ်းပါ။မဆိုင်ရာကဒေါ်ထွက်၍အမျက်တော်ကြီးပြီး၊ သည်းမခံနိုင်လောက်အောင်ဖြစ်နေတဲ့"သီရိမာ" ကို၊ ရယ်စရာမကောင်းကြဘူးလား။"သူနှင့်မဆိုင်-သူပိုင်မဟုတ်"တဲ့ ယောကျ်ားအတွက်။ မှောက်မှားချက်ကြီးကျယ်တဲ့အတွေးလုံးကြီးနှင့်၊ သူ့ဒွေးသုံး သုံးပြီး၊ မုန်းနေဘဲ့"ဥတ္တရာ"ကို ဒုက္ခဖြစ်အောင်လုပ်တော့မတဲ့၊ ။ ဩော်- ဖြစ်မှဖြစ်ရပလေတယ်၊ခေတ္တမယားဖြစ်ရရုံမျှနှင့်၊ ငြိုငြင်စောင်းမြောင်းပြီး။ သို့ကလောက်မကောင်းတဲ့စိတ်တွေထားမှဖြင့်၊ အပိုင်မယားများဖြစ်ခဲ့ပါလျှင်။ရလိုရယ် ရွှင်တာကိုမတွေ့ပါစေနှင့်အုံး၊ မျက်လုံးနှင့်သေသေချာချာသာ၊ သူ့ယောကျ်ားက ကြည့်တဲ့မိန်းမများကိုဖြင့်၊အစိမ်းစားမှာဘဲထင်ပါရဲ့။သည်လိုဖြစ်ထာဟာ။ "သီရိမာ"ကိုသာဆိုစရာမဟုတ်ပါဘူး၊ လောကအတွင်းမှာရှိတဲ့မိန်းမဟူသမျှ၊သည်လိုချည်းနေမှာပါဘဲ၊ ကိုယ့်အရှင်သခင်၊ လင်ယောကျ်ားနှင့် မှောက်မှားပြီး၊ ဖောက်ပြားကျင့်ကြံတဲ့သူကိုမဆိုထားပါနှင့်၊သွားရင်း,လာရင်း,စွေ့စွေ့ကြည့်ခြင်းကိုပင်၊ငြိုငြင်မုန်းထားပြီး၊ နှလုံးသားဆတ်ဆတ်တုန်ကြရိုးအမှန်ပေါ့၊ ။မိန်းမများမှာတော့၊စိတ်သဘောကနုနယ်လေတော့၊ချစ်ခင်မှုဆိုတဲ့သမုဒယဘက်ကဆိုလျှင်၊သူ့ဘို့မှာ။အလွန့်,အလွန်အရေးကြီးပြီး။ဒေါသမီးတပြောင်ပြောင်နှင့် အမြဲတောက်လောင်လျက်ရှိကြတာကလား၊ မိမိခဲ့သက်ထားလုပ်သူက အမူ ပြောင်းပြီး၊ တခြားမိန်းမများကို။ ကြည့်ရှုတာကလေးကိုမြင်ရုံမျှနှင့်ဘဲ၊ ဘဝင်ရန်ကာ အခြေပျက်ပြီး။ ရင်တုန်ကာ အနေခက်ကုန်ကြရရှာတာပေါ့၊ ။မိန်းမဆိုတဲ့သဘာဝမျိုးဟာ၊ အချစ်မိုးရွာတဲ့နေရာတွင် တာမရှေလှသော်လဲ၊ ဝဝဖြိုးဖြိုးကြီးတော့ရှိရိုးအမှန်ပေါ့၊ ။

ကိုယ့်အရှင်သခင်၊ချစ်လင်သက်ထားကို၊တပါးသောမိန်းမကပင်၊စတင်၍ဖြစ်စေ၊ မိမိယောကျ်ားကပင်စတင်၍ဖြစ်စေ၊ ချစ်ခင်သောအနေဖြင့်၊ခပ်စွေ့စွေ့ကလေးကြည့်တာတောင်၊ ဒေါသမီးတွေတောက်လောင်ပြီး၊ ငွေ့ဟောက်ကောင်ကို ဒုတ်နှင့်တို့လိုက်သလို

ဖြစ်ကုန်ကြတာကလား၊ ။သို့ကလောက်၊ ချစ်လင် ယောကျ်ား မိမိ၏ သက်ထားတို့၌၊ တဘက်သားကြည့်ရှုခြင်းငှါ၊ အပြင်းအထန်၊ မခံနိုင်အောင်၊ ချစ်ခင်တဲ့စိတ်သဘောရှိသည်လဲ၊ မှောက်မှောက်,မှားမှား၊ ယောကျ်ားတပါးတို့နှင့်၊ ပေါက်ပြား မိုက်မဲတဲ့ အယုတ်တွေကို၊ ကျင့်ကြံရမယ်ဆိုလျှင်၊ သူတို့ထက်တရင် ဖြစ်သူမရှိရိုးအမှန်ပေါ့၊ ။တနေ့,နေ့မှာ၊မှောက်မှားပြီး၊ယောကျ်ား တဦးနှင့်၊ပေါက်ပြား၍၊ ပျူးကုန်ကြတာတွေဟာ အများကြီးပေါ့၊ ။ တခြားသူများမှာတော့ အပိုင်ယောကျ်ား၌၊ ချစ်အားကြီးပြီး၊ဒေါသမီးတောက်၍၊ ဖျောက်မရနိုင်အောင်ရှိတာကိုတော့ဖြင့် အများနှင့်ဆက်ဆန်သဖြင့်ရှိပါသေးအံ့၊ အမိုက်လုံးထွားထွားနှင့်၊ အလကားအထင်မြောက်ပြီး၊ အခြောက်ကြွားဖြစ်တဲ့၊ "**မသိရိမာ**" က၊ခေတ္တယောကျ်ားနှင့်စပ်လျဉ်းပြီး၊ခပ်ပြင်းပြင်းထွက်တဲ့ ဒေါသကို၊ပြောပြခွင့် အပုံခက်ပြီး၊ ဟက်ဟက်,ပက်ပက်ကြီး ချယ်ရော ဖြစ်နေတော့တာပေါ့၊ ။သို့ရာတွင်၊ "**ဝါသနာဘာဂီ၊ဆက်တိုင်းမှီ**" ဆိုသလို၊ မိန်းမတို့ရဲ့မျိုးစေ့ခံတတ်ဝါသနာက ပါငြူးဖြစ်တော့၊ အချစ်အတွက်၊ရတက်ပွါးပြီး၊ ရန်ငြိုးထားတယ် ဆိုတာကိုလဲ အံ့သြစရာမဟုတ်သေးဘူးပေါ့၊ ။အင်း-မိန်းမဆိုတဲ့ သတ္တဝါမတွေဟာ၊ဒေါသနှင့်ခံတတ်စာကျပြီး၊ လောဘခေါ်တဲ့ သမုဒယအနွယ်ကို၊ကြီးကျယ်အောင် မွေးမြူတိုးသာတတ်တာကလား၊ များသောအားဖြင့်၊ရည်ရွယ်၍ ရေးရတာပါ၊ အကုန်လုံးတော့မဟုတ်ပါဘူး၊အချို့လဲ၊ ယောကျ်ားထက်ပင်၊ စိတ်သဘောထားမြင့်မြတ်ပြီး၊အထူးသဖြင့်ဖြောင့်မတ်တဲ့မိန်းမတွေလဲရှိကြအံ့မှာပေါ့၊ ။

## "သိရိမာ၏ရန်ငြိုးချေခြင်း။"

ကဲ-နားစိုက်၍သာထောင်ကြပေတော့၊ "**သိရိမာ**"ရဲ့မိုက်မဲပုံဘွဲ့ကိုအလုံးစုံကြားသိရပါလိမ့်မယ်၊ခေတ္တမယား အငှါးထားသူပင်ဖြစ်သော်လဲ၊ယောကျ်ားအတွက်၊စိတ်မာန်တက်နေတဲ့ "**သိရိမာ**"သည်၊"**ဥတ္တရာ**"၌ရန်ငြိုးဘွဲ့ပြီး၊ တကယ့်ကို သည်းမခံနိုင်၍၊

ပြာသာဒ်ပေါ်မှဆင်းပြီး၊ ငမိုးအိမ်အတွင်းသို့ဝင်သွားပြီး မုန့်အမျိုးမျိုးကိုကြော်ချက်နေသောအခါ၊ ကြိုက်ကြိုက်ဆူ-ပွက်လျက်နေတဲ့ထောပတ်ပူတွေကို၊ ယောက်မချိုဖြင့်ခပ်ယူပြီး "ဥတ္တရာ"ရှိရာသို့ရွှေ့ရှုတည့်တည့်ကြည့်ရှု၍သွားသတဲ့။ သည်တော့ "ဥတ္တရာ" သူတော်ကောင်းမကလေးက၊ အဝေးကလာတဲ့ "သိရိမာ"ကိုမြင်ရ၍၊ ဒေါသထွက်တဲ့မျက်နှာနှင့်၊ မသက်မသာ "သိရိမာ" လာပုံကဖြင့်အပုံထူးတယ်၊ သူ့လက်ထဲမှာလဲ၊ ယောက်မချိုကြီးကိုစွဲကိုင်လျက်ပါရှိတယ်၊ ဧကန်ငါ့အား-ရန်ငြိုးဘချဖြင့်၊ ထောပတ်ဆီပူတွေလောင်း၍နှိပ်စက်ဘို့လာတာဘဲ"ဟုတွေးမိသတဲ့၊ ပညာရှိပြီးသားမိန်းကလေးဖြစ်တော့၊ စနစ်ကျကျတွေးတောမိသပေါ့လေ၊ ၊ သို့ကလိုတွေးမိပြီးနောက်၊ "ဥတ္တရာ"ကဆင်ခြင်အောက်မေ့သည်မှာ၊ "ဩော်-"သိရိမာ"ရဲ့ကျေးဇူးတွေဟာ၊ ငါ့မှာအလွန်များပြားတယ်၊ သူ့ကိုအကြောင်းပြု၍၊ ကောင်းမှုကုသိုလ်အမျိုးမျိုးကိုပြုရတယ်၊ ကြွေဝဋ္ဋာလောကဓာတ်ကပင်၊ ကျဉ်းမြောင်းပါသေးတယ်၊ ဘဝဂ်ဖြစ်တဲ့ ဗြဟ္မာ့ဘုံနေရာကပင် နိမ့်ပါသေးတယ်၊ ငါ၏သူငယ်ချင်းမ "သိရိမာ"ရဲ့ကျေးဇူးတွေဟာ၊ သာ၍ပြန့်ကျယ်ပြီးမြင့်မောက်သေးတယ်"လို့ဆင်ခြင်အောက်မေ့နေရှာသတဲ့။

**ရစနာဂါထာ။**

စက္ကဝါဠံ့တိသမ္ဗာဓံ၊ ဗြဟ္မလောကောတိနီစကော။
သဟာယိကာယမေတိဿာ၊ မဟန္တောဥပကာရကော။

စက္ကဝါဠံ့၊ ကြွေ ဝဋ္ဋာ၊ ကမ္ဘာ နယ်ချင်၊ လောကဓာတ်ကြီးသည်။ ဝါ၊ ယူဇနာပေါင်း၊ ထောင်သောင်းမက၊ ကျယ်ဝန်းလှသည့်၊ လောကကမ္ဘာ၊ ကြွေဝဋ္ဋာကြီးသည်၊ အတိသမ္ဗာဓံ၊ "သိရိမာ" ရဲ့ကျေးဇူးတွေနှင့်စာလိုက်တော့ကမ္ဘာနယ်တွင်း၊ အလွန်ကျဉ်း၍၊ အလျှင်းပင်မပြောပလောက်ဘောပေ၊ ဗြဟ္မလောကော၊ သုံးဆဲ့တဘုံ၊ အလုံးဂုဏ်တွင်၊ အကုန်သိမ်းချုံး၊ အထက်ဆုံးဖြစ်တဲ့၊

ဘဝင်ဘုံသည်၊ အဘ်နိဗ္ဗာန၊ "ဿိရိမာ" ရဲ့ကျေးဇူးတွေနှင့် နှိုင်းယှဉ်ခြင့်လိုက်တော့။ ခြင့်သည်ဟူ၍ပင်။ မပြောလောက်ပေ။ မေ၊ အရိယာနွယ်ဝင်၊ သူတော်စင်ဖြစ်သောကျွန်တော်မ၏ ဇေတိသာသာသဟာယိကာယ၊ ချစ်ခင်သက်နှင်း "ဿိရိမာ" ခေါ်တဲ့သူငယ်ခြင်းမ၏၊ ဥပကာရကော၊ ကျေးဇူးဂုဏ်ထု။ အစုစုသည်ကား၊ မဟာနန္ဒာ၊ စကြာဝဠာ ပြဟ္မာ့ရွာနှင့်၊ ပမာထောက်ခြင့်၊ မနိုင်းသင့်အောင်၊ ကြီးမြင့်ပါပေသည်တကား၊ ။

သို့ကလိုဆင်ခြင်အောက်မေ့ပြီး၊ "ဤမျှလောက် များပြားတဲ့ ကျေးဇူးရှင် မကလေးအား၊ ငါ၏စိတ်အတွင်းက အပြစ်ကင်းစွာ ကြည်ညိုရိုးအမှန်ပါ၊ သည်အတိုင်းမှန်ပါလျှင် 'ဿိရိမာ' ရဲ့ထောပတ်ဆီတွေဟာမပူပါစေနှင့်၊ မမှန်ပါကပူပါစေ" လို့ "ဥတ္တရာ" ကလေး က၊ စိတ်သန့်သန့်နှင့်အဓိဋ္ဌာန်ထားပြီး၊ မေတ္တာတရားတည်းဟူသော ရေချမ်းဖြင့် "ဿိရိမာ" အား—ဆွတ်ဖျန်းရှာသဘဲ့။ ၊လွန်စွာ တော်တဲ့ အရိယာနွယ်ဝင်-သူတော်စင်မကလေးပေါ့၊ မိမိကိုမာန်ချ ပြီးရန်ပြုမဲ့သူကိုပင်၊ ကြည်လင်တဲ့မေတ္တာတွေနှင့် ရွှင်ရွှင်ကြီးစိတ် ထားပြီး။ တရားလက်ကိုင်ပြုနေနိုင်ပါပေတယ်၊ သောတာပန်မက လေးဖြစ်တော့ယုတ်ညစ်ရိုက်မှားတဲ့သဘောထားဟာ၊ နဂိုရ်ဝါသ နာကိုကမရှိရှာဘူးပေါ့၊ ။ "ဿိရိမာ" ကလဲ ရှူးရှူး, ရှဲရှဲ-ဒေါသမီး တွေလောင်စွဲပြီး။ ပညာမျက်စိတွေမွဲကုန်တော့တာဘဲဘဲ့။ ၊ဒေါ သောခမွံနဇာနာတိ၊ ၊လို့ရှင်တော်ဘုရား ဟောကြား ခဲ့တယ်၊ ဒေါသထိန်ထိန်ညီးပြီး၊ အကြီးအကျယ်စိတ်မျက်လာတဲ့ "ဿိရိ မာ" ဟာ "ဥတ္တရာ" ရဲ့အနားသို့ရောက်လျှင်ရောက်ခြင်း၊ ရဲတင်းလှ စွာ "ဥတ္တရာ" ရဲ့ဦးထိပ်ပေါ်ကို။ ထောပတ်ဆီနှင့်လောင်း၍ချလိုက် ပါရော၊ "ဿိရိမာ" ရိုက်မဲချက်ကဖြင့် နက်နက်ကြီး ရှိပေသပေါ့။ တော်တော်ရဲတင်းတဲ့ အမိုက်မကြီးတဦးပေပေါ့။ မျက်နှာကိုသေ သေ,ချာချာကြည့်ပြီး၊ ရွှေတည့်တည့်ကနေ၍ သေပေစေဆိုတဲ့သ ဘောထားနှင့်တရားရှင်မကလေး "ဥတ္တရာ" ကို၊ ထောပတ်ဆီပူများ ဖြင့်ချက်ချက်စွာလောင်းသွန်၍ချလိုက်ထာပါဘဲ၊ ရိုက်မဲချက်ကြီးက

ဖြင့်ဆိုးဝါးလှပါပေတယ်၊ သို့ကလို "**သိရိမာ**"က-အနိတ္စပြီးရန်ပြု သော်လဲ၊ တရားရှင်ဖြစ်တဲ့ "မဟာဥတ္တရာ" မှာတော့၊ မိမိအ မိဖွာနိပြုထားသော အတိုင်းပင်၊ တကယ်ကြည်လင်တဲ့ စိတ်သ ဘောနှင့်မေတ္တာတရားကိုလက်ကိုင်ထားသူဖြစ်လေတော့၊ ထိလိုက် ချင်အရေပြတ်ငြိုး၊ တဖျပ်ဖျပ်လူးလွန့်၍တွန့်နေအောင်ပူလောင်စေ နိုင်တဲ့ ထောပတ်ပူတွေဟာ၊ ရေခဲဆိုင်ကြီးနှင့် ဖိလိုက်သလို-ထိ လိုက်သည်နှင့်တပြိုင်နက်၊ လွန်မင်းစွာအေးစက်၍သွားသတဲ့၊ ၊ တရားနှင့်အညီ ပါရမီလက်ကိုင်ရှိသူများမှာတော့၊ အားပါး တခု သွေးကြွဘွယ်ကောင်းပါဘိတယ်၊ သာမန်လူစားမျိုးသာဖြစ်ပါက ထိုနေရာမှာပင် "**သိရိမာ**"ရဲ့လက်ချက်နှင့် အသက်ဆုံးရမှာ အ မှန်ပါဘဲ၊တမ္မာတရားအတွက်စိတ်အမျက်ပြင်းထန်ပြီး၊ အတွင်း ရန်စိတ်သဘောနှင့်ဒလဟော ဒေါသမီးလောင်နေတော့"**သိရိမာ**" က၊သည်ကောင်မဟာ-လွန်စွာပူတဲ့ထောပတ်တွေကိုပင်၊ ရေစင် တွေမှတ်နေထင်ပါရဲ့" ဟု တွေးတောပြီး၊ အကြီးအကျယ် ဒေါသ ထွက်လာပြန်သပေါ့၊ မိမိလုပ်တဲ့အမှုဟာ-အရာမရောက်တော့နှစ် ခါလောက်ကြော့ပြီး၊ ထောပတ်ဆီများနှင့်ကန်တော့တို့ကြိမ်ပြန်သ တဲ့၊ သို့ကြောင့်-"**သိရိမာ**"ဟာ၊ ဒုတိယတကြိမ်ယောက်မချိုပြည့် အောင်၊ လောင်ဆီနှင့်တူတဲ့ ထောပတ်ပူတွေကိုခပ်ယူလာပြန်သ တဲ့၊ ၊ကဲ-စဉ်းစားကြပါဒုံး၊ နှလုံးတုန်စရာ မကောင်းကြဘူး လား၊ရွတ်ရွတ်,ညွှန်ညွှန်နှင့်-အလွန်စွန့်စားပြီး၊ ရိုက်အားတော်ကဖြင့် ကြီးပါပေရဲ့၊တော်တော်လဲစွမ်းနိုင်တဲ့သတ္တဝါမကြီးပါဘဲ၊ ၊ဒေါ သခါတ်တွေကတလျှပ်လျှပ်ဖြစ်နေတော့ဘယ်မှာရှောင်နိုင်တော့မလဲ၊ ထပ်ပြန်တလဲလဲနှိပ်စက်ချင်နေတော့တာပေါ့လေ၊ ပြခဲ့သောအတိုင်း ဒုတိယတဖန်ထပ်မံကာခပ်ယူလာတဲ့အခါမှာ၊ "ဥတ္တရာ"ရဲ့ကျွန်မ တွေများစွာက"**သိရိမာ**"ရဲ့အနားလာပြီး၊ "ဟဲ့-ယုတ်ညစ်မှောက် မှားရိုက်အားတော်ကြီးကျယ်လှတဲ့အကောင်မ၊ယခုသည်နေရာက သွားပါ၊ အားမှမနာလှေတယ်၊နင်ဟာ-ငါတို့ရဲ့သခင်မကိုဒေါသနှင့် ရန်မူပြီး၊ကြိုက်ကြိုက်ဆူတဲ့ထောပတ်ပူတွေနှင့်ခပ်ယူ၍လောင်းတာ

ဟာမကောင်းလှပါဘူး''စသည်ဖြင့်ကြိမ်းမောင်းပြီး၊ဟိုက-သည်က ဝိုင်းဝန်း၍ခြေရော,လက်ရောအလုံးစုံနှောပြီး၊ သဘောကျရိုက်နှက် ပုတ်ခတ်လိုက်ကြတာဟာ''သီရိမာ''အယုတ်တမာမကြီးမှာ၊ မြေ ပြင်သို့လဲကျသွားရာသတဲ့၊ ။

''ဥတ္တရာ''ကလေးက၊ သူတော်ကောင်းစိတ်ထားရှိသဖြင့်၊ အနားကရှိတဲ့ ကျေးကျွန်မတွေကို၊ မညှဉ်းဆဲရန် တားမြစ်ပါသော်လဲ၊ တားမြစ်လို့မရ၊ပြာသာဒ်ပေါ်မှာရှိတဲ့ကျွန်မတွေဟာ။ တခါထဲ ပြေးလာပြီး၊ ''သီရိမာ''ကို ရိုက်နှက်ပုတ်ခတ်ခြင်းမပြုသော်လဲ၊ ''ရိုက်ရိုက်,မဲမဲ-ပြုနိုင်ခဲ့တဲ့၊ စိတ်ထဲမှာအား၊ အလွန်ဝန်လေးတဲ့ အလုပ်ကြီးကိုပြုလုပ်လေတယ်''စသည်ဖြင့်။ ကြိမ်းမောင်းပြီး သနားလာကြသဖြင့်၊ရေနွေးများဖြင့်ရေချိုး၍ပေးကြတယ်၊အကြိမ်တရာချက်ပြီးသောဆီကြည်ဖြင့်ဆုပ်နယ်၍ပေးကြတယ်တဲ့၊'ဥတ္တရာ' ရဲ့ကျေးကျွန်မတွေက၊အတော်ဘဲနှက်လိုက်ကြတာပေါ့၊ အယုတ်တမာ၊ ရိုက်မဲစွာတဲ့၊ သတ္တဝါမကြီးသီရိမာမှာ၊ သည်တခါမှာဘဲ ဒုက္ခတွေ့ရတော့တယ်၊''သူများမကောင်းကြံ-ကိုယ်ဘေးရန်ထိ'' ဆိုတာသို့ဖြစ်ကုန်တာပေါ့ ။

အဲသို့ကလို''ဥတ္တရာ''ရဲ့ကျွန်မတွေကဝိုင်းဝန်းပြီး၊ သူတပြန်, ငါတလှည့်၊ချိုးဖဲ့ပုတ်ခတ်၊ရိုက်သတ်ထောင်းထုကြသဖြင့်၊ အတော် ကြီးကျင်နာသွားတဲ့''သီရိမာ''ကြီးမှာ၊ထိုအခါကျမှမိမိထင်မြင်မိ သချ၊ဘာချမဟုတ်တဲ့အကြောင်းကိုသိရှိရောတဲ့၊ ရှေးကတုန်းက တော့၊မိမိကိုယ်ကို၊အိမ်ရှင်မသူဌေးကတော်ကြီးမှတ်ပြီး'ဥတ္တရာ' ကိုတော့၊ ''အပြင်ပကမိန်းမဘဲ''ဟု စိတ်စွဲကာမှတ်ထင်လာတာ၊ သည်နေရာမှာဘဲရှင်းရှင်းကြီးသိရတော့တာပေါ့၊''ဥတ္တရာ''ကသာ အိမ်ရှင်သူဌေးကတော်အစစ်ဖြစ်ကြောင်းကို၊ကျွန်မတွေကဝိုင်းပြီး ထောင်းကြရိုက်ကြတာနှင့်ပင်၊ သိရှိရတာပေါ့လေ၊ ။သို့ကလို သေသေ,ချာချာနှင့်၊ရေရေ,ရာရာကြီးသိရှိရတဲ့အခါမှာ၊ ဘယ်လို တွေးမိသလဲဆိုတော့၊သည်လိုတဲ့၊ ''ဪ- ငါသည်မှုကား၊ အပြင်ပမိန်းမသက်သက်ဖြစ်ပေဟယ်၊''ဥတ္တရာ''ကလေးသာလျှင်

အိမ်ရှင်မ-သူဌေးကတော်ဖြစ်ကြောင်းကိုလဲ ချမှသိရတော့တယ်။ ငါ့၏ရိုက်မဲချက်ဟာ၊ လွန်စွာနက်နဲပါကလား၊ လင်ယောကျ်ား၏ ပြုံးရယ်ချက်ဖြင့်၊ မနှစ်သက်နိုင်တဲ့"ဥတ္တရာ"ကို၊ အယုတ်တမာ အမှုကြီး ငါပြုမိချေပြီ၊ သို့ပင်– ငါကမာန်ရ၍ ရန်ပြုလင့်ကစား၊ "ဥတ္တရာ"သူတော်ကောင်းမကလေးကဖြင့်၊ငါ့အပေါ်မှာကြေအေး စွာနှင့်သည်းခံပြီး၊ဘယ်လိုမှပြန်လှန်၍မလုပ်တဲ့ပြင်၊ ဘေးတခွင်က ကျွန်မတွေကနှိပ်စက်ထားကိုပင်၊ နှုတ်မြွက်၍ မလုပ်ကြနှင့်ဟဲ့လို့ တားမြစ်ရှာသေးတယ်၊သို့ကလောက်ပင်၊ ကြည်လင်တဲ့စိတ်ထား ဖြင့်၊တဘက်သားကိုသနားညှာတာပြီး၊အရိယာနွယ်ဝင်၊သူတော် စင်သဘောနှင့်၊လိုက်လျောညီညွတ်၍၊သည်းခံခြင်းဆိုတဲ့ ဝတ်တ ရားကို၊လက်ကိုင်ထားသူကလေးဖြစ်တဲ့"မယ်ဥတ္တရာ"အား၊ အ ယုတ်တမာ၊ မကောင်းမှုအရာတွင်၊ ရဲတင်းစွာပြုမိသောငါဟာ၊ လွန်မင်းစွာမှားပြီး၊ တရားလမ်းဘက်၌၊ ဘယ်အကွက်မှမဆိုက် ဘဲ၊အထူးပင် ရိုက်မဲမိပါပေါ့ကလား၊ဤကဲ့သို့ ယုတ်ယုတ်မာမာ၊ မလိမ္မာတဲ့ငါဟာ၊ "ဥတ္တရာ"သူတော်စင်ကလေးအား၊ ကြေအေး ရန် မာန်လျော့ပြီး၊တောင်းပန်ဝန်ချ၍၊ ကန်တော့မှတော်မယ်၊ အ ကယ်၍ မကန်တော့ဘဲနေချေက၊ ငါ၏ဦးထိပ်သည်၊၇-စိပ်-၇-ဖြာ ကွဲ၍၊ငရဲသို့ရောက်တော့မှာဘဲ" သို့ကလိုတွေးမိပြီး၊ အရေးတ ကြီးလန့်ကြောက်လာသတဲ့။ ။

### သိရိမာဇကြောက်သန့်သော
### "ရစနာဂါထာ။"

ဘာရိယံမေကောတံကမ္မံ ခမာပေသံပဒေါသိတံ၊
နစာဟံဥတ္တရံသန္တိံ ၊မုဒ္ဓါဖာလေယျသတ္တဓာ၊ ။

မေ–မယား၊မကောင်းမှုဖြင့်၊ပေါင်းရဆုံကျ၊ ကျွန်တော်မသည်၊ ဘာရိယံ၊ဣဓလောကအခါ၊နောင်သံသရာနှင့်၊နှစ်ဖြာသောအရေးကို၊ သေသေချာချာ တွေးလိုက်က၊ အလွန်ပင်ဝန်လေးထသော၊ ကမ္မံ၊

တဏှာလိုက်စား၊ စိတ်ရိုက်များကြောင့်၊ ဖောက်ပြားညစ်ဆိုး၊ မကောင်းမှုမျိုးကို၊ ကတံ၊ စိတ်ရော၊ ကိုယ်ရော၊ နှစ်ပါးလုံးနှော၍၊ သဘောကျကျ၊ မခံနိုင်အောင်၊ ဒါထသဖြင့်၊ ပြော၍—ပြောရမှာလဲရှက်ပါရဲ့၊ မျက်နှာမငယ်ရအောင်၊ တကယ်ဘဲပြုမိခဲ့လေပြီ။ အဟံ၊ မကောင်းမှုဖြင့်၊ ပေါင်းရယှက်ထွေး။ အလွန်ပင်စိတ်ခလေး၍။ မအေးနိုင်သောကျွန်တော်မသည်၊ ပဒေါသိတံ၊ ပြစ်မှားမိသမျှ၊ ယုတ်မာဖွတဲ့အပြစ်တွေကို၊ ဥတ္တရံသန္တိံ-ဥတ္တရာယသန္တိယာ၊ အရိယာဂိုဏ်းဝင်၊ သူတော်စင်ဖြစ်သော ဥတ္တရာကလေးအား၊ စေနခမာပေဿံ၊ တကယ်လို့များ၊ အမျက်ထား၍၊ ဝပ်တွားမာန်လျော့၊ မကန်တော့ဘဲနေခဲ့ပြားပါမူ၊ မေ၊ မကောင်းမှုအပြစ်အဆာတွေနှင့်၊ နစ်နာလှသောကျွန်တော်မ၏ မုဒ္ဓါ၊ ဦးခေါင်းအပြင်၊ ဦးထိပ်တခွင်သည်၊ သတ္တဓာ၊ ၇ စိပ်–၇–ဖြာ၊ ဖာလေယျ၊ အကုသိုလ်လွန်ကဲသဖြင့်၊ တကယ်ဘဲကွဲချတော့မည်တကား။ ။

## "သိရိမာကန်တော့ခြင်း။"

ဒဲ–သို့ကလို၊ "သိရိမာ" အမိုက်မကြီးဟာ၊ ငမိပြုလုပ်ငိတဲ့ မကောင်းမှုကြီးအတွက်၊ ရှက်ထာကတမျိုး၊ အကျိုးနဲ့ပြီး၊ အလွဲလွဲအချော်ချော် ဖြစ်ကုန်တာကတဘက်နှင့်။ မနှစ်သက်စရာတွေပေါ်ပေါက်ပြီး၊ မော်မောက်ခဲ့တာဟာ၊ များစွာမှားယွင်းကုန်ပြီ၊ နှလုံးတုန်စရာ ကောင်းပါဘိတယ်·စသည်ဖြင့်။ တွေးတော၍ လွန်မင်းစွာကြောက်ရွံ့ တုန်လှုပ်လှသောကြောင့်၊ "ဥတ္တရာ"ကလေးရဲ့ ခြေရင်းမှာ၊ ဝပ်စင်းကာရှိခိုးပြီး၊ "ဆိုးမိသမျှမိုက်မိသမျှ အပြစ်တွေကို၊ ကြေအေးစွာ သည်းခံတော်မူပါ မိတ်ဆွေရယ်" လို့ပြော၍ ကန်တော့ရှာသတဲ့၊ ။အင်း–ကြားကြရဲ့မဟုတ်လား၊ "သိရိမာ"က၊ အမှုတိုက်ပြီးအရှု လိုက် သဲလိုက်နှင့်"ရိုက်ခဲ့သမျှတွေကို၊ ကြေတော်မူပါ" လို့တောင်းပန်ရှာတယ်၊ ။ခုလိုတော့လဲ၊ တရားကျပြီး၊ မှားသမျှကိုဝန်ချ၍မှန်သမျှအမှုတွေကိုကောင်းစွာသိသဖြင့်၊ သတိတရားရလာတတ်ဘဲ့သဘောရှိပါကလား၊ ။ယခုတော့သနားစရာက

လေးဖြစ်နေတာပေါ့၊တရားသိပြီး၊ မှားမိသမျှကို တောင်းပန်လျှင်။ အကြောင်းမတန်တဲ့အမှုပင်ဖြစ်စေကာမူ။ပညာရှိများမှာကြေအေး စမြဲပေါ့၊ကဲကဲ တခါဖြင့် "သီရိမာ"ဟာ၊ လိမ္မာ၍လာပြီ မဟုတ်လား၊ "ဥတ္တရာ"ကလေးရဲ့ သီလဂုဏ် သမာဓိဂုဏ်တွေဟာ၊အပုံကြီးတာမသွားဘူးလား။သူတပါးအား၊ စကားတခွန်းစွန်းငြိအောင် မပြောဘဲ၊တကယ့်သဘောနှင့်သည်းခံလိုက်တော့၊ ရန်သူအမိုက်မကြီးဟာ၊တခါထဲမာန်လျော့ပြီးကန်တော့ရပြီ၊ ၊သို့ကလို"သီရိမာ"က၊ကန်တော့တဲ့အခါမှာ"ဥတ္တရာ"ကလေးက။"အိုမိတ်ဆွေ ကျွန်မမှာအဘရှိတဲ့သို့ဖြစ်ပါတယ်။ ကျွန်မရဲ့အဘက။ကြေအေးလျှင်။ကျွန်မကလဲဝန်မလေးပါဘူး။ကြေအေးပြီးသည်းခံရတာပေါ့" လို့ပြောကြားရာ"သီရိမာ"က၊သို့ဖြစ်လျှင်၊မိတ်ဆွေရဲ့အဘဖြစ်သူ "ပုဏ္ဏ"သူဌေးကြီးကို၊ ကြေအေးအောင် ကန်တော့ပါ့မယ်"လို့ ပြောရှာသတဲ့။ ၊သည်တော့၊ "ဥတ္တရာ"က၊ သူငယ်ခြင်းမပြောတဲ့ "ပုဏ္ဏ"သူဌေးကြီးဟာကျွန်မရဲ့ "ဝဋ္ဋဇနက" အဘဖြစ်ပါတယ်၊ သူ့ကိုကန်တော့လို့မကြေနိုင်ဘူး"လို့ ပြောပြန်တယ်၊ "ဥတ္တရာ" ပြောတဲ့စကားထဲမှာ၊"ဝဋ္ဋဇနက" အဘဆိုတာဟာ၊သံသရာဝဋ်မှမလွတ်စေဘဲ၊ဖြစ်မြဲဖြစ်စေတတ်တဲ့အဘကို "ဝဋ္ဋဇနက" ရယ်လို့ဆိုလိုတယ်၊ ၊

ထိုအခါ၊"သီရိမာ"က၊"ဘယ်ကဲ့သို့သောအဘကိုကန်တော့ရမှာလဲလို့မေးတော့။"ဥတ္တရာ"က-"ကျွန်မမှာ၊ "ဝိဝဋ္ဋဇနက" အဘတယောက်ရှိပါသေးတယ်။ အဲသည်ဘခင်ကိုကန်တော့မှ ကြေနပ်နိုင်မယ်"လို့ပြောသတဲ့၊ ၊"ဝိဝဋ္ဋဇနက" ဆိုတာဟာ၊ သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်ခြင်းကိုဖြစ်စေတတ်တဲ့ အဘကိုဆိုလိုတာပေါ့၊ ၊"သီရိမာ"က၊ ပြန်၍မေးပြန် သည်မှာ၊ "မိတ်ဆွေရဲ့ "ဝိဝဋ္ဋဇနက" ခေါ်တဲ့အဘဖြစ်သူဟာ၊ ဘယ်သူပါလဲ"လို့မေးတော့၊"ဥတ္တရာ"က၊ "သုံးလောကမှာ ကောင်းမွန်စွာ ပွင့်တော်မူလာတဲ့ "ဂေါတမ" ရှင်တော်မြတ်ဘုရားဟာ၊ကျွန်မရဲ့"ဝိဝဋ္ဋဇနက"ဘခင်ကြီးပါဘဲ"လို့ပြောပြသတဲ့၊ ၊

(သိရိမာ) ကျွန်မမှာ၊ရှင်တော်မြတ်ဘုရားနှင့် ကောင်းစွာအကျွမ်းမဝင်ပါဘူး၊

(ဥတ္တရာ) အကျွမ်းဝင်အောင်။ ကျွန်မက၊ဆောင်ကြဉ်းပြုလုပ်ပေးပါမယ်၊ နက်ဖြန်ခါသိတင်းကျွတ်လပြည့်နေ့ဖြစ်တယ်၊ နက်ဖြန်နံနက်အချိန်မှာ၊ရှင်တော်မြတ်ဘုရားသည်၊ တပည့်သားသံဃာနှင့်တကွ၊ ဤအိမ်သို့ကြွလာတော်မူပါလိမ့်မယ်၊ သည်အခါကျတော့ သူငယ်ခြင်းမက၊ တတ်နိုင်သမျှ၊ ပူဇော်သက္ကာရများကို ယူပြီး၊ ကျွန်မတို့အိမ်ကိုယူလာ၍၊ ရှင်တော်ဘုရားအား ဝပ်တွားရိုကျိုး၊ ရှိခိုးပူဇော်ဖူးမျှော်မာန်လျော့၊ကြည်ညိုစွာကန်တော့တာပေါ့၊

“ဥတ္တရာ”ပြောလိုက်တဲ့ စကားကို၊ “သိရိမာ”ကများစွာနှစ်သက်ပြီး၊“ကောင်းပါပြီ”လို့တာဝန်ခံ၍၊မိမိအိမ်သို့ပြန်ကာ၊ငါးရာသောအခြွေအရံမိန်းမတို့ကိုစေခိုင်းပြီး၊ဆွမ်းအမျိုးမျိုး၊ခဲဘွယ်အမျိုးမျိုး၊မုန့်အမျိုးမျိုး၊ဟင်းအမျိုးမျိုး၊အဘိုးတန်တာတွေကိုသာရွေးပြီး၊အလုံးစုံစီရင်၍၊နက်ဖြန်နံနက်မှာငါးရာသောအခြွေအရံမိန်းမတို့နှင့်အတူ၊ ပူဇော်ဘွယ်ဝတ္ထုတို့ကိုယူပြီး၊ “ဥတ္တရာ”တို့နေအိမ်သို့သွား၍၊ဘုရားအမှူးရှိတဲ့သံဃာတော်များ၏ သပိတ်တော်များကိုဆွမ်းဖြင့်ထည့်ထားကာ“ဥတ္တရာ” နှင့်အတူ၊ စီရင်ပြီးနေကြတယ်၊ ၊ရှင်တော်မြတ်ဘုရားနှင့်သံဃာများကလဲ၊ကြွရောက်တော်မူလာပြီး၊ •ဆွမ်းကိစ္စကို ပြီးဆုံးစေကြတယ်၊ ၊ထိုအခါ၊ “သိရိမာ”သည်၊ ရှင်တော်ဘုရား၏ခြေတော်အောက်မှာ၊ ဝပ်စင်းပြီး၊ငါးပါးသောထိခြင်းဖြင့်၊ရှိခိုးရှာသတဲ့၊ ၊

ရှင်တော်မြတ်ဘုရားက “ဘာများအပြစ်ရှိသလဲ” လို့မေးမြန်းတော်မူတယ်၊“သိရိမာ” က မိမိပြုလုပ်ခဲ့တဲ့မနေ့က အမှုများကိုပြန်လျှောက်ထားပြီး၊ သဘောထားရင့်ကျက်၍ အထက်တန်းကျတဲ့ပါရမီရှင်“ဥတ္တရာ”သည်၊ဘုရားတပည့်တော်မအား မုန်းထားသောစိတ်မရှိသည့်ပြင်၊ကြည်လင်တဲ့မေတ္တာဖြင့်အခြွေအရံများစွာတို့ကရိုက်ပုတ်ကြသည်ကိုပင်တားမြစ်ပြီး၊ တပည့်တော်မ၏ကျေးဇူးရှိကြောင်းအမှုကောင်းကိုပြုပါသေးသည်အရှင်ဘုရား၊ တပည့်

တော်မသည် သူ၏ဂုဏ်ကျေးဇူးကိုသိသဖြင့်"ဥတ္တရာ" ကိုကန်တော့ပါတယ်၊ ထိုအခါ"ဥတ္တရာ"က ရှင်တော်မြတ်ဘုရားကိုသာ ရှိသေစွာကန်တော့ပါ၊ ရှင်တော်မြတ်ဘုရား အခွင့်ပေးသနားက၊ သူလဲကျေနပ်ပါတယ်လို့ပြောသဖြင့်တပည့်တော်မမှာ၊လေးမြတ်စွာ ကန်တော့ရခြင်းဖြစ်ပါတယ်"ဘုရားလို့လျှောက်ထားရှာသတဲ့။ ။ ရှင်တော်မြတ်ဘုရားကလဲ"ယခုလျှောက်ထားသော အတိုင်း မှန်ပါရဲ့လား ဥတ္တရာ"လို့မေးမြန်းတော်မူပြန်တယ်၊ ၊ထိုအခါ"ဥတ္တရာ" ကမှန်လှပါဘုရား၊တပည့်တော်မရဲ့ ဦးခေါင်းပေါ်သို့ထောပတ်ပူများ ဖြင့်လောင်း၍ချပါတယ်လို့လျှောက်ထားတယ်၊ ထိုအခါ ရှင်တော် မြတ်ဘုရားက"ထိုကဲ့သို့ထောပတ်ပူများဖြင့် လောင်းချတဲ့အခါမှာ၊ သင်သည်ဘယ်လိုကြံစည်အောက်မေ့မိသလဲ"ဟု"ဥတ္တရာ"အား မေးမြန်းတော်မူပြန်တယ် "ဥတ္တရာ"က"စကြဝဠာ လောကဓာတ် သည်ကျဉ်းမြောင်းသေးငယ်သေးတယ်၊ ဗြဟ္မာပြည်ဖြစ်တဲ့ဘဝဂ် တံကပင်နိမ့်သေးတယ်၊ ငါ၏မိတ်ဆွေမရဲ့ ကျေးဇူးဂုဏ်တွေဟာ အပုံကြီးများပြားပြီး၊ကြီးမားမြင့်မောက်ပါသေးတယ်ဟု အောက်မေ့တွေးတောမိပါတယ်ဘုရား"လို့လျှောက်တင်ရှာသတဲ့၊ ။ ထိုနောက်"ဥတ္တရာ"က၊ဆက်လက်၍လျှောက်ထားပြန်သည်မှာ၊ တပည့်တော်မမှာ"သိရိမာ"ကိုအမှီပြု၍၊ကောင်းမှုဒါနကိုလဲပြုဖို့အခွင့်ရရှိပါတယ်၊ တရားတော်မြတ်ကိုလဲ မပြတ်ကြားနာရပါတယ် ဘုရား၊သို့အတွက်-သူ့အပေါ်မှာအမျက်မထွက်ပါဘူး၊စိတ်ကြည်ကြည်,လင်လင်နှင့် အလွန်ပင်ကြည်ညိုပါတယ်၊သည်အတိုင်းမှန်ပါက၊ ထောပတ်ပူတွေဟာ—မပူပါစေနှင့်၊ မေတ္တာတရား-မထားမရှိဘဲမှန်ပါက၊ပူပါစေလို့-အဓိဋ္ဌာန်ပြုငြား။"သိရိမာ" ကို၊များစွာ မေတ္တာပြု၍သည်းခံပါတယ်ဘုရား"လို့လျှောက်ထားရှာသတဲ့။ ။ ရှင်တော်မြတ်ဘုရားက"ကောင်းလေစွ—ကောင်းလေစွ ဥတ္တရာရယ်"လို့ကောင်းချီးပေးပြီး၊ဤကဲ့သို့ပင်၊အမျက်ထွက်နေတဲ့သူကို၊ အမျက်မထွက် သည်းခံသော လက်နက်ဖြင့်၊ အကွက်ကျကျ အောင်မြင်စေရမယ်၊ မသူတော်ကို၊ သူတော်သဘောနှင့် အောင်

မြင်စေရမယ်၊ ဝန်တိုခြင်းများတဲ့သူကို၊ ဥစ္စာပစ္စည်း ပေးကမ်းစွန့်ကြဲသဖြင့်၊ အောင်မြင်စေရမယ်၊ လိမ်လည်ကောက်ကျစ်၍ ယုတ်ညစ်မိုက်မှားတဲ့ စကားကို ပြောလေ့ရှိသူများကို၊ မှန်သောစကားကိုဆိုသဖြင့်၊ အောင်မြင်စေရမယ်”ဟူသော အဆုံးအမကိုပေးတော်မူလို၍၊ အောက်ပါဂါထာဖြင့်၊ ရှင်တော်မြတ်ဘုရားက၊ ဟောကြားမိန့်မြွက်တော်မူပေတယ်၊ ။

အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ၊
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ၊ ။

(ဓမ္မပဒပါဠိတော်ကြီး၊)

ဥစ္စာရေး၊ ရတနာသုံးရပ်၊ တရားမြတ်၌၊ ဆည်းကပ်မိုလာ၊ ချစ်သို့ဥစ္စာရော၊ ကောဓံ၊ ဒေါသမာန်ပြု၊ ငြိုးရန်ရ၍၊ အန်တုပြိုင်လျက်၊ အချက်ဘွက်သောသူကို၊ အကောဓေန၊ ရန်သူမပြုဘဲ၊ ရှောင်ဖယ်လွှဲ၍၊ အမြဲပင်လျှင်၊ မငြိုငြင်ဟု၊ ကြည်လင်စိတ်ထား၊ အဟုတ်ကိုသည်းခံသောအားဖြင့်၊ ဇိနေ၊ ငါနိုင်ပြီဆိုတဲ့အောင်ပန်းကို၊ လက်လှမ်းကာရုံးဆွတ်၍၊ အနှုံးအညွတ်အောင်စေရာသတည်း၊ အသာဓုံ၊ သူတော်ကျင့်ကြားတွင်၊ စာချင်းတင်လည်း၊ မဝင်မပါ၊ ယုတ်မာမိုက်မဲ၊ စရိုက်မွဲသောသူကို၊ သာဓုနာ၊ သူတော်တို့ထုံး၊ စိတ်နှုံးဖြင့်၊ ဇိနေ၊ ငါနိုင်ပြီဆိုတဲ့အောင်ပန်းကို၊ လက်လှမ်းကာရုံးဆွတ်၍၊ အနှုံးအညွတ်အောင်စေရာသတည်း၊ ကဒရိယံ၊ ကိုယ်နှင့်ပိုင်ဆိုင်၊ ကိုယ်ပိုင်ဥစ္စာ၊ များပြားစွာကို၊ တွယ်တာနှစ်သက်၊ မစွန့်ရက်အောင်၊ ရုံမက်သိမ်းဆည်း၊ အနှမြောကြီးသောသူကို၊ ဒါနေန၊ မိမိကပင်၊ ခပ်စေ့စေ့ကြံတင်၍၊ ယှဉ်ဖြန့်ခင်း၊ ပေးကမ်းခြင်းဖြင့်၊ ဇိနေ၊ ငါနိုင်ပြီဆိုတဲ့အောင်ပန်းကို၊ လက်လှမ်းကာရုံးဆွတ်၍၊ အနှုံးအညွတ်အောင်စေရာသတည်း၊ အလိကဝါဒိနံ၊ မတော်ကျင့်ယုတ်၊ လူပါးလုပ်၍၊ မဟုတ်သည်ကို၊ ဟုတ်အောင်ဆိုလျက်၊ နဂိုရ်စိတ်ထား၊ လိမ်ဉာဏ်အားဖြင့်၊ လူဝါးဝလုပ်သောသူကို၊ သစ္စေန၊ ဟုတ်တိုင်းအ

မှန်၊ မပေါက်ပြန်ဘဲ၊ ကောန်ချည်ညွှန်း၊ တခွန်းထည်းသောစကားဖြင့်၊ ဇိနေ့၊ ငါနိုင်ပြီဆိုတဲ့အောင်ပန်းကို၊ လက်လှမ်းကာရုံးဆွတ်၍၊ အနူးအညွတ်အောင်စေရာသတည်း။ ။

"ဥတ္တရာ"ဆိုတဲ့ ဥပါသိကာမကလေးမှာ၊ တရားဒေသနာ၏ အဆုံးတွင်၊ "**သောတာပန်**"ဘဝမှ"**သကဒါဂါမိ**" မကြီးဖြစ်ပြီး၊ **အရိယာစစ်အဖြစ်ဟာ၊ ရင့်ကျက်၍သွားသတဲ့၊** "**သီရိမာ**"မှာလဲ၊ ထိုတရားပွဲကြီးအပြီးတွင်၊ ငါးရာသော ကျေးကျွန်မတွေနှင့်တကွ၊ "**သောတာပန်**"တွေဖြစ်ကုန်ကြသတဲ့။ ။ပါချမိလက်ကိုင်ထား၍၊ တရားရဝပြီးသားတွေဖြစ်တော့၊ ငင်စစ်ကြာဖြင့်နေမှာမဟုတ်ဘူးပေါ့၊ သူဘို့တွေကိုအားကျပြီး၊ တရားရရန်နှင့်၊ လောကကြီးကို ရှုံမုန်းသင့်ကြပြီမဟုတ်လား၊ "**ဥတ္တရာ**"ရဲ့ယောက္ခမ ယောကျ်ား၊ ယောက္ခမမိန်းမနှင့်၊ ချစ်လင်အရှင်၊ သခင်ယောကျ်ား၊ သုံးယောက်သားတို့မှာလဲ၊ ထိုတရားပွဲကြီးအဆုံး၌၊ အတ္တဟူသောအစွဲသုံးကြီး ကင်းပျောက်၍၊ **အနုတ္တဥာဏ်** အမြင်ပေါက်ပြီး"**သောတာပန်**" **အဖြစ်သို့** ရောက်ကုန်ကြသတဲ့၊ ။အဲ—သို့ကလို "**ဥတ္တရာ**" တို့အိမ်သားတစုမှာ၊ လင်ယောကျ်ားဘက်က၊ ရေးကဘာသာခြင်း ကွဲပြီး၊ အယူလွဲကြသော်လဲ၊ ယခုအခါ—သောတာပန် ဖြစ်ကုန်ကြသဖြင့်၊ အရာရာစိတ်တူ၊ သဘောတူ၊ အယူဖြောင့်စင်းပြီး၊ ချမ်းသာခြင်းဆိုတဲ့အောင်ပန်းကို၊ လက်လှမ်းကာဆွတ်ယူကြပြီး၊ အထူးပင် ပျော်မွေ့နေကြသတဲ့၊ "ဥတ္တရာ"မှာ၊ ငယ်ငယ်၊ ရွယ်ရွယ်ကစပြီး၊ ငါးပါးသီလနှင့်ပြည့်စုံ၍၊ လူ့ဘုံမှာတာ၊ လင်ယောကျ်ားနှင့်ပျော်ရွှင်စွာနေရတဲ့အခါမှာလဲ၊ လင်၏အကြိုက်၊ အလိုလိုက်ပြီး၊ နှစ်ခြိုက်ကြည်ဖြူစွာ ပြုလုပ်လေ့ရှိသတဲ့၊ သကဒါဂါမိဖြစ်သော်လဲ၊ ကိလေသာမျိုးစေ့က၊ အခိုးအငွေ့အနေဖြင့်ကျန်ရှိသေးတော့၊ အိမ်ထောင်ရေးကိုတော့ ခွာနိုင်သေးဘူးပေါ့၊ "ဥတ္တရာ"ဥပါသိကာမကလေးမှာ၊ လပြည့်၊ လကွယ်နှင့် ရှစ်ရက်သီတင်းနေ့များ၊ အဘိတ်နေ့များ၊ ရက်ကြီး၊ အခါကြီးဖြစ်တဲ့ နေ့များမှာ၊ ရှစ်ပါးသီလကို ဆောက်တည်လေ့ရှိတယ်ဘဲ၊ သဒ္ဓါတရားထက်ထက်နှင့်၊ ရတနာ

သုံးပါးဘက်မှာလဲ၊နှစ်သက်စွာ လှူဒါန်းပြီးနေလေ့ရှိသတဲ့၊ သက ဒါဂါမိဘဝရောက်နေတော့၊ ကုသိုလ်ရေးဘက်ကတော့၊ အထူး ပြောစရာမရှိတော့ပါဘူး။ဝါသနာခဝတ်ကိုက၊ ကုသိုလ်ဇာတ်မှာ သာ မပြတ်အောင်စွဲငြိ။အမြဲကြီး မြဲနေတော့တာပေါ့၊ ၊ ၊

သို့နှင့်ပင်။လူ့ပြည်တခွင်မှာ၊ပျော်ရွှင်စွာနေငြီးနောက်၊အသက် တမ်းကုန်ခန်းချိန်သို့ရောက်၍၊ငမ်းမြောက်,ဝမ်းသာ၊ရတနာသုံးပါး မှာ၊ပျော်ပါးလေ့ရှိတဲ့“ဥတ္တရာ” ဥပါသိကာမကြီးမှာ၊ လူတို့ဘဝ ကိုတစခန်းပြောင်း၍သွားပြီးနောက်၊ တာဝတိံသာနတ်တို့ရွာမှာ၊ ကြီးစွာဘုံနန်းကြီးတွေပေါ်ကပြီး၊ ဆိုက်ရောက်သွားရသတဲ့၊ အ ခြွေအရံနတ်သွီးကညာတွေက၊ မရေတွက်နိုင်အောင်များငြီး၊အ လွန်အားကြီးတာပေါ့၊ဒါနရှင်ကြီးတယောက်ပေဘဲ၊ဘာအောက် တန်းကျနိုင်ပါ့မလဲ၊ကြီးကျယ်စွာစိတ်ရွှင်ပြီး၊ ထိပ်တင်ဆိုတဲ့နတ် သွီးထဲကဖြစ်ပေမှာပေါ့၊ ရှေးကရေးပြခဲ့ဘူးလှသောအတိုင်း “ရှင် မဟာမောဂ္ဂလာန်” မထေရ်မြတ်ကြီးကလဲ၊ တာဝတိံသာနတ် ပြေမှာ၊ဒေသစာရီကြွချီတော်မူစဉ်၊ ယခင်ကပြခဲ့တဲ့“ဥတ္တရာ”တို့ ဗိမာန်ကြီးသို့ဆိုက်ရောက်သွားသတဲ့၊ “ရှင်မဟာမောဂ္ဂလာန်” မထေရ်မြတ်ကြီးက၊ ရှေးရှေးကပြပြီးဖြစ်ခဲ့တဲ့ နတ်သွီးများကဲ့သို့ မေးမြန်းလေတော့၊“ဥတ္တရာ”အမည်ရှိဘဲ့ နတ်သွီးက၊သို့ဘလို ပြန် ကြားလျှောက်ထားပေဘယ်၊ ၊

(၁) ဣဿာစ မစ္ဆေရမထော ပဠာသော၊
နာဟောသိ မယှံ ဃရမာဝသန္တိယာ၊
အကောဓနာ ဘတ္တုဝသာနုဝတ္တိနီ၊
ဥပေါသထေ နိစ္စမပ္ပမတ္တာ၊ ၊

(၂) ဘန္တေ၊မြတ်စွာဘုန်းတော်သခင်၊ အရှင်ကိုယ်တော်မြတ် ကြီးဘုရား၊ဃရမာဝသန္တိယာ၊အိမ်ရာတည်ထောင်၊လူတို့အောင် ၌၊အခေါင်ထိပ်ဖျား၊သူဌေးသား၏၊သက်ထားကြင်ရာ၊ ဖြစ်ခဲ့ရပါ သော၊မယှံ၊ရတနာသုံးရပ်၊ဝတ္ထုမြတ်၌၊ ဆည်းကပ်ခယ၊ တပည့်

တော်မအား၊ ဣဿာသာ၊ သူတပါးတို့၏စည်းစိမ်၌၊ မငြိမ်စိတ်ထဲ၊ ဖောက်ပြန်လွဲ၍၊ရိုက်မဲလေ့ဟူ၊ ကိုယ်စိတ်အမူဖြင့်၊ ငြူစူစောင်းမြောင်းခြင်း သဘောထားသည့်လည်းကောင်း။ မစ္ဆရမထော၊ ကိုယ်ပိုင်စည်းစိမ်တို့၌၊မငြိမ်သို့ဝှက်၊ ဝန်တိုချက်ဖြင့်၊ ဖုံးလျက်ထားတတ်သော သဘောထားသည့်လည်းကောင်း။ ပဠာသော၊ သူတပါးကျေးဇူးကို ဖြိုခွဲဖျက်ဆီးခြင်းဆိုတဲ့ သဘောထားသည်လည်းကောင်း၊ နာဟောသိ၊ ဖြစ်တို့ရန်ကိုမဆည်လျှင်းပါနှင့်၊ စိတ်တွင်းကပင် မကြံခဲ့ရိုးမှန်ပါသည်ဘုရား။ အကောဓနာ၊ သည်းခံသောစိတ်ထားဖြင့်၊ မေတ္တာအားကြီးခဲ့သူဖြစ်ပါသည်ဘုရား၊ဘတ္တုဝသာနုဝတ္တိနီ၊ လင်၏အကြိုက်သို့လိုက်၍၊ နှစ်ခြိုက်စွာနေခဲ့သူဖြစ်ပါသည်ဘုရား။ဥပေါသထေ၊ ငါးပါး,ရှစ်ပါး၊စသည်အားဖြင့်။ ထင်ရှားရှိငြား၊ဥပုသ်များ၌၊နိစ္စံ၊ဘယ်ခါမပြတ်၊မလပ်ရဘဲ။ အပ္ပမတ္တာ၊ မမေ့မလျော့၊မပေါ့မဆ။သတိရရှိနှင့်၊ လှလှကြီးနေခဲ့သူဖြစ်ပါသည်ဘုရား၊

အဓိပ္ပါယ်ကတော့၊“တပည့်တော်မသည်၊ လူ့ဘဝမှာနေစဉ်က၊သူတပါးတို့၏စည်းစိမ်ကို၊ ငြူစူစောင်းမြောင်း၊မကောင်းတဲ့သဘောတရားနှင့်၊ ကိုယ့်စည်းစိမ်ကို လျှို့ဝှက်ပြီး၊ မနှစ်သက်စရာ၊ယုတ်မာတဲ့ သဘောတရားများ မဖြစ်ခဲ့ဘူးပါဘုရား၊ သူတပါး၏ကျေးဇူးများကိုလဲ၊အစဉ်သဖြင့်သိတတ်၍၊ ကောင်းမြတ်သောအလေ့ အကျင့်တို့ကို၊ ကျင့်ကြံခဲ့သူဖြစ်ပါဘယ်ဘုရား၊ သည်းခံခြင်းအားလုံးဖြင့်ပျော်မွေ့ပြီး၊ လင်၏အကြိုက်၊ နှစ်ခြိုက်ပျော်ရွှင်ရာများကိုသာ၊လိုက်နာပြုကျင့်ခဲ့၍၊ အမြဲတမ်းဥပုသ်သီတင်းများကိုစောင့်သုံးခဲ့သူဖြစ်ပါဘယ်ဘုရား”လို့လျှောက်ထားလိုရင်းဖြစ်ပေတယ်၊

(၂) စာတုဒ္ဒသိံ ပဉ္စဒ္ဒသိံ၊ယာစပက္ခဿ အဋ္ဌမီ၊
ပါဋိဟာရိယပက္ခဉ္စ၊အဋ္ဌင်္ဂ သုသမာဂတံ။

(၃) ဥပေါသထံ ဥပဝိသံ သဒါ သီလေသု သံဝုတာ၊
သညမာ သံဝိဘာဂါစ၊ ဝိမာနံ အာဝသာမိမံ၊

(၂-၃) ဘန္တေ၊ အရှင်မြတ်ကြီးဘုရား၊ ပက္ခသာ၊ သွန်းပဋ္ဌ။ သုတ် ပက္ခ၏၊ ယာစဥ္စာတုဒ္ဒသီ ။ အကြင် -၁၄- ရက်မြောက်ဖြစ်သော နေ့ပတ်လုံးလည်း။ ယာစပဉ္စဒ္ဒသီ၊ အကြင်-၁၅-ရက်မြောက်ဖြစ်သော နေ့ပတ်လုံးလည်း၊ ယာစအဋ္ဌမီ၊ အကြင်ရှစ်ရက်မြောက်ဖြစ်သောနေ့ပတ်လုံးလည်း၊ ပါဋိဟာရိယပက္ခဉ္စ၊ ဥပုသ်နေ့၏ အဝင်အထွက်ဖြစ်သော နေ့များပတ်လုံးလည်း၊ အဋ္ဌင်္ဂသုသမာဂတံ။ အင်္ဂါရှစ်ဖြာနှင့်ကောင်းစွာပြည့်စုံသော၊ဥပေါသထံ ဥပုသ်သီတင်း၊ ဆောက်တည်ခြင်းကို၊ ဥပဝသိံ၊ ကျင့်သုံးဆောက်တည်ခဲ့ဘူးပါသည်ဘုရား၊ သဒါ၊ နေ့ရော,ညဉ့်ပါ၊ အခါမလပ်၊ မပြတ်သာလျှင်၊ သီလသံဝုတာ၊ ရှစ်ပါး၊ စသည်အားဖြင့် မြားပြားသောသီလတို့၌၊ သံဝုတာစ၊ ကိုယ်,နှုတ်,နှလုံး,ကို စောင့်သုံးခဲ့ဘူးသောကြောင့်လည်း၊ သညမာစ၊ ကောင်းစွာသိမ်း၍ ထိန်းခဲ့ဘူးသောကြောင့်လည်း။ သံဝိဘာဂါစ၊ ခွဲဝေဝေဖြာ၊ ကောင်းစွာမျှဝေခဲ့ဘူးသောကြောင့်လည်း။ ဣမံဝိမာနံ-ဣမသ္မိံ ဝိမာနေ၊ ဤရတနာရောင်လျှံ၊ ရွှေဗိမာန်၌၊ အာဝသာမိ၊ စိတ်နှလုံးရွှင်ရွှင်နှင့် ကြည်လင်စွာလွှမ်းမိုး၍၊ အုပ်စိုးကာနေရပါသည်ဘုရား၊ ။

(၄) ပါဏာတိပါတာ ဝိရတာ၊ မုသာဝါဒါစ သညတာ၊
ထေယျာ စ အတိစာရာ စ၊ မဇ္ဇပါနာ စ အာရကာ၊ ။

(၄) ဘန္တေ၊ ရွှေဘုန်းတော်သခင်၊ အရှင်ကိုယ်တော်မြတ်ကြီးဘုရား၊ ပါဏာတိပါတာ၊ သူတပါး၏အသက်ကို၊ ငဲ့ကွက်ညှာတာ၊ မရှိရာဘဲ၊ ရှောင်ခွါပယ်ဖြတ်၊ ပုတ်သတ်ညှဉ်းဆဲခြင်းမှ၊ ဝိရတာ၊ အားဝေးကာပင်၊ ရှောင်ကြဉ်ခဲ့ပါသည်ဘုရား၊ မုသာဝါဒါစ၊ မဟုတ်မမှန်၊ လိမ်ညာဆက်ရိုက်မှုများ၊ စကားဆိုခြင်းမှလည်း၊ သညတာ၊ စောနာကြီးကြီးနှင့်၊ စောင့်ဆည်းခဲ့ပါသည်ဘုရား၊ ထေယျာစ၊ သူတပါးတို့ဥစ္စာကိုခိုးယူခြင်းမှလည်းကောင်း၊ အတိစာရာစ၊ မိမိမယားကိုသာ၊ မဟုတ်ငြားဘဲ၊ တပါးသူ၌၊ မိုက်မိုက်မှားမှား၊ မတရားပြုကျင့်ခြင်း

မှရှင်း။မဇ္ဇပါနာဝ၊သေရည်,သေရက်ကိုသောက်စားခြင်းမှရှင်း၊အာ
ရကာ၊ အဝေးကပင်။ရှောင်ကြဉ်ခဲ့ပါသည်ဘုရား။ ။

(၅) ပဥ္စသိက္ခာပဒေ ရတာ၊ အရိယသစ္စာန ကောဝိဒါ။
ဥပါသိကာ စက္ခုမတော။ဂေါတမဿ ယသဿိနော။ ။

(၅) ဘန္တေ၊အရှင်ကိုယ်တော်မြတ်ကြီးဘုရား၊အဟံ၊တပည့်
တော်မသည်။ပဥ္စသိက္ခာပဒေ၊ ကျင့်ဝတ်ငါးပါးသီလများ၌၊ ရတာ။
စိတ်နှလုံးကြည်ကြည်နှင့် အရှည်ပင်မွေ့လျော်ခဲ့ပါသည်ဘုရား။ အ
ယရိသစ္စာနံ-အရိယာသစ္စေသု။ အရိယာနွယ်ဝင်၊သူတော်စင်တို့၏
လေးအင်သောသစ္စာတရားတို့၌၊ကောဝိဒါ၊လိမ္မာသိးရင့်၍ ကြီးမြင့်
သောပညာရှိသူတော်ကောင်းပါဘုရား၊ စက္ခုမတော၊ ငါးဖြာသော
စက္ခုရှိတော်မူသော။ယသဿိနော၊ များပြားစွာသော အခြံအရံ
ရှိတော်မူသော၊ ဂေါတမဿ၊ဂေါတမထွန်းထား၊ ရှင်တော်မြတ်
ဘုရား၏ ဥပါသိကာ၊ ရတနာသုံးရပ်၌၊ ဆည်းကပ်ကိုးကွယ်သော
ဥပါသိကာမပါဘုရား။ ။

(၆) သာဟံသကေန သီလေန။ယသသာစ ယသဿိနီ။
အနုဘောမိသကံ ပုညံ၊သုခိတာစမှိနာမယာ၊ ။

(၆) ယသသာစ၊ကိုယ်နှင့်သာဆိုင်၊ကိုယ်သာပိုင်သည့်၊ ပြန့်
လွှင့်ထင်ရှား၊ ကျော်စောသောအားဖြင့်လည်း။ယသဿိနီ၊ အခြံ
အရံ။ပြည့်လျှံခြောက်များ၊ ကျော်စောထင်ရှားခြင်းရှိသော၊သာဟံ။
ထိုဘုရားတပည့်တော်မသည်၊သကေနသီလေန၊ကိုယ်နှင့်သာဆိုင်။
ကိုယ်သာပိုင်သောသီလကြောင့်၊ သကံပုညံ၊ကိုယ်ပိုင်ဥစ္စာဖြစ်တဲ့
ကောင်းမှုအကျိုးတွေကို၊အနုဘောမိ၊ ကိုယ်အား,စိတ်အား၊နှစ်ပါး
လုံးကြည်လင်၍၊ ပျော်ရွှင်စွာခံစား,စံစားရပါသည်ဘုရား၊ အနာ
မယာ၊ကိုယ်စိတ်နှစ်ဖြာ၊ရောဂါကင်းဝေး။ အလွန်ပင်အေးမြသည်
ဖြစ်၍၊ သုခိတာစ၊ ချမ်းသာဆိုတဲ့စခန်းသို့၊ တက်လှမ်းရောက်ရှိရ
သည့်လည်း၊အမှိ၊ဒိဋ္ဌဇောန်၊ အမှန်ဖြစ်ပါသည်ဘုရား။ ။

ဆဲ-သို့ကလိုပြဆိုခဲ့ပြီးတဲ့ဂါထာများအရ''လူဘဝမှာနေစဉ်က၊ ကြည်လင်စွာအားထုတ်၍ ပြုလုပ်ခဲ့ဘူးတဲ့ ကုသိုလ်ကောင်းမှုတွေကို၊ ပြန်ကြားလျှောက်ထားခြင်း ဖြစ်ပေတယ်၊ ရတနာသုံးပါးကို ဆည်းကပ်ပျော်မွေ့ပြီး၊ မလျော်တဲ့အလေ့ကို-မေ့နိုင်သရွေ့ မေ့၍ ချမ်းသာငွေ့တလှုံလှုံနှင့်ကြည်ဖြူစွာသတောထားပြီး၊ငါးပါး၊ရှစ်ပါး ဆိုတဲ့သီလများကိုမပြတ်ကြွေးကုတ်၍ အားထုတ်စောင့်ရှောက်ခဲ့သူ ဖြစ်ပါတယ်ဘုရား'' စသည်ဖြင့် အတိုချုပ်ဆိုလိုရင်းကို လျှောက် ထားပေတယ်၊ ဤကဲ့သို့ပြန်ကြားလျှောက်ထားပြီးနောက်၊ ''ရှင်မဟာမောဂ္ဂလာန်''မထေရ်မြတ်ကြီးအား၊သို့ကလိုမှာထားလျှောက် ကြားလိုက်ပြန်တယ်။ ၊

မမစာဘန္တေ ဝစနေန ဘဂဝတောပါဒေသိရသာ ဝန္ဒေယျာသိ၊ ဥတ္တရာနာမ ဘန္တေဥပါသိကာ၊ ဘဂဝတော ပါဒေ သိရသာဝန္ဒတီတိ၊ ၊အနစ္ဆရိယံ ခေါပနေတံဘန္တေ ယံမံဘဂဝါ အညတရသ္မိံ သာမညဖလေဗျာကရေယျ၊ တံဘဂဝါ သကဒါဂါမိ ဖလေဗျာကာသိတိ။ ၊ ၊

စ၊ အမှာစကားကို လျှောက်ထားပါရစေအုံး၊ ဘန္တေ၊အရှင်မြတ်ကြီးဘုရား၊မမ၊ ဥတ္တရာမည်ခေါ်၊ တပည့်တော်မ၏၊ဝစနေန၊ ယခု မှာကြား လတ့်သော စကားဖြင့်၊ ဘဂဝတော၊ ခြောက်ပါး ဘုန်းရှင်၊ မာရဓာင်ဟု၊ သုံးခွင်လောက၊ ဘုံဌာနဥ္၊ ရာဇထိပ်တင်၊ ဘုရင်ထွန်ထား၊ ရှင်ဘော်မြတ်ဘုရား၏၊ ပါဒေ၊ခြေတော်နှစ်ဆိုင်၊ မြတ်ပန်းခိုင်တို့ကို၊ သိရသာ၊ မြတ်သောအင်္ဂါ၊ ဦးထိပ် ချာဖြင့်၊ ဝန္ဒေယျာသိ၊ ဝပ်တွားရှိကျိုး၊ ရှိခိုးလျှောက်ထားတော်မူပါဘုရား၊ ကို၊ ရှိခိုးဝပ်တွား၊ ဘယ်ကဲ့သို့ လျှောက်ထားရမည်နည်းဟူမူ၊ ဘန္တေ၊ သင်းပျံ့မွှေးထုံ၊ ရှင့်ဘုန်းဟုန်၏၊ ခြောက်ရုံသောအရောင် ဖြင့် တပြောင်ပြောင်ဘွန်းသင်း တောက်ပတော်မူသောအရှင်မြတ် ဘုရား၊ဥတ္တရာနာမ၊ဥတ္တရာဟု၊ သညာပြန့်ကြူး၊ အမည်ထူးရှိပေ သော၊ ဥပါသိကာ၊ အရှင်ဘုရားတို့၏ တပည့်တော်မကြီးသည်၊

ဘဂဝတော၊ခြောက်ပါးထွေ့ဘုန်း၊ မိုးသို့ခြိန်းမျှ၊ တိုက်လုံးကျော်ကြား၊ရှင်တော်မြတ်ဘုရား၏၊ပါဒေ၊ခြေတော်နှစ်ဖြာ၊ ပုံ့သွေ့ကြာတို့ကို၊ သိရသော၊သိန်းသန်းကုဋေ၊ဆံခြေရပေါင်း၊ ညွှတ်ဦးခေါင်းဖြင့်၊ ဝန္ဒတိ၊ဂုဏ်တော်အရက်ရည်မှန်း၍၊နတ်နန်းဘုံသား၊ ဤနေရာက၊ ကြည်စွာညွှတ်ပြေ၊ ပဏာလျော်၍၊ ရှိခိုးကန်တော့ပါ၏၊ အရှင်ဘုရား၊ဣတိ၊ဤသို့မှာထား၊တပည့်တော်မ၏စကားဖြင့်၊ ဝန္ဒေယျာသိ၊ဝပ်တွား ရိုကျိုး၊ ရှိခိုးလျှောက်ထား တော်မူပါ အရှင်မြတ်ဘုရား၊ ၊ဘန္တေ၊အရှင်ကိုယ်တော်မြတ်ကြီးဘုရား၊ မံ၊ဥတ္တရာမည်ရ၊တပည့်တော်မကို၊ဘဂဝါ၊ ခြောက်ပါးဘုန်းရောင်၊ တပြောင်ပြောင်နှင့်၊ တောက်လောင်ထိန်လင်း၊ မင်းထက်မင်းသည်၊ အညတရသ္မိံ၊အမှတ်မပြု၊ တခုသော၊ သာမညဖလေ၊အောက်တန်းစား သာမညသာဖြစ်တဲ့ဖိုလ်၌၊ ယံဗျာကရေယျ၊ မည်သည့်ဖိုလ်သို့ရောက်လတ်ပြီဟု၊ ဝစီနှုတ်မြွက်၍၊ အချက်ကျကျ၊ဂ-နထင်ရှားအောင်၊ အကြွင်းအကြောင်းကြောင့်၊ မိန့်တော်မူငြားအံ့၊ ဇေတံ၊ဤသို့မိန့်ကြားတော်မူသည်ရှိသော်၊ခေါပန၊ဒိဋ္ဌေဧကန်၊ အမှန်စင်စစ်လျှင်၊အနဿရိယံ၊ ကြည်စိတ်သာမော၊ ပြော၍ပင်မဆုံးနိုင်လောက်အောင်၊ အခေါင်ထိပ်ဖျား၊ အံ့ဩဘွယ်ကြီး တပါး-ပါဘုရား၊ ၊တံ၊အရိယာနွယ်ဝင်၊ သူတော်စင်ဖြစ်သော၊ ဥတ္တရာနတ်သမီးကို၊ဘဂဝါ၊ရှင်တော်မြတ်ဘုရားသည်၊သကဒါဂါမိဖလေ၊သကဒါဂါမိဖိုလ်၌၊ဗျာကာသိ၊ မိန့်ကြားဟောပြတော်မူသတည်း၊ ဣတိ၊ဤသည်လျှင်၊ဥတ္တရာဝိမာနဝတ္ထု၊အပြီးတည်း။

နတ်သမီး"ဥတ္တရာ"မှာထားလိုရင်း စကားများရဲ့ အဓိပ္ပါယ်ကတော့ သည်လိုတဲ့၊ "ရှင်မဟာမောဂ္ဂလ္လာန်" ကိုယ်တော်ကြီးဘုရား၊ တပည့်တော်မှာကြားလိုက်ပါရစေ၊ တပည့်တော်မရဲ့စကားဖြင့်၊သုံးလောကရှင်ပင်ဘုရားအား၊ သို့ကလိုလျှောက်ထား ဝပ်တွားရှိခိုးတော်မူပါ"လို့လူပြည်လူ့ရွာသို့ပြန်ကြွတော့မဲ့ "ရှင်မဟာမောဂ္ဂလ္လာန်"မထေရ်ကြီးအား၊ အမှာစကား လျှောက်ထားခြင်းဖြစ်ပေတယ်၊ ၊အမှာစကားများက'မြတ်စွာဘုရားကြီးကို

လျှောက်ထားပါ။ "ဥတ္တရာ" အမည်ရှိတဲ့အရှင်ဘုရားရဲ့တပည့်မ ကြီးဟာ၊ တာဝတိံသာနတ်ပြည်ကနေ၍၊ သုံးလောကထိပ်ခေါင် တင်၊ အရှင်ဘုရား၏ခြေတော်တို့ကိုရှိခိုး၍နေပါတယ်"၊ ။ဆဲ-သို့ ကသိမှာထားခြင်းဖြစ်ပေတယ်။

ဒုတိယစကားကတော့၊ "ရှင်မဟာမောဂ္ဂလ္လာန်" ကိုယ်တော် ကြီးဘုရား၊ သုံးလောကထိပ်ခေါင်တင်အရှင်မြတ်ဘုရားက၊ ဖိုလ် လေးပါးရှိသည့်အနက်၊မည်သည့်ဖိုလ်သို့ "ဥတ္တရာ" ရောက်ပြီလို့ အကယ်၍အမိန့်ရှိလျှင်၊ထိုစကားကို၊ အမှားကြီးအံ့ဩပြီး၊ အပုံ ကြီးသဘောကျမှာဘဲဘုရား"တဲ့။ သို့ကလိုမှာထားသမျှ စကား တွေကို၊လူ့ပြည်၊လူ့ရွာသို့ပြန်ကြွလာတဲ့ "ရှင်မဟာမောဂ္ဂလ္လာန်" မထေရ်မြတ်ကြီးက၊ရှင်တော်ဘုရားအား လျှောက်ထားပေတယ်။ ရှင်တော်ဘုရားကလဲ။ "ဥတ္တရာ" နတ်သမီးကလေး၊မဂ်ဖိုလ်စခန်း မှာ၊ အောက်တန်းဖြစ်တဲ့သကဒါဂါမိဖိုလ်စခန်းသို့ရောက်ရှိနေပြီ" လို့ဟောကြား မိန့်မှာတော်မူသတဲ့၊ ထို့ကြောင့် ။တံဘာဂဝါ သကဒါဂါမိဖလေ ဗျာကာသိတိ။ ။ဆိုတဲ့စကားကို သင်္ဂါယနာ တင်တဲ့၊ ရဟန္တာအရှင်မြတ်များထည့်သွင်းထားတော်မူပေတယ်၊ ကဲ "ဥတ္တရာ"ရဲ့ဇာတ်လမ်းအဖြင့်၊ ဆုံးခန်းတိုင် ရောက်ခဲ့ချေပြီ၊ "ဥတ္တရာ" တို့နည်းကိုမှီပြီး၊ အကျင့်သီလစသည်တို့နှင့် မပြတ်ရ အောင်။ မိမိစိတ်ကိုခင်ကြပ်ကြပ်ကလေးထားပြီး၊ အသားကျကျ ပေါင့်ရှောက်နိုင်ကြပါမသား။အချိုးအစားကျကျနှင့်သီလများကို ဆောက်တည် ဒါနမည်တဲ့အလှူကိုပေး။ စိတ်အေးအေးနှင့်၊တရား ကိုအားထုတ်ကြဘို့သင့်ကြလှလေပြီ၊ ။

'ရဇနာဂါထာ"

ဒါနသီလာနိ ပုညာနိ အပ္ပမတ္တာ ဓိပ ရိနော၊
ကတွာန ဥတ္တရံ သန္တိံ တာဒေယျံ မွှေဘောဂိနော၊ ။

ဘောဓိနှော၊ တရားအမြတ်ကို မအားမလပ်သောသတိတရားဖြင့်၊ မှတ်သားတော်မူတ၊ အလွန်အားကျသောစိတ်ရှိကြကုန်သော သူတော်ကောင်းတို့။ အပ္ပမတ္တာ- အပ္ပမတ္တာယ၊ မမေ့မလျော့၊ စိတ်မပြေ့ဘဲ။ မပေါ့တမ်း မဆတမ်း ဆိုတဲ့သတိတရားဖြင့်၊ ဝိဟာရိနော၊ အထွေထွေသောကုသိုလ်တရားတို့၌၊ အများကြီး အားကျ၍နေလေ့ရှိကုန်သောသူတို့သည်။ ဒါနသီလာနိ၊ ပြုလုပ်ကြရိုး၊ ဒါနမျိုးနှင့် တန်ခိုးကြီးမား၊ သီလတရားဟု ဆိုအပ်ကုန်သော၊ ဖုညာနိ၊ ကုသိုလ်ကောင်းမှု၊ အရပ်ရပ်တို့ကို၊ ကတွာန၊ စိတ်ရော၊ ကိုယ်ရော၊ တကယ့်ကိုအားကျတဲ့သဘောဖြင့်၊ အလောတကြီး ပြုလုပ်ကြကုန်ပြီး၍၊ ဓမ္မဘောဂိနာ၊ သဒ္ဓါစာဂ၊ များပြားလှသည့်၊ ဓမ္မဟုတ်ရော၊ ပါရမီတည်းဟူသောဥစ္စာဖြင့်၊ ဥတ္တရံ၊ လောကီစည်းစိမ် အသေးအနုပ်ကလေးတို့ထက်၊ ထက်မြက်သော ချမ်းသာခေတ်ဖြင့်၊ မပြောနိုင်အောင် မြင့်မြတ်ထသော၊ သဂ္ဂံ၊ အောရိယာဝင်၊ သူတော်စင်တို့၊ ပျော်ရွှင်စံညီး။ နိဗ္ဗာန်တည်းဟူသော ရွှေပြည်ကြီးသို့၊ တရေယျုံ၊ ဘာသော့ညာသော၊ ခင်တွယ်၍မောမနေပါနှင့်၊ စိတ်သဘောနိုင်နိုင်ဖြင့်၊ မြိုင်မြိုင်ကြီးကူးမြောက်လိုက်ကြပါကုန်လော့။

နံပါတ် (၁၂) ဥတ္တရာဝိမာနဝတ္ထုပြီး၏။

ဤတွင် "ဝိမာနဝတ္ထုဘာသာပြန်" ပထမတွဲပြီး၏။

— ။ —

(ဝိမာနဝတ္ထုဘာသာပြန်-ဒုတိယတွဲ-ကိုလည်း၊ ကြောင်မီ
ဆက်လက်၍ရိုက်နှိပ်ပါမည်။)